
# ဝိသုဒ္ဓိဆရာတော်ကြီး

## ဦးပဏ္ဍိတာ




ခန္ဓာကျင့် ခန္ဓာသိတရားတော် အမှတ်(၄)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊ (MP-4)များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန်နှိုးဆော်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်" ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်" ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ်(၄)

## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | (၁.၉.၂၀၀၂) ဇေယျဝတီကျောင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်၊ တရားတော်အမှတ်(၇) | ၃၂ |
| (၂) | (၁.၂.၂၀၀၂) (၈)ရပ်ကွက်ဓမ္မာရုံ၊ သာကေတ ရန်ကုန်၊ တရားတော်အမှတ်(၈) | ၅၇ |

# ဝိသုဒ္ဓိဆရာတော်ကြီးဦးပဏ္ဍိတ
# ထေရုပ္ပတ္တိ
# သာသနာမှတ်တမ်းအကျဉ်း

## ငယ်နာမည် ဦးမြမောင်

ဝိသုဒ္ဓိဆရာတော်ကြီးသည် ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချီးတို၊ မယ်တော် ဒေါ်အုံးမေတို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့ တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝ နာမည်မှာ ဦးမြမောင် ဖြစ်သည်။

## ဦးမြမောင် စာမတတ်

မွေးချင်း (၆)ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံး သေဆုံးခဲ့သည်။ ဆရာတော်တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံမူလတန်း (၂)တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမဖတ်တတ်ချေ။ စာမတတ်ပါ။

## ရဲသားဘဝ

အသက် (၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ ရောက်ရှိခဲ့ပြီး ကြံ့ရာကျပန်းကူလီအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။ (၁၈)နှစ်တွင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသင်္ဘောတွင် သင်္ဘောကြိုးချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြင့်နှင့်အိမ်ထောင်ကျ

အသက် (၂၄)နှစ်အရွယ်တွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြင့်နှင့် အိမ်ထောင်ကျခဲ့

သည်။ မြောင်းမြမြို့၊ မြိုင်မာလာရပ်ကွက်၊ (၂)လမ်းတွင် နေထိုင်ခဲ့သည်။ သားသမီး (၃)ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝမကောင်းမှုများပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝမှ ဆေးပင်စင်နှင့် ထွက်ခဲ့သည်။ ထီပေါက်သောငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်ပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်လုပ်ရခြင်းတို့ဖြင့် အသက်မွေးခဲ့ရသည်။လူ့ဘဝ မကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင်၏ ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင် တစ်ယောက်တည်းကို ထားပစ်ခဲ့ကာသမီးကြီးရှိရာဧရာဝတီတိုင်း၊ လပွတ္တာမြို့သို့ သွားရောက် နေထိုင်ခဲ့သည်။

## သံဝေဂရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရား စတင်လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ်တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး တရားကက်ဆက်ခွေ ဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာခဲ့သည်။ သဲအင်းဂူဆရာတော်ကြီးတောင် ဓားပြတိုက်၊ ဆိုးသွမ်းရာကနေ တရားရအောင် လုပ်နိုင်သေးတယ်။ ငါလည်း ဓားပြတော့မတိုက်ခဲ့ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက် (၄၅) နှစ်တွင် တောထဲထွက်၍ တရားစတင်ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရားကျင့်ခဲ့သည်။ အသက် (၄၇) နှစ်တွင်ကိုရင်ကြီးဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆) နှစ်ကျော်ကြာ မြောင်းမြမြို့ ပတ်ဝန်းကျင်တောထဲတွင် တရား

ကျင့်ခဲ့သည်။ ဆရာတော်ကြီးမှာ သွေးသားလည်းပြောင်းခဲ့သည်။ စိတ်လည်းပြောင်းခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက် (၅၄) နှစ်တွင် မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်တွင် ဆရာတော်ဦးဝံသပါလ (ယခု ဩစတြေးလျနိုင်ငံ သာသနာပြု) ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်) ဖြစ်သည်။

## ပဋိပတ္တိ ပွင့်လင်းစေခြင်း

ဝိသုဒ္ဓိ ဆရာတော်ကြီး ပရိယတ္တိမကျွမ်းကျင်သော်လည်း ပဋိပတ္တိဖြင့် ကျင့်ကြံပွားများ အားထုတ်ခဲ့ပြီး ရရှိထားသော ခန္ဓာကျင့် ခန္ဓာသိတရား အကျင့်များဖြင့် ဝေနေယျတို့အား ဟောကြားပြသ ဆိုဆုံးမခဲ့ပါသည်။

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်းတွင် သံဃာအပါး (၈၀)ကျော်၊ သီလရှင်အပါး (၈၀)ကျော်၊ အမြဲနေယောဂီ (၂၀) ကျော်တို့အား စားသောက်ရေး၊

နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ ကျန်းမာရေး အ႒စ တာဝန်ယူကာ မကြောင့်မကြဘဲ တရားဘာဝနာ ပွားများနိုင်ရန် ဆောင်ရွက်ပေးထားတော်မူသည်။

## သာသနာ့အဆောက်အဦးများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရပ်ရပ်မှ ဒကာ၊ ဒကာမများက လည်း ဆရာတော်ကြီးအား လာရောက်ဖူးမျှော်ကြည်ညို ခဲ့ကြပြီး တရားဘာဝနာ အားထုတ်ခဲ့ကြသည်။ ဆရာတော် ကြီးမှ ဒကာ ဒကာမများ လှူဒါန်းသော ဝတ္ထုငွေကြေး များဖြင့် ကျောင်း၊ ရေတွင်း၊ ရေကန်များကို သိန်းပေါင်း (၁၀၀၀)ကျော်မျှ ဆောင်ရွက်ပေးထားတော်မူသည်။

## စေတီတော် (၁၉)ဆူတည်ထားပေးခြင်း

အတိတ်က ပဋ္ဌာန်းဆက်များ၏ တောင်းပန် လျှောက်ထားချက်အရ စေတီတော် (၁၉) ဆူကို မြောင်းမြ၊ ဝါးခယ်မမြို့နယ်များတွင် သိန်းပေါင်း (၂၀၀၀) ကျော်မျှ အကုန်ကျခံကာ တည်ထားပေးခဲ့သည်။ ၎င်းစေတီ (၁၉)

ဆူအနက် မြောင်းမြမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ် ဘုရားမှာ လွန်ခဲ့သော (၁၈) နှစ်ကစတင်တည်ထားခဲ့ပြီး ပြီးစီးနေသည်မှာ (၁၆) နှစ်ကျော်ပြီဖြစ်သည်။ ယခုတိုင် ထီးမတင်သေးပေ။ (ဘုရား သမိုင်းအကျယ်ကို အမှတ် (၄၈) မှစ၍ နေလ ဂျာနယ်တွင် ဖတ်ရှုနိုင်ပါသည်။) ၎င်းဘုရားနှင့် ဆရာတော်ကြီးမှာ အတိတ်သမိုင်းကြောင်း ကျိုးဆက်ရှိခဲ့သည်။

## ခန္ဓာကျင့်၊ ခန္ဓာသိတရား

ဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့် ခန္ဓာသိတရားကို အနည်းငယ် ဖော်ပြရလျှင်-

ငယ်စဉ်တောင်ကျေးက မိဘက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာမတတ်တဲ့အတွက် ကိုယ်လုပ်နိုင်တဲ့ ဝိပဿနာ ခန္ဓာကျင့်ကို ကျင့်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထားခဲ့သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာ၊ သာသနာသုံးရပ် မှာ ပရိယတ္တိကို မကျွမ်းကျင်၍ ပဋိပတ္တိအကျင့်ကို ခန္ဓာကို

ရင်းပြီးကျင့်ပါတယ်။ စာကိုမပယ်ပါ။ ဒီလိုကျင့်နိုင်တာကလည်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပရိယတ္တိစာတွေရှိလို့ ကျင့်နိုင်တာပါ။ ခန္ဓာကို တကယ်ကျင့်ပြီးသိလို့ ခန္ဓာသိတရားဟောနိုင်တာပါ။ ဦးပဥ္စင်းကို ကြည်ညိုပါလို့ မပြောလိုဘူး။ ဦးပဥ္စင်းဟောတဲ့အသိကိုတော့ယူထားပါ။

အသိတစ်လုံး အမြတ်ဆုံး၊ မရှိတာရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ဘယ်အသိတွေလဲ ခင်ဗျားတို့တစ်တွေမှာ စက္ခုအာရုံ၊ နားသောတအာရုံဆိုတဲ့အာရုံငါးပါးကို မနောက အမှတ်နဲ့ယူထားတယ်။ အမှတ်ဆိုတာ ပါဠိလို သညာလို့ခေါ်တယ်။ ဒီအမှတ်နဲ့ယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေဖြစ်ကုန်တာပဲ။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာပြတ်မှ မာနပြတ်မယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိပြတ်မှ သံသရာပြတ်မယ်။ သံသရာလည်စေတာ သူတို့ပဲ။ တရားထိုင်ကြ၊ တရားထိုင်နေတဲ့အချိန် ကာယကံ၊ ဝစီကံ လုံနေပြီ။ မနောကိုသတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့ လေကိုသတိလေးကပ် မှတ်ရတယ်။ ထိ၊ သိ၊ သတိ သတိ

လေးကပ်ထား။ သိ၊ သိ၊ သိလို့ မှတ်နေ။ ဆိုလည်း မနေရဘူး။ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်းမမြဲဘူး။ သိတာလည်းမမြဲဘူး၊ အဲဒါ အနတ္တ၊ မမြဲတော့ မစွဲဘူး။ မစွဲတော့အေးတယ်။ တရားထိုင်ချိန်မှာ မဂ္ဂင်ရှစ်ပါးအကျုံးဝင်နေပြီ။ ကိုယ့်စိတ်ကိုယ်စစ်ပါ။ ဘာနဲ့စစ်မလဲ မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ။ ဒီတရားတွေဟာ ခန္ဓာကျင့်၊ ခန္ဓာအသိတရားတွေ။ ယူတတ်ရင် လိုက်နာတတ်ရင် သိပ်ထူးတာပေါ့။ ပစ္စည်းဥစ္စာဆိုတာ ပေးလို့ရတယ်။ အသိကိုတော့ ပေးလို့မရဘူး။ ယူတတ်မှရတယ်။ ဒီကဉာဏ်ရထားတော့ ဉာဏ်ရတဲ့သူဆီက အသိကို မိမိနှလုံးသားမှာ အသိဝင်သွားရင် ဉာဏ်မျိုးစေ့ရတာပဲ။ အဲဒါ ပဋိဝေဒခေါ် တယ်၊ ဉာဏ်ရမှ ပေးလို့ရတာ။"

## ဓမ္မစေတီ

ဆရာတော်ကြီး၏ ခန္ဓာကျင့်. ခန္ဓာသိ တရားတော်များဟောကြားခဲ့သော နေရာများမှာ-

မြောင်းမြရွှေသာလျောင်းဘုရား၊ ပုသိမ် ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်တင်စေတီ၊ ဝါးခယ်မဓမ္မာရုံ၊ မန္တလေး

မဟာမြတ်မုနိဘုရားကြီး၊ ပဲခူး ရွှေမုဓောဘုရား၊ ပျဉ်းမနား ဈေးကုန်းစာသင်တိုက်၊ မိတ္ထီလာ ဖောင်တော်ဦးဘုရား၊ မုံရွာ ဆုတောင်းပြည့်ဘုရား၊ ပခုက္ကူ ဖောင်တော်ဦးဘုရား၊ ပြည်မြို့ ရွှေလက်လှ ဓမ္မာရုံ၊ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ မယ်လမုဘုရား၊ ကျိုက်ဝိုင်းဘုရား၊ ကမ္ဘာအေးဘုရား၊ ကျိုက္ကဆံဘုရား (သင်္ဃန်းကျွန်း)၊ ဇိနတ်မာန်အောင်ဘုရား(သာကေတ)၊ ကိုးထပ်ကြီးဘုရား(စမ်းချောင်း)၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့်ဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ အောင်ဗောဓိ ဘုရား(တောင်ဒဂုံ)၊ မိုးကောင်းဘုရား၊ ရန်မျိုးအောင် ဘုရား (သင်္ဃန်းကျွန်း)၊ မဟာသင်္ကြန် ဘုရားကြီး(ဒလ)၊ သန်လျင်မင်းကျောင်းပထမပြန် စာသင်တိုက်၊ လှိုင်ဇေယျ ဝတီစာသင်တိုက်၊ ကျိုက္ကလဲ့မင်းကျောင်း စာသင်တိုက် (မင်္ဂလာဒုံ)၊ အင်းစိန်ဈေးကုန်းပဋ္ဌိယတ္တိစာသင်တိုက်၊ ရွှေပြည်သာ ပဋ္ဌိယတ္တိစာသင်တိုက်၊ ဘုရားဖြူစာသင်တိုက် (ပုဇွန်တောင်)၊ ကျောက်တန်းသာသနာ့ဗိမာန်တို့တွင် တရားပွဲပေါင်း ၇၀ ကျော်မြန်မာပြည်အနှံ့ ခန္ဓာသိတရား ဟောကြားခဲ့သည်။ တရားပွဲများတွင် ဒကာ၊ ဒကာမများ

လှူဒါန်းသော အလှူငွေစုစုပေါင်း ၇၄ သိန်းကျော်ကိုလည်း သက်ဆိုင်ရာဂေါပကနှင့်အဖွဲ့များသို့ ဆရာတော်ကြီးမှ ပြန်လည်လှူဒါန်းခဲ့သည်။

တရားပွဲများတွင် တရားနာပရိသတ်အပေါင်းမှ ဆရာတော်ကြီး၏ ခန္ဓာသိတရားတော်များကို နှစ်သက်ကြည်ညိုကြသည်။ တရားပွဲတစ်ပွဲလျှင် ပရိသတ်ထောင်ကျော်ရှိသည်။ လှူဒါန်းကြသည်မှာလည်း ကြိတ်ကြိတ်တိုးလှူဒါန်းကြသည်။ 'ဝတ္ထုငွေကြေးကိုယူတာမဟုတ်၊ စေတနာကိုယူသွားတာ။ စေတနာကလည်းမှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံ ပုဂ္ဂိုလ်ကလည်း မှန်ရင်ဆုမတောင်းနဲ့ ခင်ဗျားတို့ မဂ်မျိုးစေ့ရပြီ။ စေတနာမှန်ဖို့လိုတယ်။ ပကာသန စေတနာ၊ ဘယာစေတနာလှူတာနဲ့ အဓိပတိစေတနာနဲ့ လှူတာမတူဘူး။ လှူတဲ့သူအပေါ် မူတည်တယ်။ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာ မျိုးစေ့ရမယ်။ ကံလှူရင် ကံမျိုးစေ့ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။ လှူတတ်ဖို့လိုတယ်' ဟု ဟောကြားခဲ့သည်။

**ရုပ်ကလာဒ်တော် ပူဇော်နိုင်ရန်ပြင်ဆင်ထားရှိခြင်း**

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်း အတွင်းတွင် အောင်သစ္စာမဟာ မဂ္ဂင်ခါတ်ပေါင်းချုပ်စေတီတော် တည်ထားခဲ့သည်။ စေတီတော်၏ အသွင်သဏ္ဌာန်မှာ အောက်ခြေတွင် ဂန္ဓာကုဋိတိုက် ဖြစ်၍ အပေါ်တွင် စေတီတည်ထားသည်။ ဂန္ဓကုဋိတိုက်၏ အလယ်တွင် မှန်လုံခန်းထားရှိပြီး မှန်လုံခန်း၏ အလယ်တွင် ဝိသုဒ္ဓိ ဆရာတော်ကြီး ရုပ်ကလာပ်တော်ထားရန် ပလ္လင်တော် ပြုလုပ်ထားသည်။ ပလ္လင်၏ ဘေးတွင်လည်း ရုပ်ကလာပ်တော်ထည့်ရန် မှန်ခေါင်းကို တွေ့ရှိရသည်။ ဆရာတော်ကြီးနှင့် နှစ်ပေါင်းနှစ်ဆယ် ကျော် လက်တွဲ သာသနာပြုခဲ့သူ ဦးအုန်းမြင့်မှ ဆရာတော်ကြီး၏ ကြိုတင် မိန့်မှာထားချက်ကို ရှင်းလင်း ပြောပြသည်မှာ ဆရာတော်ကြီး ပျံလွန်တော် မူခဲ့ရင် အလောင်းကိုငှက်ပျောဖက်နှင့် ထုပ်၊ ယင်းလိပ်ပတ်၊ ကြိုးဖြင့် တင်းကြပ်စွာစည်း၊ တစ်နေပြပြီး အလောင်းကို မှန်ခေါင်းထဲသာ ထည့်ထားလိုက် ပေတော့။ ဦးပဥ္စင်းကြီး အလောင်းက ဆက်ပြီး သာသနာပြုသွားလိမ့်မယ်ဟု ကြိုတင်မိန့်မှာခဲ့ ကြောင်း ပြောပြသည်။

## ပြည်ပသာသနာပြု

တ်ကာ တကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည် ထိုင်ဝမ်သို့ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် ထိုင်ဝမ်သို့ ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် ဟောင်ကောင် သို့ တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွါးရေးအသင်း ပင့်လျှောက်ချက်အရ ဂျပန်နိုင်ငံသို့တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာ ပြုခဲ့သည်။

## ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံး ပါတယ်

ယခုအခါ ဆရာတော်မှာ သက်တော်(၇၆)နှစ် ဝါတော်(၂၂)ဝါ ရပြီးဖြစ်သည်။ ဧရာဝတီတိုင်း မြောင်းမြ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးလျှက် ဝေနေယျ သတ္တဝါတို့အား မိမိကျင့်ကြံ ရရှိထားသော ခန္ဓာကျင့် ခန္ဓာသိတရားများကို နာမ်လောကတွင် ရောက်ရှိနေကြသော ဆရာတော်ကြီး၏ ဝေနေယျ ဓါတ်၊ နတ်၊

သိုက် တို့အားလည်းကောင်း၊ လူ့ပြည်လူ့ရွာ ရောက်ရှိ
နေကြသော လူသားများအားလည်းကောင်း ဓမ္မတရား
ဖြင့် အေးချမ်းသော နိဗ္ဗာန်သို့ရောက်ရှိအောင် နည်းပေး
လမ်းပြဆို ဆုံးမလျှက်ရှိနေပေသည်။

ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်
ကမ္မဋ္ဌာန်းကျောင်း

# ဝိသုဒ္ဓိ ဆရာတော် ဦးပဏ္ဍိတ

(မြောင်းမြဝါးကျောင်းဆရာတော်)

## ဝိသုဒ္ဓိဆရာတော်တရားအနှစ်သာရများ

❋ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေးကအစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံ ခွင့်ကြပါလို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းမထားလို့ စာမတတ်တာပါ။ စာကို ပယ်တာ မဟုတ်ပါဘူး။ ကိုယ်

တတ်တဲ့ အသိလုပ်ပါတယ်။ သဘောလေး ပြောပြပါမယ်။

❋　စာမတတ်တဲ့အတွက် ဝိပဿနာ ခန္ဓာအသိနဲ့ ဟော ပါတယ်။

❋　စာတွေကမှန်ပါတယ်ဗျာ။ ကိုယ့်စိတ်မှန်ဘို့ လို တယ်။

❋　ဦးပဏ္ဍိတ ဘာမှစာမတတ်ပါဘူး။ အသိထုတ်ပြ လို့တော့ မရဘူး။ သဘောလေးနဲ့ သာနာ။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဟောပေးမယ်။

❋　သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအ ကျင့်ကို ကျင့်နိုင်တာပါ။

❋　ဦးပဏ္ဍိတဟောသွားတဲ့အသိ မယုံနဲ့ဦး။ လေ့လာ ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သုံးသပ်ပါ။လုပ် ကြည့်ပါ။ လုပ်မှသိမယ်။ သိမှပယ်မယ်။ ပယ်မှမဂ် ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ စာကရေး ထားပါတယ်။

❋　အသိကို ဟောသွားတာပါ။ တစ်ဦးနဲ့တစ်ဦး အသိမတူဘူး။ လင်မယားတောင် အသိမတူဘူး။ အသိချင်းမတူတော့စေတနာချင်းမတူဘူး။ စေတနာချင်း

မတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်း မတူဘူး။

❋ တရားအသိကို ယူကြ၊ သည်းခံကြ၊ စေတနာ မပျက်ကြနဲ့၊ သမ္မာလေးနဲ့ နေကြ၊ ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလိုနေ။

❋ ညောင်စေ့လောက်လှူရင်လည်း ညောင်ပင်ကြီး လောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင်လည်း ညောင်စေ့လောက်ဖြစ်တယ်။ ပကာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိ စေတနာတွေရှိတယ်။ လှူတတ် သူပေါ် မူတည်တယ်။

❋ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကလူကို သနားပါ။ ဗြဟ္မစိုရ် တရားထားပါ။ သံဝေဂတရားထားပါ။ကိုယ်ကျင့်တရား ထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်၊ ခနမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲနဲ့။

❋ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။

❋ မစွဲနဲ့။ စွဲရင်ကံဖြစ်မယ်။ အစွဲကိုသတ်။ မစွဲတော့ အေးတယ်။

❋ အပေါင်းသင်းကောင်းလို့ တက်တတ်တယ်။ အပေါင်းအသင်းမကောင်းလို့ ပျက်တတ်တယ်။ အပေါင်းအသင်းကြည့်ပေါင်းရတယ်။

❋ မှော်တွေရှိတဲ့ရေကန်ထဲ ခဲတစ်လုံးပစ်ချလိုက်တော့ ရေကြည်လေးတော့ တွေ့ပါရဲ့၊ တော်ကြာ မှော်က ပြန်အုပ်သွားသလိုဘဲ အခု ခင်ဗျားတို့လည်းတရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံခြောက်ပါး မှော်တွေက ပြန်အုပ်သွားတာပါဘဲ။ ခြင်းကြားနဲ့ ရေယူသလို မဖြစ်စေနဲ့။

❋ အားကိုးမမှားကြနဲ့။ ကိုယ့်ကိုယ်ကို အားကိုးကြ။ ဒါန၊ သီလ မကျေနပ်ကြနဲ့။ ဝိပဿနာ အားထုတ်ကြ။

❋ ရခဲတဲ့လူ့ဘဝ ရလာကြပြီ။ ဘုရားသာသနာကြီးနဲ့လည်းကြုံရပြီ။ သူတော်ကောင်းတရားကိုလည်း နာကြားကြရပြီ။ အဲဒီတော့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ်ကြအောင် တရားအားထုတ်ကြ။ အမှောင်ကလာရင် အလင်းပြန်ကြ။မိရိုးဖလာအသိတွေနဲ့ မနေကြနဲ့။

❋ အစွဲဉပဒါန်ကို ဒါနနဲ့ လည်းသတ်လို့မရဘူး။ သီလနဲ့လည်းသတ်လို့မရဘူး။ ဝိပဿနာ မဂ်ဉာဏ်နဲ့မှ

သတ်လို့ရတယ်။ အဲဒီတော့ ဝိပဿနာအားထုတ်ကြ။ ဘယ်နေ့ သေမယ်ဆိုတာ မသိနိုင်ဘူး။ မသေခင် ဉာဏ်ရအောင် အားထုတ်ကြ။

❋ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ၊ မနောကံက စ,လို့လည်တယ်။ မနောကံသတ်ရင် ကာယကံဝစီကံပါလုံ တယ်။

❋ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို သမ္မာလေးနဲ့သုံးသွား။ သမ္မာဆိုတာ ဩော်. . အေး . . အေး၊ ဩော်. . အေး. . အေး သည်းခံထား၊ စေတနာထား၊ ဘယ်သူပျက်ပျက် မင်းစေတနာ မပျက်နဲ့၊ ဘုရားက စေတနာကို ဟောတာ၊ စိတ်ကိုဟောတာ၊ မနောစင်ကြယ်အောင်နေ။

❋ ခင်ဗျား စိတ်ကလေးက မိစ္ဆာအယူကိုပယ်။ သမ္မာအယူကိုယူထားတော့ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ်ပိပြားပြီး အဓိစိတ္တဖြစ် လာလိမ့်မယ်။

❋ ကောဓ၊ ဓမ္မော ဘယ်ကလာသလဲ၊ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။

ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလနဲ့ ပရမတ်သီလမှာ ချုပ်တယ်။ ပညတ်သီလဟာ အပြင်သီလ၊ အကာခေါ်တယ်၊ ကာယကံနဲ့ ဝစီကံဖြစ်တယ်။ ပရမတ်သီလဟာ အတွင်းသီလ၊ အနှစ်ခေါ်တယ်။ မနောကံဖြစ်တယ်။

❋　ကိုယ်ပြုလုပ်လိုက်တဲ့ကံကဘာလဲ၊ သူ့အသက်သတ်တယ်။ သူ့ဥစ္စာခိုးတယ်။ မုသားစကားပြောတယ်။ စ,တာတွေက ကာယကံ၊ ဝစီကံတွေဖြစ်တယ်။ ကိုယ်မပြုလုပ်လိုက်တဲ့ကံက ဘာလဲ။ သားလေးတစ်ခုခုဖြစ်တယ်။ အမေက ပူတာပဲ။ စွဲလို့ ပူတာ။ မနောကံကြောင့်ဖြစ်တယ်။ ဒီအပူကို ကိုယ်ယူထားတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလနဲ့ ဖြတ်လို့မရဘူး။ ဂုဏ်တော်တွေနဲ့လည်း ဖြတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာ။

❋　တရားထိုင်နေတဲ့အချိန် ကာယ၊ ဝစီ လုံနေပြီ။ မနောကိုသတိ၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်ပြီး မှတ်ရတယ်။ ထိ-သိ-သတိ။ သတိလေးကပ်ထား။ သိ-သိ-သိလို့မှတ်နေ၊ ဆိုလဲ မနေရဘူး၊ ထိတာကရုပ်၊ သိတာကနာမ်။ ထိတာလဲ

မမြဲဘူး။ သိတာလဲ မမြဲဘူး။ အဲဒါ အနတ္တ။

❋ သညာကို ပညာဖြစ်အောင်လုပ်၊ အတ္တကို အနတ္တဖြစ်အောင်လုပ်၊ ကံကိုဉာဏ်ဖြစ်အောင်လုပ်၊ ပညတ်ကို ပရမတ်ဖြစ်အောင်လုပ်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်၊ ကံတရား၊ စျာန်တရားကို ဉာဏ်တရားဖြစ်အောင်လုပ်၊ သီလ၊ သ ဓိ ကနေ ပညာ ဖြစ်အောင်လုပ်၊ အနိစ္စ၊ ဒုက္ခကနေ အနတ္တ မြင်အောင်ကြည့်။

❋ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင် စင်ကြယ်အောင် သမ္မာလေးနဲ့နေ။ စေတနာထား၊ အပြင်သီလမှန်မှ အတွင်းသမ္မာဓိ ငြိမ်ဝပ်ပိပြား လာလိမ့်မယ်။

❋ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့်တတ်ဖို့ လိုတယ်။

❋ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

❋ ကိုယ့်စိတ်ကိုကိုယ်စစ်၊ သူများစိတ်သွားမစစ်နဲ့၊ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို

မဂ္ဂင်ရှစ်ပါး နဲ့စစ်ပါ။

❋ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်းမတွေးနဲ့၊ ပစ္စုပ္ပန် တည့်တည့်ကြည့်။

❋ ပယ်တာမှန်ဘို့လိုတယ်။ ကျင့်တာမှန်ဘို့လိုတယ်။ သိတာမှန်ဘို့လိုတယ်။ ပယ်ရမဲ့တရား၊ ကျင့်ရမဲ့တရား သိရမဲ့တရားတွေရှိတယ်။ ပယ်ရမဲ့တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကျင့်ရမဲ့တရားက မဂ္ဂင် (၈)ပါး၊ သိရမဲ့တရားက ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ခေါ်တယ်။

❋ ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တရားရှိတယ်၊ မြုပ်တရားရှိတယ်၊ မျောတရားရှိတယ်၊ ပေါ်တရားရှိတယ်၊ ကိုယ့်အပေါ်မူတည်တယ်။

❋ စိတ်၊ စေတသိက်၊ ရုပ်၊ အဲဒီ (၃) ချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

❋ သမုတိသစ္စာကနေ ဝိရတိသစ္စာ၊ ဝိရတိ သစ္စာကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာကနေ အရိယာသစ္စာရအောင်လုပ်။

❋ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲဒီ (၃) ခု

အဆီညှစ်ထုတ်တော့ ဧကော ဓမ္မောဖြစ်တယ်။

❋ ဇာတိ မသိတော့ ဇရာ မရဏကို မကြောက်တော့ဘူး၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေရှိတယ်။ ဒါတွေက မွေးကတည်းက ဖြစ်လာတဲ့ ဇာတိစိတ်တွေပဲ။ ဒါတွေကို သိအောင်လုပ်ရမယ်၊ သိမှ ဇရာမရဏ ကြောက်မယ်။ သဘောပေါက်မယ်။ ဒီအသိရအောင် တရားထိုင်ကြ။

❋ အရိယာသစ္စာဆိုတာ အာရုံနောက် မနောမလိုက်ဘူးပေါ့။ အာရုံပြတ်သွားပြီ။ အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့။ တဏှာသိပြီပေါ့။ သွေးသားလဲပြောင်းတယ်။ စိတ်လည်းပြောင်းတယ်။ သွေးသားဟာဘာသွေးသားလည်း။ ကိလေသာ သွေးသားတွေပေါ့ကွာ။ ဒီအာရုံကိုလည်း ငါသိပြီ။ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့ သာနာကြ ပေတော့။

❋ အာရုံတွေကို သညာနဲ့ ယူထားတဲ့အတွက် အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါကို ဒိဋ္ဌိလို့ခေါ်တယ်။

❋ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊

မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေကြတယ်။

❋ ရုပ်နာမ် မသိတော့ အာရုံမထိန်းနိုင်ဘူး။

❋ အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရဖြစ်သွားတယ်။ စွဲလန်းရင် ဥပဒါန်ဖြစ်တယ်။ ဥပါဒါန်ဖြစ်ရင် ကံဖြစ်တယ်။ ကံကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် သံသရာလည်တယ်။

❋ အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန် လွတ်တာ အာသွဝက္ခယဉာဏ်ဘဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။

❋ စေတသိက်သတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ မထိချင်တော့ဘူး။ အာရုံငါးပါးပယ်ပြီ။

❋ အပြင်အာရုံနဲ့ အတွင်းအာရုံ (မနော) ပေါင်းလိုက်တော့ တဏှာဖြစ်သွားတယ်။ ဝတ္ထုကာမနဲ့ ငါ့မှာရှိတာက ကိလေသာကာမ၊ ယှဉ်တွဲသုံးဆောင်မိပါက၊ အများကြိုက်၏၊ ကိုယ်လည်းကြိုက်၏၊ အရိယာ မကြိုက်ဘူး။

❋ အပြင်သီလ(ကာယကံ၊ ဝစီကံ)၊ အာရုံကို ဉာဏ်နဲ့ ချုပ်ထားလိုက်တော့။ အတွင်းသီလ (မနောကံ) ကဝပ်နေ

ပြီ။ အပြင်သီလ(ကာယကံ၊ ဝစီကံ) လှုပ်စရာ မရှိတော့ဘူး။ အတွင်းဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။

❋ နေတတ်ဘို့လိုတယ်၊ စားတတ်ဘို့လိုတယ်၊ သွားတတ်ဘို့လိုတယ်၊ သေတတ်ဘို့လိုတယ်။

❋ ရုပ်ကအကျိုး၊ ရုပ်အကျိုးတရားမှာ အကြောင်းတရားနာမ်က ခံစားရတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးပေါ်မှာ အကြောင်းဖြစ်တယ်။

❋ သံသရာဘယ်ကစသလဲ၊ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ၊ ခန္ဓာကပြတ်တယ်။ သံသရာပြတ်အောင် မဂ္ဂင် (၈) ပါးနဲ့ သွားကြရမယ်။

❋ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင်ကြိုးစား၊ ကြိုးစားရင်ရမှာဘဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်က နှစ်တောင်ကျင့်၊ ကိုယ်လုပ်ကိုယ်ရမယ်။

❋ သညာနဲ့မယူနဲ့၊ ပညာနဲ့ယူ၊ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း။

❋ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ။ စိတ်မဆင်းရဲပါ စေနဲ့။

❋ မဂ္ဂင်(၈)ပါးနဲ့သွား၊ လမ်းဆုံးတော့ ရှာတွေ့လိမ့်မယ်။

❋ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

❋ ရုပ်နာမ် မသိတာက အဝိဇ္ဇာ၊ ရုပ်နာမ် သိတာက ဝိဇ္ဇာ။

❋ အသိတလုံးအမြတ်ဆုံး။ မရှိတာရှာလို့ရတယ်။ မသိတာ အခက်ဆုံးဘဲ။

❋ ရုပ်ကအနတ္တ၊ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။

❋ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။

❋ ခန္ဓာက တကယ်သိလို့ လာဟောတာ။

❋ ပညတ်သီလ၊ ပရမတ်သီလ နှစ်ခုချုပ်မှ ရုပ်နာမ် ချုပ်မယ်။ အဲဒီကျမှ စိတ်ကလေးဟာ စင်ကြယ်ပြီး လွတ်မြောက်သွားပြီ။

❋ ဟိုဘက်ကမ်းကအင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်းပြန်လာရသေးတယ်။

❋ ခန္ဓာကိုယ်ကျင့်ပြီးသိလို့၊ ခန္ဓာသိတရားလာ ဟောတာ။

# စိစဉ်ပူဇော်သူ၏ စိတ်ဆက်

ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိတရားတော်များကို ဓမ္မဓါက်အခြေခံရှိသော ပုဂ္ဂိုလ်များနှစ်သက်သဘောကျသည်။ ဆရာတော်ကြီးမှာ ဝိနည်းမဟော၊ သုတ္တန်မဟော၊ အဘိဓမ္မာသက်သက်သာဟောသည်။ သံသရာကိုလည်စေတတ်သော သညာ၊ သဒ္ဒါရ၊ ဥပါဒါန်၊ ကံကိုဟောသည်။ ကာယကံ၊ ဝစီကံ မနောကံကို ဟောသည်။ ပစ္စုပ္ပန်တည့်တည့်ဟောသည်။ သံသရာကို

လည်စေသော မနောကံကို အဓိကဟောသည်။ သစ္စာလေးပါးကိုဟောသည်။

ဟောကြားရာမှာလည်း ကျင့်ကြံရရှိထားသော ခန္ဓာသိတရားတော်ကို အာရုံကျသလိုဟောသည်။ တရားမဟောမှီ ဒီနေ့ဘာတရားဟောမည်၊ ကြံစည်ထားခြင်းမရှိ၊ ပစ္စုပ္ပန်တည့်တည့်၊ တရားဟောပလ္လင်ပေါ်ရောက်မှ ဓမ္မအာရုံဖြင့်ဟောသည်။ နားလေးသောကြောင့် အသံကျယ်ကျယ်ဟောသည်။ တရားနာသူအချို့က ဆရာတော်ဒေါသပါသည်ဟုယူဆကြသည်။ အသံကျယ်ကျယ်ဟောတတ်သော ဗီဇကြောင့်ပင်ဖြစ်သည်။ ဓမ္မအာရုံချလိုက်သည့်အခါမှပင် ဒီလောက်ဆိုပြီးရောပေါ့ဗျာဟု တရားအဆုံးသတ်သည်။

ဆရာတော်ကြီးပြောပြဘူးသည်။ ဦးပဥ္ဇင်းက ဘယ်သူ့မျက်နှာမှ ကြည့်ဟောတာမဟုတ်ဘူး။ ဓမ္မမျက်နှာသာ ကြည့်ဟောတာ၊ ယုံကြည်တဲ့သူရလိမ့်မယ်။ ဦးပဥ္ဇင်းရဲ့ ခန္ဓာသိတရားကို လေ့လာပါ စူးစမ်းပါ ဆုံးဖြတ်ပါ မှန်ရင်အသိယူထားလိုက်ပါ။ အသိတစ်လုံးအမြတ်ဆုံးဘဲဟု ဟောကြားခဲ့သည်။ ဆရာတော်ကြီး၏ ခန္ဓာသိ

အမြတ်ဆုံးတရားတော်များကို နာကြားသိစေလိုသော စေတနာဖြင့် ကက်ဆက်ခွေမှ ကူးယူဖော်ပြ ဓမ္မဒါန ပြုအပ်ပါသည်။

စီစဉ်ပူဇော်သူ
ဗိုလ်မှူးသန်းမြင့်အောင်
၁၇-၄-၀၄



# စာရေးသူ၏ စေတနာ

ကျွန်တော်သည် ပထမဦးဆုံးအနေဖြင့် ဆရာတော်ကြီး ၃. ၄. ၂၀၀၀ ရက်နေ့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်း ဓမ္မာရုံတွင် ဟောကြားတော်မူခဲ့သော တရားတော်အား 'သမုတိသစ္စာ မှန်အောင်နေ၊ အရိယာ သစ္စာရောက်အောင်လုပ်' တရားစာအုပ် စီစဉ်ပူဇော်ခဲ့ပါသည်။

ဒုတိယ အနေဖြင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ (၅၊ ၆၊ ၇) ရက်နေ့များတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီတော်ရင်ပြင်တွင်ဟောကြားတော်မူခဲ့သော ခန္ဓာကိုယ်တွေ့

တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

ယခု ဝိသုဒ္ဓိ ဆရာတော်ကြီး၏ တရားတော်အား ပထမဆုံး နာကြားခဲ့ရပြီး မိမိ နှစ်ခြိုက်သဘောကျ ကြည်ညိုစိတ်ဖြစ်ခဲ့ရသော ၂၇/၂၈ - ၁၀ - ၉၁ ရက်နေ့က မြောင်းမြရွှေသာလျောင်းဘုရားတွင် ဟောကြားတော်မူသော တရားတော်အား တတိယမြောက် တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

၎င်းအပြင် နေလဂျာနယ် အမှတ် (၄၈) မှစတင်ဖော်ပြခဲ့သော 'ဝိသုဒ္ဓိ ဆရာတော်နှင့် အောင်သစ္စာ မဟာဓါတ်ပေါင်းချုပ်သာသနာ' ဆရာတော်ကြီး၏ သာသနာ့အကြောင်းများကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။

အထက်ပါဖော်ပြခဲ့သော ဝိသုဒ္ဓိ ဆရာတော်ကြီး၏ တရားဓမ္မ၊ သာသနာ အကြောင်းအရာ အားလုံးတို့အား သာသနာ အကျိုးဆောင်မှန်သမျှ တစ်လုံးတစ်ပါဒ တစ်ပုဒ်မျှဖြစ်စေ ထပ်မံကူးယူဖော်ပြ ဓမ္မဒါနပြုမည် ဆိုပါက မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း စေတနာကောင်းဖြင့် ဖော်ပြ လိုက်ရပါသည်။

## ဝိသုဒ္ဓိဓမ္မသဘောတရားတော်အမှတ် (၅)

# ၁–၉–၂၀၀၂ ရက်နေ့တွင် လှိုင်မြို့နယ်၊ ဧယျဝတီပရိယတ္တိစာသင်တိုက်တွင် ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ ဟောကြားခဲ့သော ခန္ဓာကျင့်ခန္ဓာသိတရားတော်

**ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ကျင့်ပြီး သိလာတဲ့ ခန္ဓာအသိတရားပါ**

စာပေကျမ်းဂန်မတတ်ပါဘူး။ အသက်ကြီးမှ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကျင့်ကြံအားထုတ်ပြီး သိလာတဲ့ ခန္ဓာအသိတရားပါ။ ခန္ဓာသိနဲ့ ပြောလိုက်တဲ့အခါမှာ စာပေမတတ်တော့ ပညတ်အတတ်မှားသွားလို့ရှိရင်

ဆရာတော်၊ သမားတော်၊ သံဃာတော်၊ အရှင်မြတ်တွေ၊ ကိုရင်လေးတွေကို တပည့်တော်က တောင်းပန်ပါတယ်။ စာပေကျမ်းဂန်မတတ်လို့ပါ။ တရားနာကြတဲ့ပရိတ်သတ်အားလုံး ဦးပဏ္ဍိတက တောင်းပန်ပါတယ်။

ခန္ဓာသိနဲ့ စာသိသဘောလေး ဦးဇင်းပြောပြမယ်။ စာကသိပ်မှန်တယ်။ စာပယ်တာမဟုတ်ပါဘူး၊ သူမတတ်တာကို ပြောတာပါ။ ဒီစာရှိလို့ သဘောပေါက်တာပါဗျာ၊ ဦးဇင်းက သဘောလေးနဲ့ပြောပြမယ်။

## နာမ်ခိုင်းတော့ ရုပ်ဒုက္ခရောက်တယ်၊ နာမ်သေမှ ရုပ်အေးမယ်

စာကရေးထားတယ် ကံတရား၊ စျာန်တရားတဲ့ ဉာဏ်တရားရှိပါတယ်။ သဒ္ဓါဆိုတာက ယုံကြည်ပါတဲ့။ ဘုရားကို ယုံကြည်ပါ။ တရားကို ယုံကြည်ပါ။ သံဃာကိုယုံကြည်ပါ။ ဒီလိုစာကရေးထားပါတယ်။ သဒ္ဓါရယ်၊ ဝီရိယရယ်၊ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်လို့ စာကရေးထားပါ တယ်။ သဒ္ဓါဆိုတာက

ယုံကြည်မှုနဲ့ ကျင့်ကြံအားထုတ်ကြ တဲ့ အယူလေးတွေ ကိုယ့်အသိလေးနဲ့ ကောင်းတာလုပ် တာပဲဗျာ၊ ခင်ဗျားတို့ ကောင်းတာလုပ်တာကောင်းတာ ရောက်မှာပေါ့၊ တရားဆိုတာ ကံတရားရှိတယ်။ ဈာန် တရားရှိတယ်၊ ဉာဏ်တရားရှိတယ် အဲဒီ့သုံးပိုင်းမှာ ဦးဇင်းက ကံတရားကို ပြောပြမယ်။ ဘယ်ကံလဲ. . ကာယကံ၊ ဝစီကံ၊ မနောကံတဲ့ သံသရာဘယ်ကစလဲ၊ မနောကံကစတယ်၊ ဘာဖြစ်လို့ မနောကံကစတာလဲ၊ အာရုံပေါ်မှာ မြင်လိုက်တော့ သိတယ်၊ သိတာကစိတ်ပါဘဲ အရာဝတ္ထု မှတ်လိုက်တယ်။ ခွဲခြားလိုက်တယ်။ ဒါသညာပေါ့ဗျာ။ ဒီသညာကနေပြီးတော့မနောလေးကတွေးတောကြံစည်ပြီး လုပ်တော့မယ်။ သင်္ခါရပေါ့ဗျာ၊ သင်္ခါရ ကနေပြီးတော့ ကံဖြစ်တာပေါ့ဗျာ။ ဒါကိုပြောမယ်ဆိုရင် နာမ်ခန္ဓာ (၄)ပါးလို့ ခေါ်လိမ့်မယ်။ စာတော့မတတ်ဘူး။ အဲဒီခန္ဓာ (၄)ပါး သဘောလေးအရပြောရရင် နာမ်လို့ ခေါ်လိမ့် မယ်။ ရုပ်ပေါ်ကနာမ်ဖြစ်နေတာ ဒါ့ကြောင့်မို့ နာမ်ခိုင်း

တော့ ရုပ်ဒုက္ခရောက်တယ်ဗျို့ ဒီနာမ်သေမှရုပ်အေးမယ်။ ဒီတရားကိုရှာတာက ခန္ဓာ(၅)ပါးနဲ့ ဒိုးလိုမွှေရေလိုနောက်ပြီးတော့ရှာတာပါ။

## ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာ ဝိဇ္ဇာညဏ်

ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာက ဝိဇ္ဇာညဏ် သဘောလေးနဲ့သာနာ ဒါ့ကြောင့်မို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကံတရားကို ဟောတဲ့ ကံဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကို ဟောတဲ့ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဲ့အနတ္တတဲ့။ ကံတွေဘာကြောင့် ဖြစ်ရတာလဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို နှလုံးမသွင်းဘူး။ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးကို မကျင့်ဘူး။ အနိစ္စရဲ့ သဘော၊ ဒုက္ခရဲ့ သဘော၊ အနတ္တရဲ့သဘောဆိုတာ ခန္ဓာမှာရှိတယ်။ အဲ့ဒါ ရှာရမှာ ဘယ်မှာသွားရှာလဲတော့ မပြောတတ်ဘူး။ ဒါ ဦးဇင်းရဲ့အသိ အဲဒီတော့ ခန္ဓာမှာရှာရမယ်။

## မနောသတ်ရင် ကာယ၊ ဝစီပါငြိမ်ပါတယ်

ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကာယကံက (၃)ပါး၊ ဝစီကံက(၄)ပါး၊ မနောကံက (၃)ပါး ပေါင်းလိုက်တော့ အဲဒါဒုစရိုက်(၁၀)ပါးကိုဘယ်ကောင်သတ်မလဲ။ အသီး တရာ အညှာတစ်ခု၊ အညှာဆိုတာ မနောခေါ်တယ်။ ဒီအညှာကိုဖြတ်လိုက်ရင် အသီးတွေကြွေကျပါတယ်။ အသီးဟာ ကာယကံနဲ့ ဝစီကံခေါ်တယ်။ အညှာကိုသူဖြတ်တော့မယ်။ ကာယကံ၊ ဝစီကံ ငြိမ်သက်တာဘာလဲ၊ ဒါဟာ အပြင်သီလ၊ အတွင်းသမာဓိ၊ ငြိမ်တဲ့စိတ်ကလေး ဖြစ်အောင် ကျင့်တယ်။ စိတ်ရဲ့သဘော၊ မနောရဲ့ သဘောကို သိချင်လို့ကျင့်တာ ကာယကံ၊ ဝစီကံက အပြင်မှာ စင်ကြယ်အောင်နေတယ်။ သူများအသက်မသတ်ဘူး။ သူများပစ္စည်းမခိုးဘူး။ သူများ သားမယားမဖျက်စီးဘူး။ မဟုတ်မမှန်တဲ့ စကားမပြော ဘူး။ ပါးစပ်ကပိတ်နေပြီ၊ သူမနောဖမ်းမှာကို၊ ကာယဝစီ ငြိမ်ပြီဗျို့၊ သူလက်ကလေး ပိုက်ပြီးတော့ သစ်တပင်အောက် ဝါးတပင်အောက်

စိတ်ငြိမ်တဲ့နေရာမှာ လူသူ ခေါင်းပါးတဲ့နေရာမှာ သွားပြီး တော့ကျင့်တယ်။ တောကြီး တောင်ကြီးမဟုတ်ပါဘူး။ နေရာထိုင်ခင်း ဂေါစဂန်လေး လဲကောင်းတယ်၊ ဥတုလဲမျှ တယ် ဒီနေရာမျိုးကိုရှာပြီး တရားအားထုတ်တာပါ။

## စိတ်ကနေခါတ်ကိုကူးသွားတဲ့အကြောင်းပြောတာပါ

ဒီလိုတရားထိုင်လိုက်တဲ့အခါကြတော့ တောင်ပို့ မှာ ဂယ်ပေါက်(၆)ပေါက်ရှိတယ်။ အဲဒီတောင်ဘို့အထဲမှာ ဖွတ်ရှိတယ်။ ဒီဖွတ်ကိုဖမ်းမှ ဒီဖွတ်က တပေါက်ပဲထွက် မယ်။ ဒီငါးပေါက်ကဘာလဲ၊ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး ဒီငါးပါးပိတ်လိုက် တဲ့အခါကြတော့ ဖွတ်မထွက်နိုင်တော့ဘူး။ နို့မို့ ဒီငါး ပေါက်ဖွင့်ထားရင် ဖွတ်ကဟိုကထွက်လိုက်၊ ဒီကထွက် လိုက်ဖြစ်နေမယ် ဖွတ်ကိုဖမ်းလို့မရဘူး။ ဖွတ်ဆိုတာ စိတ်လို့တင်စားခေါ်တာ ဒီတရားကဘာတရားလဲ စိတ္တာ နုပဿနာတရား အခုဟောနေတာ စိတ္တာနုပဿနာ

တရားဟောနေတာ သဘောလေး သာနာ၊ ကာယ ဝိပဿနာ၊ ဝေဒနာနုပဿနာ၊ မပြောဘူး စိတ္တာနုပဿနာ ဟောတာ စိတ်ကခါတ်ကိုကူးတဲ့အကြောင်းလေးကို ပြော သွားတာ . . .

## သိတာကစိတ် ဒီစိတ်ဟာ သဘာဝဖြစ်နေတာ၊ ငါလုပ်တာမဟုတ်ဘူး သူ့သဘာဝသူ ဖြစ်နေတာ

တောင်ပို့မှာ ဂယ်ပေါက်(၅)ပေါက်ပိတ်တယ်ဗျို့။ လက်ကလေးပိုက်ပြီးတော့ တရားထိုင်တယ်။ ဒီအာရုံတွေ အမြဲတမ်း ဒလစဉ်ဒလဇပ်ရှိပါလား၊ ထမင်းစားလည်း ရှိတယ်။ ဘယ်သွားသွား ဒီအာရုံတွေရှိနေပါလား။ မျက်စိ နဲ့မနော‌ပေါင်း နားနဲ့မနောနဲ့ပေါင်း ကိုယ်နဲ့မနောနဲ့ပေါင်း ဇိဝှာနဲ့မနောနဲ့ပေါင်း ဒီနှာခေါင်းနှစ်ပေါက်ရဲ့ အာရုံကို မေ့နေတယ်။ ဒီအလုပ်လုပ်တော့မှ ဝင်လေထွက်လေ လေးဟာ ဆင်းလိုက်တက်လိုက် ဆင်းလိုက်တက်လိုက်နဲ့ ဖြစ်နေတယ်။ အဲဒီနေရာမှာ အသိလေးကပ်ထား ဆင်း

တာလဲသိတယ်၊ တက်တာလဲသိတယ်၊ ဆင်းတာလဲ သိတယ် တက်တာလဲသိတယ် အဲဒါသိတာကစိတ် အဲဒီ တော့မှ စိတ်ကလေးပေါ်လာတယ်။ ဩဘ်ဒါစိတ်ဘဲ သဘာဝဖြစ်ပေါ်နေတဲ့ကိစ္စ ငါလုပ်တာမဟုတ်ဘူး သူ ဖြစ်နေတာ ဩဘ်ဒါလေး ဒီလိုဖြစ်နေပါလား ဒါလေးက ဒီလိုမတ်နေပါလား သတိထားတယ် ဝိပဿနာက ဉာဏ် စခန်း ဂမ္ဘီယဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒ ပါဒိ၊ အာလောကောဥဒပါဒိ စာရေးထားတယ်။

## အနတ္တတရားကြီး၊ အတ္တတွေဖြစ်နေတယ်၊ အစွဲတွေဖြစ်နေတယ်

စာကိုမပယ်နဲ့ ကိုယ်မှန်ဘို့လိုတယ်။ စာကမှန်တယ် ကိုယ်ကမမှန်ဘူး။ ကိုယ့်အသိမမှန်ဘူး။ စာကမှန်၏၊ ဉာဏ်မမီ ထိအောင်သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့ နှစ်လီရှိတယ်။ စာတွေ့ထက်ငါတွေ့ကသာတယ်။ စာရေး ထားတယ်နော် စာကမှန်နေတယ်။ ကိုယ်ရဲ့ နှလုံးသွင်းမှား

နေတယ်။ အဲဒါ သစ္စာပျက်နေတယ်။ သမုတိသစ္စာ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ၊ ဒါစာရေးထားဘာ စာနဲ့ခန္ဓာသိနဲ့ဟောထားတာ။ သဘော လေးသာနာ ဒါဟာ အနတ္တတရားကြီး ဖြစ်နေတာ အတ္တတွေ အစွဲတွေဖြစ်နေတယ်။ သံသရာလည်တဲ့ တရားကြီး သံသရာဘယ်ကစသလဲ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ ခန္ဓာကစလို့ပြတ်တယ်။ လည်တာနဲ့ပြတ်တာ ခင်ဗျားတို့အပေါ်မူတည်တယ် သမ်းလေးပြပေးတာ. . .

## ဒီဋ္ဌိသတ်မှတဏှာပြတ်မယ်၊ တဏှာပြတ်မှ ကံပြတ်မယ်၊ ကံပြတ်မှ ဉာဏ်ဖြစ်မယ်

တရားလေးအားထုတ်တော့ သိ သိ သိ သိ နဲ့ ဩော်သိတာကစိတ် အဲဒီစိတ်ကလေးဟာ ဘာစိတ် ကလေးလဲ ကိုယ်စိတ်ကိုယ်စစ် ဩော်ဒီအာရုံလေးဟာ ဆင်းလိုက် တက်လိုက်သိနေပါလား။ အဲဒီတော့မှ စိတ်

ကလေးဟာတည်ကြည်ပြီးတော့ ငြိမ်လာတယ်။ အဲဒါ အဓိစိတ္တလို့ခေါ်တယ်။ အဓိစိတ္တ အားကောင်းလာရင်၊ ခင်ဗျားသဘောပေါက်လိမ့်မယ်။ အပြင်အာရုံမှာမြင်တယ်၊ ကြားတယ်၊ နံ့တယ် ဒီအယူကို မယူဘူး၊ အတွင်းအာရုံဘဲ အမြဲသတိ ထားတယ်။ ဩော် "အေးအေး" ဩော် "အေးအေး" မနောဓါတ်အေးနေရမယ် အပူမဟုတ်ဘူး။ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားသလိုပဲ သဘောနဲ့ပြောတာ အပူမဟုတ်ဘူး အအေးဓါတ်ဘဲ အရင်တုန်းကတော့ ငါပူခဲ့ရပါတယ်ကွာ မယားသေလို့လဲ ပူခဲ့ရတယ်။ အဖေသေလို့လဲ ပူခဲ့ရတယ်၊ မအေသေလို့လဲ ပူခဲ့ရတယ်၊ အစ်ကိုကြီးသေလို့လဲ ပူခဲ့ရ တယ်၊ ငါကစွဲတာက အဲဒီတော့ ဖအေကိုလည်းသွားစွဲ၊ မအေကိုလည်း သွားစွဲတယ်။ ဘယ်လိုသွားစွဲသလဲ ငါစွဲတာက သက္ကာယဒိဋ္ဌိနဲ့ သွားစွဲတယ်။ မိစ္ဆာဒိဋ္ဌိစွဲတယ်၊ အတ္တဒိဋ္ဌိနဲ့စွဲတယ်၊ သမ္မာဒိဋ္ဌိ မဟုတ်ပါဘူးကွာ သဘောလေးသာနာ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်၊ တဏှာပြတ် မှ ကံပြတ်မယ်။ ကံပြတ်မှ

နှလုံးသားမှာ ဉာဏ်ဝင်မယ်။

## ဒီရုပ်ကတဏှာနဲ့ဆောက်လုပ်ထားတဲ့ကိလေသာရုပ်

ဒီကံတွေဟာ အခုဖြစ်တဲ့ကံမဟုတ်ဘူး။ ဘဝ အဆက်ဆက်က ပါလာတဲ့ကံတွေ အဲဒီဘဝအဆက်ဆက်က ပါလာတဲ့ကံဟာ အတိတ်ကပါတဲ့ကံ၊ ဟောဒီ ပစ္စုပ္ပန်မှာ ဒီကံ ရဲ့ ဝိညာဏ်လေးဟာ ဒီမှာဝင်ရတော့မယ်။ ဦးဇင်းက စာ မတတ်ဘူးနော။ သဘောလောက်ကိုပြောပြပေးမယ်။ ဦးဇင်းရဲ့အဖေဟာ ဦးချိုးတိုး၊ အမေဟာ ဒေါ်အုန်းမေ ဇာတိက သရက်ကုန်းသား၊ သူတို့တရွာတကျေးမှာ နေကြတယ်။ အလုပ်ပတ်သတ်ပြီး ကြုံကြိုက်တော့ လာတွေ့ ကြ တယ်။ ဩော် "ဒီလူကြီးရဲ့ ပြောပုံဆိုပုံ နေပုံထိုင်ပုံ တယ် ထူးပါလားဟော" ဒေါ်အုန်းမေရဲ့ နှလုံးသားက သွားပြီးတော့ သာယာတာ တဏှာနော် သွားသွားပြီးတော့ ပညတ်ကိုသွားပြီးတော့ စွဲလိုက်တဲ့အမှတ်နဲ့စွဲလိုက်တယ်။ အဲဒါတဏှာဘဲဗျို့။ ဦးချိုးထိုးကလည်း ဒေါ်အုန်းမေကို

အသက်လေးကလည်းငယ်ငယ် အရွယ်ကလည်း ကောင်း ကောင်း ရုပကာယကလဲ အင်မတန်လှတော့ ဦးချိုးတိုးက လည်း ကြိုက်တယ်ဗျို့။ အဲဒီတော့ တယောက်တယောက် ညားပြီပေါ့ဗျာ. . . တွေးပေတော့. . . ခင်ဗျားတို့တွေး . . . တဏှာနဲ့ဆောက်လုပ်ထားတဲ့ ဟောဒီရုပ်က ကိလေသာရုပ် ဒို့တောင် မိန်းမယူသေးတာ ဒို့သမီးလဲ ယူမှာပေ့ါ အဲဒါမိရိုးဖလာနော်. . .

## တဏှာကိုမသိတော့ အပြင်အာရုံသတ်လို့မလွယ်ဘူး တဏှာဆိုတာ ကံပေါ်ကွာ စွဲရင်ကံဘဲ အာရုံ ငါးပါးမလွတ်တော့ဘူး

ဒီဘုံကအထူးအမြတ်ဆုံးဘဲ ဘုရားပွင့်တာ အဲဒီ ဘုံမှာပွင့်တယ်။ ရဟန္တာတွေ ဖြစ်တာလဲဒီဘုံမှာဖြစ်တယ်။ ဇိန်ဇမာနတို့ ဒေဝဒတ်တို့ အဇာတသတ်တို့ အပါယ်ဘုံ ရောက်တာလဲ ဒီဘုံကဘဲ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ သဘောလေးနာ ကံကိုဟောသွားတာ ဒီကံဟာသံသရာကို

ရှည်အောင် လုပ်တာသူဘဲ ကံဆိုတာအစွဲတရား၊ အဖေ သေလို့စွဲတယ်၊ အမေသေလို့စွဲတယ် အလုပ်အကိုင် ပြုတ်သွားလို့စွဲတယ်။ စိတ်ဆင်းရဲတယ်။အလုပ်အကိုင် တက်လို့ စိတ် ချမ်းသာတယ်။ ဒါတွေဟာ တဏှာ အကြောင်းခံပြီး ဖြစ်တဲ့စိတ်တွေ သဘောလေးနာ ဒီ တဏှာ ဘယ်ကလာလဲ ကိုယ်တွင်းထဲကလာတာ အဲဒီ ကိုယ်တွင်းထဲကတဏှာကို မသိတော့ အပြင်အာရုံသတ် လို့မလွယ်တော့ဘူး။ ဘယ်သူလုပ်လဲ သညာက မှတ်ပေး နေတာ ကိုယ်တွင်း ထဲကလာတဲ့တဏှာဆိုတာ ကံပေါ့ကွာ အဲဒီကံကတဏှာဘဲကွ၊ သွားစွဲရင်ကံဖြစ်တာကွ၊ အဲဒါ ကာယကံ၊ ဝစီကံ၊ မနောကံ အာရုံ(၅)ပါး မင်းမလွတ် ဘူးကွ အဲဒါကံဘဲကွ ဒါသိပ်နူတယ်ကွ. . . .

## ကိလေသာရဲ့ ဒုက္ခကိုမသိတော့ သမုဒယ အကြောင်းမပယ်နိုင်ဘူး၊ တဏှာမပယ်နိုင်ဘူး

ရုပ်ကုဋ္ဌေငါးထောင်၊ နာမ်ကုဋ္ဌေတစ်သိန်းဖြစ်ပျက်

မှ မသိရင် ကိလေသာအကြွေးတင်တယ်လို့ စာရေးထား တယ်။ အဲဒီကိလေသာအကြွေးတင်ရင် အကြွေးမတင် တဲ့နေရာရှိတယ်ကွ ရောက်အောင်သွားတဲ့ အဲဒီကိလေသာ ကြွေးဆိုတာ ဘာလဲ ကိလေသာရဲ့ ဒုက္ခသစ္စာကို မသိလို့ သမုဒယအကြောင်းမပယ်နိုင်တော့ တဏှာမပယ်နိုင်ဘူး ပေါ့ကွာ။ အဲဒါကြွေးဘဲကွ အဲဒီကြွေးကို မင်းဘယ်လိုလုပ် ဆပ်မလဲ မင်းလဲသေမယ်၊ ငါလဲသေမယ်ကွ. . . ဒီရုပ်က အိုမယ်ကွ စိတ်ကမအိုဘူးကွ ငါဟောဒါစိတ်ဟောတာ စိတ်သာတဏှာ နာမ်ခယမစ္စကစိတ်သာရှင်စောဘုရား ဟောတဲ့ ဘုရားဟောထားတယ်ကွ။ အဲဒါမင်းတို့ ကြည့် တာလုပ်ကွ၊ မိုးကျောခိုင်းမယ်၊ အပယ်လေးဘုံရောက် သွားလိမ့်မယ်၊ အပယ်လေးဘုံကို ငါမြင်ရတယ်။ သိလို့ ငါဒီမှာ လာဟောတာ. . .

## သီလရှိတဲ့သူ အင်မတန်ယဉ်ကျေးသိမ်မွေ့တယ်။ သမာဓိရှိတဲ့သူ နှလုံးသားကတည်နေတယ်

သီလရှိတဲ့ပုဂ္ဂိုလ်တွေမှာ အင်မတန်ယဉ်ကျေးတယ်ကွ၊ စကားစမည်ပြော အကုန်ယဉ်ကျေးတယ်ကွ။ သမာဓိရှိတဲ့သူက ဘဝင်စိတ်လေးက တည်ကြည်တယ်ကွ၊ အဲဒါဘာလဲ ဒါအလုပ်ကရတဲ့ဟာတွေ ဒါသီလစောင့်ထိန်းတဲ့ဟာတွေ အင်မတန်ယဉ်ကျေးတယ်။ အင်မတန် သိမ်မွေ့တယ်၊ သီလရှိတဲ့ပုဂ္ဂိုလ်များဟာ စကားပြောတဲ့နေရာမှာ ကွာတယ်။ သီလမရှိတဲ့ သူက လုပ်ချင်ရာလုပ် တုတ်ထိုးအိုးပေါက်ဘဲ ငါ့လှေငါထိုးပဲခူးရောက်ရောက်ဆိုတာ သီလမရှိတဲ့သူတွေဘဲ ဦးပဏ္ဍိတက အသိပြောတာ လူတယောက်နဲ့တယောက်က အသိမတူဘူး။ အသိသာတူရင်လေ တိုင်းပြည်ကြီးဟာ အေးငြိမ်းတယ်။ သူများပစ္စည်းလဲ မခိုးတော့ဘူး။ သူများသားမယားလဲ မဖျက်ဆီးတော့ဘူး။ အဲဒီလိုအသိအားလုံးတူမယ်ဆိုရင် ခင်ဗျားတို့အားလုံး တွေးသာကြည့်ပေတော့။ ဒီသီလတွေဟာ တယောက်နဲ့

တယောက်မတူဘူး။ သီလရှိတဲ့သူဟာလေ အင်မတန် ယဉ်ကျေးသိမ်မွေ့တယ်။ သမာဓိရှိတဲ့သူဟာ နှလုံးသားက တည်နေတယ်၊ မဖောက်ပြန်ဘူး စေတသိတ်မဖြစ်ဘူး။

**သံသရာလည်တာစိတ်ကြောင့်ဘဲ၊ ထိတာကရုပ် သိတာကနာမ်၊ ထိတာလဲမမြဲဘူး၊ သိတာလဲ မမြဲဘူး၊ အဲဒါအနတ္တ မြဲတယ်ဆိုရင် အတ္တ**

သံသရာလည်တာ စိတ်စေတသိတ်ကြောင့်ဘဲ အတွင်းစိတ်နဲ့ အပြင်စိတ် ပေါင်းချနေတာ ဒီစေတသိက် ကို သတ်ပစ်ရမယ်။ ဒိဋ္ဌိသတ်မှစိတ်။ စေတသိတ်ပယ်မှာ အပြင်အာရုံငါးပါးမယူဘူး။ အတွင်းသတ်ပြီ၊ ထိတာက ရုပ်။ သိတာကနာမ်၊ ထိတာကလဲမမြဲဘူး။ သိတာကလည်း မမြဲဘူး။ အဲဒါအနတ္တ မြဲတယ်ဆိုရင်အတ္တ ကိုယ့်ကိုကိုယ် နှလုံးသွင်းဘို့လိုတယ်။

## မရှိတာရှာရင်ရတယ်၊ မသိတာအခက်ဆုံးဘဲ

ကိုယ်ကျင့်တရား၊ ဗြဟ္မာစိုတရား၊ သံဝေဂတရား၊ ဒါခန္ဓာက သီလတွေ စာနာတဲ့စိတ်အယုတ်အလတ်မြတ်မ ရွေးဘူး လူမျိုးမရွေးဘူး ဘာသာမရွေးဘူး စေတနာ ထားတယ် စားကွ၊ သောက်ကွ အဓိပတိ စေတနာမှ နိဗ္ဗာန်ကိုသွားလိမ့်မယ် ပကာသနစေတနာ ဘယာ စေတနာကတော့ ငါကလေးတွေတော့ ကျွေးတယ်ကွာ ဒီကလေးမကောင်းတတ်လို့ ကျွေးရမှာပဲ ဟော စေတနာ ပျက်သွားပြီ အဲဒါ ဘယာစေတနာခေါ်တယ် ပကာသန စေတနာဆိုတာ ဂုဏ်တင်ပြီးလှူကြတာ ငါကဘယ် လောက်ကုန်တယ်ကွ ညည်းက ဘယ်လောက်ကုန်တယ် ကွ အဲဒါပကာသနတွေပဲ လူဂုဏ်တန်တွေကြတော့လာပါ ကြွပါ စားပါသောက်ပါနဲ့ ဆင်းရဲသားတွေကြတော့ သွားကြ နင်တို့အလုပ်မဟုတ်ဘူး ဟောတွေလား စိတ်-စိတ်-စိတ် ဒါဘာလဲ စေတနာတွေပျက်ကုန်တယ် လှူတော့ လှူတယ် လှူတတ်ဘို့လိုတယ် မရှိတာရှာရင် ရတယ်

မသိတာ အခက်ဆုံးပဲ ခင်ဗျားတို့အပေါ် မူတည်တယ်။

## ဉာဏ်ရရင် အမျိုးမျိုးလုပ်သွားလို့ရတယ် ကံကိုကစားသွားလို့ရတယ် တဏှာကို ကစားသွားလို့ရတယ် အမျိုးမျိုးသူလုပ်သွားလို့ရတယ်။

ဒီဘဝနောက်ဆုံး ဘဝဘဲ ကံနဲ့ပြန်ရင်လည်မှာ ဘဲ. . . သေမင်းမဦးခင် ဉာဏ်ရအောင်လုပ် အဲ့ဒီလို ဉာဏ်ရရင် ဘုံသုံးပါး မြင်လိမ့်မယ် အတိတ်မြင်မှ သူ ကြောက်မယ် ဘဝဆံသရာကိုမြင်မှ သူကြောက်မယ်။ အရိုးတောင်လိုပုံတယ် ဆိုတာခင်ဗျားတို့ကို ဟောထား တယ် မဟုတ်လား! အဲ့ဒီ ဉာဏ်ရရင် သိပ်ထူးတာပေါ့။ အမျိုးမျိုး သူလုပ်သွားလို့ရတယ်။ ကံကိုကစားသွား လို့ရတယ်။ တဏှာကိုကစားသွားလို့ရတယ်။ ဉာဏ်ဆိုတာ မစွဲဘူး လောကီအာရုံ ပညတ်အာရုံမပယ်ဘူး။ ပညတ် မစွဲဘူး သဘောလေးဘဲ. . . .။

**ဓါတ်လေးပါးချုပ်တော့ အေးတာပေါ့၊ ကိလေသာ ဓါတ်တွေချုပ်တော့ ဓမ္မဓါတ်ဖြစ်တာပေါ့။**

အခုနက ကျင့်လိုက်တဲ့အခါမှာ ကာယသတိပဋ္ဌာန်ကနေ ဝေဒနာသတိပဋ္ဌာန်ရောက်တယ်၊ ဝေဒနာကနေ စိတ္တသတိပဋ္ဌာန်ရောက်တယ်။ စိတ်လို့သိရင် သညာရှိတယ်။ ငါမြင်လိုက်တယ်ဆိုတာ သညာနဲ့ မြင်တာမှတ်တာ၊ ဓါတ်ကို ရောက်သွားမှ သဘာဝ သဘောတရားသိတယ် ဩော်အေး. . အေး. . ဩော်. . အေး. . အေး. . အေး ဓါတ်လေးပါးက ချုပ်တယ် ချုပ်တော့အေးတာပေါ့။ ဘာဓါတ်တွေလဲ ကိလေသာဓါတ်တွေချုပ်တယ် ဓမ္မဓါတ်ဖြစ်လာတယ်။

**ကိုယ်ယုံကြည်လို့လုပ်ရင် မဂ်၊ ဖိုလ်တွေ ရနိုင်ပါတယ်။**

ဒါနစစ်ဒါနမှန်၊ သီလစစ်သီလမှန် ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလစစ်သီလမှန်နဲ့ ဆေးကြောပါ

ဒါနစစ်ဒါနမှန်နဲ့ ဆေးကြောပါ။ ဘာဝနာစစ်ဘာဝနာမှန်နဲ့ပွားများပါ ကိုယ်လုပ်မှ ကိုယ်ရမယ် သူများအားမကိုးနဲ့ ဘိုးမင်းခေါင်တွေအားကိုးလိုက် ပွဲတွေတင်လိုက်၊ နတ်တွေအားကိုးလိုက် ကိုယ့်ကိုကိုယ်ယုံကြည်ပါ ကိုယ့်ကိုကိုယ်ယုံကြည်လို့လုပ်မယ်ဆိုရင် မဂ်၊ ဖိုလ်၊ ဈာန်တွေ ရနိုင်ပါတယ်။ ခင်ဗျားတို့ ဒီပွဲတွေတင်တာ လောကီအကြောင်းတွေ လောကီတော့ အကျိုးပေးတာပေါ့ လာဘ်လာဘတော့ရတာပေါ့ လာဘ်လာဘမျှော်ကိုးပြီး လုပ်ရင်တော့ ခင်ဗျားတို့ ကျန်ရစ်ခဲ့မှာဘဲ။

**မစွဲနဲ့ စွဲရင်တော့ မင်းထိုက်နဲ့ မင်းကံခံပေတော့။**

ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြ ကံပြုတ်တရားခေါ်တယ် အဲဒီတော့ ဘာဖြစ်ဖြစ် ကိုယ့်ထက်ကြီးတဲ့သူကိုရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ ကိုယ့်အောက်ကသူကိုသနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊

ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါ့မာန်တွေ၊ စာမာန်တွေမစွဲနဲ့ ခင်ဗျားမလုပ်ပါနဲ့ မပြောဘူး မစွဲနဲ့ စွဲရင်တော့လဲ မင်းထိုက်နဲ့ မင်းခံဘဲ. .။

## ပယ်အပ်မဲ့တရား

ပယ်အပ်မဲ့တရားရှိတယ် ကျင့်အပ်မဲ့တရား ရှိတယ် သိအပ်မဲ့တရားရှိတယ် ပယ်အပ်မဲ့တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌါသဝ၊ အဝိဇ္ဇာသဝ ဒါပယ်ရမယ်။ အာရုံနဲ့ မပေါင်းနဲ့ တရားထိုင် ဝိပဿနာ. အလုပ်လုပ် မနောရဲ့ အာရုံမှာ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ် သညာနဲ့ပေါင်းပြီးတော့ ဖြစ်နေတယ်။ တခါထဲ ဒေါသတွေဖြစ်လိုက် လောဘတွေဖြစ်လိုက် မနောကပေါက်နေတာ။

**မနောကလောဘ ဒေါသ၊ မောဟတွေဖြစ်နေရင် တွေးတောနေရင် ဒီလူသီလရှိနိုင်ပါ့မလား။**

ဒီမနောက လောဘ၊ ဒေါသ၊ မောဟတွေဖြစ်နေရင် တွေးတောနေရင် ဒီလူသီလရှိနိုင်ပါ့မလား အပြင်သီလတော့ရှိမယ် အတွင်းသီလပျက်သွားပြီ အတွင်းသီလလုံမှ ခင်ဗျားမှာထူးမှာ ဒီအတွင်းသီလကိုပြောနေတာ။

**ကျင့်ရမဲ့တရား၊ မဂ္ဂင်ရှစ်ပါး။**

ကျင့်ရမဲ့တရား မဂ္ဂင်ရှစ်ပါး ဘုရားဟောတာ မဂ္ဂင်ရှစ်ပါးနဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒုစရိုက် ၁၀ပါးကို သတ်ရမယ် ဘယ်ဒုစရိုက်သတ်မလဲ မနောဒုစရိုက်သတ်မယ် ကာယကံနဲ့ ဝစီကံပယ်ပြီ၊ မနောကိုသတ်ပြီ၊ လက်ကလေးပိုက် တရားထိုင်တယ် တောထဲနေပြီး သူကျင့်တာဘဲဗျို့ ထိတယ်သိတယ်ထိတယ်သိတယ် အဲဒါ အဓိသီလ အဓိစိတ္တ အဓိပညာ ဒါပညာတွေ သညာမဟုတ်ဘူး အဲဒါ ပညာပိုင်းကိုတက်တော့မယ် ပညာရရင် (၃၁)ဘုံ

သူကြည့်လို့မြင်မယ် ဉာဏ်ရမယ် အဲဒါတက်တာ ဘဲဗျို့ အဲဒါမဂ္ဂင်ရှစ်ပါးဘဲ လမ်းဆုံးရင် ရွာတွေ့မယ် မှန်ဘို့လို တယ် ကိုယ်မှန်ဘို့လိုတယ် အဲဒါကျင့်ရမဲ့တရားတွေဘဲ။

## သိရမဲ့တရား။

ကျင့်လို့သိရမဲ့တရားက ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ်၊ ဝိဘာဝဋ် အဲဒါသိသွားပြီဗျို့ သူဟာသူသိတယ် ကိလေသာဆိုတာ ရုပ်တရား ကိလေသာဝဋ် ကာမဝဋ် ကိုသိတော့ ကံမဟုတ်တော့ဘူး ဉာဏ်ဖြစ်သွားပြီ ဂမ္ဘီယညာဏ် ဇဝနဉာဏ် စက္ခုဥဒါပါဒိ အဲဒါဉာဏ်ပေါ့ဗျာ နှလုံးသားမှာ ဉာဏ်ဖြစ်လာတယ်။

## အစကမွေးလာတာကကံ ကိုယ်ကျင့်လို့ရတာကဉာဏ်။

အစက်မွေးလာတာကကံ ကိုယ်ကျင့်လို့ရတာက ဉာဏ် အဲဒီဉာဏ်က ဘာဉာဏ်လဲ မဂ်ဉာဏ်လို့ခေါ်

တယ်။ မဂ်ဉာဏ်ကအစွဲသတ်တာ ဒီအစွဲကို မဂ်ဉာဏ်ရမှ ပြတ်မယ်။ မဂ်ဉာဏ်မှမရရင် ဒီအစွဲမပြတ်ဘူး ဘာနဲ့မှ ဖြတ်လို့မရဘူး အဲဒီတော့လုပ်မဲ့လုပ်ရင် တချက်ခုတ် နှစ်ချက်ပြတ်အောင်လုပ် ဒီဘဝနောက်ဆုံးဘဝ နောက် တို့လူ့ပြည် ပြန်လာအုံးမယ်လို့ မမျှော်နဲ့ ဆုတ်ကပ်၊ တက်ကပ်မဟုတ်ဘူး ဆုတ်ကပ်မှာ ဒုန်ကျဲပင်ပုခက်လွဲ ဒါတွေဖြစ်လာအုံးမယ်ဗျို့ ယက်သည်ကြားငါးတင်တင်တဲ့ ငါးကြောင်စား ကျန်တဲ့ငါးဘုရားကယ်လိမ့်မယ် ကောင်း ကောင်းလေးနေ ကိုယ်ကနေတတ်ဘို့လိုတယ် စားတတ် ဘို့လိုတယ် ဒီဝိပဿနာတရားလုပ်ရင် လူတောင်မမြင် ပါဘူး သိရမဲ့ တရား ကိလေသာဝဋ် ကာမဝဋ် ဘဝဝဋ် ဝိဘာဝဋ် အဲဒါသိသွားပြီ ဉာဏ်ရသွားတာကိုးဗျ။

## မီးရထားစက်ခေါင်းကကောင်းတယ် နောက်တွဲတွေ ချိတ်တတ်ဘို့ဘဲလိုတယ်။

ဒကာကြီးတို့ ဒကာမကြီးတို့ လျှချင်တဲ့ဆန္ဒရှိရင်

လှူလို့ရတယ် မနေ့ကပြောတဲ့ တရားပွဲမှာ တစ်သိန်း ကျော်ရတယ် အကုန်လုံးလူကြီးတွေကို ပေးပစ်တယ် ရန်ကုန်မြို့မှာ တရားပွဲ ၂ဝလောက်ရှိတယ် အကုန်လုံး လူကြီးတွေကိုပေးပစ်ခဲ့ပါတယ်။ အဲဒီတော့ ဦးဇင်းဘာမှ ယူမသွားဘူး ဦးဇင်းတည်းတဲ့တိုက်ပေါ်မှာ လာလှူတာ တော့ ဦးဇင်းယူပါတယ်။ ကျွေးရင်လည်း စားပါတယ်။ ဒီလိုတရားပွဲနဲ့ ပတ်သတ်လာရင် ဦးဇင်းဘာ တစ်ခုမှ လည်း မယူဘူး ဘယ်လောက်ရတယ် ဘယ်ရွေးရတယ် လူကြီးမင်းများလည်း မမေးဘူး အကုန်ပေးပြီး ဦးဇင်း ပြန်ပါတယ်။ အဲဒီတော့ခင်ဗျားတို့ လှူချင်တဲ့ ဆန္ဒရှိရင် ဦးဇင်းအလှူခံပေးမယ်။ ခင်ဗျားတို့ပေါ်မှာမူတည် တယ် မီးရထားစက်ခေါင်းကြီးကကောင်းတယ် မီးရထား ခေါင်းကြီးကောင်းရင် နောက်တွဲချိတ်ဘို့ပဲဗျို့ အဲဒါချိတ် တတ်ဘို့လိုတယ် ခင်ဗျားတို့ အပေါ်မူတည်တယ် ဦးဇင်း ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

ဝိသုဒ္ဓိဓမ္မသဒ္ဓါတရားတော်အမှတ် (၈)

## (၁.၂.၂၀၀၂)နေ့တွင် သာကေတမြို့နယ် (၈)ရပ်ကွက်၊ သာသနာ့ဓမ္မရက္ခိတဓမ္မရုံတွင် ဝိသုဒ္ဓိဆရာတော်ကြီးဟောကြားခဲ့သော စန္ဒာကျင့် စန္ဒာသိတရားတော်

### စာပေကျမ်းဂန်မတတ်ပါဘူး

ဦးပဏ္ဍိတက စာပေကျမ်းဂန် မတတ်ပါဘူး စာပယ်ကတာမဟုတ်ပါဘူး မတတ်တာပါ။ အဲဒီတော့နဂို မူလက အဖေ၊ အမေတွေက ကျောင်းမထားနိုင်တော့လို့ စာပေမတတ်ပါဘူး စာမတတ်တဲ့အတွက်ကြောင့် အားလုံးထေကြီးဝါကြီး ဆရာတော်၊ သမားတော်၊

သံဃာတော်၊ သံဃာတော်ကစ၍ ဦးပဥ္စင်းက စာမတတ်တဲ့အတွက် စကားပြောတဲ့အခါပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်ကြပါ တောင်းပန်ပါတယ်။ ခန္ဓာသိဆိုတဲ့ စိတ်ကလေးကို သဘောလောက်တင်ပြပါမယ်။ တရားနာလာကြတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ အားလုံးရှိကြတဲ့ ပုဂ္ဂိုလ်များလည်း ဦးပဥ္စင်းကနေပြီးတော့ စာမတတ်တော့ အားလုံးသိးခံကြပါ အသိလေးပြောသွားပါမယ်။

## ကံဆိုတာအစွဲ ဥပါဒါန်ခေါ်တယ်။

ဦးပဥ္စင်းကစာမတတ်တော့ သိတော့သိတယ် မပြောပြတတ်ဘူး ပါဠိရှိတယ်။ အနက်ရှိတယ်။ အဓိပ္ပာယ်ရှိတယ်။ စာတွေသိပ်မှန်တယ်။ စာကမှန်၏ ဉာဏ်မမီထိအောင် သူမသိ စာတွေ ငါတွေ့ အတွေ့ နှစ်လီရှိတယ် ဒါဘုရား ဟောတဲ့(၃၁)ဘုံမှာ ဖြဟ္မာဘုံကဘယ်လောက်၊ နတ်ဘုံက ဘယ်လောက်၊ အပါယ်ဘုံကဘယ်လောက်၊

လူ့ဘုံကဘယ် လောက်ဆိုတာ ခွဲခြားထားပါတယ်။ ဦးပဥ္ဇင်းတို့ လူ့ဘုံမှာ လာပြီးတော့နေကြပါတယ်။ ကံကြောင့်ရောက်လာကြပါတယ်။ ကံဆိုတာအစွဲ၊ ဘယ်ကလည်း ကာယကံ၊ ဝစီကံ၊ မနောကံတွေဘဲ သံသရာဘယ်ကစလဲ ခန္ဓာကစတယ်။ သံသရာဘယ်ကလည်လဲ၊ ခန္ဓာကစလို့လည်တယ်၊ သံသရာဘယ်ကပြတ်လဲ၊ ခန္ဓာကစလို့ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာ ချုပ်တယ်၊ ဒါစာနဲ့ရေးထားတယ် သဘောလေးနဲ့နာ..။

## ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံ(၁၀)ပါးကို လုံအောင်ထိန်းရမယ်။

လူဘုံမှာရောက်လာတဲ့အခါ ဒီဘုံကို ပစ္စုန်ပ္ပန်ဘုံလို့ခေါ်ပါတယ်။ လူ့ဘုံမှာဦးပဥ္ဇင်းက ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ပါတယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်

လို့ စာကရေးထားပါတယ်။ ဒီသတိပဋ္ဌာန်လေးပါးနဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံ (၁၀)ပါးကို လုံအောင် ထိန်းရမယ်ဗျို့။ ကံဆိုတာ အစွဲဥပဒါန်ခေါ်တယ် စက္ခုအာရုံမှာ သာယာတယ်၊ နားသောတမှာ သာယာ တယ်၊ နံ့သာမှာ သာယာတယ်၊ ဇိဝါမှာ သာယာတယ်၊ ဒါအနုသယ၊ ဒီအနုသယကိုပယ်ရင် ဘာဖြစ်လာမလဲ ကာယကံ၊ ဝစီကံ ဟာငြိမ်လာမယ် ကာယသတိပဋ္ဌာန်မှာ အလုပ်တရားများကို ကျင့်ပါတယ် သမ္မာဝါစာ၊ သမ္မာ ကမ္မန၊ သမ္မာအာ ဇီဝ၊ အဲဒါမဂ္ဂင်ကရေးထားပါတယ်ဗျာ။ ရေးထားတဲ့ မဂ္ဂင်က သမ္မာဆိုတာ ကောင်းသောအလုပ် ဒီအလုပ်ကို ထိတယ် သိတယ်ဆိုတဲ့ ဝါယမဆိုက်ပြီးတော့ ထူထောင် တဲ့အလုပ်ခေါ်ပါတယ်၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန၊ သမ္မအာဇီဝဆိုတဲ့ တရားလေးကို နှလုံးသားသွင်း ပြီးနေတော့ စိတ်နဲ့ စေတသိတ်က ခေါင်းပါးလာတယ်၊ မြင်စိတ်တွေ၊ ကြားစိတ်တွေ၊ နံစိတ်၊ စားစိတ်တွေ၊ ထိစိတ်တွေဟာ၊ အဲဒီအယူဝါဒကို မယူဘူးဗျို့ ငါမြင်တယ်၊

ငါကြားတယ်၊ ငါသိတယ်၊ ငါ့မိန်းမ၊ ငါ့အိမ်၊ ငါ့ပစ္စည်းဆို တဲ့ အာရုံကိုပယ်လိုက်တယ်ဗျို့၊ ဒီလိုပယ်လိုက်တဲ့အခါမှာ စာလိုဆိုရင် သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတဲ့၊ ဒါအပယ် သွားမယ့် စိတ်တွေပါဘဲ။ ဒီတရားထိုင်လိုက်တဲ့ အခါမှာ သမ္မာဝါစာ၊ သမ္မာကမ္မန၊ သမ္မာအာဇီဝဆိုတဲ့ အဲ့ဒါ သီလမဂ္ဂင်ဖြစ်နေတယ်။ တရားထိုင်လိုက်တဲ့အခါမှာ အာရုံငါးပါးလဲပယ်ပြီး မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး၊ မထိချင်ဘူး၊ ဆိုတဲ့ ကံကိုလည်းပယ် ပါတယ်ဗျာ. . . ။

**သမ္မာဒိဋ္ဌိကနေ၊ ဝိပဿနာမဂ္ဂင်ရှစ်ပါး၊ ကျင့်ရင် သမ္မာသက်ပွဲကိုကူးမယ်။**

ကာယကံနှင့် ဝစီကံ က အကာတွေ ပညတ်ခေါ် တယ်။ ဘုရားက ပညတ်တယ်။ ပညတ်တဲ့ ဒုစရိုက်တွေကို ငါဒီအယူဝါဒတွေ မယူဘူးဆိုပြီးတော့ ဝိပဿနာတရား ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ကျင့်ကြံအားထုတ်တယ်။

သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ ဆိုတဲ့ အပါယ်သွားမဲ့ ဒီအယူကိုမယူဘူး၊ ဘာအယူကိုယူသလဲ သမ္မာကံကို ယူတယ်။ ကာယကံနဲ့ ဝစီကံလုံသွားပြီဗျို့ ဒီတရားကို ယုံကြည်တဲ့ သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေနဲ့ တက်သွားပြီ၊ ဒါအနုသယကို ပယ်နေတာ အနုသယကို ပယ်နေရင် ကျွဲကူးရေပါတယ်။ ကာယကံတွေလဲ မသောင်းကျန်း တော့ဘူး ဝစီကံတွေလဲ မဖောက်ပြန်တော့ဘူး။ မနောကံ ဆိုတဲ့ ဗျာပါဒရယ် အဘိဇ္ဈာရယ် ဒိဋ္ဌိရယ်၊ ဒီဒိဋ္ဌိကို သူသတ်တယ် ဒိဋ္ဌိကို သူမြင်အောင်ကြည့်မယ် အဲဒီ ဒိဋ္ဌိဟာ သမ္မာဒိဋ္ဌိနော် မိစ္ဆာဒိဋ္ဌိ မဟုတ်ဘူး။ သမ္မာဒိဋ္ဌိပါ၊ သမ္မာဒိဋ္ဌိကနေ ဝိပဿနာ မဂ္ဂင်(၈)ပါးကိုကျင့်ရင် သမ္မာသက်ပွကို ကူးသွားမယ်။ မဂ္ဂင် (၈)ပါးကမှ သမ္မာသက်ပွကိုကူးမယ် သဘောလေးနဲ့နာ..။

## မနောနဲ့ အာရုံပေါင်းတော့ အာရုံ(၆)ပါး ခေါ်တယ်။

ဒိဋ္ဌိဆိုတာ အာရုံမှာ အမှတ်မှားတယ် ဟောဒါ မိန်းမ၊ ဟောဒါငါ့သား၊ ဟောဒါငါ့သမီး သညာနဲ့ သူလုပ်တာပေါ့ဗျာ။ အဲဒါ ခွဲခြားတာမှတ်တာ အဲဒါမှတ်တာသညာခေါ်တယ် သညာကြောင့် သင်္ခါရတွေဖြစ်တယ်ဗျို့ အာရုံမှာကျက်စားပြီဗျို့ အနုသယ ဒါ ဒီနေရာမှာ သစ္စာလို့ခေါ်ပါတယ်။ အရိယ သစ္စာလို့ခေါ်ပါ တယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ၊ သစ္စာဆိုတာ အမှန်အကန် သူ့ရဲ့ ပရမတ်ကို မြင်အောင်နှလုံးသွင်းပြီးတော့ ပညတ်နဲ့ ပရမတ်ကို ကြည့်ပြီးတော့ တရားအားထုတ်တယ် သူတရားအားထုတ်တဲ့အခါမှာ စိတ်နဲ့ စေတသိတ်၊ စိတ်ဆို တာမြင်တော့ သိတာစိတ်၊ ကြားတော့ သိတာစိတ်၊ နံတော့ သိတာစိတ်၊ စားတော့ သိတာစိတ်၊ ကိုယ်ကာယမှာ သိတာစိတ်၊ အာရုံနဲ့ မနောပေါင်းတယ်ဗျို့။ အဲဒါတွေက အာရုံ(၆)ပါးလို့ ခေါ်တယ်။

**မိစ္ဆာဒိဋ္ဌိပယ်၊ သမ္မာဒိဋ္ဌိကိုယူရင် အပယ်ပိတ်မယ်။**

ရ၀

သဗ္ဗေအလုံးစုံသော သင်္ခါရ၊ အနိစ္စ၊ သဗ္ဗေအလုံးစုံသောသင်္ခါရ၊ ဒုက္ခ သဗ္ဗေအလုံးစုံ သင်္ခါရ အနတ္တတဲ့ ဒါဥပါဒါန်။ ကံတရားကိုဟောတာ သံသရာလည်တဲ့ (၃၁)ဘုံလည်တဲ့ကံကို ဟောသွားတာ၊ ခင်ဗျားတို့ ဗြဟ္မာဘုံ၊ နတ်ဘုံလည်းရောက်မယ် အဲအပါယ်လေးဘုံ လည်းသွားမယ် မိစ္ဆာအယူနဲ့ မိစ္ဆာဒိဋ္ဌိယူရင် အပါယ်လေး ဘုံသွားမယ်၊ ဝိပဿနာ တရားထိုင်တာက မိစ္ဆာဒိဋ္ဌိကို ပယ်တာ သမ္မာဒိဋ္ဌိကိုယူတာ အဲဒါကောင်းရာမှန်ရာကို ရောက်မယ် အပယ်ပိတ်တဲ့ တရားခေါ်တယ် အပါယ်(၄) ပါး ပိတ်တဲ့တရားခေါ်တယ် အင်မတန်ထူးပါတယ် ခင်ဗျားတို့ရဲ့ ရုပ်၊ ဦးပဏ္ဏိတရုပ်က အိုရအုံးမယ်၊ နာရအုံး မယ်၊ သေရအုံးမယ်၊ အော်ဒီရုပ်ကြီးဟာ မမြဲပါလား ဒီရုပ်ကြီး အနတ္တပါလား သဘာဝသဘောတရားကြီးပါ လား ဒါသဘောတွေ မမြဲပါလား အဲဒါ ဒုက္ခကို ငါသိပြီ။

## ဒုက္ခသစ္စာ ဆင်းရဲခြင်း၏အမှန်တရား သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား။

ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယ သစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ ဒါဥပဒါန် ကံတွေ ဟောတာက အစွဲတရားတွေ ဟောတာ။ မိရိုးဖလာ အယူဝါဒတွေ ဟောတာသဘောလေးနဲ့ နာ ကိုယ်လုပ်ချင်ရမယ် ကိုယ်မလုပ်ချင်တော့ ကိုယ်သဘော ပေါ့ဗျာ ခင်ဗျားတို့ရဲ့ သဒ္ဒါယုံကြည်ချက်ပါဘဲ။ နေ့တိုင်း နေ့တိုင်း အလုပ်လုပ်တရားထိုင်၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိပယ်၊ သမ္မာဒိဋ္ဌိနဲ့နေရင် အပယ်ပိတ်တယ်ဗျို့၊ သမ္မာဆိုတာ ကောင်းတာလုပ်တာ ဒိဋ္ဌိတော့ မပယ်ဘူး အဲ့ဒီတော့ ဒီလိုတရားတွေ ကျင့်လာတဲ့အခါမှာ စိတ်နဲ့ စေတသိတ်ဖြစ်ပေါ်လာတာက ထိတာကစိတ်၊ မြင်တာ ကစိတ်၊ အဲဒီတော့မြင်တဲ့အခါမှာ မှန်တာပေါ့။ မျက်စိမြင် ပြီပေါ့ ဒါဘာလဲ၊ ဒါလူပါ၊ ဒါဘာလဲ၊ ဒါမိန်းမပါ၊

ဒါယောက်ျား ပါ၊ မျက်စိမြင်လိုက်တော့ ဒါယောက်ကျား၊ ဒါမိန်းမ၊ မှန်တာပေါ့ ပညတ်အယူမှာ မှန်တယ် ပရမတ် အယူရောက်သွားတဲ့သူက သဘောပေါက်သွားတယ် သူသိသွားပြီ အဲဒါ သညာ အမှတ်တရားကြောင့် ငါ့မှာ ဥပါဒါန် ဖြစ်ပါကလား သူသိပြီ မကျင့်တဲ့သူ အတွက်ကတော့ အကုန်မှတ်မှားဘဲ ခင်ဗျားတို့ဘက်က သိပ်မှန်တယ်နော်။

## အထင်လဲမသေးနဲ့၊ အထင်လဲမကြီးနဲ့ အလယ်က တည့်တည့်သွား

စာကမှန်၏ ဉာဏ်မမီ ထိအောင်သူမသိ စာတွေ့ ငါတွေ့ အတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဟော စာမတတ်ပေမယ့် အထင်လဲ မသေးနဲ့၊ အထင်လည်း မကြီးနဲ့။ သူများမြောက်တိုင်းလဲ မမြောက်နဲ့၊ သူများချောက်တိုင်းလည်း မကြောက်နဲ့ အလယ်ကသွား၊ သဘောလေးနဲ့နာ၊ မှန်ဘို့လိုတယ်။

ကိုယ်မှန်ဖို့လိုတယ်။ မဂ္ဂင်(၈)ပါးနဲ့ မိမိရဲ့မနောနဲ့ တိုက်ပြီး တော့သာသွား၊ မဂ္ဂင်(၈)ပါးက ဘယ်လိုရေးတယ်၊ စာက ဘယ်လိုရေးတယ်၊ ငါရဲ့နှလုံးသားက ဘယ်လိုသိထားရ မယ်။ သိပယ်ဆိုက်ပွားနော်၊ ခင်ဗျားတို့ အပေါ်မှာ မူတည် တယ်။ ဦးပဏ္ဍိတလဲ တနေ့သောအခါမှာ သေရအုံးမယ်။ မသေခင်မှာ ဉာဏ်ဦးအောင်ရှာ၊ ဘာဉာဏ်တွေလဲ၊ ဂမ္ဘီရ ဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉ္ဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏဥဒပါဒိတဲ့၊ ဒါ(၃၁)ဘုံလွတ်တဲ့ ဉာဏ်၊ ကံဆိုတာ အာရုံတွေကို အမှတ်နဲ့ယူလိုက်တယ်။ သောမနဿကံ၊ ဒေါမနဿကံ၊ အကုသိုလ်ကံ ကုသိုလ်ကံ အဲဒါ (၃၁)ဘုံ လည်တာတွေနော်။ ဧကောဓမ္မော ဘယ်မှာဖြစ်မှာလဲ နိဗ္ဗာန်သည်ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်။ အပြင်သီလနှင့်အတွင်းသီလကို ချုပ်ထား တယ်။ သဘောလေးနဲ့နာ ဘယ်လောက်အားကြဘို့ ကောင်းလဲ၊ လူ့ပြည်က အင်မတန်ထူးမြတ်တဲ့ လူ့ဘုံကြီးပါ။ အဲဒီနေရာမှာ ကိုယ်က ဒိဝိပဿနာ တရားများကို ကျင့်

ကြုံအားထုတ်ရင် ခင်ဗျားတို့မှာထူးပါလိမ့်မယ်။ စာရေးထားတယ် ကာယကံ၊ ဝစီကံ၊ မနောကံတဲ့ သူများအသက်မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ ဝစီကံဖြစ်တဲ့ မုသာဝါဒ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ မပြောဘူး အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတွေပိတ်သွားပြီ။ ဒီအယူဝါဒတွေ မယူတော့ဘူး။ မနောကံဖြစ်တဲ့ အဘိဇ္ဈာဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဘာကြောင့်ဖြစ်သလဲ၊ ဒိဋ္ဌိကြောင့်ဖြစ်တယ်။ ဒိဋ္ဌိကိုမြင်အောင် ကြည့်မယ်။

## ဒိဋ္ဌိဆိုတာ အယူမှားတယ်၊ အမှတ်မှားတယ် အစွဲမှားတယ်

ဒိဋ္ဌိကဘာလဲ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲဒါဒိဋ္ဌိဘဲကွ မင်းအာရုံယူထားတယ်ကွ အဲသမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ စာနဲ့ရေးထားပြီး၊ ခုနမခံချင်တော့ လောဘစိတ်တွေ ဒေါသစိတ်တွေ မောဟစိတ်တွေ ဒါတွေဟာ သီလပျက်တယ်။ သီလပျက်ကုန်ပြီ ခင်ဗျားတို့

ယူထားတဲ့ သီလက စားကောင်းသောက်ကောင်းအောင် ယူထားတဲ့ သီလ၊ သူများအသက်မသတ်ပါဘူး။ သူများ ပစ္စည်းမခိုးပါဘူး။ သူများသားမယားမဖျက်စီးပါဘူး။ သေရည်သေရက် မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုတ၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန တီးခြင်း မှုတ်ခြင်း နံ့သာလိမ်းခြင်း မဖွယ်မရာ မလုပ်ပါဘူး မှန်တယ် ခင်ဗျားသီလသိပ်မှန် တယ်။ အဲဒါခင်ဗျားယူထားတဲ့ သီလနဲ့အစွဲ ဥပါဒါန်ကို သတ်လို့ ရပ့ါမလား?။ မေးပြီး ခင်ဗျားသားလေး ရေနစ် သေတယ်။ ခင်ဗျားမိန်းမနောက်လင်ယူသွားတယ်။ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုနေလဲ ဟာစွဲတာပေါ့ အဲခင်ဗျားယူထားတဲ့ သီလနဲ့ ဒီအစွဲဥပါဒါန်ဖြတ်လို့ ရပ့ါ မလား။ မရပါဘူး။ မရရင်ရတဲ့ သူ့ထက်ကောင်းတဲ့ သီလရှိတယ်ဗျ၊ အဲဒါလုပ်ဗျ ခင်ဗျားလဲ လူဘဲ ဦးပဥ္ဇင်းလဲ လူဘဲ ဒီသယ်န်းချွတ်လူပေ့ါဗျာ ဒါပေမဲ့ အသိတော့ရနေပြီ အနှစ်ကတော့ ပရမတ်ဖြစ်နေပြီ ဘယ်သူသိလဲ။

## အစွဲဥပါဒါန်က မဂ်ဉာဏ်ရမှုဖြတ်တယ်။

ကိုယ်ယူထားတဲ့ သီလ ဒီအစွဲဥပါဒါန်ဖြတ်လို့ ရပါ့မလား ဖြတ်တဲ့လမ်းရှိတယ်ကွ မဂ်ဉာဏ်ရရင် ဖြတ်တယ်ကွ အဲဒါ အဲဒီတစ်လမ်းဘဲရှိတယ်။ မဂ်ဉာဏ် ကိုရအောင်လုပ် လူ့ပြည်မှာ မအိုခင်၊ မနာခင်၊ မသေခင် မှာကျင့်ကွ ငါတောင်စာမတတ်ပေမတတ် ကျင့်လို့သိ တယ်။ ငါတော့သိပြီး သိပယ်ဆိုက်ပွားကွ အဲဒီတော့ ခင်ဗျား တို့တွေးတာကြည့်။

## ဘုန်းကြီးမျက်ရည်ကျတယ် ဘယ်လိုကယ်ရပါ့မလဲ။

ဒီဘဝပြန်ကြရမှာ အပါယ်လေးဘုံရောက်သွားရင် ဒုက္ခတွေပါဘဲ ဘုန်းကြီးမျက်ရည်တွေတောင် ကျတယ် ဘယ်လိုလုပ်ကယ်ရပါ့မလဲ ငါလိုသိပါစေ ငါလိုမြင်ပါစေ။ ငါလိုဖြစ်ပါစေ။ ငါလိုသွေးသားတွေ ပြောင်းပါစေ။ ငါလို စိတ်တွေပြောင်းပါစေ။ ပြောင်းသွားပြီ သွေးသားပြောင်း တယ် စိတ်ပြောင်းတယ်. . . ။

## မိရိုးဖလာ မွေးလာတဲ့ စိတ်မဟုတ်တော့ဘူး စိတ်ပြောင်းသွားပြီ။

မိရိုးဖလာ ဦးချိုးတိုး ဒေါ်အုန်းမေ မွေးတဲ့စိတ်၊ မိရိုးဖလာမွေးတဲ့စိတ် မဟုတ်ဘူး ငါ့စိတ်ပြောင်းသွားပြီတဲ့ သွေးသားပြောင်းသွားပြီတဲ့ ကိလေသာနဲ့ အကျင့်တွေ ပြောင်းသွားပြီ ဘယ်လောက်ထူးလဲ စာပေကျမ်းဂန် မတတ် ရဟန်းပဏ္ဍိတ ဒီလိုဖြစ်သွားတာ ခင်ဗျားတို့ အားကျဖို့ကောင်းပါတယ်။ လုပ်ကြပါ တရားလေးထိုင်၊ တရားလေးထိုင်တဲ့အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ တွေ သက္ကာယဒိဋ္ဌိတွေ၊ မိစ္ဆာဒိဋ္ဌိတွေ အပါယ်သွားမဲ့ ကံတွေ ပိတ်ထားလိုက်တာ သမ္မာလေးနဲ့လုပ်တာ အဲဒါ နတ်ပြည်တို့ ဗြဟ္မာဘုံတို့ ရောက်တယ်ဗျ။ အဲဒါလေးတွေ လုပ်ပါ ခင်ဗျားတို့ သီလကြီးယူပြီးတော့ ပုတီးလည်ပင်းဆွဲပြီးတော့ ဟာသူများအတင်းလျှောက်ပြောနေတာ ခင်ဗျား တို့ကြည့်သာလုပ် အသက်တွေက ဆံပင်တွေ ဖြူကုန်ပြီ မရဏသေမင်းက ကံကုန်ရင် ခေါ်လိမ့်မယ်။ သေမင်းမဦးခင် ဉာဏ်ဦးအောင်လုပ် ကိုယ့်အမေလို အောက်မေ့တယ် ကိုယ့်အဖေလိုအောက်မေ့တယ်

တရားကို တရားက စောင့်ရှောက်လိမ့်မည် အဲဒါလေးကို ပျင်းရိမနေနဲ့ ငိုင်မနေနဲ့ တရားအားထုတ်ပေး ကိလေသာ တဏှာ၊ ကိလေသာကရုပ်တရား၊ တဏှာက နာမ်တရား၊ အဲဒီတဏှာ ဟာကိလေသာထဲမှာရှိတယ်။ မခံသာမှန်ပါဘိ ဒီတရား ခံသာရင် သံသရာကြောမျှောလိမ့်မယ်အများ၊ ဝေဒနာမှာ တဏှာပါနေတယ် အဲဒီမှာကြည့်ပေတော့။

**အပြင်မှာစင်ကြယ်မှ　ခန္ဓာမှာစင်ကြယ်မယ်**
**ခန္ဓာမှာစင်ကြယ်မှ　ဉာဏ်မှာစင်ကြယ်မယ်။**

အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ် ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ် အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး ခန္ဓာမှာ မစင် ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ အပြင်မှာစင်ကြယ် တယ် ငါ့အကိုကြီးတွေ ငါ့ဦးလေးတွေ သြော်တို့ရဲ့ရပ်ကွက် မှာ ရေမြောင်းတွေလုပ်ပေးပါ ရပ်ကွက်ကလူကြီးမင်းများ ကခိုင်းတယ် တစ်အိမ်တစ်ယောက်ထွက် ငါကစေတနာ

အလွန်ကောင်းတယ် ဆရာကြီးကျွန်တော်လုပ်ပါ့မယ် ဟောစေတနာနဲ့ လုပ်တာနော် သူ့စေတနာနဲ့လုပ်တာ အဲဒီတော့ အပြင်မှာ စင်ကြယ်တယ် အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ် ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ် အပြင်မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး လုပ်တော့လုပ်တယ် စေတနာမမှန်ဘူး အဲဒါသိပ်အရေးကြီးပါတယ် ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ ကိုယ့်ထက်တန်းတူကို ကြင်နာပါ ကိုယ့်အောက်ကသူကိုသနားပါ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုမာန်တွေ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ ဒီမာန်တွေကိုချထားလိုက်ပါ ခင်ဗျားတို့စာထဲမှာ ခေမာမိဖုရား ရုပ်အင်မတန် ချောတယ် မာန်ဖြစ်နေတယ် ဒီမာန်တွေ ပယ်ပစ်လိုက် မာန်ကိုပယ်ရင် တဏှာလျှော့လိမ့်မယ် တဏှာကိုသိလိမ့်မယ် တဏှာ၊ မာန၊ ဒိဋ္ဌိစာရေးထားတယ် တဏှာကိုသတ် ပါ။ ဒိဋ္ဌိဆိုတာဘာလဲ အာရုံနဲ့ မနောမှာ

အမှတ်များတွေ ဖြစ်နေတယ်။ ငါမြင်တယ် ငါမှတ် လိုက်တယ် အဲဒါဒိဋ္ဌိ သဘောလေးနဲ့နာ အဲဒါတွေကို အချက်အလက်တွေ မှန်ကန်မှ မဂ်ကောလမ်းကို လျှောက်ပါ။

## လက်တန်းလဲကိုင်အုန်းတုံးလဲလျှောက်။

အုန်းတုံးကြီးကိုလျှောက်တယ် ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း အုန်းတုန်းကြီးကို ခင်းပေးတယ် အုန်းတုံးကြီး က လှုတ်တုတ်လှုတ်တုတ်နဲ့ မလျှောက်ရဲဘူး ချောက် ထဲကိုကျသွားမယ် အုန်းတုံးကြီးကိုလျှောက်ဖို့က လက်တန်း လေးလုပ်ပေးပါတယ် အုန်းတုံးကိုလဲ ကောင်းအောင် လုပ်ပေးပါတယ် အုန်းတုံးကိုလဲလျှောက်တယ် လက်တန်း ကိုလဲကိုင်တယ် ဒီနှစ်ချက်နဲ့သွားတာ လက်တန်းလဲ ကိုင် ပါတယ်၊ အုန်းတုံးကိုလဲလျှောက်တယ်, အပြင်ပတ်ဝန်းကျင် နဲ့ ဆက်ဆံတဲ့အခါ စေတနာလေးနဲ့ လုပ်ကိုင်တယ် အပြင်မှာလဲ စင်ကြယ်အောင်နေတယ် စိတ်ကိုလဲ

အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ် အောင်၊ မာန်တွေမဖြစ်အောင်နေတယ်။ ခန္ဓာမှာ စင်ကြယ်အောင် နေတယ် ဒီနှစ်ချက်ဟာ လက်တန်းလဲကိုင်၊ အုန်းတုံးလဲ လျှောက်တာနဲ့တူတယ်။ တစ်ဘက်ကမ်း မဂ္ဂင်လမ်း ရောက်မယ်။ ဥာဏ်မှာစင်ကြယ်လာမယ် သွားကြရမယ် သွားကြတဲ့အခါ မတော်တဆအပယ်ထဲ ရောက်သွားရင် သွားပြီ ကယ်မဲ့သူမရှိဘူး။

## သီလဆိုတာ မိမိစိတ်၊ သန့်ရှင်းစင်ကြယ်ဖြူစင် မှ ဝိသုဒ္ဓိဖြစ်တယ်။

ဦးပဏ္ဍိတပြောတာ ယုံပါလို့မပြောဘူး လေ့လာ ပါ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ မှန်ရင်ယူထားလိုက် အသိတလုံး အမြတ်ဆုံး လောကီအသိနဲ့ လောကုတ္တရာ အသိနှစ်ခုရှိတယ်။ ခင်ဗျားကြိုက်တာသာယူ။ သိပယ် ဆိုက်ပွားလို့ ဆိုထားတယ် လောကုတ္တရာအသိရအောင် လုပ်ပါ သီလဆိုတာ မိမိရဲ့စိတ်သန့်ရှင်းစင်ကြယ်ဖြူစင်

အောင်လုပ်မှ ဝိသုဒ္ဓိသီလဖြစ်တယ် စိတ်ကလေးက ကောက်ကျစ်စင်းလဲနေတယ်။ သူများမနာလို ကိုယ့်အကျိုးမရှိ စေတသိတ်စိတ်ဟာ သူများအတင်းတွေပြောလိုက်၊ ညာလိုက်၊ ခိုးလိုက်၊ ကြက်သတ်လိုက်၊ ဘဲသတ်လိုက်၊ သွားပြီပေါ့ဗျာ။ ဦးပဥ္စင်းလဲ အရင်တုန်းက ဂျပန်ခေတ်တုန်းကလုပ်ခဲ့ပါတယ်။ အင်္ဂလိပ်ခေတ်တုန်းကလဲ လုပ်ခဲ့ပါတယ် ယခုနိုင်ငံတော် အစိုးရခေတ်ကြမှ တရားအားထုတ်တော့ ဒီအသိတွေသိတာပါ ဘယ်လောက်အားကျဘို့ကောင်းလဲ ဒကာကြီးတွေ၊ ဒကာမကြီးတွေ အဝိဇ္ဇာတုံးကြီးကို ဘာနဲ့ဆေးကြောမလဲ အဝိဇ္ဇာတုံးကြီးကိုသီလနဲ့ဆေးကြောပါ။ ဒါနစစ်ဒါန မှန်နဲ့ ဆေးကြောပါ။ သီလစစ်သီလမှန်နဲ့ဆေးကြောပါ။ ဘာဝနာစစ်ဘာဝနာမှန်နဲ့ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးအား အဓိသီလနဲ့ ဆေးကြောတယ် အဓိစိတ္တနဲ့ဆေးကြောတယ်။ အဓိပညာ နဲ့ဆေးကြောတယ် ဦးပဥ္စင်းလဲဆေးကြောတာပါပဲ။

## အာသွက္ခယဉာဏ်ဆိုတာ အာရုံအကြောင်းသိတာ စွဲရင်ကံ၊ မစွဲရင်ဉာဏ်။

အာသွက္ခယ၊ ဉာဏ်ဆိုတာ အာရုံအကြောင်း သိရမယ်။ ယခုဟောနေတာ စိတ္တာနုပဿနာ ဟောနေတာ။ စိတ်ဆိုတာ အင်မတန်နူးညံ့တယ်။ အာရုံသိပ်နူးတယ် အဲဒါကို ဉာဏ်ကဖြတ် ဖြတ်သွားတယ်။ ဉာဏ်ဆိုတာမစွဲဘူး မစွဲတာဉာဏ်။ စွဲရင်ကံ စွဲရင်လည်မှာပဲ။ ကံတရားဟောတာ ဥပါဒါန်ကံတွေဟောတာ အစွဲတရားတွေဟောတာ အဲဒါသစ္စာလေးပါးခေါ်တယ်။

## ဦးပဏ္ဍိတကအစွဲပြတ်သွားပြီ။

ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား၊ သမုဒယသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဦးပဏ္ဍိတက နိရောဓနဲ့ မင်္ဂရလို့ဟောတာ၊ တွေးကြည့် ရဲရဲဝင့်ဝင့် ပြောသွားမယ်။ နိရောဓနဲ့မင်္ဂရတယ်။ အဲဒါအလုပ်လုပ်လို့ ရတာ၊ အဲဒါရပြီ။

ဗိုက်ထဲ မှာအေးလိုက်တာ အစွဲပြတ်တာပေါ့ သားလဲပြတ်၊ သမီး လဲပြတ်၊ ကျောင်းလဲပြတ်၊ အိမ်လဲပြတ်၊ သူ့ရုပ်နာမ်ပြတ် နေတော့ ဟိုဟာတွေသွားပြီပေါ့ဗျာ ကိလေသာဝဋ်၊ ခန္ဓာဝန် ဒုက္ခတော့ ခံရတာပေါ့ဗျာ ချောင်းဆိုးတယ် ဘာဖြစ်တယ်။ ကိလေသာဝဋ်၊ ကမ္မာဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်၊ ဒါတွေကိုသိရမယ် ဉာဏ်သမား ကသိရမယ် အလုပ်လုပ်ကြပါ။ ဘယ်သူ့ကိုမှ မပြောပါနဲ့၊ ယုံကြည်ရင် လုပ်၊ တရားအားထုတ်၊ ငါမြင်ချင်နေသလား၊ မမြင်ချင် ဘူး။ ငါကြားချင်သလား၊ မကြားချင်ဘူး၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အဲ့ဒီအယူတွေကို ငါမယူဘူး၊ ငါယူတာ သမ္မာဒိဋ္ဌိ အလုပ်လုပ်တယ် အဲဒါနတ်ပြည်ရောက်တယ်။

## သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။

ဘယ်သူမှစကားမပြောနဲ့၊ တရားထိုင် သူများ အကြောင်း ကိုယ့်အကြောင်း မလုပ်နဲ့။ အကြောင်းသတ် အကြောင်းသတ်မှ၊ အကျိုးချုပ်မှာမယ်၊ ဒါလောက်ဆိုပြီး ရောပေါ့ဗျာ၊ (သာဓု၊ သာဓု၊ သာဓု)

- ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ကျင့်ပြီး သိလာတဲ့ ခန္ဓာသိတရားပါ။
- နာမ်ခိုင်းတော့ ရုပ်ဒုက္ခရောက်တယ်၊ နာမ်သေမှ ရုပ်အေးမယ်။
- မနောသက်ရင် ကာယ၊ ဝစီပါ ငြိမ်ပါတယ် ။
- အနတ္တတရားကြီး၊ အတ္တတွေဖြစ်နေတယ်၊ အစွဲတွေဖြစ်နေတယ် ။
- ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်၊ တဏှာပြတ်မှ ကံပြတ်မယ်၊ ကံပြတ်မှ ဉာဏ်ဖြစ်မယ်။
- ကိလေသာရဲ့ဒုက္ခကိုမသိတော့ သမုဒယအကြောင်း မပယ်နိုင်ဘူး၊ တဏှာကိုမပယ်နိုင်ဘူး။
- ခါက်ကြီးလေးပါးချုပ်တော့အေးတာပေါ့၊ ကိလေသာခါက်တွေ ချုပ်တော့ ခမ္မခါတ်ဖြစ်တာပေါ့။
- ကိုယ်ယုံကြည်လို့ကိုယ်လုပ်ရင် မဂ်၊ ဖိုလ်ရနိုင်ပါတယ်။ မနောကံ လောဘ၊ ဒေါသ၊ မောဟတွေဖြစ်နေရင် တွေးတောနေရင်၊ ဒီလူသီလရှိနိုင်ပါ့မလား။
- မိစ္ဆာဒိဋ္ဌိကိုပယ်၊ သမ္မာဒိဋ္ဌိကိုယူရင် အပါယ်ပိတ်မယ်။
- ဒုက္ခသစ္စာဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာဆင်းရဲခြင်း အကြောင်း အမှန်တရား။
- အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။
- ပညတ်၊ စာ၊ အကာနဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိကိုပယ်နိုင်သလား?။

ဦးပဏ္ဍိတအစွဲပြတ်သွားပြီ


# ဝိသုဒ္ဓိဆရာတော်ကြီး

## ဦးပဏ္ဍိတ



## ခန္ဓာကျင့် ခန္ဓာသိ၊ ဓမ္မသစ္စာတရားတော်


ဝိသုဒ္ဓိဓမ္မဘာခဉ်အမှတ်(၆)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဂိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉-၂၅၀၄၃၂၀၅၀ / ၀၉-၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ်(၆)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (၁) | (၂၂.၇.၂၀၀၀) ဗိုလ်တထောင်ဘုရား<br>ရန်ကုန်၊ တရားတော်အမှတ်(၄၂) | ၃၂ |
| (၂) | (၂၃.၇.၂၀၀၀) ဗိုလ်တထောင်ဘုရား<br>ရန်ကုန်၊ တရားတော်အမှတ်(၄၃) | ၅၇ |
| (၃) | (၉.၉.၂၀၀၁) မဟာမြတ်မုနိဘုရားကြီး<br>မန္တလေး၊ တရားတော်အမှတ်(၄၄) | ၉၃ |
| (၄) | (၁၆.၁၀.၂၀၀၀) ကျိုက္ကဆံဘုရား၊ သင်္ဃန်းကျွန်း<br>ရန်ကုန်၊ တရားတော်အမှတ်(၄၅) | ၁၀၈ |
| (၅) | (၂၀.၁၀.၂၀၀၀) မယ်လမုဘုရား၊ မြောက်ဥက္ကလာပ<br>ရန်ကုန်၊ တရားတော်အမှတ်(၄၆) | ၁၃၅ |
| (၆) | (၂၅.၁၀.၂၀၀၁) ရွှေတိဂုံဘုရား<br>ရန်ကုန်၊ တရားတော်အမှတ်(၄၇) | ၁၅၆ |
| (၇) | (၁၈.၁၀.၂၀၀၀) ကျောက်သူလမ်းဓမ္မာရုံ၊ တောင်ဥက္ကလာပ<br>ရန်ကုန်၊ တရားတော်အမှတ်(၄၈) | ၁၇၁ |
| (၈) | (၁၉.၁၀.၂၀၀၀) ကျောက်သူလမ်းဓမ္မာရုံ၊ တောင်ဥက္ကလာပ<br>ရန်ကုန်၊ တရားတော်အမှတ်(၄၉) | ၁၉၅ |
| (၉) | (၁၉.၁၂.၂၀၀၀) ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်း<br>ရန်ကုန်၊ တရားတော်အမှတ်(၅၀) | ၂၂၄ |

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊ (MP-4)များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန်နိုးဆော်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်" ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်" ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# ဝိသုဒ္ဓိဆရာတော်ကြီးဦးပဏ္ဍိတ
# ထေရုပ္ပတ္တိ
# သာသနာမှတ်တမ်းအကျဉ်း

## ငယ်နာမည် ဦးမြမောင်

ဝိသုဒ္ဓိဆရာတော်ကြီးသည် ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချီးတိုး၊ မယ်တော် ဒေါ်အုံးမေတို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့ တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝ နာမည်မှာ ဦးမြမောင် ဖြစ်သည်။

## ဦးမြမောင် စာမတတ်

မွေးချင်း (၆)ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံး သေဆုံးခဲ့သည်။ ဆရာတော်တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံမူလတန်း (၂)တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမဖတ်တတ်ချေ။ စာမတတ်ပါ။

## ရဲသားဘဝ

အသက် (၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ ရောက်ရှိခဲ့ပြီး ကြုံရာကျပန်းကူလီအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။ (၁၈)နှစ်တွင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသင်္ဘောတွင် သင်္ဘောကြိုးချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြင့်နှင့်အိမ်ထောင်ကျ

အသက် (၂၄)နှစ်အရွယ်တွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြင့်နှင့် အိမ်ထောင်ကျခဲ့

သည်။ မြောင်းမြမြို့၊ မြိုင်မာလာရပ်ကွက်၊ (၂)လမ်းတွင် နေထိုင်ခဲ့သည်။ သားသမီး (၃)ယောက် ထွန်းကားခဲ့ သည်။

## လူ့ဘဝမကောင်းမှုများပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝ မှ ဆေးပင်စင်နှင့် ထွက်ခဲ့သည်။ ထီပေါက်သောငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်ပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်လုပ်ရ ခြင်းတို့ဖြင့် အသက်မွေးခဲ့ရသည်။လူ့ဘဝ မကောင်းမှုများ နှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင် ၏ ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင် တစ်ယောက်တည်းကို ထားပစ်ခဲ့ကာသမီးကြီး ရှိရာဧရာဝတီတိုင်း၊ လပွတ္တာမြို့သို့ သွားရောက် နေထိုင် ခဲ့သည်။

## သံဝေဂရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရား စတင် လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ် တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး တရား ကက်ဆက်ခွေ ဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာ ခဲ့သည်။ သဲအင်းဂူဆရာတော်ကြီးတောင် ခါးပြတိုက်၊ ဆိုးသွမ်းရာကနေ တရားရအောင် လုပ်နိုင်သေးတယ်။ ငါလည်း ခါးပြတော့မတိုက်ခဲ့ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက် (၄၅) နှစ်တွင် တောထဲထွက်၍ တရားစတင်ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရား ကျင့်ခဲ့သည်။ အသက် (၄၇) နှစ်တွင်ကိုရင်ကြီး ဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆) နှစ်ကျော်ကြာ မြောင်းမြမြို့ ပတ်ဝန်းကျင်တောထဲတွင် တရားကျင့်ခဲ့ သည်။ ဆရာတော်ကြီးမှာ သွေးသားလည်းပြောင်းခဲ့ သည်။ စိတ်လည်းပြောင်းခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက် (၅၄) နှစ်တွင် မြောင်းမြမြို့၊ ပဌောတာရုံ ပါဠိတက္ကသိုလ်တွင် ဆရာတော်ဦးဝံသပါလ (ယခု ဩစတြေးလျနိုင်ငံ သာသနာပြု) ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်) ဖြစ်သည်။

## ပဋိပတ္တိ ပွင့်လင်းစေခြင်း

ဝိသုဒ္ဓိ ဆရာတော်ကြီး ပရိယတ္တိမကျွမ်းကျင်သော်လည်း ပဋိပတ္တိဖြင့် ကျင့်ကြံပွားများ အားထုတ်ခဲ့ပြီး ရရှိထားသော ခန္ဓာကျင့် ခန္ဓာသိတရား အကျင့်များဖြင့် ဝေနေယျတို့အား ဟောကြားပြသဆိုဆုံးမခဲ့ပါသည်။

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်းတွင် သံဃာအပါး (၈၀)ကျော်၊ သီလရှင်အပါး (၈၀)ကျော်၊ အမြဲနေယောဂီ (၂၀) ကျော်တို့အား စားသောက်ရေး၊ နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ ကျန်းမာရေး အစ တာဝန်ယူကာ မကြောင့်မကြဘဲ တရားဘာဝနာ ပွားများနိုင်ရန် ဆောင်ရွက်ပေးထားတော်မူသည်။

## သာသနာ့အဆောက်အဦးများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရပ်ရပ်မှ ဒကာ၊ ဒကာမများက လည်း ဆရာတော်ကြီးအား လာရောက်ဖူးမျှော်ကြည်ညို ခဲ့ကြပြီး တရားဘာဝနာ အားထုတ်ခဲ့ကြသည်။ ဆရာတော် ကြီးမှ ဒကာ ဒကာမများ လှူဒါန်းသော ဝတ္ထုငွေကြေး များဖြင့် ကျောင်း၊ ရေတွင်း၊ ရေကန်များကို သိန်းပေါင်း (၁၀၀၀)ကျော်မျှ ဆောင်ရွက်ပေးထားတော်မူသည်။

## စေတီတော် (၁၉)ဆူတည်ထားပေးခြင်း

အတိတ်က ပဋ္ဌာန်းဆက်များ၏ တောင်းပန် လျှောက်ထားချက်အရ စေတီတော် (၁၉) ဆူကို မြောင်းမြ၊ ဝါးခယ်မမြို့နယ်များတွင် သိန်းပေါင်း (၂၀၀၀) ကျော်မျှ အကုန်ကျခံကာ တည်ထားပေးခဲ့သည်။ ၎င်းစေတီ (၁၉) ဆူအနက် မြောင်းမြမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ အောင် သစ္စာမဟာဓါတ်ပေါင်းချုပ် ဘုရားမှာ လွန်ခဲ့သော (၁၈) နှစ်က စတင်တည်ထားခဲ့ပြီး ပြီးစီးနေသည်မှာ (၁၆) နှစ်ကျော်ပြီဖြစ်သည်။ ယခုတိုင် ထီးမတင်သေးပေ။

(ဘုရား သမိုင်းအကျယ်ကို အမှတ် (၄၈) မှစ၍ နေလ ဂျာနယ်တွင် ဖတ်ရှုနိုင်ပါသည်။) ၎င်းဘုရားနှင့် ဆရာတော်ကြီးမှာ အတိတ်သမိုင်းကြောင်း အကျိုးဆက်ရှိခဲ့သည်။

## ခန္ဓာကျင့်၊ ခန္ဓာသိတရား

ဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့် ခန္ဓာသိတရားကို အနည်းငယ် ဖော်ပြရလျှင်-

ငယ်စဉ်တောင်ကျေးက မိဘက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာမတတ်တဲ့အတွက် ကိုယ်လုပ်နိုင်တဲ့ ဝိပဿနာ ခန္ဓာကျင့်ကို ကျင့်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထားခဲ့သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာ၊ သာသနာသုံးရပ် မှာ ပရိယတ္တိကို မကျွမ်းကျင်၍ ပဋိပတ္တိအကျင့်ကို ခန္ဓာကိုရင်းပြီးကျင့်ပါတယ်။ စာကိုမပယ်ပါ။ ဒီလိုကျင့်နိုင်တာကလည်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပရိယတ္တိစာတွေရှိလို့ ကျင့်နိုင်တာပါ။ ခန္ဓာကို တကယ်ကျင့်ပြီးသိလို့ ခန္ဓာသိတရားဟောနိုင်တာပါ။ ဦးပဥ္စင်းကို ကြည်

ညိုပါလို့ မပြောလိုဘူး။ ဦးပဥ္စင်းဟောတဲ့အသိကိုတော့ ယူထားပါ။

အသိတစ်လုံး အမြတ်ဆုံး၊ မရှိတာရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ဘယ်အသိတွေလဲ ခင်ဗျားတို့ တစ်တွေမှာ စက္ခုအာရုံ၊ နားသောတအာရုံဆိုတဲ့ အာရုံငါးပါးကို မနောက အမှတ်နဲ့ယူထားတယ်။ အမှတ်ဆိုတာ ပါဠိလို သညာလို့ခေါ်တယ်။ ဒီအမှတ်နဲ့ ယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေ ဖြစ်ကုန်တာပဲ။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာပြတ်မှ မာန်ပြတ်မယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိပြတ်မှ သံသရာပြတ်မယ်။ သံသရာလည်စေတာ သူတို့ပဲ။ တရားထိုင်ကြ၊ တရားထိုင်နေတဲ့အချိန် ကာယကံ၊ ဝစီကံ လုံနေပြီ။ မနောကိုသတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့ လေကို သတိလေးကပ် မှတ်ရတယ်။ ထိ၊ သိ၊ သတိ သတိ လေးကပ်ထား။ သိ၊ သိ၊ သိလို့ မှတ်နေ။ ဆိုလည်း မနေရဘူး။ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာ လည်းမမြဲဘူး။ သိတာလည်းမမြဲဘူး၊ အဲဒါ အနတ္တ၊ မမြဲတော့ မစွဲဘူး။ မစွဲတော့အေးတယ်။ တရားထိုင်ချိန်မှာ

မဂ္ဂင်ရှစ်ပါးအကျုံးဝင်နေပြီ။ ကိုယ့်စိတ်ကိုယ်စစ်ပါ။ ဘာနဲ့စစ်မလဲ မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ။ ဒီတရားတွေဟာ ခန္ဓာကျင့်၊ ခန္ဓာအသိတရားတွေ။ ယူတတ်ရင် လိုက်နာတတ်ရင် သိပ်ထူးတာပေါ့။ ပစ္စည်းဥစ္စာဆိုတာ ပေးလို့ရတယ်။ အသိကိုတော့ ပေးလို့မရဘူး။ ယူတတ်မှရတယ်။ ဒီကဉာဏ်ရထားတော့ ဉာဏ်ရတဲ့သူဆီက အသိကို မိမိနှလုံးသားမှာ အသိဝင်သွားရင် ဉာဏ်မျိုးစေ့ရတာပဲ။ အဲဒါ ပဋိဝေဒခေါ်တယ်၊ ဉာဏ်ရမှ ပေးလို့ရတာ။"

### ဓမ္မစေတီ

ဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ တရားတော်များဟောကြားခဲ့သော နေရာများမှာ-

မြောင်းမြရွှေသာလျောင်းဘုရား၊ ပုသိမ် ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်တင်စေတီ၊ ဝါးခယ်မဓမ္မာရုံ၊ မန္တလေး မဟာမြတ်မုနိဘုရားကြီး၊ ပဲခူး ရွှေမုဓောဘုရား၊ ပျဉ်းမနား ဈေးကုန်းစာသင်တိုက်၊ မိတ္ထီလာ ဖောင်တော်ဦးဘုရား၊ မုံရွာ ဆုတောင်းပြည့်ဘုရား၊ ပခုက္ကူ ဖောင်တော်ဦးဘုရား၊ ပြည်မြို့ ရွှေလက်လှ ဓမ္မာရုံ၊ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရား၊

ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ မယ်လမုဘုရား၊ ကျိုက်ဝိုင်းဘုရား၊ ကမ္ဘာအေးဘုရား၊ ကျိုက္ကဆံဘုရား (သက်န်းကျွန်း)၊ ဇိနတ်မာန်အောင်ဘုရား(သာကေတ)၊ ကိုးထပ်ကြီးဘုရား(စမ်းချောင်း)၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့်ဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ အောင်ဗောဓိဘုရား(တောင်ဒဂုံ)၊ မိုးကောင်းဘုရား၊ ရန်မျိုးအောင်ဘုရား (သက်န်းကျွန်း)၊ မဟာသကြ်န် ဘုရားကြီး(ဒလ)၊ သန်လျင်မင်းကျောင်းပထမပြန် စာသင်တိုက်၊ လှိုင်ဇေယျဝတီစာသင်တိုက်၊ ကျိုက္ကလဲ့မင်းကျောင်း စာသင်တိုက် (မင်္ဂလာဒုံ)၊ အင်းစိန်ဈေးကုန်းပဋိယတ္တိစာသင်တိုက်၊ ရွှေပြည်သာ ပဋိယတ္တိစာသင်တိုက်၊ ဘုရားဖြူစာသင်တိုက် (ပုဇွန်တောင်)၊ ကျောက်တန်းသာသနာ့ဗိမာန်တို့တွင် တရားပွဲပေါင်း ၇၀ ကျော်မြန်မာပြည်အနှံ့ ခန္ဓာသိတရား ဟောကြားခဲ့သည်။ တရားပွဲများတွင် ဒကာ၊ ဒကာမများ လှူဒါန်းသော အလှူငွေစုစုပေါင်း ၇၄ သိန်းကျော်ကိုလည်း သက်ဆိုင်ရာဂေါပကနှင့်အဖွဲ့များသို့ ဆရာတော်ကြီးမှ ပြန်လည်လှူဒါန်းခဲ့သည်။

တရားပွဲများတွင် တရားနာပရိသတ်အပေါင်းမှ ဆရာတော်ကြီး၏ ခန္ဓာသိတရားတော်များကို နှစ်သက်ကြည်ညိုကြသည်။ တရားပွဲတစ်ပွဲလျှင် ပရိသတ်ထောင်ကျော်ရှိသည်။ လှူဒါန်းကြသည်မှာလည်း ကြိတ်ကြိတ်တိုးလှူဒါန်းကြသည်။ 'ဝတ္ထုငွေကြေးကိုယူတာမဟုတ်၊ စေတနာကိုယူသွားတာ။ စေတနာကလည်းမှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံ ပုဂ္ဂိုလ်ကလည်း မှန်ရင်ဆုမတောင်းနဲ့ ခင်ဗျားတို့ မဂ်မျိုးစေ့ရပြီ။ စေတနာမှန်ဖို့လိုတယ်။ ပကာသန စေတနာ၊ ဘယာစေတနာလှူတာနဲ့ အဓိပတိစေတနာနဲ့ လှူတာမတူဘူး။ လှူတဲ့သူအပေါ် မူတည်တယ်။ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာ မျိုးစေ့ရမယ်။ ကံလှူရင် ကံမျိုးစေ့ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။ လှူတတ်ဖို့လိုတယ်' ဟု ဟောကြားခဲ့သည်။

## ရုပ်ကလာပ်တော် ပူဇော်နိုင်ရန်ပြင်ဆင်ထားရှိခြင်း

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်း အတွင်းတွင် အောင်သစ္စာမဟာ မဂ္ဂင်ခါတ်ပေါင်းချုပ်စေတီတော် တည်ထားခဲ့သည်။ စေတီတော်၏ အသွင်သဏ္ဌာန်မှာ အောက်ခြေတွင် ဂန္ဓာကုဋိတိုက် ဖြစ်၍ အပေါ်တွင် စေတီတည်ထားသည်။ ဂန္ဓကုဋိတိုက်၏ အလယ်တွင် မှန်လုံခန်းထားရှိပြီး မှန်လုံခန်း၏ အလယ်တွင် ဝိသုဒ္ဓိ ဆရာတော်ကြီး ရုပ်ကလာပ်တော်ထားရန် ပလ္လင်တော် ပြုလုပ်ထားသည်။ ပလ္လင်၏ဘေးတွင်လည်း ရုပ်ကလာပ်တော်ထည့်ရန် မှန်ခေါင်းကို တွေ့ရှိရသည်။ ဆရာတော်ကြီးနှင့် နှစ်ပေါင်းနှစ်ဆယ် ကျော် လက်တွဲ သာသနာပြုခဲ့သူ ဦးအုန်းမြင့်မှ ဆရာတော်ကြီး၏ ကြိုတင်မိန့်မှာထားချက်ကို ရှင်းလင်းပြောပြသည်မှာ ဆရာတော် ကြီး ပျံလွန်တော် မူခဲ့ရင် အလောင်းကိုငှက်ပျောဖက်နှင့် ထုပ်၊ ယင်းလိပ်ပတ်၊ ကြိုးဖြင့် တင်းကြပ်စွာစည်း၊ တစ်နေပြပြီး အလောင်းကို မှန်ခေါင်းထဲသာ ထည့်ထားလိုက် ပေတော့။ ဦးပဥ္စင်းကြီး အလောင်းက ဆက်ပြီး သာသနာပြုသွားလိမ့် မယ်ဟု ကြိုတင်မိန့်မှာခဲ့ ကြောင်း ပြောပြသည်။

## ပြည်ပသာသနာပြု

တကာ တကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည် ထိုင်ဝမ်သို့ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် ထိုင်ဝမ်သို့ ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် ဟောင်ကောင် သို့ တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ထေရဝါဒဗုဒ္ဓ ဘာသာ ပြန့်ပွါးရေးအသင်း ပင့်လျှောက်ချက်အရ ဂျပန်နိုင်ငံသို့တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာ ပြုခဲ့သည်။

## ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံး ပါတယ်

ယခုအခါ ဆရာတော်မှာ သက်တော်(၇၆)နှစ် ဝါတော်(၂၂)ဝါ ရပြီးဖြစ်သည်။ ဧရာဝတီတိုင်း မြောင်းမြ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးလျှက် ဝေနေယျ သတ္တဝါတို့အား မိမိကျင့်ကြံ ရရှိထားသော ခန္ဓာ ကျင့် ခန္ဓာသိတရားများကို နာမ်လောကတွင် ရောက်ရှိ နေကြသော ဆရာတော်ကြီး၏ ဝေနေယျ ဓါတ်၊ နတ်၊

သိုက် တို့အားလည်းကောင်း၊ လူ့ပြည်လူ့ရွာ ရောက်ရှိနေကြသော လူသားများအားလည်းကောင်း ဓမ္မတရားဖြင့် အေးချမ်းသော နိဗ္ဗာန်သို့ရောက်ရှိအောင် နည်းပေးလမ်းပြ ဆိုဆုံးမလျှက်ရှိနေပေသည်။

**ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်**

**ကမ္မဋ္ဌာန်းကျောင်း**

# ဝိသုဒ္ဓိ ဆရာတော် ဦးပဏ္ဍိတ

**(မြောင်းမြဝါးကျောင်းဆရာတော်)**

## ဝိသုဒ္ဓိဆရာတော်တရားအနှစ်သာရများ

❋ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကားမှာယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေးကအစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းမထားလို့ ဂတ်တာပါ။ စာကို ပယ်တာ မဟုတ်ပါဘူး။ ကိုယ်

တတ်တဲ့ အသိလုပ်ပါတယ်။ သဘောလေး ပြောပြပါမယ်။

❋ စာမတက်တဲ့အတွက် ဝိပဿနာ ခန္ဓာအသိနဲ့ ဟော ပါတယ်။

❋ စာတွေကမှန်ပါတယ်ဗျာ။ ကိုယ့်စိတ်မှန်ဘို့ လိုတယ်။

❋ ဦးပဏ္ဍိတ ဘာမှစာမတတ်ပါဘူး။ အသိထုတ်ပြလို့တော့ မရဘူး။ သဘောလေးနဲ့ သာနာ။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဟောပေးမယ်။

❋ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။

❋ ဦးပဏ္ဍိတဟောသွားတဲ့အသိ မယုံနဲ့ဦး။ လေ့လာပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သုံးသပ်ပါ။လုပ် ကြည့်ပါ။ လုပ်မှသိမယ်။ သိမှပယ်မယ်။ ပယ်မှမဂ် ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ စာကရေးထားပါတယ်။

❋ အသိကို ဟောသွားတာပါ။ တစ်ဦးနဲ့တစ်ဦး အသိမတူဘူး။ လင်မယားတောင် အသိမတူဘူး။ အသိချင်းမတူတော့စေတနာချင်းမတူဘူး။ စေတနာချင်း

မတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်း မတူဘူး။

❋ တရားအသိကို ယူကြ၊ သည်းခံကြ၊ စေတနာ မပျက်ကြနဲ့၊ သမ္မာလေးနဲ့ နေကြ၊ ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလိုနေ။

❋ ညောင်စေ့လောက်လှူရင်လည်း ညောင်ပင်ကြီး လောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင်လည်း ညောင်စေ့လောက်ဖြစ်တယ်။ ပကာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိ စေတနာတွေရှိတယ်။ လှူတတ် သူပေါ် မူတည်တယ်။

❋ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကလူကို သနားပါ။ ဗြဟ္မစိုရ် တရားထားပါ။ သံဝေဂတရားထားပါ။ကိုယ်ကျင့်တရား ထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲနဲ့။

❋ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။

❋ မစွဲနဲ့။ စွဲရင်ကံဖြစ်မယ်။ အစွဲကိုသတ်။ မစွဲတော့ အေးတယ်။

❋ အပေါင်းသင်းကောင်းလို့ တက်တတ်တယ်။ အပေါင်းအသင်း မကောင်းလို့ ပျက်တတ်တယ်။ အပေါင်းအသင်း ကြည့်ပေါင်းရတယ်။

❋ မှော်တွေရှိတဲ့ရေကန်ထဲ ခဲတစ်လုံးပစ်ချလိုက်တော့ ရေကြည်လေးတော့ တွေ့ပါရဲ့၊ တော်ကြာ မှော်က မြန်အုပ်သွားသလိုဘဲ အခု ခင်ဗျားတို့လည်းတရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံခြောက်ပါး မှော်တွေက ပြန်အုပ်သွားတာပါဘဲ။ ခြင်းကြားနဲ့ ရေယူသလို မဖြစ်စေနဲ့။

❋ အားကိုးမမှားကြနဲ့။ ကိုယ့်ကိုယ်ကို အားကိုးကြ။ ဒါန၊ သီလ မကျေနပ်ကြနဲ့။ ဝိပဿနာ အားထုတ်ကြ။

❋ ရခဲတဲ့လူ့ဘဝ ရလာကြပြီ။ ဘုရားသာသနာကြီးနဲ့လည်းကြုံရပြီ။ သူတော်ကောင်းတရားကိုလည်း နာကြားကြရပြီ။ အဲဒီတော့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ်ကြအောင် တရားအားထုတ်ကြ။ အမှောင်ကလာရင် အလင်းပြန်ကြ။မိရိုးဖလာအသိတွေနဲ့ မနေကြနဲ့။

❋ အစွဲဥပဒါန်ကို ဒါနနဲ့ လည်းသတ်လို့မရဘူး။ သီလနဲ့လည်းသတ်လို့မရဘူး။ ဝိပဿနာ မဂ်ဉာဏ်နဲ့မှ

သတ်လို့ရတယ်။ အဲဒီတော့ ဝိပဿနာအားထုတ်ကြ။ ဘယ်နေ့ သေမယ်ဆိုတာ မသိနိုင်ဘူး။ မသေခင် ဉာဏ်ရအောင် အားထုတ်ကြ။

❋ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ၊ မနောကံက စ,လို့လည်တယ်။ မနောကံသတ်ရင် ကာယကံဝစီကံပါလုံ တယ်။

❋ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို သမ္မာလေးနဲ့သုံးသွား။ သမ္မာဆိုတာ ဩော်. . အေး . . အေး၊ ဩော်. . အေး. . အေး သည်းခံထား၊ စေတနာထား၊ ဘယ်သူပျက်ပျက် မင်းစေတနာ မပျက်နဲ့၊ ဘုရားက စေတနာကို ဟောတာ၊ စိတ်ကိုဟောတာ၊ မနောစင်ကြယ်အောင်နေ။

❋ ခင်ဗျား စိတ်ကလေးက မိစ္ဆာအယူကိုပယ်။ သမ္မာအယူကိုယူထားတော့ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ်ပိပြားပြီး အဓိစိတ္တဖြစ် လာလိမ့်မယ်။

❋ ဧကော၊ ဓမ္မော ဘယ်ကလာသလဲ၊ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။

ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလနဲ့ ပရမတ်သီလမှာ ချုပ်တယ်။ ပညတ်သီလဟာ အပြင်သီလ၊ အကာခေါ်တယ်၊ ကာယကံနဲ့ ဝစီကံဖြစ်တယ်။ ပရမတ်သီလဟာ အတွင်းသီလ၊ အနှစ်ခေါ်တယ်။ မနောကံဖြစ်တယ်။

❋ ကိုယ်ပြုလုပ်လိုက်တဲ့ကံကဘာလဲ၊ သူ့အသက်သတ်တယ်။ သူ့ဥစ္စာခိုးတယ်။ မုသားစကားပြောတယ်။ စ,တာတွေက ကာယကံ၊ ဝစီကံတွေဖြစ်တယ်။ ကိုယ်မပြုလုပ်လိုက်တဲ့ကံက ဘာလဲ။ သားလေးတစ်ခုခုဖြစ်တယ်။ အမေက ပူတာပဲ။ စွဲလို့ပူတာ။ မနောကံကြောင့် ဖြစ်တယ်။ ဒီအပူကို ကိုယ်ယူထားတဲ့ ငါးပါးသီလ၊ ရှစ်ပါး သီလနဲ့ ဖြတ်လို့မရဘူး။ ဂုဏ်တော်တွေနဲ့လည်း ဖြတ်လို့ မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာ။

❋ တရားထိုင်နေတဲ့အချိန် ကာယ၊ ဝစီ လုံနေပြီ။ မနောကိုသတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်ပြီး မှတ်ရတယ်။ ထိ-သိ-သတိ။ သတိလေးကပ်ထား။ သိ-သိ-သိလို့မှတ်နေ၊ ဆိုလဲ မနေရဘူး၊ ထိတာကရုပ်၊ သိတာကနာမ်။ ထိတာလဲ မမြဲဘူး။ သိတာလဲ မမြဲဘူး။ အဲဒါ အနတ္တ။

❋ သညာကို ပညာဖြစ်အောင်လုပ်၊ အတ္တကို အနတ္တဖြစ်အောင်လုပ်၊ ကံကိုဉာဏ်ဖြစ်အောင်လုပ်၊ ပညတ်ကို ပရမတ်ဖြစ်အောင်လုပ်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်၊ ကံတရား၊ ဈာန်တရားကို ဉာဏ်တရားဖြစ်အောင်လုပ်၊ သီလ၊ သမာဓိကနေ ပညာ ဖြစ်အောင်လုပ်၊ အနိစ္စ၊ ဒုက္ခကနေ အနတ္တမြင်အောင်ကြည့်။

❋ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်စင်ကြယ်အောင် သမ္မာလေးနဲ့နေ။ စေတနာထား၊ အပြင်သီလမှန်မှ အတွင်းသမ္မာဓိ ငြိမ်ဝပ်ပိပြားလာလိမ့်မယ်။

❋ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့်တတ်ဖို့ လိုတယ်။

❋ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

❋ ကိုယ့်စိတ်ကိုကိုယ်စစ်၊ သူများစိတ်သွားမစစ်နဲ့၊ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို မဂ္ဂင်ရှစ်ပါး နဲ့စစ်ပါ။

❋ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်းမတွေးနဲ့၊ ပစ္စုပ္ပန် တည့်တည့်ကြည့်။

❋ ပယ်တာမှန်ဘို့လိုတယ်။ ကျင့်တာမှန်ဘို့လိုတယ်။ သိတာမှန်ဘို့လိုတယ်။ ပယ်ရမဲ့တရား၊ ကျင့်ရမဲ့တရား သိရမဲ့တရားတွေရှိတယ်။ ပယ်ရမဲ့တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကျင့်ရမဲ့တရားက မဂ္ဂင် (၈)ပါး၊ သိရမဲ့တရားက ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ခေါ်တယ်။

❋ ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တ ရားရှိတယ်၊ မြုပ်တရားရှိတယ်၊ မျောတရားရှိတယ်၊ ပေါ်တရားရှိတယ်၊ ကိုယ့်အပေါ်မူတည်တယ်။

❋ စိတ်၊ စေတသိက်၊ ရုပ်၊ အဲဒီ (၃) ချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

❋ သမုတိသစ္စာကနေ ဝိရတိသစ္စာ၊ ဝိရတိ သစ္စာ ကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာကနေ အရိယာသစ္စာရအောင်လုပ်။

❋ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲဒီ (၃) ခု အဆီညှစ်ထုတ်တော့ ဧကောဓမ္မောဖြစ်တယ်။

❋ ဇာတိ မသိတော့ ဇရာ မရဏကို မကြောက်တော့ဘူး၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေရှိတယ်။ ဒါတွေက မွေးကတည်းက ဖြစ်လာတဲ့ ဇာတိစိတ်တွေပဲ။ ဒါတွေကို သိအောင်လုပ်ရမယ်၊ သိမှ ဇရာမရဏ ကြောက်မယ်။ သဘောပေါက်မယ်။ ဒီအသိရအောင် တရားထိုင်ကြ။

❋ အရိယာသစ္စာဆိုတာ အာရုံနောက် မနောမလိုက်ဘူးပေါ့။ အာရုံပြတ်သွားပြီ။ အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့။ တဏှာသိပြီပေါ့။ သွေးသားလဲပြောင်းတယ်။ စိတ်လည်းပြောင်းတယ်။ သွေးသားဟာဘာသွေးသားလည်း။ ကိလေသာ သွေးသားတွေပေါ့ကွာ။ ဒီအာရုံကိုလည်း ငါသိပြီ။ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့သာ နာကြပေတော့။

❋ အာရုံတွေကို သညာနဲ့ ယူထားတဲ့အတွက် အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါကို ဒိဋ္ဌိလို့ခေါ်တယ်။

❋ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေကြတယ်။

❋　ရုပ်နာမ် မသိတော့ အာရုံမထိန်းနိုင်ဘူး။

❋　အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရဖြစ်သွားတယ်။ စွဲလန်းရင် ဥပဒါန်ဖြစ်တယ်။ ဥပါဒါန်ဖြစ်ရင် ကံဖြစ်တယ်။ ကံကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် သံသရာလည်တယ်။

❋　အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန် လွတ်တာ အာသဝက္ခယဉာဏ်ဘဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။

❋　စေတသိက်သတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ မထိချင်တော့ဘူး။ အာရုံငါးပါးပယ်ပြီ။

❋　အပြင်အာရုံနဲ့ အတွင်းအာရုံ (မနော) ပေါင်းလိုက်တော့ တဏှာဖြစ်သွားတယ်။ ဝတ္ထုကာမနဲ့ ငါ့မှာရှိတာက ကိလေသာကာမ၊ ယှဉ်တွဲသုံးဆောင်မိပါက၊ အများကြိုက်၏၊ ကိုယ်လည်းကြိုက်၏၊ အရိယာ မကြိုက်ဘူး။

❋　အပြင်သီလ(ကာယကံ၊ ဝစီကံ)၊ အာရုံကို ဉာဏ်နဲ့ ချုပ်ထားလိုက်တော့၊ အတွင်းသီလ (မနောကံ) ကဝပ်နေပြီ။ အပြင်သီလ(ကာယကံ၊ ဝစီကံ) လှုပ်စရာ မရှိတော့

ဘူး။ အတွင်းဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။

❋ နေတတ်ဘို့လို တယ်၊ စားတတ်ဘို့လိုတယ်၊ သွားတတ်ဘို့လိုတယ်၊ သေတတ်ဘို့လိုတယ်။

❋ ရုပ်ကအကျိုး၊ ရုပ်အကျိုးတရားမှာ အကြောင်းတရားနာမ်က ခံစားရတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးပေါ်မှာ အကြောင်းဖြစ်တယ်။

❋ သံသရာဘယ်ကစသလဲ၊ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ၊ ခန္ဓာကပြတ်တယ်။ သံသရာပြတ်အောင် မဂ္ဂင် (၈) ပါးနဲ့ သွားကြရမယ်။

❋ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင်ကြိုးစား၊ ကြိုးစား ရင်ရမှာဘဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်က နှစ်တောင်ကျင့်၊ ကိုယ်လုပ်ကိုယ်ရမယ်။

❋ သညာနဲ့မယူနဲ့၊ ပညာနဲ့ယူ၊ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း။

❋ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ။ စိတ်မဆင်းရဲပါ စေနဲ့။

❋ မဂ္ဂင်(၈)ပါးနဲ့သွား၊ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။

❋ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

❋ ရုပ်နာမ် မသိတာက အဝိဇ္ဇာ၊ ရုပ်နာမ် သိတာက ဝိဇ္ဇာ။

❋ အသိတလုံးအမြတ်ဆုံး။ မရှိတာရှာလို့ရတယ်။ မသိတာ အခက်ဆုံးဘဲ။

❋ ရုပ်ကအနတ္တ၊ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။

❋ ဓမ္မအစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။

❋ ခန္ဓာက တကယ်သိလို့ လာဟောတာ။

❋ ပညတ်သီလ၊ ပရမတ်သီလ နှစ်ခုချုပ်မှ ရုပ်နာမ် ချုပ်မယ်။ အဲဒီကျမှ စိတ်ကလေးဟာ စင်ကြယ်ပြီး လွတ်မြောက်သွားပြီ။

❋ ဟိုဘက်ကမ်းကအင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်းပြန်လာရသေးတယ်။

❋ ခန္ဓာကိုယ်ကျင့်ပြီးသိလို့၊ ခန္ဓာသိတရားလာ ဟောတာ။

# စီစဉ်ပူဇော်သူ၏ မိတ်ဆက်

ကျွန်တော်သည် ဝိသုဒ္ဓိ ဆရာတော်ကြီးအား လွန်ခဲ့သော (၁၂)နှစ်ကစတင်ဖူးတွေ့ခဲ့ရပြီး၊ ဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာတရားများကို နာကြားခဲ့ရပြီး နှစ်သက်ကြည်ညိုမိသည်။

မိမိသိရှိထားသော ဆရာတော်ကြီး၏ ခန္ဓာသိ တရားတော်များအား မိမိသိရှိသလို သိရှိကြည်ညိုစေလိုသောစေတနာဖြင့် ဆရာတော်ကြီး၏ ခန္ဓာသိ တရားတော်များကို ကက်ဆက်ခွေမှကူးယူ၍ ဝိသုဒ္ဓိဆရာ

တော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာတရားတော် စာအုပ်အဖြစ် အမှတ်စဉ် (၁)မှ (၅)အထိ (၅)အုပ် ဓမ္မဒါနပြုခဲ့ပြီးဖြစ်ပါသည်။ ၎င်းအပြင် အပတ်စဉ် ထုတ်ဝေသော နေလဂျာနယ်တွင် ၁-၁-၂၀၀၄ ရက်နေ့မှ စတင်၍ ဝိသုဒ္ဓိဆရာတော်ကြီး၏ အောင်သစ္စာ မဟာ ဓာတ်ပေါင်းချုပ် သာသနာ၊ ဆရာတော်ကြီး၏ဘဝဖြစ်စဉ် ကျင့်စဉ်များကို အတိတ်သမိုင်းကြောင်းများနှင့်တကွ၊ ကျယ်ကျယ်ပြန့်ပြန့်၊ စုံစုံလင်လင်၊ ကိုယ်သိသလို သိနိုင် ကြပါစေ၊ ကြည်ညိုနိုင်ကြပါစေဟူသော စေတနာဖြင့် ဓမ္မဒါနပြုခဲ့ပါသည်။

၎င်းစာအုပ်(၅)အုပ်၊ ယခုစာအုပ်နှင့်ပေါင်း (၆) အုပ်နှင့် နေလဂျာနယ်တွင်ပါရှိသော ဆရာတော်ကြီး၏ သာသနာ့အကြောင်း၊ ဓမ္မတရားများကို တလုံး၊ တပါဒ၊ တပုဒ်မျှဖြစ်စေ၊ ကူးယူဖေါ်ပြ ဓမ္မဒါနပြုမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ စေတနာကောင်း ဖြင့် အသိပေးဖော်ပြအပ်ပါသည်။

မသိသူကျော်သွား၊ သိသူဖေါ်စား၊ ဆိုရိုးစကား အတိုင်း သာသနာ(၂၅၀၀)ကျော်တွင် ဝိမုတ္တိယုဂခေတ်

တစ်ပတ်ပြန်လည်လာချိန်တွင် ပေါ်ထွန်းလာသော ဝိသုဒ္ဓိဆရာတော်ဘုရားကြီး၏ ခန္ဓာသိ ဓမ္မသစ္စာတရားတော်ဖြင့် ဝိမုတ္တိလွတ်မြောက်နိုင်သူများ ဖြစ်ကြနိုင်ပါစေဟူသော စေတနာဖြင့် ဝိသုဒ္ဓိဓမ္မစာစဉ်အမှတ်(၆)ဖြင့် ထပ်မံစီစဉ်ပူဇော်လိုက်ရပါသည်။

**စီစဉ်ပူဇော်သူ**
**ဗိုလ်မှူးသန်းမြင့်အောင်**
၁-၁-၂၀၀၅



# စာရေးသူ၏ စေတနာ

ကျွန်တော်သည် ပထမဦးဆုံးအနေဖြင့် ဆရာတော်ကြီး ၃. ၄. ၂၀၀၀ ရက်နေ့ ရွှေတိဂုံဘုရားတောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံတွင် ဟောကြားတော်မူခဲ့သော တရားတော်အား 'သမုတိသစ္စာ မှန်အောင်နေ၊ အရိယာ သစ္စာရောက်အောင်လုပ်' တရားစာအုပ် စီစဉ်ပူဇော်ခဲ့ပါသည်။

ဒုတိယ အနေဖြင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ (၅၊ ၆၊ ၇) ရက်နေ့များတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်ရင်ပြင်တွင် ဟောကြားတော်မူခဲ့သော ခန္ဓာကိုယ်တွေ့ တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

ဝိသုဒ္ဓိ ဆရာတော်ကြီး၏ တရားတော်အား ပထမဆုံးနာကြားခဲ့ရပြီး မိမိနှစ်ခြိုက်သဘောကျ ကြည်ညိုစိတ်ဖြစ်ခဲ့ရသော ၂၇/၂၈ - ၁၀ - ၉၁ ရက်နေ့က မြောင်းမြရွှေသာလျောင်းဘုရားတွင် ဟောကြားတော်မူသော တရားတော်အား တတိယမြောက် တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

၎င်းအပြင် နေလဂျာနယ် အမှတ် (၄၈) မှစတင်ဖော်ပြခဲ့သော **'ဝိသုဒ္ဓိဆရာတော်နှင့် အောင်သစ္စာမဟာ ဓါတ်ပေါင်းချုပ်သာသနာ'** ဆရာတော်ကြီး၏ သာသနာ့ အကြောင်းများကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။

အထက်ပါဖော်ပြခဲ့သော ဝိသုဒ္ဓိ ဆရာတော်ကြီး၏ တရားဓမ္မ၊ သာသနာ အကြောင်းအရာအားလုံးတို့အား သာသနာအကျိုးဆောင်မှန်သမျှ တစ်လုံးတစ်ပါဒ တစ်ပုဒ်မျှဖြစ်စေ ထပ်မံကူးယူဖော်ပြ ဓမ္မဒါနပြုမည်ဆိုပါက မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း စေတနာကောင်းဖြင့် ဖော်ပြလိုက်ရပါသည်။



ဝိသုဒ္ဓိဓမ္မသစ္စာတရားတော် ၁၇ ဖွက် (၄၂)

## ၂၂-၇-၂၀၀၀ ဗိုလ်တထောင်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ကြီးဟောကြားတော်မူခဲ့သော ခန္ဓာကျင့်ခန္ဓာသိ ဓမ္မသစ္စာတရားတော်

ဦးပဇင်းက စာပေကျမ်းဂန်မတတ်ပါ။ တောထွက်ဖြစ်ပါတယ်။ အသက်(၅၄)နှစ်အရွယ်ရောက်မှ ဝိပဿနာတရားများကို နှလုံးသွင်းပါတယ်။ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် နောက်တစ်ခါ အဓိသီလ၊ အဓိစိတ္တ အဓိပညာလို့စာကရေးထားပါတယ်။ သီလလို့ခေါ်သမုတ်လိုက်တယ်။ စိတ်ပိုင်းနဲ့ပြောရရင် ယခုဖြစ်ပေါ်နေတဲ့ အာရုံ(၆)ပါးမှာ ငါဟာသီလပျက်သလား၊ သီလမပျက်ဘူးလား၊ ငါ့သီလဟာ မိစ္ဆာသီလလား၊သမ္မာ သီလလား၊ ကိုယ့်စိတ်ကိုယ်စစ်ရမယ်။

သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရအနတ္တလို့ ဟောကြားတော်မူတယ်။ အဲဒါဘာလဲ

ကံကိုဟောတာ။ အဲဒီကံဟာ ကျင့်ရမယ်၊ ကြံရမယ်၊ အားထုတ်ရမယ်။ ဒီကံရဲ့သဘောကိုသိရမယ်။ သိမှပယ်၊ ပယ်မှလည်း မင်ဆိုက်၊ ဖိုလ်ဆိုက်မယ်။ သိပယ်ဆိုက်ပွား ဒါခန္ဓာကကျင့်တဲ့အသိ၊ သိအပ်တဲ့တရား၊ ကျင့်အပ်တဲ့ တရား၊ ပယ်အပ်တဲ့တရားရှိပါတယ်၊ ပယ်အပ်တဲ့တရား က ကာမာသဝ၊ ဘဝါသဝ၊ ဦးပဥ္စင်းက စာမတတ်တဲ့ အတွက် ပညတ်သွားတတ်တဲ့အခါမှာ မှားယွင်းရင် ဆရာတော်သမားတော်တွေ၊ သံဃာတော်မြတ်တွေ၊ အားလုံးရှိတဲ့ ထေရ်ကြီးဝါကြီးတွေ၊ တပည့်တော်ဟာ စာမတတ်လို့ ပညတ်မှားခေါ်လိုက်လို့ နာမည်နာမလေး တွေမှားသွားတာရှိရင် သည်းခံပါ။ စာမတတ်လို့ပါ။ ပညတ်ရှိပရမတ်ရှိတယ်။ ပညတ်နဲ့ပရမတ်သဘောလေး နဲ့ ပြောသွားပါ့မယ်။ စာကရေးထားတယ်။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတဲ့ ဒါဟာစာနဲ့ရေးထား တယ်၊ အဲဒါကိုသိချင်တယ်။ ဟိုကကာမဝတ္ထုခေါ်တယ်။ ငါ့မှာရှိတာက ကိလေသာကာမ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာပုဂ္ဂိုလ် မကြိုက်ဘူး။ စာရေးထားတယ်။ ကာမဝတ္ထုခေါ်တယ်။

ကိုယ့်မှာရှိတာက ကိလေသာကာမခေါ်တယ်။ အဲဒီကိလေသာမှာ တဏှာရှိတယ်။ အာရုံသတ်ရတော့မှာကို ဒါဖြင့်ကောင်းပြီ။ ဘာတွေပယ်မလဲ။ ဘာတွေလုပ်ရမလဲ။ ဘာတွေကိုကျင့်ရမလဲ။ ဒီဘဝမှာ နောက်ဆုံးဘဝပဲ။ ကိုယ့်စိတ် ကိုယ်စစ်။ ဘုရားဟောတဲ့စာပေကျမ်းဂန်သိပ်မှန်တယ်။ စိတ်မှန်ဖို့လိုတယ်။ ငါစိတ်မှန်ဖို့လိုတယ်။

ဒုက္ခသစ္စာ-ဆင်းရဲခြင်း၏အမှန်တရား၊ သမုဒယသစ္စာ - ဆင်းရဲခြင်း၏အကြောင်းအမှန်တရားပဲတဲ့။ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါးရှိပါတယ်။

ဒါဖြင့် ဒုက္ခသစ္စာမှာ ဆင်းရဲခြင်း၏အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်းအမှန်တရား။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း အကြောင်းသတ်ရမယ်။ ခုနက ကိလေသာနဲ့တဏှာ၊ ဟိုက ကာမဝတ္ထု ငါ့မှာရှိတာက ကိလေသာ၊ စာလိုဆိုရင်တော့ ဒိဋ္ဌိလို့ခေါ်တယ်။ ဒိဋ္ဌိနဲ့တဏှာသတ်ရမှာကို၊ အဲဒါသစ္စာလေးပါးပဲ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ အဲဒါမဂ္ဂသစ္စာပဲ။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏အမှန်တရား။ ဒါဖြင့်ကောင်းပြီ။ ငါသည် ပယ်ရမယ့်

တရား၊ ကျင့်အပ်သည့်တရား၊ သိပြန်တော့လည်း စာက ရေးထားတယ်။ ကမ္မဝဋ်၊ ဘဝဋ်၊ ဝိပါကဝဋ်၊ ဒါငါသိရ မယ်။ ခန္ဓာကသိရမယ်။ စာကရေးထားပြီ။ ငါ့စိတ်ကိုငါ စစ်မယ်။ စာတော့မတတ်ဘူးနော်။

ရဟန်းတော့ရဟန်းပဲ။ ဘာမှသူ့ဟာသူတောထဲမှာ နေပြီးတော့ သူ့ဟာသူတကုပ်ကုပ်လုပ်ပြီးတော့။ စာတတ် တဲ့သူတွေနဲ့ညှိနှိုင်းပြီးတော့ အော် အေး အေး အေး ဒုက္ခ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာ လေးပါး၊ ဒါဖြင့် ဒုက္ခသစ္စာသည် ငါမြင်အောင်ကြည့်မယ် ဆိုပြီးတော့ တရားထိုင်တယ်။ တရားထိုင်ပြီးတော့ အခါ ကျတော့ အာရုံငါးပါးကို ဥပေက္ခာလိုက်ပြီပေါ့ဗျာ။ တောင်ပို့မှာဂယ်ခြောက်ပေါက်ရှိတယ်။ ငါးပေါက်ပိတ် လိုက်ပြီ။ ကျန်တစ်ပေါက်ဖွတ်ကိုဖမ်းမယ်။ မနောကိုဖမ်း မယ်။ ဒီဘဝင်စိတ်ကိုဖမ်းမယ်။ ဒီစိတ်ကိုသူသတ်မယ်။ အာရုံငါးပါးနဲ့ပေါင်းလို့ သူ့စိတ်ဒီလိုဖြစ်နေတယ်။ သင်္ခါရ တွေဖြစ်နေတယ်။ အဲဒီတော့အာရုံငါးပါးပယ်ပြီ။ ဒုက္ခ သစ္စာရဲ့အကြောင်းကို ဟောပြီ။ ဒီဒုက္ခသစ္စာတရားကို သိချင်လို့ဘာလုပ်သလဲ။ အဲဒီတော့ ဘုရားရေးထားတဲ့

မဂ္ဂင်ရှစ်ပါး၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ လုပ်နေပြီ။ ဒီဒုက္ခသစ္စာကိုသိချင်လို့ တရားအားထုတ်တယ်။ အားထုတ်တဲ့အခါကျတော့ ဘာကြောင့်ကံဖြစ်သလဲ။ အပြင်အာရုံငါးပါးနောက် ငါမလိုက်ဘူး။ ငါ့မှာဖြစ်တာ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိဖြစ်ပါသလား။ ဒီဒိဋ္ဌိကိုသိချင်ရင် ဒီအာရုံကိုသတ်မယ်။ အဲသူဟာသူလုပ်နေတာ။ အာရုံငါးပါးကိုပိတ်ပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ရှေ့လည်းမမျှော်ဘူး၊ နောက်လည်းမတွေးဘူး။ ပစ္စုပ္ပန်တည့်တည့်လေး။ သမုတိသစ္စာ၊ ဒါကိုဖော်ထုတ်နေပြီ။ ဖော်ထုတ်တဲ့အခါမှာ ကာယကံ(၃)ပါး၊ ဒုစရိုက်(၁၀)ပါး ဘာကြောင့်ဖြစ်ရသလဲ။ အပြင်အာရုံငါးပါးကြောင့်ဖြစ်နေရတာ။

ဝဋ်ဆိုတာဘာဝအနန္တကပါလာတဲ့ ဟောဒီကံမျိုးစေ့လေးပါလာတယ်နော်။ သံသရာ၊ သံယောဇဉ်လည်းတဲ့မျိုးစေ့လေးပါလာတယ်။ ဘယ်ကပါလာသလဲ။ အတိတ်ကပါလာပါတယ်။ အတိတ်ကပါလာတဲ့ အခါကျတော့မှ ဒီဘဝမှာ ဦးမြမောင်ဖြစ်တယ်။ ဦးမြမောင်ဖြစ်တော့ မသိသေးဘူး။ ထမင်းငတ်၊ ဟင်းတွေငတ်၊ အားလုံးသားမယား

သားသမီးတွေက မပေါင်းတော့ပါဘူးဗျာ။ မပေါင်းတော့ ငါလည်းစာမတတ်ဘူး။ ဆရာတော် သဲအင်းရဲ့ အမြဲလင်း၊ ဇွဲတင်းပြီးတော့ ဝိပဿနာတရားလုပ်တယ်။ ဓားပြတောင် ဖြစ်သေးတာပဲ။ ငါလည်းလူမိုက် ဖြစ်မှာပဲဆိုပြီးတော့ သဒ္ဓါကိုယုံကြည်တယ်။ သဒ္ဓါဆိုတာယုံကြည်တယ်။

ယုံကြည်တဲ့အခါမှာ ဝီရိယထူထောင်တယ်။ ဝီရိယ အားကောင်းတော့ သီလဖြစ်လာတယ်။ သီလဆိုတာ အာရုံကိုသတ်ထားပြီ။ အတွင်းအာရုံနဲ့အပြင်အာရုံ၊ အပြင် အာရုံနဲ့အတွင်းအာရုံပေါင်းလို့ ဒိဋ္ဌိတွေဖြစ်နေတာ။ ဒိဋ္ဌိက နေဘာပွားလာသလဲ။ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ၊ သင်္ခါရဆိုတာကြည့်စမ်း။ အတ္တသမားအတွက် သင်္ခါရနဲ့ ပျော်မြူးနေတာပဲ။ အာရုံကိုသိမ်းပိုက်လိုက်ပြီ။ ပယ်လိုက် ပြီ။ အတွင်းအာရုံကိုသတ်မယ်။ အဲဒီတော့ အယူမှားအုံး မလား။ အမှတ်မှားအုံးမလား။ အစွဲမှားအုံးမလား။ ယူထားတာက အာရုံနဲ့သညာနဲ့ယူထားတယ်။ အမှတ်က ဟောဒါငါ့သမီးပဲ။ ဟောဒါငါ့သားပဲ။ ဟောဒါကဘယ်သူ ပဲ ဘယ်ဝါပဲ။ မြင်လိုက်တော့မှတ်တယ်။ ဒါပဲအဲဒါသညာ ခေါ်တယ်။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ သူဟာ

အမှတ်တွေ လည်းလျော့ပါးသွားတယ်။ အာရုံတွေလည်း လျော့ပါးသွားတယ်။

တရားထိုင်တဲ့အခါ ဒုစရိုက်မိစ္ဆာအယူတွေလည်း သူ့မှာ ပယ်ပစ်လိုက်ပြီ။ ဘာကိုနှလုံးသွင်းသလဲဆိုတော့ ထိတာကရုပ်၊ သိတာကနာမ်၊ အဲဒီတော့ တရားအားထုတ်နေတဲ့အခါကာလမှာ ဗျာပါဒအာရုံ၊ အဘိဇ္ဈာအာရုံ၊ ကုက္ကုစအာရုံ၊ ဝန်တိုမိစ္ဆာအာရုံ၊ လောဘအာရုံ၊ ဒေါသအာရုံ ဒီအာရုံတွေကမနေရာမှာမရှိဘူး။ အာရုံငါးပါးနဲ့ မပေါင်းဘူး။ တွေးတောတဲ့စိတ် စေတသိတ်ခေါင်းပါးလာတယ်။ မြင်စိတ်လည်းခေါင်းပါးလာတယ်။ မြင်ချင်လား မမြင်ချင်ဘူး။ ငါးပါးသတ်ထားတာကိုးဗျ။ အဲဒီလိုလပေါင်းရက်ပေါင်း၊ ရက်ပေါင်းလပေါင်း များလာတဲ့အခါကျတော့ သမာဓိကောင်းလာတယ်။ ဘယ်သီလတွေလည်း။ အပြင်သီလတွေစင်ကြယ်လာတယ်။ အပြင်သီလတွေစင်ကြယ်လာတော့ အပြင်ကိုမလိုက်တော့ဘူး။ သြော် အေး အေး အေးနဲ့ အေးအေးပဲဖြစ်ကုန်တယ်။ တောထဲမှာ အော်အခုတော့ငါတော့သိလာပြီ။ အဲကျင့်မှုပဲဆိုပြီးတော့ လုပ်တာပဲ။ အဲဒီတော့မှ ဝေဒနာတွေပေါ်လာ

တယ်။ ဒီအဓိသီလနဲ့အဓိစိတ္တ ဒီနှစ်ခုအားကောင်းတဲ့အခါ မှာ သမာဓိကောင်းလာတယ်။ သမာဓိဆိုတာဘာလဲ။ လောကီရဲ့အနုသယဘဝင်စိတ်တွေ၊ ကုက္ကုစတွေပြန့်နှံ့နေတဲ့စိတ်တွေကို မလာဘူးဗျို့။ တွေးစိတ်တွေပေါ့ဗျာ။ အဲဒီတော့ လောကီရဲ့အနုသယစိတ်တွေ၊ သားအကြောင်း သမီးအကြောင်း၊ စီးပွားရေးအကြောင်း၊ ဘာအကြောင်း ညာအကြောင်းမှမပေါ်တော့ဘူး။ ဒီလိုတည်ကြည်နေတဲ့ စိတ်ကို အဓိစိတ္တလို့ခေါ်တယ်။

အဓိစိတ္တနဲ့ ဝေဒနာကိုလှည့်ရှုတယ်။ အဓိစိတ္တနဲ့ ရုပ်ရဲ့သဘောဘာဖောက်ပြန်သလဲ။ နာမ်ရဲ့သဘော ဘာခံစားသလဲ။ အဲဒါရုပ်နာမ်ပေါ့။ ဒီရုပ်နာမ်ကအချိန် တန်ရင် ကိုယ့်နှိပ်စက်တာပဲဗျို့။ ရုပ်၏လက္ခဏာ၊ ရုပ် အကျိုးကြောင့် နာမ်အကြောင်းဖြစ်နေပါလား။ အော် သူ့သဘောသူ့သဘာဝဖြစ်နေပါလား။ ဒါဉာဏ်ကိုတက် မယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စကျွံဥဒပါဒိ၊ ဉာဏံဥဒ ပါဒိ၊ အာလောကောဥဒပါဒိ၊ အာရုံသတ်တဲ့ဝိပဿနာ ဉာဏ်ခေါ်တယ်။ အပြင်အာရုံလည်းသတ်ပြီ၊ အတွင်း အာရုံလည်းသတ်ပြီ။ အဲဒါသစ္စာလေးပါးခေါ်တယ်။ အဲဒီ

အာရုံတွေက လောကီအာရုံအတွက်။ အစွဲမှန်သမျှလောကီရဲ့ အနုသယမှန်သမျှ တစ်ခုမှမလာရဘူး။ အဲဒါခင်ဗျား တို့ကို သစ္စာလေးနဲ့ပြောလိုက်မယ်။ အဲတရားထိုင်တဲ့အခါ ကျတော့ ဘာအာရုံလာသလဲ။ အဲဒါတော့ ငါမပြောဘူး ကွာ။ ရုပ်ရဲ့လှုပ်ရှားမှု၊ နာမ်ရဲ့အာရုံငါးပါးပေါ်တဲ့အသိ။ ဒီနှစ်ခုဘာမှမရှိတော့ဘူး။ အလယ်မှာပဲနေတော့တယ်။ အဲဒါငြိမ်းချမ်းခြင်းခေတ် ခေါ်တယ်" ဒုက္ခသစ္စာဆိုတာ ဟောဒီအတိတ်ကရလာတဲ့ ကံနဲ့ရလာတဲ့ ကမ္မဝဋ်ခေါ် တယ်။ ဟောဒီဘဝမှာ ကမ္မဝဋ်ကို အနာဂတ်မပါအောင် သူကကျင့်ကြံအားထုတ်နေတယ်။

တရားဟာကိုယ်မှာရှိတယ်။ အပြင်အာရုံနဲ့ သတ်ပစ်တယ်။ သေတယ်ပေါ့ဗျာ။ စာမှမတတ်တာဗျာ။ ဘာနဲ့သတ်မလဲဆိုတော့ ဉာဏ်နဲ့သတ်တယ်ပေါ့ဗျာ။ အဲဒီ အာရုံနှစ်ခုကိုဉာဏ်နဲ့သတ်တယ်ကွာ။ ဉာဏ်ဘယ်ကလာ သလဲ။ မဂ္ဂင်ကလာတယ်ကွာ။ လမ်းဆုံးတော့ ရွာတွေ့ တယ်ကွာ။ အဲဒီရွာငါပဲသိတယ်ကွာ။ အဲဒါကြောင့်မို့လို့ အော် အေး အေး အေး ဒီရုပ်နာမ်ရဲ့အကြောင်း၊ သင်္ခါရ ရဲ့အကြောင်း သင်္ခါရဆိုတာ စိတ်လေးတွေပြောင်းသွား

တယ်။ အဲဒီစိတ်လေးတွေကို တစ်ခါကျင့်လိုက်အခါ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်လာမယ်။ အဲဒီစိတ်ကို ဓာတ်ဘက်သူပြောင်းလိမ့်မယ်။ ဓာတ်ဘက်ကိုကူးတော့မယ်။ ဓာတ်ဘက်ကိုကူးတော့အေးတာပေါ့ဗျာ။ အဲဒါ ဓာတ်ရှိတယ်။ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်ဟာ ဘုရားကျင့်တာ သူ့ရဲ့ရုပ်တရားကြီးရဲ့ ဝေဒနာတွေဟာ တငြေးငြေးသူ့မှာခေါင်းပါးသွားတယ်။ ရပ်တယ်လို့မပြောတော့ပါဘူး။ အာရုံလည်းပေါက်သွားပြီ။ ရုပ်ရဲ့ဖောက်ပြန်မှုဝေဒနာလည်း သူသိသွားပြီ။ အော် အေး အေး အေး အဲဒီတော့မှ ဒီအစွန်းနှစ်ဖက်လွတ်သွားမှ သူလိုချင်တဲ့ခရီးသွားတာ။ အဲဒါ အေးငြိမ်းခြင်းဓာတ်၊ စိတ်ကနေဓာတ်ကို ပြန်ရှုတဲ့အခါ ဓာတ်တွေအေးငြိမ်းတော့မှ သဘောပေါက်လာမယ်။ သြော် အေး အေး အေး သစ်ပင်အဖျားက အောက်ခြေကို အကုန်သိတယ်ကွ။ ဒါပေမယ့် ငါ့အလုပ်မဟုတ်ဘူးတဲ့။ မေးရင်ပြောပြတယ်။ လာခဲ့တဲ့။ မေးပါ ဘယ်ဆရာတော်ပဲဖြစ်ဖြစ် မေးပါ၊ စစ်ပါ၊ လာစစ်ပါတဲ့။ စာနဲ့တိုက်ပါ။ အရှင်ဘုရားက စာတတ်တယ်။ ဒီကခန္ဓာသိ၊ အတွင်းအာရုံနဲ့ အပြင်အာရုံတွေကို

သညာကမှတ်လိုက်ပြီးတော့ သင်္ခါရတွေဖြစ်တယ်။ အနုသယဟောတာ၊ သံသရာလည်မဲ့တရားကိုဟောတာ၊ အဲဒီသံသရာလည်မဲ့တရား ဘယ်ကစသလဲ။ ခန္ဓာကစတယ်။ သီလဘယ်မှာချုပ်သလဲ။ ခန္ဓာမှာချုပ်တယ်။ အဲဒီသီလကို ဘယ်လိုချုပ်သလဲ။ အာရုံနဲ့ဝေဒနာနှစ်ခု ဥပေက္ခာပြီကွာ။ မစွဲတော့ဘူး။ မြန်မာလိုပြန်ရင် အာရုံလည်းငါမစွဲတော့ဘူးကွာ။ ရုပ်ရဲ့ဖြစ်ပေါ်နေတဲ့ဝေဒနာကိုလည်း မစွဲတော့ဘူးကွာ။ တရားထိုင်တဲ့အခါကိုပြောတာ။ အဲဒီနှစ်ခုငါသဘောပေါက်သွားပြီ။ အပြင်အာရုံလည်းချုပ်၊ အတွင်းအာရုံလည်းချုပ်ရင် သီလပေါ့ဗျာ။ နိဗ္ဗာန်သည်ခန္ဓာမှစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။

လူတွေမှာ ကိလေသာနဲ့တဏှာရှိတယ်။ ဒိဋ္ဌိသတ်မှ တဏှာကိုသိမယ်။ တဏှာသိမှ ကံပြတ်မယ်။ ကမ္မဝဋ်ပြတ်လိမ့်မယ်။ ကမ္မဝဋ်ပြတ်ရင် ဟောဒီဘဝအေးပြီ။ ဗိုက်ထဲရေခဲတုံးထည့်ထားသလိုပဲ။ ကိလေသာ၊ တဏှာဆိုတဲ့အကြောင်းလေးဟာ သဘောလေးပေါ့။ တွေးကြည့်ပေါ့ဗျာ။ ကြောင်ကလေးတွေ ဘာနဲ့ရသလဲ။ ခွေးကလေးတွေဘာနဲ့ရသလဲ။ အဲဒါတွေးသာကြည့်ပေတော့ဗျာ။ အဲဒီနှစ်

ခုက မြူးတူးပျော်ပါးလို့ ပဋိသန္ဓေတည်ကာ။ ဘာတွေနဲ့ တည်သလဲဆိုတာ တွေးကြည့်ပေါ့ဗျာ။ ကိလေသာနဲ့ တဏှာအရင်းခံတယ်။ တဏှာနဲ့ကိလေသာက ဇာတိဖြစ်လာပြီ။ ခင်ဗျားတို့ဇာတိမပြတ်နိုင်တော့ဘူး။ ဇာတိဆိုတာ ပါဠိလိုရေးတာ။ အဲဒါမိရိုးဖလာဖြစ်ကုန်တာပေါ့။ အဲဒီလို သဘောမျိုးတွေရှိပါတယ်။ ဒါကြောင့် ဇာတိတို့၊ ဇရာတို့၊ မရဏတို့ဖြစ်လာတာ။ ဟုတ်ပါတယ်။ ဟုတ်တယ်ကွာ။ ဒါပဲပြောတတ်တယ်၊ ဒုက္ခသစ္စာနဲ့သမုဒယသစ္စာ အကျိုးတရားကိုသတ်တာနဲ့ အကြောင်းတရားကပြတ်တယ်။ အာရုံတွေပြတ်တယ်။ အတွင်းမှာထိတယ်၊ သိတယ်၊ အနတ္တသဘာဝကို ရှုတာ။ အတ္တကိုပယ်ထား။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါအောက်ခြေက တက်တာ။ သစ္စာလေးပါးကိုသိချင်လို့ သူ့ကိုကျင့်ယူရတယ်။ အောက်ခြေကနေရတယ်။ အဲဒီတော့အောက်ခြေကနေ တက်ပြီးတော့ ဘယ်ကိုသွားသလဲ၊ ဘယ်မှမသွားဘူး။ မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား၊ မကြားချင်ဘူး။ သိချင်လား၊ မသိချင်ဘူး။ အာရုံပယ်တဲ့သီလ၊ ဒါကြောင့်အာသဝက္ခယဉာဏ်လို့ခေါ်တယ်။ အရိယာများ

ဟာ အာရုံကိုပယ်တယ်။ ပုထုဇဉ်က အာရုံငါးပါးကို မနောက သညာနဲ့မှတ်။ ပြီးတော့ သာယာတယ်။ ဒါကံတွေ ဖြစ်နေရော။ သင်္ခါရတွေဖြစ်နေတယ်။ သညာမှမပယ်နိုင် တာ။

ဒီကပညာ၊ သူကသညာ၊ ဟိုကအတ္တ၊ ဒီကအနတ္တ၊ ဟိုကပညတ်၊ ဒီကပရမတ်၊ တစ်ခါတည်းဖြစ်နေပြီ။ ဒီရုပ်ကြီးက အိုမယ်၊ နာမယ်၊ သေမယ်၊ အာရုံကိုပြောသွားတာ။ အတွင်းအာရုံနဲ့ အပြင်အာရုံရှိတယ်။ အာရုံမှာသညာနဲ့ မှတ်တာပေါ့ဗျာ။ အရာဝတ္ထုနှစ်ခုချပေးရင် မြင်လိုက်တာ ပေါ့။ ဒီအရာဝတ္ထုကိုမမှတ်ဘူးလား။ မှတ်ပါတယ်။ ဒီအမှတ်နဲ့ သညာနဲ့သွားပေါင်းလိုက်တာ။ သဗ္ဗေ အလုံး စုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ၊ ခင်ဗျားတို့တွေးကြည့်။ သဗ္ဗေ အလုံးစုံသောဆိုတာ အကုန် ပါနေပြီ။ ဒီအယူဝါဒတွေကို ယူထားတယ်။ အယူမှားနေ တယ်။ အမှတ်မှားနေတယ်။ အစွဲတွေမှားနေတယ်။ လောဘဖြစ်တာလည်း အာရုံကြောင့်ဖြစ်တာပဲ။ ဒေါသ ဖြစ်တာလည်း အာရုံကြောင့်ဖြစ်တာပဲ။ မောဟဖြစ်တာ လည်း အာရုံကြောင့်ဖြစ်တာပဲ။ ဒီအာရုံတွေကြောင့်

အိပ်နေလည်း တဏှာကကပ်နေတာ။ မိန်းမကို မျက်နှာ သုတ်ပုဝါယူပေး၊ လက်ဆေးရေယူပေး၊ သူကအိပ်ရာထဲက ခြင်ထောင်ထဲမှာ။ မိန်းမကိုခိုင်းတယ်။ ဒါတဏှာပေါ့ဗျ။ ဇိမ်လုပ်တာတဏှာပေါ့ဗျ။ ဒီတဏှာရှိရင်သွားမှာပဲ။ တဏှာကိုပဟာသွားတာ။ တဏှာကြောင့်ကံဖြစ်တယ်။ သုံးဆယ့်တစ်ဘုံမလွတ်ဘူး။ ခင်ဗျားကိုအပါယ်ကျတယ် မပြောဘူး။ အပါယ်ကျတယ်ဆိုတာတစ်မျိုး၊ မိစ္ဆာဒိဋ္ဌိနဲ့ အယူမှား၊ အမှတ်မှား၊ ငါ့ဟာ၊ ငါ့ပစ္စည်း၊ ငါ့ဟာငါလုပ် တယ်။ ငါ့လျှော့ငါထိုး၊ ငါဘာလုပ်လုပ်ဆိုပြီးတော့ လုပ်တာ။ ပိုက်ဆံရှိတာကိုးဗျ။ သူလုပ်ချင်တာလုပ်မှာပေါ့၊ ကြက်သတ်ချင်ရင်သတ်၊ ဆိတ်သတ်ချင်ရင်သတ်၊ သူ့ပိုက် ဆံနဲ့သူလုပ်တာ။ သတ်တာ ဒီကမသတ်ဘူး။ ဘာမှလည်း မသတ်ဘူး။ ကောင်းရောင်းကောင်းဝယ်ပဲလုပ်တယ်။ ဒါပေမယ့် သူ့မှာဗျာပါဒမပယ်နိုင်ဘူး။ ကုက္ကုစစိတ်မပယ် နိုင်ဘူး။ ဒေါသစိတ်မပယ်နိုင်ဘူး။ အာရုံကြောင့်မနော ဖြစ်နေတာ။ ပြောတော့မပြောဘူး။ ဖျဉ်းကနဲဖြစ်သွားပြီ။ ဒီမနောမလုံရင် ခင်ဗျားတွေးကြည့်ပေါ့။ လည်မှာပဲ၊ သံသ ရာနော်၊ အပြင်မှာသမ္မာထား၊ အတွင်းမှာကြည့်။ အဲဒါ

အပြင်အာရုံယူတဲ့အတွက်ကြောင့် (၃၁)ဘုံမလွတ်ဘူးလို့ သဘောလေးနဲ့ပြောတာပါ။

အဲဒီအတွင်းအာရုံလည်းသဘောပေါက်သွားပြီ။ အပြင်အာရုံလည်း သဘောပေါက်သွားပြီ။ အဲဒါအလယ်က သွားတာ။ အဲဒါသီလပဲဗျို့၊ ချုပ်ပြီ။ အာရုံချုပ်သွားတာ။ အတွင်းအာရုံလည်းချုပ်တယ်။ အပြင်အာရုံလည်း ချုပ်တယ်။ သဘောလေးပဲ စိတ်ကိုစစ်တယ်။ ကာမာသဝ၊ ဘာဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကာမာသဝဆိုတာ ကာမဝတ္ထုကိုခေါ်တယ်။ ငါ့မှာရှိတာ ကိလေသာ။ အဲဒါကိုသွားစွဲရင် ဟောဒီဘဝမလွတ်တော့ဘူး။ ဘဝါသဝကို မသိတော့ဘူး။ တဏှာနဲ့သူပျော်ပါးနေပြီ။ ဘဝါသဝ ဘာကြောင့်မလွတ်သလဲ။ ဒိဋ္ဌာသဝ၊ ဒိဋ္ဌိကိုမပယ်နိုင်ဘူး။ ဒိဋ္ဌိကိုဘာကြောင့် မပယ်နိုင်သလဲ။ အာရုံကြောင့်သူ မပယ်ဘူး။ ရုပ်နာမ်ကိုသိတာ ဝိဇ္ဇာဉာဏ်ပဲ။ ရုပ်နာမ်ကို မသိတာ အဝိဇ္ဇာပဲ။ သဘောလေးပဲ။ အာရုံ(၆)ပါးရှိတယ်။ ဒိဋ္ဌိလည်းရှိတယ်။ ဘဝလည်းရှိတယ်။ ကမ္မလည်းရှိတယ်။ အဲဒါ မင်းစိတ်မင်းစစ်ပေတော့။ တရားထိုင်ပြီးစစ်/ အဲဒီတော့ ကာမဝတ္ထုငါ့မှာရှိတာက ကိလေသာကာမ၊ ဒီအာရုံ

ပေါ်မှာ စက္ခုအာရုံပေါ်မှာ၊ နားသောတအာရုံပေါ်မှာ ငါသာယာသလား။ ဒါတွေကသစ္စာတွေပဲ။ ဒါအရိယာ သစ္စာတွေ။ အာရုံကိုပြောနေတဲ့စကားတွေ။ အဲဒီ တော့ ငါသာယာတယ်။ မနောက သူများဖွင့်မပြောနဲ့။ ကိုယ့်စိတ် ကိုယ်စစ်။ အဲဒီတော့သာယာရင် အလုပ်လုပ်။ ကိုယ့်စိတ် ကိုယ်စစ်။ မဂ္ဂင်ရှစ်ပါးနဲ့သွား။

ဦးပဏ္ဍိတက စာတတ်တဲ့ရဟန်း မဟုတ်ဘူး။ နှစ်တန်းပဲတတ်တယ်။ တောထွက်ကြီး။ ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို၊ ကိုယ့်အစ်မကြီးလို သဘောထားလို့လာပြီးတော့ ဝိမုတ္တိယုဂခေတ်သာသနာ ၂၅၀၀ မှာ လာပြီးတော့ ပြောဟောပေးတာ။ ပြောမှား ဆိုမှားရှိရင်လည်း သည်းခံပါ။ ကံတရားကိုပြောတာပါ။ ကံတရားရှိတယ်။ ဉာဏ်တရားရှိတယ်။ ဈာန်တရားရှိ တယ်။ အဲဒါပျဉ်ကိုတစ်ချက်တည်းနဲ့ သုံးပြားပေါက် အောင် ဖောက်ပစ်လိုက်တာ။ ဒီဘဝခင်ဗျားသူဌေး၊ ဟုတ်တာပေါ့၊ သိပ်ချမ်းသာတာပေါ့။ ဒါပေမယ့် တဏှာ ပယ်နိုင်ပြီလား။ မပယ်နိုင်ပါဘူး။ မပယ်နိုင်ရင် ပယ်နိုင် တဲ့ဟာရှိတယ်ကွ။ သွားပေတော့တဲ့။ အိပ်ချင်ရင်မအိပ်

ချင်တဲ့နေရာရှိတယ်ကွ။ ရောက်အောင်သွား အချိန်မဖြုန်းနဲ့ကွာ။ မရဏာသေမင်းကကုန်ရင် ခေါ်မှာ။ ဒီရုပ်ကအိုရမယ်။ နာရမယ်။ သေရမယ်။ မင်းရဲ့လူ့ဘုံမှာ မဇ္ဈရိယစိတ်၊ ကုက္ကုစ္စစိတ်၊ မနာလိုဝန်တိုစိတ်၊ မိစ္ဆာစိတ်၊ လောဘစိတ်၊ ဒေါသစိတ်။ မင်းစိတ်ကမကြည်လင်ရင်၊ မတောက်ပရင် မင်းသွားရတော့မယ်။ မင်းစိတ်မင်းစစ်။ စိတ်မှာစေတနာလေးဖြစ်ရင် မြင်တာလည်းစေတနာ၊ ကြားတာလည်းစေတနာ၊ နံတာလည်းစေတနာ၊ စားတာလည်းစေတနာ၊ ထိတာလည်းစေတနာ၊ မင်းအနာခံပြီကွာ။ မင်းခန္ဓာကသိတာကိုးကွ။

သွေးသားပြောင်းတယ်၊ စိတ်ပြောင်းတယ်၊ ဘာသွေးသားတွေပြောင်းသလဲ။ ကိလေသာနဲ့တဏှာသွေးသားပြောင်းသွားပြီကွာ။ ဓမ္မသွေးသားတွေဝင်လာပြီကွာ။ ဘယ်လောက်ထူးသလဲ။ ဒီတရားတွေအင်မတန်ထူးတာ။ ပိုက်ဆံလည်းမပေးရဘူး။ ဘာမှလည်း မလုပ်ရ၊ အခုခင်ဗျားတို့လှူကြတယ်။ သင်္ကန်းတွေလှူ၊ ကျောင်းတွေလှူ၊ (၁၀)သိန်း၊ သိန်း(၁၀၀)လှူတယ်။ ဟုတ်တယ်။ ကောင်းတယ်။ အဲဒါဘာလဲကွ။ အဲဒါကကွ။ ရေတွင်းပေါင်း

ရှစ်သောင်းလေးထောင်လှူတယ်။ အဲဒီလိုလှူတာတောင် ဒီအစွဲဥပါဒါန်ကြောင့် စပါးကြီးမြွေကြီးသွားဖြစ်တယ်။ စွဲမိလို့ဒီလိုဖြစ်တယ်။ ဒီအစွဲသတ်။ ပေါ့ဆဆမလုပ်နဲ့။ မကောင်းတာလည်းဖြစ်တယ်။ ကောင်းတာလည်းဖြစ်တယ်။ မကောင်းတာလည်း သာယာတယ်။ ကောင်းတာလည်း သာယာတယ်။ သာယာရင် တဏှာပဲ။ တဏှာကြောင့်ကံဖြစ်ရင် ဥပါဒါန်ဖြစ်လိမ့်မယ်။ အဲဒါလေးကို ကျင့်ကြပါ၊ ကြံကြပါ။

အခုလှူနေတာ မှန်တယ်။ ခင်ဗျားမကန့်ကွက်ဘူး။ မှန်တယ်။ လှူတာမှန်တယ်။ ဒါပေမယ့် အဲဒီလှူတာနဲ့ ကောင်းတာရှိသေးတယ်။ ဝိပဿနာလုပ်၊ သမ္မာဝါစာ ထည့်ထားတယ်။ ဟိုက သမ္မာနော်။ အပြင်ကိုမြင်တာ သမ္မာ။ နားကြားတာသမ္မာ။ မိစ္ဆာမဟုတ်ဘူး။ အဲဒါသမ္မာခေါ်တယ်။ ဒီကဝါစာပါနေတယ်။ သမ္မာဝါစာဆိုတာ အလုပ်လုပ်တဲ့ကံလို့ခေါ်တယ်။ အဲဒီကံကအမြတ်ဆုံးပဲ။ နိဗ္ဗာန်သွားမည့်ကံပဲ။ မဂ္ဂင်ရှစ်ပါးနဲ့အတူ အားတဲ့အခါ တရားလေးထိုင်နေတာ။ သူတစ်ခါတည်းဒုက္ခသစ္စာကိုချနေတာ။ ဒီဒုက္ခသစ္စာထဲမှာ တဏှာပါနေတယ်။ အဲဒီ

တဏှာကို မြင်အောင်ကြည့်။ တဏှာဆိုတာ မြန်မာလို ပြန်ရင် နင်းကန်ရှုတော့ သိစိတ်ကလေးက အဲဒီမှာ တဏှာပါနေတော့။ တော်ပါပြီကွာ။ ပင်ပန်းတယ်။ ခါးတောင့်တယ်။ တင်ပါးတွေလည်းနာတယ် ဆိုပြီးတော့ စိတ်မှာတဏှာပါနေတယ်။ အဲဒီစိတ်က ကိုင်တွယ်လို့မရဘူး။ စိတ်ဆိုတာခေါ်သမုတ်လိုက်တာပဲ။ ဒါပေမယ့် သုံးတဲ့ ကြိယာဖြစ်တဲ့အတွက်ကြောင့် စိတ်လို့သတ်မှတ်ပေးလိုက်တာ။ ဟုတ်တယ် ပညတ်လို့ခေါ်သမုတ်ပေးလိုက်တာ။ ပရမတ်လို့လည်း သတ်မှတ်ပေးလိုက်တယ်။ ပညာကိုလည်း သတ်မှတ်ပေးလိုက်တယ်။ စာနဲ့စိတ်နဲ့တိုက်ပေးရမယ်။ စာကတော့မှန်နေတယ်။ ကိုယ်စိတ်မမှန်ဘူး။ ဒါကြောင့်မလို့ စိတ္တ၊ တဏှာနာမ်၊ ခယမဇ္ဇိက စိတ်သာရှင်စောဘုရားဟော၊ အဲဒီစိတ်ထဲမှာ တဏှာပါနေတယ်။ အဲဒီ တဏှာကို ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ။ ဉာဏဥဒပါဒိ၊ အာလောကောဥဒပါဒိ။ ဒါကစာရေးတာ။ သိပ်မှန်တယ်။ ဦးပဏ္ဍိတရတယ်မပြောဘူး။ စာရှိရင်ဒီအသိရှိမှာပဲ။ လုပ်တဲ့လူက သိမှာပဲ။ မလုပ်တဲ့သူက နာတာပဲရှိတယ်။ ကိုယ့်နားကကြားတာပဲရှိတယ်။ အသိကိုမခံစား

ရဘူး။ အသိမခံစားရတဲ့ လူနဲ့အသိခံစားရတဲ့လူနဲ့ အဲဒါ ကွာနေတယ်။

ဒါကြောင့် ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ့်ထက်ငယ်သူကို သနားပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထား ပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ်မာန်တွေ၊ ရာဇ မာန်တွေ၊ ဒါတွေကိုမစွဲပါနဲ့၊ ကိုယ့်ထက်ငယ်တဲ့သူကို လည်း စေတနာထားပါ။ စားပါဗျာ။ သောက်ပါဗျာ။ အဘိုးကြီးကိုလည်း လာပါဗျာ။ သူကကုသိုလ်ယူတာကိုးဗျ။ စေတနာနဲ့ သဒ္ဓါနှင့်ယူတားထာကိုးဗျ။ အဲဒီအပြင်သဒ္ဓါ တွေ မှန်ကန်တဲ့အတွက်ကြောင့် ဝိပဿနာမှာ ဝိရတိ သစ္စာဖြစ်လာပြီ။ သမုတိသစ္စာကနေ ဝိရတိသစ္စာဖြစ်လာ ပြီ။ အပြင်မှာလည်း စင်ကြယ်ပြီ။ အတွင်းမှာလည်း စင်ကြယ်လာပြီ။ ခန္ဓာနဲ့လည်းကိုက်တယ်။ ခန္ဓာမှာလည်း စင်ကြယ်လာပြီ။ လာပါအမေ၊ စားပါအမေ၊ ကျွန်တော့မှာ ပိုက်ဆံမရှိပေမယ့် သူကစေတနာတွေလုပ်ပြီ၊ အပြင်မှာ စေတနာထားတယ်။ အယုတ်အလတ်၊ အမြတ်မရွေး စေတနာထားရင် အတွင်းမှာဉာဏ်ဝင်လိမ့်မယ်။ အပြင်

မှာ စေတနာမထားရင် အတွင်းမှာလည်း ကံဖြစ်သွား လိမ့်မယ်။ ကံကိုဟောတာ၊ ကံဆိုတာသံသရာကို ချဲ့ထွင် တာ။

ကံဆိုတာကခေါ်သမုတ်တာ။ စာကရေးထား တယ်။ ကံကြောင့်တဏှာ၊ တဏှာကြောင့်ဥပါဒါန်၊ ဥပါဒါန် ကြောင့် ကံ၊ ဟောရေးထားပြီ။ တဏှာဟာဘယ်လို သဘောလဲဆိုတာ ပြောရရင် အခုခင်ဗျားရဲ့ကား သိန်း(၈၀) လောက်ပေးရတယ်။ အင်မတန်မှကောင်းတဲ့ ပစ္စည်းနိုင်ငံခြားမှာ ယူလာတဲ့ပစ္စည်းကို သူများက ရိုက် လိုက်တယ်။ သူ့ကားပျက်စီးသွားရင် သူ့စိတ်မှာမကောင်း ဘူးဗျို့။ တွေးကြည့်ပေါ့။ မနေ့ထိသွားတာကို၊ အာရုံ ကြောင့်သူ့မှာထိခိုက်သွားပြီ။ ဟိုသူများက ရိုက်ချိုး လိုက်ရင် သူ့မှာဒေါသဖြစ်အုံးမယ်။ အာရုံကြောင့်ဥပါဒါန် ဖြစ်သွားရော။ အဲဒီကံကိုပြောတာ။ အဲဒီတဏှာကိုပြော တာ၊ ဒါကြောင့် အဲဒီတရားကို ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ ဒီဘဝပြန်ကြမှာပဲ။ ခင်ဗျားတို့လည်း ပြန်မှာပဲ။ ဦးပဍ္ဍင်းလည်းပြန်မှာပဲ။ ကံကုန်ရင်သွားရမှာ ပဲ။ အဲဒီတော့ ဒီ(၃၁)ဘုံမှာ စာကရေးထားတယ်။ ဖြဟ္မာ့

ဘုံဘယ်လောက်၊ နတ်ဘုံဘယ်လောက်၊ အပါယ်ဘုံဘယ်လောက်။ ရုပ်ပြစ်ရှစ်ပါးဘယ်လောက်။ ဒါတွေကရှိတယ်။ မှန်တယ်။ ဟိုကစာနဲ့ရေးထားတာ။ ဒီကအာရုံနဲ့လိုက်ကြည့်တယ်။ ဟုတ်ပြီ။ ဒါ့ကြောင့်မလို့ သာသနာပြုပေးလိုက်တာ။ မြင်အပ်သောတရားရှိသလို မမြင်အပ်သောတရားရှိတယ်။ ခင်ဗျားတို့မမြင်အပ်တဲ့တရားက မင်္ဂတို့ဖိုလ်တို့ ခင်ဗျားတို့ ဘယ်လိုလုပ်သိမှာလဲ။ ကြားတော့ကြားဖူးပါတယ်။ မမြင်ရဘူး။ သူများပြောတော့ ပြောတာပဲ။ ကိုယ်မှမခံစားရတာ။

ဒီဘဝနောက်ဆုံးဘဝ၊ ဟိုအရင်တုန်းက ဦးမြမောင်ဟာ မကောင်းခဲ့ဘူး။ သူများပစ္စည်းခိုးတယ်။ ဖဲလိမ်ရိုက်တယ်။ အရက်သောက်တယ်။ ဂျပန်ခေတ်က လည်းရှုပ်လာတယ်။ သူများပစ္စည်းလျှောက်လုတယ်။ အဲဒါစွဲလို့လုပ်တာပေါ့။ ဒါအစွဲတရားပဲ။ လောဘ၊ ဒေါသ၊ မောဟတွေစွဲလိုက်နဲ့။ လျှောက်စွဲနေတာ။ ကြည့်စမ်း။ သေရင်ခွေးတောင်ဖြစ်မှာမဟုတ်ဘူး။ အဲဒီခွေးကြည့်။ ဟိုလူကန်ဒီလူကန်နဲ့၊ ဟိုလူကျွေးမှ ဒီလူကျွေးမှစားရတယ်။ တွေးကြည့်ပေါ့။ ဒါတိရစ္ဆာန်ဘုံပဲ၊ လူ့ဘဝကနေ တိရစ္ဆာန်

ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ ဒါတွေသွားကြမှာ။ ဒါကြောင့် ကျင့်ကြပါ၊ ကြံကြပါ။ အင်္ဂုလိမာလတောင် လူတွေလျှောက် သတ်တယ်။ သူတော်ကောင်းကြီးနဲ့တွေ့တော့ သူလည်း ရဟန္တာဖြစ်တာပဲ။ အရိယာသတ်တာမဟုတ်ဘူး။ မသိလို့ သတ်မိတာ။ ငါလူသတ်သမားပဲ။ ကျင့်လို့လည်းမရပါဘူး လို့ ဒီစိတ်ကလေး ဒုန်းဒုန်းမချလိုက်ပါနဲ့။ ကျင့်ပါ။ ဦးပဥ္စင်း လောက်ရှုပ်တာ ဦးပဥ္စင်းပဲရှိတယ်။ ဦးပဥ္စင်းကျင့်လို့ ဒါတွေကိုသိတယ်။

လှူလိုက်ကြတာ၊ ထိုင်ဝမ်ကအကြီးအကျယ်လှူတာ ပဲ။ ဒီလိုလည်းတရားဟောတာမဟုတ်ဘူး။ လှူလိုက်တာ သိန်းပေါင်းကိုမနည်းဘူး။ ဟောင်ကောင်ကလည်း လှူလိုက်တာ အကြီးအကျယ်ပဲ။ ဘာဆိုင်လည်းသူတို့နဲ့။ လူမျိုးခြားတွေကတောင် လာလာပင့်တယ်။ အခုလည်း လာပင့်တယ်။ ပိုက်ဆံလှူမယ်။ ဟိုကနေတင်ပို့တယ်။ အဲဒီ ဦးပဏ္ဍိတတောထဲက ဘုရားတွေဘယ်နေရာရှိသလဲ လိုက်ကြည့်တယ်။ မင်းတည်တဲ့ဘုရားနှင့် ငါတည်တဲ့ဘုရား မတူဘူးကွ။ မြေပေါ်မျာတည်တဲ့ဘုရားပဲကွ။ ဒါပေမယ့် ဘုရားဘာတွေစောင့်သလဲဆိုတာ မင်းတို့ဘာသိမလဲ။

အဲဒီတော့ ရုပ်နာမ်လို့ပြောနေပြီ မပဟုတ်လားကွ။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတဲ့ မင်းလက်ခံပြီလား။ ယုံကြည်ပြီလား။ လက်ခံပြီတဲ့။ ရုပ်ကိုတော့မင်းသိပါပြီ။ နာမ်ကိုရော မင်းသိပ့ါမလားတဲ့။ နာမ်အကြောင်းငါ့ကို ပြောစမ်းတဲ့။ ဟိုကရုပ်မရှိဘူး။ နာမ်ရှိတယ်တဲ့။ ငါ့ကိုပြောစမ်း။ မင်းမပြောရင် ငါပြောမယ်တဲ့။ အဲဒီတော့ မင်းပြုတဲ့သာသနာနဲ့ ငါပြုတဲ့သာသနာမတူဘူးကွ။ ဘာမတူတာလည်း။ အသိမတူတာကွ။ ခန္ဓာသိနဲ့ဉာဏ်သိ။ ပညာသိနဲ့သညာသိ။ အတ္တသိနဲ့ အနတ္တသိ။ ပညတ်နဲ့ပရမတ်ပြုတဲ့သာသနာခြင်းတော့မတူဘူး။ ကိုယ့်စိတ်ကိုစစ်ပြီးမှ သာသနာပြုတာ။ ကိုယ့်စိတ်ကိုစစ်ပြီးမှ တခြားနိုင်ငံကိုသွားတာ။ မစစ်ပဲနဲ့သွားလို့ကတော့ ဆေးလိပ်တစ်တိုတောင် သောက်ရမှာမဟုတ်ဘူး။ ဘယ်လောက်ထူးသလဲ။ ဒါတွေလုပ်ကြပါ။ လုပ်တာမလုပ်တာ ခင်ဗျားတို့အကြောင်း။

ဦးပဏ္ဍိတက ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုလို၊ ညီလို၊ ညီမလို သဘောနဲ့ပြောတာ။ အလကားမနေနဲ့။ စိတ်စစ်၊ အတွင်းစိတ်ကိုစစ်၊ အပြင်နဲ့မပေါင်းနဲ့။ အာရုံသတ်တဲ့တရားတွေကွ။ ဒီအာရုံသတ်ရင် ဒုစရိုက်

တွေလုံလိမ့်မယ်။ ပါဏာတိပါတာလည်း လုံလိမ့်မယ်။ အဒိန္နာဒါနာလည်း လုံလိမ့်မယ်။ ကျန်တာတွေလည်း လုံလိမ့်မယ်။ ဒီအယူဝါဒတွေကို မင်းမယူတော့ဘူးကွ။ ဗျာပါဒစိတ်၊ မိစ္ဆာစိတ်တို့ အဲဒီအာရုံကြောင့်ဖြစ်ရင် မဖြစ်အောင် သတိလေးထားပြီးတော့ အလုပ်လုပ်ပါ။ ဒီလောက်ဆိုရင် ပြီးရောပေါ့ဗျာ။

# ၂၀၀၀ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့ ည(၇)နာရီ အချိန်တွင် ဗိုလ်တထောင် ကျိုက်ဒေအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားဓမ္မာရုံတွင် ဟောကြားတော်မူသော ဝိသုဒ္ဓိဆရာတော် ဘုရားကြီး၏ ဓမ္မာကျင့်ဓမ္မာသိ ဓမ္မသစ္စာတရားတော်

## အာရုံပေါ်မှာ မနောစင်ကြယ်အောင်ထား

ဦးဇင်းက စာပေကျမ်းဂန်မတတ်တော့ အသိလေးပေါ့ဗျာ။ အပြင်မှာအာရုံကြောင့်သိတယ်၊ အော်. . . နွားတွေသွားပါလား၊ လူတွေသွားပါလား၊ မြင်တော့သိတယ်၊ အပြင်သိနဲ့ အတွင်းသိပေါ့ဗျာ။ သဘောလေး၊ ဒီအသိလေးကစင်ကြယ်ရမယ်။ သီလသုဒ္ဓိ ဖြစ်ရမယ်။ သီလဆိုတာ ပါဠိစကား၊ ဝိသုဒ္ဓိဆိုတာ ဝိ ဆိုတာအထူး သုဒ္ဓိဆိုတာမနော. . . အဲဒီမနောလေးဟာ အာရုံပေါ်မှာ စင်ကြယ်ရမယ်။ စေတနာထားရမယ်။ အထူးသဖြင့်

စိတ်ကိုထိန်းထားရမယ်။ စိတ်ကလေးဟာ လောဘ၊ ဒေါသ ဘာကြောင့်ဖြစ်ရသလဲ၊ ဒါတဏှာကြောင့် ဖြစ်သွားတာ၊ တဏှာဆိုတာ ဘယ်လိုဖြစ်တာလဲ? အော်. . . ငါကောင်းရောင်းကောင်းဝယ် ဈေးရောင်းမလို့ လုပ်ထားတဲ့ဟာတွေကို လာပြီးတော့ဖျက်ဆီးလိုက်တယ်။ တစ်နေရာက တစ်နေရာကို ရွှေ့ခိုင်းလိုက်တယ်။ သူကစိတ်ထဲမှာမကောင်းဘူး။ ပညတ်အာရုံကို သညာက မှတ်ပေးလိုက်တော့ စေတနာပျက်သွားတယ်။ မနော စိတ်ကလေးက အာရုံကြောင့် စေတနာပျက် သွားတယ်။ မစ္ဆယစိတ်၊ မနာလိုတဲ့စိတ် အဲဒီလို စိတ်ကလေးဖြစ်သွား ရင်သီလပျက်တယ်။

## အတွင်းသီလကမနော–အပြင်သီလက ကာယကံ၊ ဝစီကံ

ဒီလောဘနဲ့ ဒေါသဟာ အမြဲတမ်းသူ့ နှလုံးသား မှာ ရဘို့ကြံစည်တယ်။ ဖြစ်ဘို့ ကြံစည်တယ် ဘယ်သူက ငါ့ပေးမှာပဲ ဆိုပြီးတော့ တွေးတယ်။ ဒါတွေဟာ အတွင်း

သီလပျက်တယ်။ အပြင်သီလကျတော့ အပြင်မှာ မစင်ကြယ်ဘူး။

ဥပမာ-ဘုရားရေးထားတယ်ဗျာ ပါဏာတိပါတာ-ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ-ဝေရမဏိသိက္ခာပဒံ သမ္မာဒိယာမိ၊ ကာမေသုမိစ္ဆာစာရ-ဝေရမဏိသိက္ခာပဒံ သမ္မာဒိယာမိ၊ မုသာဝါဒါ-ဝေရမဏိသက္ခာပဒံ သမ္မာဒိယာမိ၊ ပိသုဏာဝါစာ-ဝေရမဏိသိက္ခာပဒံ သမ္မာဒိယာမိ၊ ဖရုသဝါစာ-ဝေရမဏိသက္ခာပဒံ သမ္မာဒိယာမိ၊ သမ္ဖပလာပဝါစာ-ဝေရမဏိသိက္ခာပဒံ သမ္မာဒိယာမိ။ ဦးဇင်းက စာမတတ်တော့သဘောလေးနဲ့ စာနဲ့ အသိလေးနဲ့ပေါ့ဗျာ။ ဒီဟာတွေက ကာယကံ၊ ဝစီကံတွေပါဘဲ၊ မနောကံက ဗျာပါဒ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိတွေပေါ့။ ဗျာပါဒဆိုတာကတော့ သူ့ကအစွဲကိုခေါ်တာ၊ ကာယကံ ဝစီကံတွေက ရှောင်ကြဉ်ထားတဲ့တရား၊ သူများအသက်ကို မသတ်ဘူးဆိုရင်ရတယ်။ သူများပစ္စည်း မခိုးဘူးဆိုရင် ရတယ်။ သူများသားမယား မဖျက်ဆီးဘူးဆိုရင်ရတယ်။ ဒါတွေကိုရှောင်ထားရင်ရတယ်။ ဗျာပါဒကျတော့ ကိုယ့်နားကြား

တယ်။ ဟေး. . . မင်းအမေ၊ အဖေတွေသေပြီကွ၊ ဆုံးပြီကွ ဆိုရင် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ ဒါစွဲတဲ့ သံယောဇဉ်ခေါ်တယ်။ မနောမှာဖြစ်သွားတဲ့ ဉပါဒါန်ကိုကို ရှောင်လို့မရဘူး။

## ဉပါဒါန်ကိုမသတ်နိုင်သေးရင် သမ္မာနဲ့နေကြ

ဘဝအနန္တကအရိုးတောင်လိုပုံတယ်တဲ့၊ အဲဒီတော့ အာရုံနဲ့ကြည့်မယ်ဆိုရင် လောကီအာရုံကို ပယ်ပြီးတော့ လောကုတ္တရာ အာရုံနဲ့ကြည့်မယ် ဆိုရင်တော့ သဘော ပေါက်လိမ့်မယ်။ အရိုးတောင်လိုပုံတယ် ဆိုတာ ဟုတ်လို့ သူပြောသွားတာ။ ဘဝ. . . ဘဝတွေ. . . ဒီနောက်ဆုံး ဘဝပါပဲ ဒီလိုသူတော်ကောင်း၊ သူမြတ်ကောင်းက လာပြီးတော့ အသိလေးကို ဟောပြတာပါ။ ဦးပဏ္ဍိတ ပြောတာ မယုံနဲ့အုံး လေ့လာပါ။ သုံးသပ်ပါ၊ စုံစမ်းပါ။ ဟုတ်တယ်ဆိုရင်၊ မှန်တယ်ဆိုရင် ကိုယ်ယူထားရမယ်။ ဒီဉပါဒါန်ကိုသတ်လို့မရရင် သမ္မာလေးနဲ့နေကြ၊ ထိုင်ကြ၊ သမ္မာလေးနဲ့လုပ်ကိုင်ပြီးတော့စားကြပါ။

## ကံနဲ့ရထားတဲ့ဝင်္ကောင်ကြီး

ကံနဲ့ရထားတဲ့ ဝင်္ကောင်ကြီးကို သိရမယ်။ ဒီကမ္ဘဝင်္ကို မသိရင် ဟောဒီဘဝမှာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာနဲ့ ဒိဋ္ဌိတွေအကုန်ဖြစ်မှာဘဲ၊ အာရုံမှ မလွတ်တာဘဲ။ အာရုံငါးပါးမှာ ဒီကမ္ဘဝင်္ကို မသိဘူး၊ ကံနဲ့ရထားတဲ့ ဝင်္ကောင်ကို သူမသိဘူး၊ စာတော့ တတ်တာအမှန်ဘဲ၊ ဒီကမ္ဘဝင်္ကို မသိဘူး။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉဒပါဒိ၊ ဉာဏဉဒပါဒိ၊ အာလောကော ဉဒပါဒိ၊ ဒါ ဦးပဏ္ဍိတ ရတယ်မပြောဘူး၊ သဘောလေးနဲ့ ဆိုပြတာ။ ဂမ္ဘီဉာဏ်ဆိုတာ ခန္ဓာကိုယ်အဝိဇ္ဇာကို ထိုးထွင်းဖောက်ပြီးတော့ သိလိုက်တာ။ အဲဒီလိုသိလိုက်တဲ့ အသိလေးကို ကိုယ့်အဖေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်မ ကြီးလို လာပြီးတော့ အသိလေး လာပေးတာပါ၊ မကောင်း တဲ့ ပုတ်စပ်တဲ့စိတ်၊ မကောင်းတဲ့ စိတ်တွေဝင်နေမယ် ဆိုရင် မကောင်းတဲ့လမ်း သွားမှာဘဲ၊ ဒီဘဝအကုန်သွား ကြရမှာ ဦးဇင်းရဲ့ အဖေ၊ အမေ၊ အမကြီးတွေလဲ မရှိကြ တော့ဘူး၊ ဒါတွေကြည့်မယ်ဆိုရင် ဒို့လဲသွားရမှာဘဲ။ ဒို့လဲသွားတွေ ဘာတွေကျိုးလို့ ဇရာရောက်လာပြီ

ဒါလေးတွေကို ကြည့်မယ်ဆိုရင် သံဝေဂရမယ်။ သံဝေဂ ရမယ်ဆိုရင် ကိုယ်တိုင်ကျင့်မယ်။ ကိုယ်ကျင့်တရားတွေ သူလုပ်တော့မယ်။ တရားအားထုတ်တော့မယ်။ ကိုယ်သိတဲ့တရားတွေကျင့်တော့မယ်။ ဘာတွေလဲ ဒုစရိုက် (၁၀)ပါးကို ပယ်နိုင်အောင်လုပ်မယ်။ အဲဒါကိုယ်ကျင့်တရားပဲ။ ကိုယ်ခန္ဓာကို ကိုယ်ကျင့်တာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံတွေနော် ဒီကမ္မဝဋ်ကိုသိမှ ဟောဒီဘဝ အေးမယ်။ ဒီကမ္မဝဋ်မသိရင် သူထင်တာစိုင်းတာဘဲ။ ထင်တာတွေလုပ်တယ်။ လုပ်သွားရင်သူ့အဘို့မှာ နစ်နာဆုံးရှုံးမယ်။

## အမှောင်ကလာရင်အလင်းကိုပြန်ကြ

လူ့ဘဝဟာ အင်မတန်မြတ်တယ်၊ အမှောင်ကလာရင် အလင်းကိုပြန်ကြပါ။ အလင်းကလာတဲ့သူ အမှောင်ပြန်တဲ့သူလည်းရှိတယ်၊ ဒီသဘောတွေရှိတယ်။ မရှိရင်ဆားလေးနဲ့စား၊ လူမသိဘူး ဒါပါဠိလို တပွေါစခေါ်တယ်။

အရသာကိုမခံစားနဲ့၊ ပိုက်ဆံငွေကြေးရှာ ဝိရိယ ကောင်းကောင်းနဲ့. . . အော်. . . ငါသမ္မာနဲ့ရှာမယ်၊ သမ္မာနဲ့သွားမယ်။ သမ္မာနဲ့ရောင်းမယ်၊ သမ္မာနဲ့နေမယ်။ မိစ္ဆာအယူတွေမလုပ်ဘူး။ ကိုယ်စိတ်ကိုစစ်ကြ မိစ္ဆာအယူ ဆိုတာ ငါမြင်တယ်၊ ငါတတ်တယ်၊ ငါသိတယ်၊ ငါလုပ်ချင် တာလုပ်မယ်၊ ငါပိုက်ဆံရှိတာပဲ၊ ငါထင်တာ လုပ်မယ်။ ငါ့ပစ္စည်းကိုခိုးရင် ငါတိုင်မယ်မလုပ်ပါနဲ့၊ တစ်ယောက်နဲ့ တစ်ယောက် ပြေလည်အောင်နေရမယ်။ အိမ်နီးချင်း တွေဘဲ၊ တစ်ယောက်နဲ့တစ်ယောက် အသိ လေးထား ရမယ်။ အဲဒီအသိလေးက အာရုံပေါ်မှာ သိလိုက်တာ။ ဘာနဲ့သိလဲ အမှတ်ကလေးနဲ့သိလိုက်တာ။ သညာနဲ့ သိလိုက်တာ။ နောက်ဝေဒနာရှု့တဲ့အခါမှာလဲ ဝေဒနာမှာ သညာနဲ့မရှုနဲ့၊ ဝေဒနာမှာ တဏှာပါနေတယ်။ ပညာလေး နဲ့ရှု၊ အပြင်မှာ ကိုယ်နေတာ၊ ထိုင်တာ အာရုံငါးပါးမှာ အော် အေး. . . အေး. . . အေး အော် အေး. . . အေး. . . အေး သမ္မာနဲ့နေကြ။ ဒီဘဝနောက်ဆုံးပဲ၊ မတော်တဆခွေးတွေဖြစ်မယ်၊ ဝက်တွေဖြစ်မယ်၊ ကြက်တွေဖြစ်မယ်ဆိုရင် အင်မတန် နစ်နာပါတယ်၊

ဒါဘာလဲစိတ်ဘဲ၊ စိတ္တတဏှာနဲ့ ခယမဇ္ဇကာ၊ စိတ်သာ ရှင်စေဘုရားဟောတဲ့၊ ဦးပဉ္ဇင်းက စာမတတ်တော့ စိတ်အကြောင်းလေးကိုပြောတာ။

## မောဟကအင်မတန်ပြင်းထန်တယ်

ဘယ်သူပဲဆဲဆဲ၊ ဘယ်သူပဲရိုက်ရိုက် ဘယ်သူဘာ ပြောပြော ကိုယ့်စေတနာမပျက်ပါနဲ့ ဒီစိတ်ကလေးကို ထိန်းထားပါ။ မောဟဆိုတာရှိတယ်။ အဲဒီမောဟကြောင့် လောဘ၊ ဒေါသဖြစ်တာ မောဟဆိုတာ သူ့စိတ်ကလေးက တစ်ခါတည်း မစဉ်စားနိုင်ဘူး။ ထိုင်းမှိုင်းပြီးတော့ တစ်ခါတည်း တရှူးထိုးကြီးဖြစ်လိုက်တာ။ စဉ်းစားရမယ်၊ အော်. . . ဒီကိစ္စတွေငါဒီလိုလုပ်လိုက်ရင် ဒီလိုဖြစ်တော့ မှာပါလား၊ ငါရှောင်မှဘဲ၊ ငါခံမှဘဲ၊ ဒီအလုပ်ဟာ ငါရှောင်ရင်ရမယ်၊ သည်းခံမယ်။ ဒီမောဟ က တွေဝေ နေတဲ့၊ ထိုင်းမှိုင်းနေတဲ့ သဘောလေးသွေးသား မှာရှိတယ်၊ အင်မတန်ပြင်းထန်တယ်၊ အဲဒီတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ကုန်ရော။ ဒါမာန်ပေါ့ဗျ၊ တဏှာကြောင့်မာန်ဖြစ် ရတာ။ လောကီကိုအားကိုးနေတာ အားကိုးမှားနေတယ်။

သမ္မာလေးနဲ့အားကိုးပါ။ မိစ္ဆာနဲ့သွားအားမကိုးနဲ့ ကိုယ်လဲ မမြဘူး ပြန်ရမှာ အပြန်ကောင်းဘို့လိုတယ်။ အမှောင်က လာရင် အလင်းကိုသာပြန်ကြ။

## မဂ္ဂင်နဲ့ စိတ်ကိုထိန်းကြ

ဘုရားဟောတာ (၃၁)ဘုံ၊ လူမှာရှိတာက (၃၂) ကောဒါသ ခန္ဓာဝန်ချတော့မယ်။ ကံကုန်ပြီမဟုတ်လား။ ခန္ဓာဝန်ချရင် (၃၁)ဘုံ ကိုယ်မှာ ရှိတာက (၃၂)ကောဒါသ (၃၁)ခုပေးလိုက်၊ ဒီ(၁)ခုနဲ့ အောက်ဘုံကနေတက်သွား၊ တက်တတ်ဘို့လိုတယ်၊ စာတတ်တဲ့ပုဂ္ဂိုလ်များ သင်ထား တဲ့ပညာတွေက အင်မတန်ထူးမြတ်တဲ့ ပညာတွေပါ။ (၃၈)ဖြာမင်္ဂလာ၊ ဗောဓိပက္ခိရတရား၊ သိက္ခာ သုံးပါး၊ အင်မတန်ထူးပါတယ်၊ သူတော်ကောင်းမှန်ကန်ပါ တယ်။ ဒါပေမဲ့ ဥပါဒါန်ကျတော့ သူပယ်နိုင်မပယ်နိုင် ဆိုတာ သူ့အပေါ်မှာ မူတည်တယ်။ အစွဲကို၊ အစွဲပေမဲ့ သမ္မာနဲ့ စွဲမယ်၊ မိစ္ဆာနဲ့မလုပ်ဘူး။ ကောင်းတဲ့သမ္မာကံတွေ ငါလုပ်မယ်၊ သမ္မာကံကနေပြီးတော့ ဝိပဿနာရဲ့ သမ္မာ ဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ ငါကျင့်အုံးမယ်၊

ဒီစိတ်ကလေးကို မဂ္ဂင်နဲ့ ငါထိန်းမယ်၊ အပြင်အာရုံကို လည်းထိန်းပြီ၊ အတွင်းအာရုံကိုလည်းသတ်တယ်၊ ဒါက မဂ္ဂင်သွားတဲ့လမ်း၊ အပြင်မှာလဲသူ (၃၈)ဖြာမင်္ဂလာနဲ့ နေတယ်၊ သမ္မာနဲ့နေတယ်။ အဲဒီလိုစစ်စစ်ပြီးတော့ သွားမယ်ဆိုရင် ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ သာသနာစောင့်နတ်တွေက စောင့်ရှောက်လိမ့်မယ်။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့ သင်္ခါရရပ်တဲ့ နေရာကို ရောက်အောင်လုပ်ရမယ်။ အာရုံနဲ့လည်း မပေါင်းဘူး၊ ဘဝင်စိတ်ကိုထိတယ်၊ သိတယ်။ နှာသီး၊ နှာဖျားဝမှာ မျက်ခြေမပြတ် သတိထားနေရမယ်၊ ဝင်လေထွက်လေဆိုတာ နှာသီးဝမှာ ဒလစဉ်ဒလစပ်ရှိနေတယ်။ အမှုမဲ့အမှတ်မဲ့နဲ့ နှစ်ခေါင်းနှစ်ပေါက် ဝင်လေထွက်လေရဲ့ အသိကို မယူဘူး ဘယ်ဟာကိုသွားယူသလဲဆိုတော့-

စက္ခုအာရုံမှာသွားယူတယ်၊ နားသောတအာရုံမှာ သွားယူတယ်၊ နံ့သာအာရုံမှာ သွားယူတယ်၊ ဇိဝါအာရုံမှာသွားယူတယ်၊ ကိုယ်အာရုံမှာ သွားယူတယ် အကုန်သူယူထားတယ်၊ နှာခေါင်းမှာ မယူတော့ဘူး၊ ဒီလိုမဖြစ်ရဘူး နှာခေါင်းနှစ်ပေါက်ရဲ့ အာရုံမှာ (ဆင်းလိုက်

တက်လိုက်)၂ ဒလစဥ်ဒလစပ်ဖြစ်နေတဲ့ အာရုံကို ဘဝင်မနှောက အသိကပ်ထား၊ အသိလေးကပ်ထားရင် အသိလေးငြိမ်လာရင် အဓိစိတ္တခေါ်တယ်။ အဓိပညာ ကတော့ ဝေဒနာရှု့တဲ့အခါ ဝေဒနာတွေပေါ်တယ်၊ ပေါ်တဲ့အခါ ပညာနဲ့ သူသတ်မယ်၊ သညာနဲ့ မသတ်နဲ့၊ ပညာနဲ့သတ်ရင် ဝေဒနာနိရောဓါ တဏှာနိရောဓေါဆိုတဲ့ စိတ်၏ ချမ်းသာတဲ့လမ်းကို သူရောက်မယ်၊ စိတ်ကလေးက ရုပ်ဖောက်ပြန်ရင် သိမှုဆိုတာခံစားတယ်။ ဒီလိုခံစားတော့ "မခံသာမှန်ပါဘိ ဒီတရား ခံသာလျှင် သံသရာကြောမျှော လိမ့်အများ" ဆိုတာလို မခံသာတဲ့ ဝေဒနာကို သည်းခံပါ။ ဒီဝေဒနာမမြဲတာကို ကိုယ်တိုင်သိလိမ့်မယ်။

## နတ်တွေက အဲဒီရဟန်းရှိခိုးတယ်

ဒီရုပ်ရှိလို့ ဒီအသိသိတာ၊ ဒီလိုရဟန်းမျိုးက ဒီလို အသိသိသွားရင် နတ်တွေက အဲဒီရဟန်းကို ရှိခိုးတယ်။ သိကြား၊ ဗြဟ္မာမင်းကလဲ ရှိခိုးတယ်။ အားလုံးက သူ့ကို ရှိခိုးကြတယ်။ မိစ္ဆာဖြစ်တဲ့ တောင်ပိုင်၊ ကွင်းပိုင်တို့က လက်နက်ချတယ်၊ ကံနိမ့်ရင် မိစ္ဆာနတ်က လုပ်မယ်။ သူက

အဆင်သင့်ကပ်နေတာ၊ ဒါတွေသိဘို့လိုတယ်။ ကိုယ်က မမှန်ဘူးဆိုရင် ကိုယ်စောင့်နတ်ဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိနတ် ခြောက်ပါး၊ သမ္မာဒိဋ္ဌိနတ်ခြောက်ပါး ရှိတယ်။ အာရုံမှာ မနော်နဲ့ ပေါင်းထားတာ။ အဲဒီနတ်တွေက ကံနိမ့်ရင် လုပ်တတ်တယ်။ ဘုန်းကြီးတောင်လုပ်တယ်။ ကားမှောက် ပြီး သေတယ်။ ဒါကိုစာနဲ့ပြောမယ်ဆိုရင် ဥပစ္ဆေဒက ကံတဲ့၊ ဒီကံကိုလွှတ်ရမယ်။ န. . . ဘယ်ဘေးမရှိတဲ့. . . ဟာ. . နတ်ကစောင့်ရှောက်ရတယ်။

## လောကနေနည်း၊ ထိုင်နည်း

ကိုယ်မှန်ဘို့လိုတယ်၊ ကိုယ့်စိတ်ကိုစစ်ပါ။ မကောင်းတဲ့ ဒုစရိုက်ကို မလုပ်ပါနဲ့ သူများခိုင်းရင် လုပ်ပေးပါ။ ညီလေးရေ တံမြက်စည်းလှည်းကွာ၊ ဟုတ်ကဲ့ဦးလေးရေ ကျွန်တော် လှည်းလိုက်ပါမယ်ဗျာ။ နှလုံးသားထဲက စေတနာပါအောင် လုပ်ပါ။ ပကာသနစေတနာ၊ အဓိပတိ စေတနာ အမျိုးမျိုးရှိတယ်။ ပုဂ္ဂိုလ်ကြီးကြောက်ပြီး လှည်းတဲ့စေတနာ၊ ဘုရား၊ တရား၊ သံဃာကို တကယ်ယုံကြည်တဲ့ အနှစ်ရှိတဲ့စေတနာ။ ဒါတွေစကားပြောနေတာ၊ ဘာ

ဖြစ်ဖြစ်အပြင်မှာ စင်ကြယ်ရမယ်။ ညီလေးတန် ညီလေး လို့ခေါ်ပါ၊ ကိုယ့်မှာရှိရင် ရှောကွ. . . စားကွ . . . သောက်ကွလို့ကျွေးပါ။ ကိုယ့်စေတနာ မပျက်နဲ့ ဒီစေတနာကို လူတိုင်းမှာထားနိုင်ရမယ်။ တွေးကြည့်ပေါ့ ဗျာ၊ ကိုယ်ကဆဲလိုက်တယ်၊ တိုင်းလိုက်တယ်၊ ခိုင်းတာကို မလုပ်ဘူးဆိုရင် စေတနာပျက်သွားပြီး သူ့ကိုဖြုတ်ပစ်လိုက် ခြင်တယ်။ ဒါမျိုးတွေ မလုပ်ပါနဲ့၊ စေတနာထားပါ။ ဘယ်သူဘဲပျက်ပျက်၊ ကိုယ်မပျက်စေနဲ့။ ဒီပေါ်မှာ အဖျက် ရှိမှ အတက်ရှိတယ်၊ အဖျက်ကို ကိုယ်ကလိုက်ပြီးတော့ လောဘ၊ ဒေါသ၊ တဏှာ မာနဒိဋ္ဌိတွေဖြစ်ရင်တော့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံဘဲ အဖျက်ရှိမှ တရားကတက်မယ်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို မာရ်နတ်က တကောက်ကောက်လိုက်ပြီးတော့ဖျက်တယ်။ ဒီအခါ ဘုရားက စေတနာမပျက်ဘူး မာန်နတ်ကိုတောင်မှ အင်မတန် ကျေးဇူးတင်ပါတယ်။ ဒါတွေက အသိတရား တွေပါ။

ဟာ. . . ဒီကောင် ငါ့ကိုတောင် ပြန်ဟောက် တာဘဲ၊ ခိုင်းလို့လဲမရဘူးဆိုတော့ ဒီကောင်က ဘာအယူ

ယူထားတာလဲ မိစ္ဆာအယူ ယူထားတယ်။ ကိုယ်က မိစ္ဆာ မဖြစ်ပါစေနဲ့၊ ပညာနဲ့ သုံးလိုက်ပါ၊ သညာနဲ့ မသုံးနဲ့၊ စိတ်ကလေးတွေကို အင်မတန် စယ်ကြယ်အောင် ထားပါ။ ကိုယ်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကိုလဲ သနားပါ။ ကိုယ်ကျင့်တရားထားပါ။ တစ်ယောက်နဲ့ တစ်ယောက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီနေကြပါ။ ဒီဘဝအကုန်သွားမှာဘဲ။ သူဌေးလဲ သွားမှဘဲ ၊ ဘုရင်လည်းသွားမှာပဲ၊ ဘုန်းကြီး လဲသွားမှာပဲ အဲဒီတော့သွားတတ်ဘို့လိုတယ်။ အမှောင်က လာတဲ့သူ အလင်းကို ပြန်ပေတော့။ အလင်းကလာပြီး အမှောင်ပြန်မဲ့သူတွေ အားကြီးရှိတယ်။ အများကြီးဘဲ ဒါ သဘောလေးနဲ့ဟောတာပါ။

ဒီဘဝဘယ်လောက်မှ မကြာဘူး။ လူသက်တမ်း (၈၀)၊ (၉၀)ပေါ့။ ဘုရားခေတ်က နှစ်(၁၀၀)မှာ သာသနာ (၂၅၀၀)ကျော်မှာ အနှစ်အစိတ်နှုတ်လိုက်ရင် (၇၅)နှစ် သက်တမ်းဘဲရှိတယ်။ ယခုအခါ ရောဂါတွေ အမျိုးမျိုး ဖြစ်နေကြပြီ၊ လေငန်းတွေဖြစ်လိုက်၊ နောက်ဖေး သွားရင်းနဲ့ သေလိုက်၊ ဇတ်ကြောတွေ တက်လိုက်၊ သွေးတိုးရောဂါ၊

ဘာရောဂါ. . . စုံလို့ပါဘဲ ဦးဇင်းတို့ ဘာမှမဖြစ်ဘူး။ ဒါကြောင့်"အနာမဲ့သူရှင်ပါကူ" လို့စာရေး ထားတယ်။ ရှင်ပါကူဖြစ်အောင် ကိုယ့်ရဲ့အာရုံမှာ စေတနာမပျက် ပါစေနဲ့၊ စေတနာထားပါ။ ကိုယ်စားရသည်ဖြစ်စေ၊ မစား ရသည်ဖြစ်စေ၊ သူ့ကိုကျွေးပါ၊ ကိုယ့်ဟာကိုယ် တရားလဲ ကျင့်မယ်၊ စေတနာလဲ မပျက်ဘူး ဒီလိုနေကြ။ ဒီပစ္စုပ္ပန် ဘုံမှာ အာရုံပေါ်မှာ စေတနာ ထားပါ။ စေတနာမှန်ရင် ဝိပဿနာအလုပ်လုပ်ပါ။ ခင်ဗျားဉာဏ်ပေါက်ပါ လိမ့်မယ်။

## မဂ်ဉာဏ်ရမဲ့လမ်းနှစ်သွယ်

အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်၊ ခန္ဓာ မှာ စင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်၊ အပြင်မှာ မစင် ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ ဝိပဿနာက ဉာဏ်စခန်း၊ ကံမဟုတ်ဘူး၊ ကံကိုသိရမယ်။ ဒါကြောင့် ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကူးနိုင်ဘို့ အုန်းတုံးကြီး (တံတား)ချပေးထား တယ်။ အုန်းတုံးကလှုပ်တုတ်လှုပ်တုတ် ဆိုတော့ မတော်

တဆလိုမ့်ကျနိုင်တယ်။ ဒီတော့ အောက်ကျမှာစိုးလို့ လက်တန်းလေးလုပ်ပေးထားတယ်။ လက်တန်းလေးလည်းကိုင်၊ အုန်းတုံးလဲလျှောက်၊ အဲဒီ တော့ လက်တန်းလည်းမဖြုတ်နဲ့၊ အုန်းတုန်းလဲလျှောက် စေတနာလည်းထား၊ ဝိပဿနာတရားလဲလုပ် ဒီတော့မှ ခင်ဗျားသဘောပေါက်ပါလိမ့်မယ်။ ဝိပဿနာတရား လုပ်ပြီးတော့ စေတနာမမှန်ဘူးဆိုရင် ... ခက်တော့ခက်တယ် ခြင်းကြားထဲ ရေခပ်သလိုဘဲ၊ ခရီးမပေါက်ဘူး။

## မရှိတာထက်မသိတာခက်

ခင်ဗျားတို့ ဒီဘဝနောက်ဆုံးဘဲ ဦးပဥ္ဇင်းကထုတ်ပြလို့ မရလို့ပါ။ ဦးပဥ္ဇင်းက လူကောင်းမဟုတ်ပါဘူး။ အစက စာလဲမတတ်ဘူး၊ ဖဲလိမ်ရိုက်တယ်၊ အရက်သောက်တယ်၊ မကောင်းတဲ့ ဒုစရိုက်တွေလုပ်ခဲ့ပါတယ်။ ဘုရားမကြိုက်တဲ့ ဝါဒတွေ သူလုပ်ခဲ့ပါတယ်။ အရက်ပုလင်းကဘုံဆိုင်မှာနေတာ ဘာလို့သွားသောက်ရတာလဲ။ စွဲလို့သောက်တာပေါ့၊ ဒါမကောင်းတဲ့ မိစ္ဆာတွေပါ။ မကောင်းတာလည်းလုပ်ခဲ့ပါပြီ၊ ကောင်းတဲ့အသိကိုလည်း အခုပြော

ပြီ၊ . . . သွေးသားလည်းပြောင်းတယ်၊ စိတ်လဲပြောင်းသွား ပြီ၊ ဒါတွေကို ကိုယ့်အဖေလို၊ ကိုယ့်အမေလို အောင်းမေ့ လို့လာပြောတာ၊ ဒီစိတ်ကလေးကို အာရုံမှာ စင်ကြယ် အောင်ထားကြပါ။ မရှိတာရှာရင်ရတယ်၊ မသိတာအခက် ဆုံးတဲ့။ ဒီအသိလေးကို ယူတတ်မယ်ဆိုရင် ခင်ဗျားသိ လာပါလိမ့်မယ်။ ဦးပဏ္ဍိတက ဘာမှတတ်တာမဟုတ်ဘူး။ ပရိတ်ရွတ်ခိုင်းလဲ မရွတ်တတ်ဘူး။ အာပတ်ဖြေပါဆိုလို့ လည်း မဖြေတတ်ဘူး။ ဘာမှကို မတတ်ပါဘူးဗျာ။ ကျောင်းကပုဂ္ဂိုလ်တွေကို မေးပါ၊ သိမ်ထဲမှာတောင် အာပတ်မဖြေတတ်ဘူး။ ဘာစာမှ မတတ်ဘူး။ စာကို ပယ်တာမဟုတ်ဘူး။ ကိုယ်မတတ်တာကို ပြောတာ။ စာကို သိပ်တတ်ချင်တယ်။ ကိုယ်ကအသက်ကြီးမှ ဝိပဿနာနဲ့ သက်န်းဝတ်ရတဲ့ ရဟန်းခေါ်ပါတယ်။ စာပေကျမ်းဂန် များကို ငယ်စဉ်တောင်ကျေးက မသင်ခဲ့ရဘူး။ ငါ့လို သိကြပါစေ၊ ငါ့လိုဖြစ်ကြပါစေ၊ ငါ့လိုမြင်ကြပါစေ ဆိုတဲ့ စေတနာနဲ့ ပြောတာပါ။ မျက်ရည်တောင်ကျတယ် ဟာ ဒီတရား ဦးပဥ္စင်းတို့တောင် သိတာနောက်ကျတယ်။

## အုန်းတုံးလဲလျှောက် – လက်တန်းလဲမလွှတ်နဲ့

ဒါကြောင့် ဒကာကြီးတွေ၊ ဒကာမကြီးတွေဟာ ခုနက အုန်းတုံးလဲလျှောက်-လက်တန်းလဲမလွှတ်နဲ့။ အပြင်မှာ စင်ကြယ်အောင်နေ။ အတွင်းမှာလဲ ဝိပဿနာ လုပ်ကြ။ ကိုယ့်လမ်းကိုယ်ပြန်ကြမှာ၊ လင်မယားဆိုပေမဲ့ တစ်ယောက်တစ်လမ်းသွားကြမှာ။ စေတနာချင်းကလဲ မတူကြဘူး။ အပြင်မှာ တွေ့သမျှ၊ မြင်သမျှ စေတနာထား ပါ။ လူကြီးမင်းများခိုင်းရင် "ဟေ့ကောင် . . . မြောင်း ဖောက်ကွ"ဆိုလဲ ဖောက်ပါဗျာ။ တစ်အိမ်တစ်ယောက် ထွက်ပါဆိုလဲ "ဟုတ်ကဲ့ဆရာကြီး လုပ်ပါ့မယ်၊ ကျွန်တော် ကို ခိုင်းပါဗျာ၊ ကျွန်တော်လုပ်ပါ့မယ်ဗျာ"ဟော. . သူ့ စေတနာဖြစ်နေပြီ ဒီလိုစေတနာတွေ ဖြစ်နေပြီဆိုရင် ဝိပဿနာ အုန်းတုံးလျှောက်ပေတော့ လက်တန်းလဲရပြီ။

ဒါကြောင့် ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ ဆေးကြောပါ။ ဘာဝနာနဲ့ပွားများပါ။ စေတနာမမှန်ရင် တွေးကြည့်ပေါ့။ သီလပျက်သွားလိမ့်မယ် "ဟာ. . . ဒီကောင် ငါ့သမီးကို ရိုက်တာကွ၊ ဘာကွ၊ ညာကွ" ဆိုပြီး မြင်လိုက်တဲ့ အာရုံပေါ်မှာ မနောကပေါက်သွားပြန်ရော

"ဆူးပေါ်ဖက်ကျ-ဖက်ပေါက်" ၊ "ဖက်ပေါ်ဆူးကျ-ဖက်ပေါက်-ဖြစ်ကုန်ရော" ၊ "ကုသိုလ်တစ်ပဲ-ငရဲတစ်ပိဿာ" ဖြစ်ပြန်ရော ဒါကြောင့် ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်းဖြစ်ပျက်မှု မသိရင် ကိလေသာကြွေးတင်တယ်တဲ့ စာရေးထားတယ်။ "စာကမှန်၏ ဉာဏ်မမိထိအောင်သူမသိဘူးတဲ့။ ဉာဏ်နဲ့ကြည့်ကြ၊ ကံနဲ့သွားမကြည့်နဲ့၊ ကံပေမဲ့ သမ္မာကံနဲ့ယူ၊ မိစ္ဆာကံကို ပယ်လိုက်ကြ။

## စေတနာလဲထား၊ သံဝေဂတရားလဲပွားကြ

ပြန်ကြမှာ ဒါနောက်ဆုံးဘဝဘဲ ဒါကြောင့် ကိုယ့်အမေလို၊ ကိုယ့်အဖေလို အိမ်နီးနားချင်းတွေ တစ်ယောက်နဲ့တစ်ယောက် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သူတစ်ခုဖြစ်ရင် ကိုကကူညီပါ၊ စောင့်ရှောက်ပါ။ အတွင်းသီလကောင်းရင် အပြင်မှာ စေတနာမှန်မယ်။ အော် . . သူ . . ငတ်နေပါလား၊ ဒုက္ခတွေရောက်နေပါလား၊ သူ့ကလေးတွေလဲငတ်နေပါလား၊ ငါပိုက်ဆံပေးမှဘဲ အဲဒါတွေက စေတနာတွေဘဲ၊ အဲဒီစေတနာတွေ ရလာပြီဆိုရင် ခင်ဗျားဝိပဿ

နာတရားကျင့်၊ အုန်းတုံးနဲ့ လက်တန်းလိုပေါ့၊ ပြီးတော့ ဘာဝနာပွားပါ။ ဩော် . . . ငါ့အမေတွေ၊ ငါ့အမတွေ မရှိကြတော့ဘူး အားလုံး သေကုန်ပြီ၊ ငါလဲဒီလမ်းလိုက်ရမှာဘဲလို့ ဘာဝနာပွားပါ။ စိတ်ကလေးတမျိုးပြောင်းလာတယ်။ ဒီစိတ်ကလေးက အမြဲတမ်းဘာဝနာပွား နေရပါတယ်။ "မသာတစ်ခေါက် ၊ ကျောင်းဆယ်ခေါက်"တဲ့ ကိုယ့်အဖေ၊ ကိုယ့်အမေသေလို့ အသုဘလိုက်ပို့ရင် စိတ်ထဲမှာ တစ်မျိုး ဖြစ်သွားတယ်။ ထမင်းလဲမစားနိုင်ဘူး၊ ဟင်းလဲမစားနိုင်ဘူး။ ပူဆွေးသောကဖြစ်ပြီး လုပ်မဲ့အလုပ်တွေလဲ မလုပ်နိုင်ဘူးဗျာ။ ဒါအစွဲပေါ့ဗျာ၊ အစွဲပေမဲ့၊ သမ္မာနဲ့စွဲ၊ မစ္ဆာနဲ့မစွဲနဲ့။ တွေးကြည့် . . . ကမ္ဘာလောကကြီးတစ်ခု လုံးဖြစ်လာရင် ပျက်မှာဘဲ၊ သွားကြမှာပဲ၊ သုဿာန်မှာ ဆိုရင် သေတဲ့လူတွေတွေ့မယ်။ ဒါကြည့်ရင် သံဝေဂ သတိတရားရပါတယ်။ အဲဒီတော့ ကိုယ်ကျင့်တရား၊ ပြဟ္မစိုရ်တရား၊ သံဝေဂတရားထားကြပါ။ ခွေးတွေကြည့် ဝက်တွေကြည့် . . . အော်ဒါ တိရစ္ဆာန်ပါလား ငါလဲဘဝ တစ်ပါးသို့ပြောင်းရင် ဒီလိုအကောင်မျိုးတွေ ဖြစ်နိုင်ပါလား။ ဘာဖြစ်လို့လဲ၊ ငါ့စိတ်တွေ

ပုတ်စပ်လို့၊ မကောင်းတဲ့ မိစ္ဆာအယူတွေ ယူပြီးတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ နေလို့ပါလား။ စားတော့အများ ခံတော့တစ်ယောက် တည်းပါလားလို့ သံဝေဂရကြပါ။

## မှန်ကန်တဲ့ အသက်မွေးမှုဖြစ်ပါစေ

ဆန်ဆိုင်တွေမှာ ဆန်ရောင်းတဲ့အခါကျတော့ ဆန်ကောင်းနဲ့၊ ဆန်ကွဲနဲ့ ရောကြတယ်။ ဆန်ကနှစ်အိတ်၊ ဆန်ကွဲကနှစ်တင်းလောက်ရောတယ်။ ဇလားထဲထည့်ပြီး ရပ်ကွက်ထဲရောင်းတာပေါ့ဗျာ။ ကလေးတွေလာဝယ် တယ်။ ဆန်ကြည့်လိုက်တော့ ဆန်ကွဲတွေနဲ့ ကြေနေတယ်။ ဒီဆန်မဝယ်ရင်လည်း သူငတ်မယ်၊ သူ့စိတ်ကလေးတစ်မျိုး ပြောင်းသွားတယ်။

ဒီဆန်တယ်ကြေပါလား၊ ရှေ့မှာလည်းဆန်ဆိုင် မမြင်ဘူး။ သူ့ဆိုင်ဘဲဝယ်ရတော့မယ်။ ဝယ်တာဝယ်ရတယ် စိတ်မကောင်းဘူး။ ဒါကြောင့် သူတစ်ဖက်သားကို စိတ်ဆင်းရဲအောင် မလုပ်ကြပါနဲ့၊ စားတော့အများ ခံတော့ တစ်ယောက်ထဲ ဒီလိုတွေဖြစ်နေကြပါတယ်။

ဘာဖြစ်ဖြစ်၊ ကိုယ်ကျင့်တရား၊ ဖြဟွစိုရ်တရား၊ သံဝေဂတရားထားကြပါ။ ဒီနေ့ကျမှ လုံချည်လေးရောင်းတယ်ဗျာ၊ တန်ဘိုးအရင်းက ၃၀၀/- လောက်ကျတယ်ဗျာ။ အမြတ်ကလေးဘယ်လောက်ယူထားတယ်ဗျာ၊ . . . ဟော. . . ကိုယ့်စီလာဝယ်ရောဗျို့ . . . အခြားဈေးသယ်နဲ့မတူဘူး အမြတ်နဲနဲယူထားတယ်။ အဆင်လေးကလဲ ကောင်းတယ်။ အဲဒါသူ့ရဲ့စေတနာ၊ ဟော့ဘယ်ဆိုင်ကဝယ်လာတာလဲ၊ ဟိုဆိုင်ကဝယ်လာပါတယ်။ အဲဒီတော့ သူ့ဆီအားလုံး လာဝယ်ကြတော့ ရောင်းရတာပေါ့ဗျာ။ သူကစေတနာကောင်းတာကိုးဗျ။ သူ့ဆိုင်ချည်းဝယ်ကြတာပေါ့။ အင်မတန်မှ အရေးကြီးပါတယ် စေတနာထားတတ်ဘို့လိုတယ်၊ နှလုံးသွင်းတတ်ဘို့လိုတယ်၊ သဘောလေးပေါ့ဗျာ။

## ကမ္မဝဋ္ဋ်ကိုမသိတော့ ကံတွေဆက်ဖြစ်နေကြတယ်

ဒီရုပ်၊ ဒီနာမ်တွေက အင်မတန်မှ ဒုက္ခပေးနေကြတာ။ ရုပ်နာမ်ကို ကိုယ်ကမသိဘူး၊ ရုပ်ကကိလေသာ၊ နာမ်ကတဏှာ၊ ဒီနှစ်ခု တွဲနေတယ်။ အဲဒီကိလေသာထဲမှာ

တဏှာရှိတယ်။ တဏှာဆိုတာ သဘောလေးပြောကြမယ် ဆိုရင် ကိုယ့်အဖေ၊ အမေ သေတာ၊ အမေ၊ အဖေကိုသွား စွဲတာ တဏှာပေါ့ဗျာ။ သမ္မာနဲ့စွဲတာနဲ့ မိစ္ဆာနဲ့စွဲတာ နှစ်မျိုး ရှိတယ်။ အရိယာက အဲဒီအစွဲတွေပြတ်သွားပြီ၊ အာရုံ ပြတ်သွားပြီ၊ သညာပယ်သွားပြီ၊ ပညာဖြစ်သွားပြီ။ ပရမတ် ဖြစ်သွားပြီ၊ ပညတ်မဟုတ်တော့ဘူး။ နေတော့ပညတ် ဘုံထဲမှာ နေတယ်၊ သူ့နှလုံးသားကို ဘယ်သူသိမလဲ။ သူ့ဟာသူ နှလုံးသွင်းပြီးတော့ အော်. . အေး. . အေး. . အေး. . . အေး၊ ဒါဘဲလုပ်နေတယ်။ ဒီတော့ အေးနေတယ်၊ ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားသလို အေးနေပြီ၊ အပူ မဟုတ်တော့ဘူး။

## ဟိုတုံးကဆို -- ပူလိုက်ရတာ -- ပူလိုက်ရတာ

အရင်တုန်းက ဒို့မနက်စာဘယ်လိုလုပ်စားရပါ့ မလဲ၊ ဆန်အိုးထဲမှာလည်း ဆန်မရှိပါလား။ ဘယ်သူကများ ဒို့ကိုခိုင်းမလဲ၊ ဒါကိုပူနေရတယ်။ ကမ္မဝဋ်ကို မသိတော့ ကံအလုပ်တွေဖြစ်နေတယ်။ ကံအလုပ်တွေကို မနောက လုပ်နေတယ်။ တွေးတောကြံစည်နေတယ်။ ကံပေမဲ့

သမ္မာကံဖြစ်ရမယ်။ သမ္မာလေးနဲ့ နေကြ၊ သမ္မာလေးနဲ့ သွားကြ၊ သမ္မာလေးနဲ့ စားကြ၊ သမ္မာလေးနဲ့ ထိုင်ကြ၊ ဘယ်သူပျက်ပျက် ကိုယ်မပျက်ပါစေနဲ့၊ ကိုယ့်စိတ်ကိုယ် ထိန်းကြပါ။ သူများစိတ်ကိုသွားမစစ်နဲ့၊ သူများအကြောင်း ကိုယ့်အကြောင်း မလုပ်ကြနဲ့၊ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ ထိလိုက်တဲ့ အကြောင်း၊ သိလိုက်တဲ့ အကြောင်း ဒီအကြောင်းတွေကို သမ္မာနဲ့ယူပါ။ မိစ္ဆာနဲ့ မယူပါနဲ့ မနောမှ အာရုံပေါ်မှာ စေတနာထားမယ်။ ဘယ်သူဘဲပျက်ပျက် ငါသည်းခံ၊ သူဘာပဲလုပ်လုပ် ငါစိတ် မဆိုးဘူး။ သည်းခံကြ၊ ဟိုကဖျက်လိုက်တာကို၊ ကိုယ်က မသိတော့၊ ကိုယ်ပါပျက်သွားရော၊ အဖျက်ရှိမှ အတက် ရှိမယ်။ ဒါတွေဟာ တရားပေးနေတာ။ ဒီအသိတရားတွေ ကို ကိုယ်ကယူတတ်ဘို့လိုတယ်။ ကံနဲ့ယူမလား၊ ဉာဏ်နဲ့ ယူမလား၊ ဉာဏ်ဆိုတာမစွဲဘူး။ ဘယ်သူ ဘာပြောပြော သူမစွဲတော့ဘူး။ အဲ ကံသမားကတော့ ပေးလေယူလေ။ ပေးလေယူလေ အဲ သာယာတာပေါ့ဗျာ။ ငွေစက္ကူတွေ ထုတ်ပေးလိုက်၊ ယူလိုက်၊ ဝမ်းသာလိုက်၊ သူများတွေ

ပေးလိုက်နဲ့၊ သူစွဲတာကိုးဗျ။ စွဲရင်ကံ၊ မစွဲရင် ဉာဏ်၊ ဒါကြောင့် သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ. . . ဆိုထားတယ်။ အရိယာသစ္စာက အာရုံမှာ ဉာဏ်ရတော့ အာရုံ့ရဲ့ သဘောကိုသိတယ် စက္ခုအာရုံ၊ သောတအာရုံ၊ ဃနအာရုံ၊ ဇိဝှါအာရုံ ကိုယ်အာရုံဆိုတဲ့ အာရုံတွေပေါ်မှာ ဘုရားက ပညတ်ထားပစ်ခဲ့တယ်။ ဒီပညတ်အာရုံကို မယူပါနဲ့တဲ့။ မနောက အဲဒီအာရုံပေါ်မှာ မလိုက်တော့ဘူးဆိုရင် အေးမယ်။ ဥပမာ-ကောက်ညှင်းထုပ်တစ်ထုပ်ဝယ်ပြီး တော့ အပြင်ကပတ်ထားတဲ့ဖက်ကို မခွာဘဲ အုတ်နံရံကို ပစ်ကြည့်ပါလား။ တစ်ခါတည်း ဘုတ်ဆိုကျလာမယ်၊ ကပ်မသွားဘူး။ ပတ်ထားတဲ့ဖက်ခွာပြီး အုတ်နံရံကိုတစ် ခါပစ်လိုက်၊ ကပ်နေမယ်၊ အဲသလိုဘဲ၊ အာရုံကို သူမယူ ဘူး၊ ဒိဋ္ဌိသေသွားရင် တဏှာလဲပြတ်တာဘဲဗျ၊ ဒိဋ္ဌိက ပညတ်ကိုလဲသွားယူတယ်၊ သွားလဲစွဲတယ်၊ စွဲရင်ကံခေါ် တယ်၊ မစွဲရင် ဉာဏ်ခေါ်တယ်။ ဉာဏ်ဆိုတာ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ ပညာဥဒါဒိ၊ အာလောကော ဥဒပါဒိ လို့ခေါ်မယ်၊ ဒီဉာဏ်ဘယ်က

ရသလဲ၊ မဂ္ဂင်ရှစ်ပါးကလာတယ်၊ လမ်းဆုံးတော့ရှာတွေ့တယ်။ အဲဒီရှာတွေ့တော့မှ. . . ဟာ. . . ထူးလိုက်တာဆိုတာ၊ ဘာပြောကောင်းမလဲ၊ ကိုယ်တိုင်ခံစားရတယ်။ အဲ့ဒီတော့ ဦးချိုးတုံး၊ ဒေါ်အုံးမေကမွေးတဲ့ ဒီရုပ်တရားကြီးရဲ့ ကိလေသာနဲ့ တဏှာတွေကို သူသိသွားပြီ။ သိတော့မှဒါတွေပယ်လိုက်တာ။ ကိလေသာရုပ်ကြီးလည်း သိပြီ။ တဏှာလည်းပယ်ပြီ၊ ဒီတော့အေးတာပေါ့ဗျာ။ ဘာနဲ့ပယ်လဲ၊ ဉာဏ်နဲ့ပယ်တယ်၊ ဉာဏ်ဆိုတာမစွဲဘူး။ ကံဆိုတာစွဲတယ်။

## သေမင်းကိုလာဘ်ထိုးလို့မရဘူး

အဲဒါလေးတွေ ကိုယ့်စိတ်ကိုယ်စစ်၊ ပြန်ကြရမှာ။ အင်မတန် ကြောက်မက်ဖွယ်ကောင်းတယ်။ မရဏသေမင်းက လာဘ် ထိုးလို့မရဘူးဗျ။ ကံကုန်ရင်သွားမှာပဲ။ ဒီမရဏသေမင်းမဦးခင်၊ ဉာဏ်လေးနဲ့ပြန်နိုင်အောင်ကြိုးစား၊ ကံနဲ့မပြန်နဲ့၊ ကံဆိုရင်(၃၁)ဘုံလည်သွားလိမ့်မယ်။ ကျိန်းသေလည်လိမ့်မယ်။ ဘာလို့လဲဆိုတော့ရုပ်နာမ်သွားစွဲနေတာကိုးဗျ။ ဉာဏ်ကမစွဲဘူး။ ဦးပဏ္ဍိတ

ပြောတာလည်း မယုံနဲ့ဦး။ ဆရာတော်၊ သမားတော်ကြီးတွေ တကယ့်အဓိပတိတွေကို မေးပါ။ အဲ . . . ဟုတ်တယ်ဆိုရင် လုပ်ကြပါ။

## အပြင်မှာစေတနာထား၊ အတွင်းမနောလဲသတ်

ခုနကလို အုန်းတုံးလည်းလျှောက်၊ လက်တန်းလည်းမဖြုတ်နဲ့၊ အပြင်အာရုံငါးပါးမှာလည်း စေတနာမပျက်နဲ့၊ ကိုယ့်စိတ်ကိုယ်စစ် အော် . . . အဓိသီလဖြစ်ပြီလား၊ အဓိစိတ္တဖြစ်ပြီလား၊ အဓိပညာဖြစ်ပြီလား၊ စစ်ကြည့်ပါ။ မဖြစ်တောင်မှ ဒီလိုလုပ်လိုက်ရင် ဒုစရိုက်(၁၀)ပါးလုံနေပြီ။ အာရုံငါးပါးလည်း လုံနေပြီ။ လူမသိ၊ သူမသိတဲ့နေရာ တရားထိုင်ပြီး ဘဝင်စိတ်ကိုသတ်ပါ။

အဲဒီဘဝင်စိတ်ကလေးမှာ တွေးစိတ်အာရုံတွေဝင်လာတတ်တယ်၊ မဝင်စေနဲ့။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်စတဲ့ငါးခုကို သတ်ပစ်လိုက်ပါ။ ဒါတွေနဲ့ အပေါင်းအသင်းမလုပ်နဲ့၊ မနောကိုသတ်၊ အဲဒါနှစ်ခုသတ်မှ ခင်ဗျားသဘောပေါက်ပါလိမ့်မယ်။ အဲဒါကို လုပ်ကြပါ။ ကိုင်ကြပါ။

## သစ္စာမှန်ရင် မေတ္တာအောင်တယ်

ဦးပဥ္စင်းက ဘာမှမတတ်တဲ့သူပါ။ ဒါဖြင့်ဦးပဏ္ဍိတကို ဘယ်သူကျွေးလဲ၊ မကျွေးလည်းမစားဘူး။ ကျွေးလည်းစားမယ်။ လူသေလို့လည်း သပိတ်မသွတ်တတ်ဘူး။ သီလလည်းမပေးတတ်ဘူး။ ပေးတတ်တဲ့ဆရာတော်ကြီးတွေကိုပေးခိုင်းပါ။ ငါစာမတတ်ဘူး။ မပေးတတ်ဘူး၊ စာကျက်ပါဆိုလည်း မကျက်တော့ပါဘူးဗျာ။ အသက်ကလည်းအိုပြီ၊ ဒါနဲ့ပဲ ကျုပ်သွားတော့မယ်တဲ့။

အဲဒီတော့ ဘယ်သူကကျွေးလဲ၊ သူ့သာဝကရှိတယ်။ ဆွေတော်ပေါင်း၊ မျိုးတော်ပေါင်းတွေလာကြတယ်။ ဟော . . . ရောဂါတွေပျောက်၊ ရေပုလင်းကဆေးဖြစ်၊ လွှက်ခြောက်ကဆေးဖြစ်၊ သောက်ကွတဲ့၊ ပျောက်တဲ့သူပျောက်တယ်။ သေတဲ့သူသေတယ်၊ သေမှာပေါ့။ ဖုတ်သမားတွေသေတယ်၊ သေမှာပေါ့။ ဖုတ်သမားတွေသေတယ်၊ ဖုတ်ပေါင်း(၉၀)ရှိတာကိုး၊ သူ့ကိုသွားကိုင်ရင် လေးရက်ငါးရက်ပဲခံတယ်၊ သေရော။ ဖုတ်ဆိုတာ မကောင်းတာဝင်နေတာ၊ အဲဒါ ဒီကကိုင်လိုက်တော့ ဖုတ်ထွက်သွားတော့ သေတာပေါ့။

လွှတ်ခြောက်လေးစားရုံနဲ့ သူ့ရောဂါတွေပျောက်တယ်၊ ဒါတွေကြောင့် သူ့ရောဂါတွေပျောက်တယ်၊ ဒါတွေကြောင့် သူပိုက်ဆံတွေရတာ။ ဒီလိုရလာတဲ့ပိုက်ဆံတွေနဲ့ သာသနာပြုတာပဲဗျို့။ တောတောင်တွေမှာ သိုက်ကလာခေါ်တယ်၊ လိုက်သွားတယ်။ ဘုရားတည်တယ်၊ ဘုရားကို အရမ်းတည်တာမဟုတ်ဘူး၊ သူကြည့်တယ်၊ ဘယ်သူကခေါ်မလဲ၊ တောင်ပိုင်လား၊ ကွင်းပိုင်လား၊ သိုက်ကလား၊ ဘယ်သူခေါ်လဲကြည့်တယ်။ နတ်တွေက ဟောဒီ လွှတ်ခြောက်ကဆေးဖြစ်အောင် သူတို့လုပ်ပေးတယ်။ ရေကဆေးဖြစ်အောင် သူတို့လုပ်ပေးတယ်။ ဒါကြောင့်ပျောက်တာ၊ ကိုယ်အကျင့်တရားမှန်တာကိုးဗျ၊ ကိုယ်သစ္စာမှန်တာကိုး၊ ဒီသစ္စာဆိုတာ ကိုယ်ပဲသိတယ်။ ဒီအာရုံကို လွှက်မလွှတ်၊ အာရုံထိန်းမထိန်းဆိုတာ ကိုယ်ပဲသိတယ်။ ဒါသစ္စာတရားတွေ၊ ဒီသစ္စာတွေမှန်လို့ မေတ္တာတွေအောင်တာပါ။

မေတ္တာတွေပေးတာ ဒကာ၊ ဒကာမတွေ လာတိုင်ပင်ကြတယ်။ ဟာ . . . ကောင်းတယ်ကွ၊ သွားကွ၊ လုပ်ကွ ကောင်းတာကိုသူပြောတယ်။ တချို့လည်း မြောင်းမြ(၆)

လမ်းက ဈေးရောင်းတဲ့ မွတ်စလင်ကုလားတွေ မိုးရွာ ကြီးထဲလာကြတယ်။ သူ့သားလေး ရေနစ်သေလို့ ကယ်ပါ ဘုရားတဲ့၊ ကလေးက (၆)လမ်းထိပ် ရေဆင်းတံတားမှာ ရေဆင်းချိုးတယ်။ ပုဆိုးကိုကမ်းပေါ်မှာ ပုံထားတာတွေ့ ရတယ်၊ လူကမတွေ့သေးဘူးတဲ့ အခုပိုက်တွေနဲ့ ရှာနေ ပါပြီ ဘုရားတဲ့၊ ကယ်ပါဘုရားတဲ့။

ဒီတော့ ဒီကစဉ်းစားတယ်၊ သူတဖက်သားစိတ် ဆင်းရဲသွားမှာစိုးလို့ ဘယ်လိုလုပ်ပြီးပြောရမလဲ။ သူစိတ် ချမ်းသာအောင် ပြောရမှာကိုး ဟဲ့မပူနဲ့၊ နင့်သားမသေ ဘူး မနက်ဖန်ဆိုရင် နင့်သားပြန်လာလိမ့်မယ်။ ပြန်လာ ရင် နင့်သားကျောင်းခေါ်လာခဲ့လို့ ရမ်းသမ်းပြီးပြော လိုက်တယ်။ ပိုက်တွေနဲ့ မရှာနဲ့တော့ ကုန်းပေါ်မှာ ကောင်းကောင်း ဘုရားရှိခိုး၊ ကောင်းကောင်းနေ၊ ဒီအပူ တွေမယူနဲ့၊ မစွဲနဲ့တဲ့။ မနက်ဖန်မနက် နင့်သားပြန်လာ လိမ့်မယ်။

ဒါနဲ့ နောက်နေ့မနက် (၈)နာရီ (၉)နာရီလောက် မွတ်စလင်ကုလားမကြီးတွေ ဝမ်းပန်းတသာနဲ့ လာကြ တယ်။ ပျောက်သွားတဲ့ ကလေးလည်း ပါလာတယ်၊

(၆)နှစ်သားအရွယ်လောက်ရှိတယ်။ မွတ်စလင်ကုလားမကြီးတွေက ဟာ. . . ဆရာတော်သိပ်ထူးတယ်။ ကျေးဇူးတင်တယ်ဆိုပြီး ရှိခိုးကြတယ်။ ဒါယုံကြည်တာကိုးဗျ၊ ဘုန်းကြီးကို ယုံကြည်တယ်။

ကလေးက ရေချိုးရင်းနဲ့ မော်တော်တစ်စင်းပေါ် တက်သွားတာ။ ရေလယ်ခေါင်ရောက်တော့ ခုန်မဆင်းနိုင်တော့ဘူး။ ဒါနဲ့ ကံကြီးရွာကို မော်တော်နဲ့ ပါသွားရော အဲဒီကံကြီးရွာမှာ တစ်ညအပ်ပြီး မိုးလင်းတော့ မြောင်းမြ ပြန်လာတယ်။ သားပြန်လာတော့ အမေက စိတ်ချမ်းသာ တာပေါ့။

## သူတပါးစိတ်ချမ်းသာစေချင်တဲ့စိတ်၊ သူ့နှလုံးသား အမြဲရှိတယ်

ဒါဘာလဲ. . . သာသနာအမျိုးမျိုး ပရိယာယ်နဲ့ ပြုရပါတယ်။ ကုလားလဲပြုရပါတယ်၊ ကရင်လဲပြုရပါ တယ်၊ တရုတ်လဲပြုရပါတယ်။ လူတဖက်သားစိတ်ချမ်း သာအောင် သူဘယ်လို လုပ်ပြောရမလဲဆိုတာ သူ့နှလုံး

သားမှာ အမြဲရှိတယ်။ ဒီစေတနာက သူ့မှာအထူးထား
တယ်။ အေး. . . အေး. . . အေး၊ အေး. . . အေး. . .
အေး ဆန်မရှိလည်းရှော့ကွာ၊ ယူသွားကွာ၊ သက်န်းမရှိ
လည်းရှော့ကွာ၊ ယူသွားကာ။ ဘာမရှိလို့ပါဘုရား ရှော့ကွာ၊
ယူသွားကွာ၊ တစ်ခါမှ မတွန့်တိုဘူး။ အဲဒီလို အပြင်မှာ
စေတနာထားပြီး အလုပ်လုပ်ပါတယ်ဗျာ။ ဒီလိုလုပ်တော့
ဉာဏ်တွေပွင့်လာတယ်။ စာမတတ်တဲ့ကောင်က
လွှက်ခြောက်ကဆေးဖြစ်၊ ရေကဇဆေးဖြစ်ကုန်ရော။
ဟော. . . သူ့ဆီအကုန်ပြုံတက်လာတာဘဲဗျို့။ မြောင်းမြ
မှာ ကျောင်းပေါင်း (၆၀)ရှိတယ်။ တစ်ကျောင်းမှ
မသွားဘူး၊ ဒီကိုလာတယ်၊ မွတ်စလင်လဲလာတယ်၊
ခရစ်ယာန်လဲလာတယ်၊ ဟိန္ဒူလဲလာတယ်၊ အကုန်လာ
တယ်။ သားနဲ့ပတ်သတ်တာ၊ သမီးနဲ့ပတ်သတ်တာ၊ ရောဂါ
နဲ့ပတ်သက်တာ လာကြတယ်။ ပျောက်တဲ့သူပျောက်တယ်၊
သေတဲ့သူသေတယ်။ အရှင်းသာ ရောဂါပျောက်မယ်ဆိုရင်
မြောင်းမြမှာ ဆေးရုံမထားနဲ့တော့၊ ဦးပဏ္ဍိတပဲ ခိုင်းပေ
တော့။

ဒါတွေဟာ ကမ္မဝဋ်ရှိတယ်၊ ဘဝဝဋ်ရှိတယ်၊ ဝိဘာဂဝဋ်ရှိတယ်။ သွေးသားနဲ့ဖြစ်တဲ့ ရောဂါရှိတယ်။ ပရောဂနဲ့ ဖြစ်တဲ့ရောဂါရှိတယ်။ ကိုယ်ကကံနိမ့်တော့ ကားတွေမှောက်၊ စက်ဘီးတွေမှောက်၊ လက်တွေကျိုး၊ ခါးတွေနာ ဖြစ်တတ်တယ်။ သွေးသားနဲ့ဖြစ်တဲ့ ရောဂါကိုတော့ ဒေါက်တာဆရာကြီးတွေနဲ့ကု၊ ပရောဂနဲ့ ပတ်သက်ဖြစ်တဲ့ရောဂါ ဦးပဏ္ဍိတဆီ အကုန်လာခဲ့။ မြွေဟောက်ကိုက်ခံရရင်လဲ ချက်ခြင်းခေါ်လာခဲ့ ဒီလိုသဘောပါ။

## သစ္စာပျက်ရင် ဆေးမဖြစ်ဘူး

ဒါဘာလဲ ဒကာ၊ ဒကာမတွေက ဦးပဏ္ဍိတကျောင်းကိုလာပြီးတော့ သက်န်းတွေလာပေးတယ်။ ထမင်းဆွမ်း၊ ကွမ်းတွေလာပို့တယ်။ မုန့်ပဲသရေစာတွေလာပို့တယ်။ ကျောင်းတွေဆောက်ပေးတယ်။ ဒါသူတို့သာသနာပါဗျာ၊ သူတို့သာသနာကို ပွင့်လင်းအောင် ဦးပဏ္ဍိတက လုပ်ပေးတာပါ။ စာတစ်လုံးမှ မတတ်ပါဘူး။ အဲဒီတော့ သီလလိုချင်ရင် ငါ့လိုလုပ်၊ ငါ့လိုကျင့်၊ ငါ့လို သီလိမ့်မယ်။ ဝိပဿနာလုပ်၊ အာရုံသတ်၊ ဒီကံကလေး

တွေက သမ္မာကံလေးတွေဖြစ်လာမယ်။ ကျောင်းမှာ အများကြီးဘဲ၊ ရှူးတဲ့သူလဲရောက်တာဘဲ၊ သူအကုန်သည်း ခံတယ်။ ရောဂါသည်တွေလာတယ်၊ ဟောပျောက်ကုန် ရောဗျို့။ ဒီတော့ ပိုက်ဆံတွေပေး၊ ဆန်အိတ်တွေပေး၊ ဒါနဲ့ သာသနာပြုတာပါဗျာ။ ဘာမှသူတတ်တာ မဟုတ် ပါဘူး။ ဒါဘာလဲ ကိုယ်ဟာအပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်၊ ခန္ဓာမှာစင်ကြယ်ရင်၊ ဉာဏ်မှာစင်ကြယ် တယ်။ အကယ်၍ အပြင်မှာ မစင်ကြယ်ဘူး၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်ရင် မနောမှာလဲ ရှုပ်ပြီ. . . မနောရှုပ်ရင် ဉာဏ်မဖြစ်တော့ဘူး၊ သစ္စာပျက် ကုန်ပြီ၊ သစ္စာပျက်တော့ဆေးဖြစ်ပါဆိုတော့လည်း မဖြစ် တော့ဘူး။ ဒီတော့၊ ဒကာ၊ ဒကာမတွေအားလုံးပေါ်မှာ မူတည်ပါတယ်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောပါ။ သူကလဲ သာသနာကို ယုံကြည်တယ်။ ဦးပဏ္ဍိတကလဲ သူပေးတဲ့ ဝတ္ထုတွေကို သိုက်ကနာမ်ကောင်တွေအတွက် ဘုရားတည်ပေးပါတယ်။ နတ်တွေကိုလဲ လုပ်ပေးတယ်။ အကုန်ရှောက်လုပ်တယ်၊ ဒါကြောင့် မြောင်းမြမြို့မှာ အုံး. . . အုံး. . . အုံး ဖြစ်နေတာ။

## စေတနာမှန်ရင် ဉာဏ်ပေါက်တယ်

ဒါတွေဟာ စာပေကျမ်းဂန် မတတ်ပေမဲ့ အသိမှန်လို့ ဒီလိုဖြစ်တာပါလားဆိုတာ အားလုံးကယုံကြည်ပါ။ ကံကိုယုံကြည်ပါ။ မကောင်းတဲ့ကံ မလုပ်ပါနဲ့၊ ကောင်းတဲ့ကံလုပ်ပါ။ ပုဗ္ဗမုဉ္စပရစေတနာဆိုတဲ့ စေတနာကံ မပျက်ပါနဲ့၊ သူတဖက်သားကို ပေးလိုက်ပါ၊ ကျွေးလိုက်ပါ၊ ကောင်းတဲ့ကံတွေဘဲ၊ မကောင်းတဲ့ကံတွေက ကျွေးရမှာစိုးလို့ ဖွက်ထားတယ်၊ မကျွေးဘူး။ ဟော . . . ဟိုလူတော့ ချကျွေးတယ်၊ ဒီကောင်တော့ ချမကျွေးဘူး၊ ဒီကောင်က ငါ့ဆဲလို့၊ ဟိုတုံးက ငါ့ကိုမတော်မတရားလုပ်လို့ ငါမကျွေးတော့ဘူး။ ဟော . . . သညာအသိကမှတ်ထားတယ်။ ဒီလိုမလုပ်ရဘူး၊ ဆဲလဲကျွေးပါ၊ မဆဲလဲကျွေးပါ။ စေတနာမှန်ပါစေ။ ဒီစေတနာမျိုးက နိဗ္ဗာန်သွားမဲ့စေတနာဘဲ။ စေတနာပျက်တာနဲ့ သီလပျက်ပြီ၊ အာရုံမနေသွားပေါင်းတာကိုးဗျ။ ဒီအာရုံမြင်တာနဲ့ မကျွေးချင်တော့ဘူး။ တမျိုးဖြစ်သွားတယ်။ အာရုံပေါ်မှာ စေတနာထားပါ။ ဒီလို ဝိသုဒ္ဓိစေတနာတွေ ထားမှသာလျှင် ခန္ဓာမှာကျင့်ကြ၊

ကြဲကြ၊ အားထုတ်ကြတဲ့အခါ ခဏလေးဘဲ မီးခဲ ပြာဖုံးဘဲ၊ ဉာဏ်ရလွယ်တယ်၊ ကိုယ်ကစေတနာ မမှန်ရင် ဘယ်လောက်ဘဲ တရားထိုင်ထိုင် ဉာဏ်မပေါ်နိုင်ဘူး အသိတော့ရမှာပေါ့ဗျာ။

အာရုံငါးပါးမှာ စေတနာဆိုတဲ့ ကံမှန်နေရင် အတွင်းမှာ ဉာဏ်ဖြစ်လိမ့်မယ်။ အဲဒီနှစ်ချက်နဲ့ ကိုယ့်စိတ် ကိုယ်စစ်ပါဗျာ။ ခန္ဓာငါးပါးရဲ့ အကြောင်းသိမှ ရုပ်နာမ် နှစ်ပါးကိုသိမယ်။ ကိလေသာနဲ့ တဏှာကိုသိမယ်။ သိတော့မှ အော်. . . ငါသိလာပါကလားဆိုတာ ကိုယ့်ဟာ ကိုယ် အမှန်သိလာတော့ ကိုယ့်ဟာကိုယ် သဘောပေါက် လာလိမ့်မယ်။ အဲဒါကို ကြိုးကြိုးစားစား လုပ်ကြပါ။

## စေတနာမှန်ကြပါစေ

ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဘာဘဲဖြစ်ဖြစ် ကိုယ် ရောင်းတာဝယ်တာကို စေတနာနဲ့ ရောင်းကြပါ။ ကိုယ့် ဆိုင်မဝယ်ဘူး၊ သူ့ဆိုင်ဘဲဝယ်တယ်ဆိုပြီး စိတ်တွေမပုပ် စပ်နဲ့။ အော်. . . အေး . . . အေး . . . အေး . . . ငါ့ကံမကောင်းလို့ဘဲ ငါ့ကံဘဲ၊ ငါ့စေတနာမှန်ဘို့လိုတယ်။

ဒီလိုစေတနာမှန်နဲ့ တရားလုပ်သွားရင် လွယ်လွယ်နဲ့ တရား ရနိုင်တယ်။ ဒီလောက်ဆို ပြီးရော့ပေါ့ဗျာ။

## ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၄၄)

## ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့တွင် မန္တလေးတိုင်း၊ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီးတွင် ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာသိခန္ဓာကျင့် ဓမ္မသစ္စာတရားတော်

### ပညတ်ကို မပါယ်ဘူး၊ မစွဲဘူး၊ သမ္မာနဲ့ပြောတာပါ

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ တောထွက်ကြီးပါ။ အသက်(၅၂)နှစ်အရွယ်လောက်မှာ ဝိပဿနာတရားကို ကျင့်ကြံပါတယ်။ ခန္ဓာငါးပါး ရုပ်နာမ်(၂)ပါးလို့ စာကရေးထားပါတယ်။ အဲဒါကို ဦးဇင်းကျင့်ပါတယ်။ အဲဒီ

တော့ ပညတ်နဲ့ ပရမတ်ရှိတယ်။ ပညတ်ကိုမပယ်ဘူး။ မစွဲဘူး။ သစ္စာနဲ့ပြောလိုက်တာ။

စာပေကျမ်းဂန်မတတ်တော့ အားလုံးဒကာကြီး၊ ဒကာမကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေ၊ သာမဏေတွေအားလုံး စာမတတ်တဲ့အတွက် တောင်းပန်ပါတယ်။ အားလုံးရှိကြတဲ့ ဆရာတော်ကြီးတွေ သံဃာတော်အရှင်မြတ်တွေ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။ ခန္ဓာသိကို ဟောပါ့မယ်။

အားလုံး ဒကာ-ဒကာမတွေ၊ အသိတရားတွေ နာယူခဲ့ကြတဲ့ ပုဂ္ဂိုလ်များလည်း ဦးပဏ္ဍိတက စာမတတ်တဲ့အတွက် မှားယွင်းတာရှိရင် ခွင့်လွှတ်ပါ။ ဦးဇင်းရဲ့အသိလေး ပြောသွားပါမယ်။

## သံသရာဘာကြောင့်လည်လဲ၊ တဏှာကြောင့်လည်တယ်

စာကရေးထားပါတယ်။ ဘုရားဟောအရပေါ့။ ကံတရားရှိတယ်တဲ့။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုပြီး ရေးထားပါတယ်။ ကံဆိုတာကိုယ်ပြုလုပ်တဲ့ကံရှိသလို၊

ကိုယ်မပြုလုပ်တဲ့ ကံလည်းရှိတယ်။ ကံတော့ကံပဲ မတူဘူး။ ကံဆိုတာ ဘာကြောင့်ကံလို့ခေါ်သလဲ။ အစွဲဥပါဒါန်ကြောင့် ကံလို့ခေါ်တယ်။ သူစွဲရင် သူလုပ်မယ်။ ပညတ်ကို သူသွားလုပ်မယ်။ ဘုရားပညတ်ထားခဲ့တဲ့ ဟာကို သူလုပ်မယ်။ သူ့ပေါ်မှာမူတည်ပါတယ်။ ဒါအစွဲတရားဆိုတဲ့ အသိလေး ပါပဲ။ ဒါကြောင့် ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ် တဲ့ကံရှိတယ်။ အဲဒီကိုယ်မပြုလုပ်တဲ့ကံက သံသရာလည်တယ်။ ဘာကြောင့်လည်သလဲ။ တဏှာကြောင့်လည်တယ်။ တဏှာဆိုတာ သာယာတာပေါ့ဗျာ။ သွားစွဲလမ်းလို့သာယာလိုက်တာပေါ့။ အဲဒီတဏှာက ဘယ်ကလာသလဲ။ ကိလေသာက လာတာ။ ကိလေသ နဲ့ တဏှာက တွဲနေတဲ့သဘောလေးပါပဲ။ အဲဒါ ခင်ဗျားတို့ ပေါ်မှာ မူတည်တယ်။

## သညာကကိုယ့်ကိုဒုက္ခပေးတာ

ကာယကံ၊ ဝစီကံ ရှောင်ထားလို့ရတယ်။ မနောကံ ဆိုတဲ့ အစွဲဥပါဒါန်ဟာ တွေးကြည့်ပေ့ါဗျာ ရှောင်လို့ ရသလားလို့ ဗျာပါဒလို့ ပါဠိလိုရေးထားတယ် အဲဒါအစွဲ

ပဲ၊ သားသေလဲ ဥပါဒါန်တွေ ဗျာပါဒတွေဖြစ်လိုက်၊ စီးပွားရေးမကောင်းတော့လဲ ဗျာပါဒ ဥပါဒါန်တွေဖြစ်လိုက် သောကပရိဒေဝတွေ တောက်လောင်ပြီးနေတော့တာပဲ အဲဒါအစွဲကြောင့်။ အဲဒါ ပစ္စုပ္ပန် တဲ့တဲ့ကြည့်၊ အရှေ့လဲ မမျှော်နဲ့ နောက်လဲမတွေးနဲ့ မြင်တာကိုသိ၊ ကြားတာကို သိ ဘာနဲ့သိသလဲ။ မိရိုးဖလာရဲ့အမှတ်နဲ့ သိတာဗျို့ ပါဠိလို သညာလို့ခေါ်တယ်။ အဲဒီအမှတ်သညာက ကိုယ့်ကို ဒုက္ခပေးတာပဲဗျို့ ဥပါဒါန် ဖြစ်စေတယ်။

## အစွဲကိုသမ္မာလေးနဲ့ယူပါ

စာကရေးထားတယ် သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စတဲ့၊ ဘုရားက ကံကိုဟောထားတယ်။ ဥပဒါန်ကံကို ဟောတာ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတဲ့၊ ဒီရုပ်ကြီးက အိုမယ်၊ စိတ်ကမအိုဘူး၊ စိတ်မဆင်းရဲပါစေနဲ့၊ စိတ်ဆင်းရဲတယ်ဆိုတာ ဘာလို့လဲ၊ သွားစွဲတာကိုး၊ သောကပရိဒေဝဆိုတဲ့ မနောက အာရုံ ငါးပါး မလွတ်တဲ့အတွက်ကြောင့် သင်္ခါရတွေဖြစ်တယ်၊ ဒီသင်္ခါရတရားကိုရအောင်လုပ်ရမယ်၊ ဒီအစွဲတွေကို

ဘာတွေနဲ့ယူထားသလဲ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာ ဒိဋ္ဌိတွေနဲ့ ယူထားကြတယ်၊ အဲဒီအစွဲကို သမ္မာလေးနဲ့ ယူပါဗျာ။

## အတိစ္စာဗျာပါဒဟာ ဒိဋ္ဌိကြောင့်ဖြစ်တယ်

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သီလ ပြည့်စုံပြီးတော့ အပြင်ပညတ်မှာ သမ္မာလေးနဲ့ နှလုံး သွင်းပါဗျာ၊ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသလို ကိုယ့်သား မယားလဲ ချေချေငံငံ ယဉ်ယဉ်ကျေးကျေးနဲ့ စကား ပြောပါ။ နှလုံးသားက စေတနာမှန်ပါစေ၊ အဓိပတိ စေတနာမှန်ပါစေ၊ စေတနာပါမှ အပြင်မှာ စင်ကြယ် မယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်၊ ဒါကြောင့် ကိုယ့်စိတ်ကိုယ် စစ်ကြပါ၊ ဘာနဲ့စစ်မလဲ၊ မဂ္ဂင် နဲ့စစ်ပါ။ မဂ္ဂင်နဲ့စစ်တဲ့အခါမှာ တရားထိုင်တဲ့အခါ တရား နှလုံး သွင်းတဲ့အခါ ကာယကံ(၃)ပါး ဝစီကံ(၄)ပါး မနောကံ (၃)ပါးဆိုတဲ့ ဒုစရိုက်(၁၀)ပါးကို ဘယ်ဟာကို ခင်ဗျား

သတ်မလဲ အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိကို သတ်ရမယ် အဲဒီ အဘိဇ္ဈာနဲ့ ဗျာပါဒဘာကြောင့် ဖြစ်ရသလဲ ဒိဋ္ဌိကြောင့် ဖြစ်ရတာ၊ ဒိဋ္ဌိဆိုတာ ပါဠိစကား၊ အမှန်က အာရုံငါးပါးကို ယူထားတဲ့အတွက်ကြောင့်၊ ဒေါမနဿကာ၊ သောမနဿ ကာ၊ အကုသိုလ်ကာ ကုသိုလ်ကာ၊ လောဘ ဒေါသ တဏှာ မာန ဒိဋ္ဌိဖြစ်ကုန်တယ်။ မနောကာ ဖြစ်သွားတာ အာရုံ ကြောင့် မနော ဒါတွေဟာ သံသရာ လည်တဲ့တရားတွေပဲ။

## ပညာပိုင်းရောက်အောင်လုပ်ပါ

အဲဒီတော့ ကိုယ့်စိတ်ကိုစစ်ရမယ်၊ ဝိပဿနာ မဂ္ဂင်(၈)ပါးနဲ့ စစ်ပါ။ စစ်တဲ့အခါ စာကရေးထားတယ် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်၊ သိက္ခာ(၃) ပါးခေါ်မှာပေါ့။ အဲဒီသိက္ခာ (၃)ပါးကို စာနဲ့ရေးထား ပြန်တယ်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဆိုထားတယ်။ အဲဒီတော့ ပညာပိုင်းကို ရောက်အောင်လုပ်ပါ။ သညာ ပိုင်းကို ပါယ်လိုက်ပါ။ သညာပိုင်းကို ဘယ်လိုပါယ်ပြီး၊ ပညာပိုင်းကို ဘယ်လိုရောက်တယ်ဆိုတဲ့ သဘောလေးကို

ဦးဇင်းပြောပြမယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တ သတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်လို့ ဘုရားက ဟောထားတယ်။ ကျင့်ဖွယ်ကိစ္စကဘာတွေလဲ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား၊ အဲဒီဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ခန္ဓာမှာ ဒိုးလို့မွှေ၊ ရေလိုနှောက်၊ ခန္ဓာငါးပါးကို မွှေပါ။ ဒါမှ ရုပ်နာမ်ကိုသိလိမ့်မယ်။ ရုပ်နာမ်ကိုသိချင်လို့ ဒီတရားတွေကိုလုပ်တာပါ။

## မနောသတ်ရင် ကာယ၊ ဝစီကအပြင်မှာ စင်ကြယ်လာပြီ

အဲဒီတော့ ကာယသတိပဋ္ဌာန်ကို ဘယ်လိုအယူနဲ့ယူသလဲ သမုတိသစ္စာနဲ့ ယူပါတယ်။ ကာယသတိပဋ္ဌာန်ဟာ ဗမာလို ဘာခေါ်သလဲဆိုတော့ ဒုစရိုက်(၁၀)ပါး၊ အဲဒီတော့ ဗျာပါဒရယ် အဘိဇ္ဈာရယ်၊ မိစ္ဆာဒိဋ္ဌိရယ် အဲဒီ(၃)ခုကို သတ်မယ်။ မနောကိုသတ်မယ်။ အဲဒီမနောသတ်ရင် ကာယကံ၊ ဝစီကံက အပြင်မှာ စင်ကြယ်လာပြီ၊ အာရုံငါးပါးကိုပယ်ပြီ မြင်ချင်လား . . . မမြင်ချင်ဘူး စားချင်လား . . . မစားချင်ဘူး သိချင်လား . . .

မသိချင်ဘူး ကြားချင်လား . . . မကြားချင်ဘူး အာရုံတွေကိုလဲပါယ်ပြီ ဝစီကံကလဲ ရေတောင် မသောက်တော့ဘူး။ ကာယကံ ဝစီကံ မနောကံ အားလုံးကို သမ္မာလေးနဲ့ ယူထားလိုက်တယ် အဲဒီလိုလုပ်လိုက်တဲ့အခါမှာ ကာယသတိပဋ္ဌာန်နဲ့ညီပြီ၊ မိမိရဲ့ ဒီဘဝင်အသိ လေးက နှာသီးနှာဖျားဝမှာ ဝင်လေထွက်လေဆိုတဲ့ ဒလစဉ် ဒလစပ် အမြဲရှိတယ် စားလဲရှိတာဘဲ၊ အိပ်လဲရှိ တာဘဲ အမူမဲ့အမှတ်မဲ့ ဒါကိုမယူဘဲနဲ့ စက္ခုအာရုံကိုယူလိုက်၊ နားသောအာရုံကိုယူလိုက်၊ အကုန်လျှောက်ယူနေကြ တယ်။ ဒါကြောင့် ဝင်လေထွက်လေဆိုတဲ့ နှာသီးနှာဖျားဝ ကဟာကို ထိတာကရုပ်၊ သိတာကနာမ် အသိလေး ကပ်ထားရမယ်။

## စိတ်ကနေဓာတ်ဖြစ်သွားမှ သဘာဝတရားသိပြီ

အဲဒီအယူလေးက ကာယသတိပဋ္ဌာန်၊ ကံတရား တွေပါယ်ပြီနော်။ အကြမ်းစားကံကြီးလဲပါယ်ပြီ၊ အနုသယ ကံလေးတွေကိုလည်းပါယ်ပြီ အဲဒီအနုသယကို သညာနဲ့ ပါယ်သလား။ ပညာနဲ့ပါယ်သလား ဒီနေရာမှာ အရေးကြီး

တယ်။ အဲဒီတော့ ထိတယ်သိတယ်ဆိုတာ မိမိ ရဲ့ သညာ အသိဘဲရှိသေးလို့ (၃၁)ဘုံမလွတ်တဲ့ အတ္တအစွဲ၊ အဲဒီကံ ဖြစ်နေသေးတယ်။ ဝေဒနာသတိပဋ္ဌာန်မှာလဲ မိမိရဲ့ အသိနဲ့ သညာအသိဖြစ်နေသေးရင် (၃၁)ဘုံ မလွတ်သေး ဘူး၊ ဝေဒနာမခံနိုင်လို့ တွန့်တက်လိမ်နေတယ်၊ ကောက် ကက်လိမ်နေတာဘဲ အဲဒါသညာသိဖြစ်နေသေးလို့ ပညာ သိ မဟုတ်သေးဘူး ဒါပေမဲ့ သူကကျင့်နေတာဘဲ ဝေဒနာ လွတ်အောင် သူလုပ်နေတယ် ပညာသိကူးမှ စိတ်ကနေ ဓာတ်ဖြစ်သွားမှ သဘာဝသဘောတရားလေး သိသွားပြီ။

အဲဒီစိတ်ကနေ ဓာတ်ဖြစ်သွားတော့မှ ပညတ်ချုပ်၊ ပရမတ်ချုပ်(၂)ခု ချုပ်သွားပြီ၊ သဘောပေါက်သွားပြီ ကျင့်တဲ့ကိစ္စ သဘောပေါက်သွားပြီကွ၊ အချို့ကျတော့ ပညတ်လည်းမချုပ်ဘူး ပရမတ်လဲ မချုပ်ဘူး၊ ကံတွေဖြစ် နေကြတယ် အာရုံလဲ မလွတ်ဘူး အဖေသေလဲပူရ၊ အမေသေလဲပူရ၊ သားသေလဲပူရ စာတွေကျက်လို့မရလို့ စိတ်ဆင်းရဲလို့ပူရ၊ တွေ့လား၊ အဲဒါ သစ္စာတွေနော်၊ ဒီနေ့ စာမေးပွဲဖြေရတယ် စာတွေကျက် မရဘူး မေးခွန်းတွေလဲ

မဖြေနိုင်ဘူး စိတ်ဆင်းရဲတယ်။ ပူတယ် ဒါဥပါဒါန်တရား တွေပဲ ဒါ(၃၁)ဘုံလည်တဲ့ တရားတွေပဲ။

## ကျင့်ပြီးလို့ သဘောပေါက်သွားပြီ

ဒါကြောင့် သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ လို့စာကရေးထား ပါတယ်။

အရိယာသစ္စာဆိုတာ အာရုံနောက် မနောက မလိုက်တော့ဘူး ဉာဏ်ရလို့ အာရုံကိုသိတာ ထုတ်ပြပါ ဆိုလို့ ဘယ်လိုလုပ် ထုတ်ပြရမလဲ ထုတ်ပြလို့မရဘူးဗျ။ အဲမယုံပါဘူးဆိုရင်လဲ။ ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဓ သာသနာ(၃)ရပ်ရှိတယ်။ အရှင်ဘုရားရဲ့ တရားက မကိုက်ညီဘူး။ သက်န်းချွတ်ပေးပါဆိုရင် အခုချွတ်ပေး လိုက်မယ်။ ပုဆိုး အကျီဝတ်သွားမယ် ကျင့်ပြီးပြီ သူသဘောပေါက်သွားပြီ။

## နာမ်သေမှုအေးမှာ

ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ခနမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေမစွဲနဲ့။ မလုပ်နဲ့လို့ မပြောဘူး။ မစွဲကြနဲ့။ စာမေးပွဲဖြေတာ မအောင်တော့ စိတ်ဆင်းရဲတယ်၊ ဒါဥပါဒါန်တွေပဲ၊ ၃၁ ဘုံမလွတ်ဘူး လောကီစိတ်တွေခေါ်တယ်။ လောကုတ္တရာကိုမသိဘူး ဆရာကောင်းကလဲမရှိဘူး။ သဘောလေးဟောတာ။ လောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိဖြစ်နေကြတယ်။ အာရုံကြောင့်မနောကဖြစ်နေတာ အာရုံကိုအမှတ်နဲ့ယူထားတာ ငါမြင်တယ်၊ ငါကြားတယ်၊ ငါသိတယ် ငါ့မိန်းမငါ့အိမ်ငါကား ဟုတ်တာပေါ့။ ခင်ဗျားဘက်ကမှန်ပါတယ်။ ဒါကြောင့်မို့ ပညတ်တရား၊ လောကီအာရုံ၊ လောကုတ္တရာအာရုံရှိတယ်နော် သဘောလေးတွေ၊ ပြန်ကြရမှာ ရုပ်ကအိုမယ် စိတ်ကမအိုဘူး စိတ်ကိုပြောတာ စိတ္တာတဏှာနံ ခယမဇ္ဈကစိတ္တရှင်စော

ဘုရားဟောတဲ့၊ ဘုရားက စိတ်ဟောသွားတာ၊ အဲဒါ စိတ်မှာ တဏှာပါနေတယ်၊ ငါပါနေတယ်၊ အဲဒီငါမပါ မှ နာမ်သေမှ ခင်ဗျားအေးမှာ အဲဒီနာမ်က ခင်ဗျားကိုခိုင်း နေတာ။

## ပညတ်စာကိုတော့မတတ်ပါဘူး၊
## ပရမတ်ကိုမေးပါ၊ ဖြေပါ့မယ်

နာမ်ဆိုတာက မြင်တော့သိတယ်၊ အမှတ်နဲ့ သိ တယ် ထွေးခံလို့သိတယ် မမှတ်ဘူးလား မှတ်ပါတယ် ဘုရား။ အဲဒီလိုထွေးခံလို့ မှတ်တဲ့အသိဒါလေး မသာယာ ဘူးလား သာယာပါတယ်ဘုရား၊ အဲဒါတဏှာမသိလို့ ဒါတွေအား လုံးပေါင်းဆုံလိုက်တဲ့အခါမှာ၊ သွားစွဲလိုက်တဲ့ အခါမှာ အဲဒါကို နာမ်လို့ခေါ်တယ်။ အဲဒီနာမ်က ဘယ်က လာသလဲ၊ ရုပ်ပေါ်ကလာတာ၊ ကိလေသာ ရုပ်ကိုမသတ် ဘူး။ အဲဒီတော့ နာမ်မသေဘူး ရုပ်ကိုမသတ်ဘူး အဲဒီ တော့ နာမ်မသေဘူး ရုပ်ကိုလဲမသိဘူး၊ ရုပ်နာမ်မသိရင် အဝိဇ္ဇာ၊ ဒါတွေဟာ အင်မတန်မှ ခက်ခဲနက်နဲ ပါတယ် ဂမ္ဘီယဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉ္စဒပါဒ်၊ အာသဝေါ ဥဒပါဒ်၊

ဉာဏာဥဒပါဒိလို့ စာရေးထားတယ်။အဲဒါကို ဆရာတော်ကြီးတွေ၊ သမားတော်ကြီးတွေ၊ သံဃာတော် အရှင်မြတ်တွေကို မေးပါ ပညတ်တရား၊ ပရမတ်တရားရှိသလားတဲ့ ရှိရင် ပရမတ်တရားကိုမေး၊ မေးလို့မဖြေနိုင်ရင်၊ သယ်န်းချွတ်ပေးလိုက်မယ်၊ နောက်သိလိမ့်မယ်၊ ငါမလိမ်ပါဘူး။ သစ္စာထားပါ တယ်ကွာ။ စာတော့ မတက်ဘူး။ အားလုံးကို ရှိခိုးပါတယ်။ ဘာလို့ရှိခိုးလဲဆိုတော့ ရှိကြတဲ့လူတွေ ဘုရား-တရား-သံဃာကို ယုံကြည်ကြပါ မင်းရဲ့ စေတနာကို ငါချီး ကျူးတယ်။ မင်းဟာ ထူးပါတယ်ကွာ လေးစား ပါတယ် ကွာ၊ ဒါကိုရှိခိုးတာပါ။

## အတ္တကိုပယ်၊ အနတ္တကိုနှလုံးသွင်းပါ

အဲဒီတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတာရှိတယ်။ အဓိသီလဆိုတာ ခင်ဗျားတို့တရားထိုင်ပါ ထိုင်တဲ့အခါ အာရုံငါးပါးကို မပေါင်းတော့ဘူး ဒုစရိုက် (၁၀)ပါးကိုပါယ်ပြီး အတ္တကိုလဲပါယ်ပြီး အနတ္တ တရားကို နှလုံးသွင်းနေပြီ။ ထိတာကရုပ်၊ သိတာကနာမ်လို့ သိနေ။ အဲဒီလို တဒင်္ဂလုပ်နေတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟ

ချုပ်ငြိမ်းနေတယ်ဗျို့။ အဲဒါကိုအဓိသီလ လို့ခေါ်တယ်။ အဲဒီသီလက အသက်(၁၀၀)နေတာ ထက်မြတ်တယ်။ ဒါပေမဲ့ ဉာဏ်မပေါက်သေးတော့ လိုသေးတယ်။ ဉာဏ်ပေါက်သွားရင်တော့ ထူးတာပေါ့ ဒါပေမဲ့ အာရုံငါးပါးကိုလဲ သတ်ထားတယ်။ အတ္တအယူ၊ သက္ကာယအယူ၊ ဒုစရိုက်အယူ၊ ဒိဋ္ဌိအယူကိုလဲ ပါယ်ထား တယ်။ ပြီးတော့ အနတ္တကိုသိအောင် လုပ်နေတယ် အဲဒါ အသက်(၁၀၀) နေတာ ထက်မြတ်တယ်။

## အရိယာဘက်ရောက်ရင် နဘယ်ဘေးမရှိ

အဲဒီလိုလုပ်တော့ အာရောဂျ၊ ပရမံလာဘံ ကျန်းမာရေးလာဘ်ရတယ်။ အရိယာဘက်ရောက်သွားရင် နဘယ်ဘေးမရှိတော့ဘူး။ နတ်က စောင့်ရှောက်ရတယ်။ ဘာလို့လဲဆိုတော့ နတ်က(၃၁)ဘုံ မလွတ်သေးဘူးဗျ။ အဲဒါတွေကို ကျင့်ကြပါ။ ကိုယ့်ကိုယ်အားကိုးပါ။ သူများ သွားပြီး အားမကိုးနဲ့။ ကိုယ့်ကိုယ်ယုံကြည်ပါ။ ဒီက စာမတတ်ဘူး ဒါကိုကျင့်လာတာ လုပ်လာတာ။ အခုဖွင့်ပြော သွားပြီ အချိန်မရွေးသယ်န်းချတ်ပေးပါဆိုရင် ချတ်ပေး ပါတယ်။ ဟော သူပြောသွားပြန်ပြီ ဒါပေမဲ့ ငါကတော့

မင်းတို့ရဲ့ စေတနာအရ သဒ္ဓါအရ သက်န်းဝတ်စေချင်တဲ့ ဆန္ဒကြောင့် ငါသယ်န်းဝတ်တာပါ ကွာ ဒီသယ်န်းလေး ဝတ်လိုက်တဲ့အခါမှာ ပရိဘောဂစေတီ၊ ဓါတုစေတီ၊ ဥဒ္ဒိသစေတီ၊ ဓမ္မစေတီစတဲ့ စေတီတွေတည် ပေးနိုင်တာပေါ့ကွာ။

## စေတနာတန်းတူထားနိုင်ရမယ်

ဒကာ၊ ဒကာမတွေက ဦးပဏ္ဍိတကို လှူကြတယ် ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ် ညောင်ပင်ကြီးလောက်လှူလည်း ညောင်စေ့လောက်ရမယ်။ အဲဒါဘာလဲ စေတနာပဲဗျို့။ ခင်ဗျားရဲ့ စေတနာတွေ အယုတ်အလတ်အမြတ်မရွေးတော့ဘူး လူမျိုးမရွေးဘူး စေတနာတန်းတူထားနိုင်တယ်ဆိုရင် အဲဒါခင်ဗျားစိတ် ခင်ဗျာသိသွားပြီ အဲဒါ(၃၁)ဘုံလွတ်တဲ့ စိတ်ခေါ်တယ်။ ကျောသားရင်သားမခွဲဘဲ စေတနာထားတယ် အဲဒါကို ပညာစေတနာခေါ်တယ်ဗျို့၊ သညာစေတနာက မှတ်တယ် ဒါငါ့သမီး၊ ဟိုဟာ ငါ့သမီးမဟုတ်ဘူး ခွဲခြားလိုက်ပြီး ငါ့သမီးတော့ တဏှာနဲ့ ကျွေးလိုက်တယ်၊ ဟိုသမီးတော့ ဘယာစေတနာနဲ့ ကျွေးလိုက်တယ်၊ ဟိုက

သမီးတော့ သဒ္ဓါစေတနာ၊ ပကာသနစေတနာ၊ တဏှာစေတနာ၊ အဓိပတိစေတနာဆိုပြီး ရှိတယ်။ အဓိပတိစေတနာမှ ဖြတ်တယ် အဲဒီစေတနာရှိဖို့ ပြောသွားတာ၊ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

ဝိသုဒ္ဓိ ဓမ္မသစ္စာတရားတော်အမှတ် (၄၅)

## ၂၀၀၀ ခုနှစ်၊
## အောက်တိုဘာ(၁၆)ရက်နေ့တွင်
## ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်
## ကျိုက္ကဆံဘုရားတွင် ရောဝတီတိုင်း
## မြောင်းမြမြို့ ဝိသုဒ္ဓိဆရာတော်ဘုရားကြီး
## ဟောကြားတော်မူခဲ့သော
## ခန္ဓာကျင့်၊ ခန္ဓာသိ ဓမ္မသစ္စာတရားတော်

### ဦးပဏ္ဍိတ စာမတတ်ပါ

ဦးဇင်းက စာပေကျမ်းဂန်မတတ်ပါဘူး တောထွက်ကြီးပါ။ ငယ်ဖြူမဟုတ်ပါဘူး ငယ်စဉ်က ကျောင်းစာကို မသင်ခဲ့တော့ စာမတက်ပါဘူး ဒါကြောင့် ဆရာတော်သံဃာတော်များက ဦးဇင်းပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်

ပါလို့ တောင်းပန်ပါတယ်။ ဒကာ၊ ဒကာမ (၇)ရက်သား သမီးများကလည်း ဦးပဏ္ဍိတ စာမတတ်လို့ ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်ပါ။

## စာနဲ့ ခန္ဓာနဲ့ တိုက်ကြည့်ပါ

ကံတရား ရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ် တရားရှိတယ်လို့ စာကရေးထားပါတယ်။ သဘော လောက်အသိလေးကကို ဦးဇင်းပြောပါ့မယ်။ ခန္ဓာကသိတဲ့ အသိလေးနဲ့ စာနဲ့ တိုက်ကြည့်တာပေါ့ဗျာ။

## အာရုံငါးပါးနဲ့ မနောပေါင်းရင် သံသရာလည်တယ်

ဘုရားက ကာယကံ၊ ဝစီကံ၊ မနောကံလို့ ဟောထားတယ်။ ကာယကံ (၃)ပါး ရှိတယ်။ အဲဒီကံ ဘာကြောင့်ဖြစ်ရလဲ။ သိရမယ်။ ဝစီကံ (၄)ပါးရှိတယ်။ မနောကံ (၃)ပါးရှိတယ်။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိလို့ ဆိုထားတယ်။ ပေါင်းလိုက်တော့ ဒုစရိုက်ကံ (၁၀)ပါးလို့ ခေါ်တယ်။ အဲဒီ(၁၀)ပါးမှာ ဘယ်ကသံသရာလည်လဲဆို တာ ကိုယ့်စိတ်ကိုစစ်လိုက် ဘယ်ကံက အဘိဇ္ဈာဖြစ်ရတာ

လဲ။ ဘယ်ကံကဗျာပါဒဖြစ်ရတာလဲသိဖို့ လိုပါတယ်။ ဘာကြောင့် ဒီကံဟာ သံသရာလည်သလဲ အာရုံငါးပါးနဲ့ ပေါင်းလို့လည်တာ ဒါကြောင့် ကံတရားလို့ခေါ်ပါတယ်။

## ခန္ဓာမှာ ဉာဏ်စိုက်ပါ

ဘုရားက ဟောထားတယ်။ သင်္ခတသင်္ခါရ အနိစ္စ၊ ဒုက္ခ၊ အနတ္တတဲ့။ ဒါကြောင့် ခန္ဓာမှာဉာဏ်စိုက်ပေ တော့။ အဲဒီလို ဉာဏ်စိုက်တဲ့အခါကျတော့ စာပေကျမ်း ဂန်က ရေးထားတယ်။ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရား။ သမုဒယသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား။ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏အမှန်တရားဆိုတာ အကျိုးနှင့် အကြောင်း ရုပ်အကျိုးနာမ်အကြောင်းဆိုတဲ့ အကျိုး တရားကိုသိမှ အကြောင်းသိရမှာကိုး၊ ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်းအမှန်တရားဖြစ်တဲ့ ရုပ်တရားကို ဟောပြီဗျို့။ နာတတ်ဖို့လိုတယ်။ ဘာလဲဆိုတော့ ရုပ်တရား ဆိုတာ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေရှိတယ်။ အဲဒီရုပ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့လည်းဆိုထားတယ်။ အဲဒီတော့ မနာခင်၊ မသေခင်မှာ သိရမယ်။ သိရင်ပယ် မယ်၊ ပယ်ရင်

မဂ်ဆိုက်ဖိုလ်ဆိုက်ဖြစ်မယ်။ သိ-ပယ်-ဆိုက်- ပွားလို့ စာကရေးထားတယ်။

## ရုပ်အကျိုးနာမ်အကြောင်း

ဒုက္ခသစ္စာဟာ ဘာကြောင့်ဖြစ်ရလဲ။ ဥပမာ ပြောမယ်ဆိုရင် တွေ့တဲ့လူက မတွေ့သေးတဲ့လူတွေကို ဟောတာ။ ဒါပေမဲ့ ဦးပဏ္ဍိတရတယ်မပြောဘူး။ ဘုရားမပြောဘူး။ ရဟန္တာမပြောဘူး။ အနာဂါမ်မပြောဘူး။ သကဒါဂါမ်မပြောဘူး။ သောတာပန်မပြောဘူး။ စိတ်ကို ပြောတာ။ ဒီတော့ ရုပ်တရားကြီးက ဒုက္ခသစ္စာတဲ့။ ဘုရားကဟောထားတယ်။ အိုရအုံးမယ်၊ နာရအုံးမယ်၊ သေရအုံးမယ်၊ ဟော - ရုပ်နာမ်ပါလာတယ်ဗျို့။ အမယ်လေး သွားတွေက ကိုက်လိုက်တာ၊ အကျိုးဖြစ်တဲ့ ရုပ်တရားကြီးက ဖောက်ပြန်လာတော့ အကြောင်းနာမ်တရားက ခံစားတယ်ဗျို့။ သိမှုလေးကခံစားတယ်။ 'မခံသာမှန်ပါဘိ။ ဒီတရားခံသာလျှင် သံသရာကြောမျောလိမ့်မယ် အများ' တဲ့။ မခံနိုင်ဘူးဗျို့။

အဲဒီရုပ်အကျိုးကြောင့် အကြောင်းဥပါဒါန်ဖြစ်လာတယ်ဗျို့။ ဥပါဒါန်ဆိုတာကံပဲ။ ရုပ်တရားကြီးပေါ့ဗျာ။ အမယ်လေး . . ဗိုက်ကအောင့်လိုက်တာ၊ နာလိုက်တာ၊ ဟောရုပ်က ဖောက်ပြန်လာတယ်။ အဲဒီလို ဖောက်ပြန်တော့ နာမ်ကခံစားတယ်ဗျို့။ သညာ သင်္ခါရ ဥပါဒါန်ဆိုတော့ မခံနိုင်တော့ဘူး။ ဒါဘာလဲဗျာပါဒကိုခေါ်တယ်။ စိုးရိမ်ကြောင့်ကြတာပေါ့။ ရုပ်အကျိုးပေါ်မှာ အကြောင်းဖြစ်လာတယ်။ ဗျာပါဒဆိုတဲ့စိုးရိမ်စိတ် ဖြစ်လာတယ်။ ဘေးကလူတွေကလည်းကြည့်ပြီး စိတ်မကောင်းကြဘူး။ ခံရတဲ့လူကလည်း မချိမဆန့်ခံရတာနော်။ သဘောလေးပေါ့ဗျာ။ အဲဒီရုပ်က ဖောက်နေတာနော်။ ဒါကြောင့် ရုပ်အကျိုးနာမ်အကြောင်း အကျိုးနဲ့အကြောင်းသာဖြစ်တယ်။ အဲဒီတော့ အလယ်ကသွားတဲ့။ အလယ်ကသွားရင် ကိုယ့်အသိမှန်ဖို့လိုတယ်။ ဒါကိုမဇ္ဈိမပဋိပဒါလမ်းလို့ပြောတာပဲ။

## မနောအာရုံနဲ့မပေါင်းနဲ့

အဲဒီတော့ အကြောင်းနဲ့အကျိုးလွတ်အောင်ခင်ဗျားဘာလုပ်ရမလဲဆိုတော့ ဝိပဿနာလုပ်၊ ဝိပဿနာ

ရဲ့ တရားက ကာယသတိပဋ္ဌာန်ဆိုတဲ့ သတိပဋ္ဌာန်(၄)ပါး ရှိတယ်။ ခန္ဓာမှာ ကံတွေဖြစ်နေတဲ့အတွက် ခန္ဓာဉာဏ်စိုက် လိုက် ကံတရားရှိတယ်။ ဈာန်တရားရှိတယ်။ ဉာဏ်တရား ရှိတယ်။ မနော မနော၊ ဒီမနောနဲ့ အာရုံကိုမပေါင်းနဲ့။

## အကြောင်းသတ်ဖို့လိုတယ်

ခုနက ရုပ်ပေါ်မှာဗျာပါဒဖြစ်နေပြီ။ စိုးရိမ် ကြောင့်ကြနေပြီ။ အမယ်လေး . . နားကကိုက်လိုက်တာ ဗိုက်ကအောင့်လိုက်တာ။ ဟော . . ရုပ်အကျိုးပေါ်မှာ အကြောင်းဖြစ်လာတယ်ဗျို့။ စိုးရိမ်ကြောင့်ကြ ဗျာပါဒ တွေ ဖြစ်ကုန်ပြီပေါ့ဗျာ။ ရုပ်ကြီးရဲ့ဒုက္ခသစ္စာမှန်း မသိ တော့ ဒီလိုဖြစ်ကုန်ရော။ အကျိုးမသတ်တော့ အကြောင်း မရပ်တော့ဘူးဗျို့။ အကျိုးသတ်မှ အကြောင်းပြတ်တာ ပေါ့ဗျာ။

ဒီတော့ ကမ္မဝဋ် ဘဝဋ် ဝိဘာဂဝဋ်တဲ့ ဘုရား ဟောထားတယ်။ ကမ္မဝဋ်ဆိုတာ ဘာလဲ။ အော်. . ငါ့ရဲ့ အတိတ်ကံကမလွတ်ခဲ့တော့ မနုဿတ္တ ဘာဝေါ ဒုလ္လဘော။ ဒီလူ့ဘဝရောက်ရခဲ့ပြီ။ ကံနော်။ ကမ္မဝဋ်နော်။

အတိတ်ကလှူခဲ့တယ်။ တန်းခဲ့တယ်။ ဒါနမျိုးစေ့တွေ ကောင်းခဲ့တယ်။ တရားတွေနာခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ လူ့ဘဝ ရောက်ခဲ့ပါလား။ အဲဒီကံက တစ်မျိုး၊ ယခုဘဝ ဒီကံက တစ်မျိုး၊ ဒီကံက စပါးတွေရိတ်ပြီး အသက်မွေးရတယ်၊ တောထဲမှာ ဖက်ရွက်ခူးပြီး ရောင်းရတယ်။ ဒီကံကတစ်မျိုး ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ကံချင်း၊ အသိချင်း မတူဘူး။ စေတနာချင်းမတူဘူး ဒီတော့ သွားရမယ့်ဘုံ ချင်းလည်း မတူနိုင်ဘူး။ (၃၁)ဘုံကို သွားကြမှာပဲ။ ဦးပဏ္ဍိတကလည်း သွားမှာပဲ။ ခင်ဗျားတို့လည်း သွားကြ မှာပဲ။ ဒီအကျိုးတရားရဲ့ ဒုက္ခသစ္စာကို အကြောင်းသတ်ဖို့ လိုတယ်။

## ဉာဏ်ရတော့ အေးတာပေါ့

မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့ အကြောင်း၊ နံလိုက်တဲ့ အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ သိလိုက်တဲ့ အကြောင်းငါးပါးကို ဘဝင်နဲ့ မပေါင်းနဲ့။ ပေါင်းရင်တော့ ဥပါဒါန်ဖြစ်တတ်တယ်။ ဥပါ ဒါန်ဖြစ်ရင် သောမနဿကံ၊ ဒေါမနဿကံ၊ အကုသိုလ် ကံ၊ ကုသိုလ်ကံ၊ ဟောကံတွေ

ဖြစ်ကုန်ရော။ ဘယ်ကံလဲ မနော၊ အာရုံမှာကျက်စားတယ်၊ သင်္ခါရတွေပေါ့။ ဒီသင်္ခါရ ဘာလဲ။ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့။ ကံတွေပေါ့။ ဒီကံကိုသတ်ချင်တယ်။ ဘာလုပ်ရမလဲ။ ဒါနောက်ဆုံး ဘဝဖြစ်တော့ အကျိုးနှင့် အကြောင်းကိုမြင်အောင်ရှုမယ်။ အကျိုးနဲ့အကြောင်း ဆိုတာ ရုပ်၊ နာမ်ခေါ်တယ်။ အဲဒီ ရုပ်နာမ်လွတ်သွားရင် အေးတာပေါ့ဗျာ။ ရုပ်နာမ်ကို ဥပေက္ခာသွားပြီ၊ အေးသွား ပြီ။ ဉာဏ်ရတော့အေးတာပေါ့။ ဥပါဒါန်သူ့မှာ မရှိတော့ ဘူး။

## သုညတနိဗ္ဗာန်

ဗိုက်ထဲမှာ ရေခဲတုံးကြီးထည့်ထားရသလိုဘဲ အေးနေတာ၊ အဲဒါအခုဘဝရတဲ့ သုညတနိဗ္ဗာန်တဲ့ စာကရေးထားတယ်။ အဲဒီတော့ အကျိုးတရားကိုသတ် ရင် အကြောင်းတရားပြတ်တယ်။ အကျိုးတရားမှမသတ် ရင် အကြောင်းတရားမပြတ်ဘူးဗျို့. ဘာမပြတ်သလဲ ကိလေသာကဘာလဲ ရုပ်တရား၊ တဏှာကနာမ်တရား မနောကဖြစ်တာ၊ ငါတဏှာပြတ်သွားပြီလို့ပါးစပ်ကတော့

ဘယ်ပြောမလဲဗျ၊ တဏှာဆိုတာဥပမာ-ခင်များပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုကိုသူတစ်ပါးကယူသွားရော မြင်တော့သိတယ်။ အဲဒီနှစ်ခုဖြစ်သွားတော့ပစ္စည်းကိုစွဲလမ်းတာတဏှာ၊ တဏှာကြောင့်ဒေါသဖြစ်တာကမာန်၊ အယူများအမှတ်မှားအစွဲမှားတာက ဒိဋ္ဌိပေါ့ဗျာ၊ စာလိုဆိုရင်တော့ သက္ကာယဒိဋ္ဌိတဲ့ငါမြင်တယ်ကွ ငါနားကြားလို့ငါသိတာကွ ဒေါသတွေဖြစ်ကုန်တာပဲ အဲဒီတော့အတွင်းသီလပျက်တယ်ဗျို့။ အပြင်ကိုယူလိုက်လို့ အပါယ်ပိတ်မဲ့အတွင်းသီလပျက်ကုန်ရော အပြင်သီလကအကာခေါ်တယ်။ အတွင်းသီလက အနှစ်ခေါ်တယ်။ ကိုယ့်စိတ်ကိုယ်စစ်၊ ဘယ်သူပဲပျက်ပျက်ကိုယ်မပျက်နဲ့။ စေတနာမပျက်နဲ့။ အာရုံကြောင့် ပျက်တတ်တယ်။ ခင်ဗျားပစ္စည်းယူသွားရင် ယူတဲ့သူကို ခင်ဗျားမုန်းမှာပေါ့။ စေတနာပျက်ပြီလေ။ အဲဒီစေတနာက ဝိသုဒ္ဓိမဖြစ်တော့ဘူး။ အာရုံကြောင့် ဝိရုပ်တိဖြစ်ကုန်ရောဗျို့။ ဝိရုပ်တိမဖြစ်အောင် အာရုံနဲ့မပေါင်းနဲ့။

## မဂ်အလုပ်လုပ်တော့ ဉာဏ်ရတာပေါ့

သဗ္ဗေအားလုံးသော သင်္ခါရအနိစ္စ သဗ္ဗေဆိုတာ အကုန်ပါတယ်။ (၃၁)ဘုံကိုဟောထားတယ်။ ကံကိုဟော ထားတာ ဘယ်ကံလဲ။ မနောကံ၊ ကိုယ်နဲ့ရင်းရှာမှ ဒုက္ခ သစ္စာနဲ့ သမုဒယသစ္စာ၊ အဲဒီ(၂)ခုပေါ်တယ်ဗျို့။ မဂ်က ဖော်ပေးတာ။ မဂ်အလုပ်လုပ်တော့ ဉာဏ်ရတာပေါ့။ မဂ်ဉာဏ်ရတယ်လို့ခေါ်တယ်။ ပေါ်တော့မှပယ်တာ၊ ပယ်တော့မှ နိရောဓနဲ့ မဂ်ဆိုက်တာပေါ့။ အဲဒီသစ္စာ(၄) ပါးခေါ်တယ်။ ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်းအမှန်တရား ကို သိအောင် သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံရတယ်။ အားထုတ်ရတယ်။ နှလုံးသွင်းရတယ်။ ကာယသတိပဋ္ဌာန် မှာ ဘာသစ္စာထားရမလဲ။ သမုတိသစ္စာထား။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံ(၃)ကံမှာ အသီးတစ်ရာအညှာ တစ်ခုဆိုသလို အညှာကိုဖြတ်ပစ်။ ကာယကံ၊ ဝစီကံ မဖြစ် တော့ဘူး။ စာကိုပျံ့အောင်တတ်ပေမယ့် ခန္ဓာကို သိဖို့လို တယ်။ ခန္ဓာသိမှ ခံစားလို့ရတယ်။ စာအသိကတော့ မှန်ပါ တယ်။ စာမတတ်လို့ပြောတာမဟုတ်ဘူး။ စာရှိလို့ ဒီတရား ကို ကျင့်လို့ရတာ။ လမ်းတိုသွားတာ၊ လမ်းရှည်ကသွားတာ မဟုတ်ဘူး။

## ရှောင်တဲ့တရားနဲ့ ဆောင်တဲ့တရား

ဒီတော့သူအလုပ်လုပ်တယ်။ ကာယသတိပဋ္ဌာန်၊ သမ္ပဇဉ်သစ္စာမှာ သစ္စာထားတယ်ဗျို့။ ကာယကံ ဝစီကံ မနောကံ စတဲ့ ကံ(၁၀)ပါးကို တစ်ပါးစီလိုက်ပြီးတော့ ရှောင်နေရင် ငါတော့မလွယ်ဘူး။ ငါဆောင်ထားမှပဲ။ ဟော ဘာဆောင်သလဲ။ သတိပဋ္ဌာန်လေးပါးက ဆောင် လိမ့်မယ်။ ရှောင်ထားတဲ့တရားနဲ့ ဆောင်ထားတဲ့တရား အဲဒါခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ သဘောလေးပဲ ပြောပြမယ်။ ကာယသတိပဋ္ဌာန်မှာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ဒုစရိုက်(၁၀)ပါးကို တစ်ခုစီ မသတ်တော့ ဘူး။ ဒီတော့ ငါမနောကံကိုသတ်မယ်။ အာရုံငါးပါးလည်း သတ်မယ်။ အပြင်အာရုံငါးပါးနဲ့ အတွင်းအာရုံကိုလည်း သတ်မယ်။ အဲဒီတော့ တည်ကြည်တာပေါ့ (ရှူးရှဲ)[၇] တရား ထိုင်တာပေါ့။ လောကီအမြင်အာရုံနဲ့ အတွင်းအာရုံပေါင်း သလား။ မပေါင်းဘူး။ မနောမှာ အဓိစိတ္တဖြစ်ပြီ၊ စိတ်ကလေးငြိမ်နေပြီ။ ဘယ်မှာငြိမ်သလဲ။ နှာသီး နှာဖျားဝမှာ ငြိမ်တယ်။ နှာသီးဝက ဝင်လေ၊ ထွက်လေ လေးကို ဒလစင်ဒလစပ်သိနေတယ်။ ထမင်းစားလည်း

ဒီဝင်လေထွက်လေရှိနေတယ်။ သတိမမူဘူး။ အဲဒီဝင်လေထွက်လေကို မမှတ်ဘဲနဲ့ အာရုံတွေနဲ့ပေါင်း။ မျက်စိနဲ့ပေါင်းလိုက်။ နားနဲ့ပေါင်းလိုက်။ အကုန်လျှောက်ပေါင်းကုန်ရော။ ဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်ကုန်တာပဲဗျို့။

## အဓိပညာဆိုတာ လောကကိုသိတာ အဲဒါပညာခေါ်တယ်

ဒါအနုသယကိုပြောတာ မနောနဲ့ အာရုံနဲ့ပေါင်းလို့သံသရာလည်တဲ့တရားကို ပြောနေတာ၊ သံသရာရပ်အောင်လုပ်။ အခုဘဝရပ်ရင် နောင်အနာ ဂတ်လည်းရပ်မယ်။ ကမ္မဝဋ်မပါတော့ဘူး။ ဘဝဝဋ်ဘာကြောင့်လွတ်သလဲ။ ကမ္မဝဋ်ကိုဖြတ်လို့၊ ဝိဘာဝဋ်လည်း မပါတော့ဘူး။ အဲဒီတော့ နိရောဓနဲ့မဂ်ရောက်မှ ခင်ဗျားသိမှာပေါ့။ အခုနေတော့ ဘယ်သိမလဲ။ အခုတော့ အပြင်သီလကို စင်ကြယ်အောင် အမြဲထိန်းထားရမယ်။ အပြင်သီလစင်ကြယ်မှ အတွင်းသီလငြိမ်တယ်။ အတွင်းသီလငြိမ်ရင် ပညာပိုင်းကိုကူးမယ်။ ဒါကြောင့် အဓိသီလ၊

အဓိစိတ္တ၊ အဓိပညာဆိုထားတယ်။ အဓိပညာဆိုတာ လောကကိုသိတာ။ အဲဒါပညာခေါ်တယ်။ ခင်ဗျားတို့သိတာက သညာနဲ့သိထားတဲ့အသိ။ အမှတ်နဲ့သိထားတာ။ ဟိုကဉာဏ်နဲ့သိထားတဲ့ပညာ။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ 'စက္ခုဥဒပါဒိအာလောကော ဥဒပါဒိ ဉာဏဥဒပါဒိ'တဲ့ ဘုရားဟောထားတယ်။

## ဘင်ဇွန်းဆိုတာ ရုပ်နာမ်လွတ်သွားတယ်

ဒီဉာဏ်က အာသဝက္ခယဉာဏ်လို့ ခေါ်တယ်။ ဦးပဏ္ဍိတရတယ်လို့မပြောဘူး။ ခင်ဗျားတို့လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သူသိတာပြောမယ်။ ခန္ဓာသိတော့ ပြောမယ်ဗျို့။ စာကတော့ ငယ်စဉ်တောင်ကျေးက မသင်ခဲ့ရလို့ မတတ်ပါဘူးလို့ ဝန်ခံထားတယ်။ တောထွက်ကြီးပါ။ ငယ်ဖြူမဟုတ်ပါဘူး။ ငယ်ငယ်က ရှင်သာမဏေဘဝကတည်းက စာဝါတွေလိုက်ပြီး စာသင်ပြီးဖြစ်လာတဲ့ ရဟန်းမဟုတ်ဘူး။ ကျောင်းထိုင်ဆရာတော် မဟုတ်ပါဘူး။ ဝန်ခံထားလိုက်ပြီ။ ကိုယ့်အလုပ်ကိုယ်လုပ်တယ်။ ကိုယ်အလုပ်မှန်ဖို့လိုတယ်။ ဘာလုပ်သလဲ

ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တာသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်။ ဒါလုပ်တယ်။ ဒီဒုက္ခသစ္စာဆိုတဲ့ အကျိုးတရားဟာ အခုတော့ ငုတ်နေတာပေါ့။ အကြောင်းပေါ်လာတော့ ကိလေသာဖြစ်တတ်တယ်။ ဗျာပါဒ ဥပါဒါန်တွေဖြစ်တတ်တယ်။ ဒါဟာ သံသရာလည်တဲ့စိတ်တွေခေါ်တယ်။ သံသရာအခုလည်ရင် အနာဂါတ်လည်းလည်မှာပဲ။ အခုသံသရာပြတ်ရင် နောင်လည်းပြတ်မှာပဲ။ ဧကောဓမ္မော ဘယ်ကလာလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည်ခန္ဓာမှာ စတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဒါတွေအရေးကြီးတယ်။ ခင်ဗျားတို့ဆရာတော် ဦးကဝိက ဟောသွားတယ်။ ဘင်စွန်းဖြစ်အောင်ကြည့်တဲ့။ အဲဒါ အရိယာစကားကြီး ရုပ်နာမ်လွတ်ရင်တော့ ဝိညာဏ်ဆိုတဲ့ နိဗ္ဗာန်ဓာတ်ရောက်သွားပြီ။ ဘင်စွန်းဆိုတာ ရုပ်နာမ်လွတ်သွားတာကို ပြောတာ။ သဘောလေးနာကြ။

## နဘယံဆေးမရှိ အနာမဲ့သူရှင်ပါကူ

ခင်ဗျားတို့ ရုပ်နာမ်လွတ်သလား ဆိုတော့ ကြည့်စမ်း။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ မသိကြဘူး။ ဒုက္ခသစ္စာကို ကြားသာကြားဖူးတယ်။ ခန္ဓာမှာ ဉာဏ်မစိုက်ဘူး။ ဒုက္ခသစ္စာဆိုတော့ ဟောခန္ဓာကြီးမှာ အနာတွေ ပေါက်တယ်။ ကိုယ်တယ်။ ရုပ်က ဖောက်ပြန်တော့ သိမှုဆိုတဲ့နာမ်ကခံစားတယ်။ အဲဒီလိုသိမှုကခံစားတော့ မခံသာ မှန်ပါဘိ။ ဒီတရားခံသာလျှင် သံသရာကြော မျှောလိမ့်အများ။ အကျိုးကြောင့်အကြောင်းဖြစ်လာရော။ အကြောင်းလည်း မသတ်ဘူးဗျို့။ အဲဒီတော့ ဘာအားကိုးလဲ။ ဆေးရုံပဲအားကိုးတယ်။ ဒေါက်တာတွေအားကိုးတယ်။ တစ်သိန်း၊ နှစ်သိန်း၊ လေးသိန်းကုန်ရော လျှောက်လုပ်နေကြတယ်။ မှန်တာပေါ့ဗျာ။ သိပ်မှန်တယ်။ ဉာဏ်ရသွားတဲ့ ပုဂ္ဂိုလ်တွေမှာ နယဘံဘေးမရှိတဲ့။ အနာမဲ့သူရှင်ပါကူတဲ့ စာကရေးထားတယ်။ ဟော သူ့မှာ ဘာအနာမှ ဘာရောဂါမှမရှိဘူး။ ကြည့်ပါဦး။ ဘာလို့လဲ။ ကျင့်ထားတာကိုးဗျ။ အဲဒီတော့ ကျင့်ကြပါ။ မအို၊ မနာ၊ မသေခင် မရဏာ သေမင်းမဦးခင် ဉာဏ်ဦးအောင်ရှာ၊ ခန္ဓာကရတဲ့ဉာဏ်က

ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ ဉာဏဥဒပါဒိ ဆိုတဲ့ လောကုတ္တရာဉာဏ်တွေ ခင်ဗျားသိတာက လောကီဉာဏ်တွေ။

## အနတ္တဆိုတာ သဘာဝသဘောတရားပဲ

အဲဒါ စိန္တာမယဉာဏ်လား ဘာလားတော့ မပြောတတ်ဘူး။ လောကီဉာဏ်ရှိသလို လောကုတ္တရာဉာဏ်လည်းရှိတယ်။ ပညာဆိုတာက သတိပဋ္ဌာန်ကို ကျင့်လို့ သူသိသွားတာ။ သညာအမှတ်နဲ့ သိတာမဟုတ်ဘူး။ လွတ်သွားပြီ။ ပညာနဲ့သိတဲ့ဉာဏ်။ အခုခင်ဗျားတို့ သညာနဲ့သိတာက ဟောဒါမိန်းမကွ။ ယောကျ်ားကွ။ ကြောင်ကွ၊ ကြက်ကွ၊ ခွဲခြားပြီးသိတာ။ ငါကတော့ သဘောပေါက်ပြီ။ အယုတ်အလတ်အမြတ်မရွေးဘူး၊ မခွဲခြားတော့ဘူးကွာတဲ့ ငါ့ဆီလာကြတယ်။ ငါကလည်း ဟောပြောပြပါတယ်ကွာတဲ့။ လူမျိုးမရွေးဘာသာမရွေး လာချင်တဲ့သူလာကြတဲ့။ သူ့ကိုလည်း အသိလေးတွေပြောပြတယ်ကွာတဲ့။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကိုသနားပါ။ ကိုယ်ကျင့်

တရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ ရာဇမန်တွေ၊ ခနမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်၊ ငါမာန်၊ စာမာန်တွေမစွဲနဲ့။ မလုပ်နဲ့။ မပြောဘူး။ မစွဲနဲ့။ ဒါတွေအားမကိုးကြနဲ့။ လောကီကြောင်းတွေကွ။ အဲဒါတွေအားကိုးများနေတယ်ကွ။ လောကုတ္တရာမှာ ဒုက္ခကိုမြင်အောင်ကြည့်။ အနိစ္စကို မုန်းအောင်ရှု။ အနတ္တဆုံးအောင်သိ။ မင်းရုပ်က အနတ္တ။ အဲဒီနာမ်ကလည်း အနတ္တ။ အဲသဘောလေး အနတ္တကိုရောက်အောင်သွား။ အနိစ္စကဘာလဲ။ အာရုံဟာမမြဲပါလား။ ဒုက္ခဆိုတာ ခန္ဓာကိုခေါ်ပါလား။ အဲဒီနှစ်ခုကျွတ်မှ အနတ္တဆိုတဲ့ သဘာဝသဘောတရားကို သိမယ်။

## ဓမ္မဓါတ်ရမှ ခင်ဗျားတို့ထူးမှာ

စာကရေးထားတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတဲ့ အတွင်းမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓါတ်။ အဲဒါ ဘုရားကျင့်တဲ့ဓာတ်တွေ။ ဟုတ်တာပေါ့ဗျာ။ အပြင်က ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ ဓါတ်တွေက ကိလေသာဓါတ်တွေ။ သေချာလေးမှတ်ထား။ ကိလေသာက

ဖြစ်လာတဲ့ဓါတ်တွေ။ ဓမ္မဓါတ်ရမှ ခင်ဗျားထူးမှာ။ ဓမ္မဓါတ်ဆိုတာဘာလဲ။ စာတော့မတတ်ဘူးနော်။ ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဓမ္မဓါတ်ဆိုတာ နွေ၊ မိုး၊ ဆောင်း ရာသီတွေ ပြောင်းလဲတတ်တယ်။ ရုပ်ကလည်းဖောက်ပြန် တယ်။ နာမ်ကလည်း ခံစားတယ်။ သဘာဝသဘော တရား သူ့သဘောသူဆောင်နေတဲ့ အနတ္တကိုသိတယ်။ အဲဒီတော့မှ ဓါတ်တွေသိမယ်။ ဒီကိလေသာဓါတ်ရှိရင် တဏှာကကပ်နေပြီ။ ဟော တဏှာကသံသရာလည်တာ။ သံယောဇဉ်ဆိုတာ စွဲလမ်းတာခေါ်တယ်။

## အာရုံမလွှတ်ရင် ကံပဲ သံသရာလည်တယ်

ဘဝအဆက်ဆက် အရိုးတောင်လိုပုံတယ်တဲ့၊ အဲဒါကြည့်ပေတော့ ကံကိုး၊ အဲဒါ ကြက်ကလဲကံ ဝက်က လဲကံ၊ ဟော သူကံနဲ့ကိုယ့်ကံမတူးဘူးဗျ ကံတွေဟောတာ၊ အပါယ်လေးဘုံကလဲ ဟုတ်တယ် ရုပ်ပြစ်ရှစ်ပါးလဲ ဟုတ်တယ် ဟုတ်တယ်တဲ့ ငါတော့ သိသွားပြီ၊ အရင်လိုမ မိုက်တော့ဘူး မလိမ်တော့ဘူး မလုတော့ဘူး ဒုစရိုက်(၁၀) ပါးလဲ ငါမလုပ်တော့ဘူး မကောင်းတဲ့ စာရိတ္တလဲ မလုပ်

တော့ဘူး ဒီတော့ ကိုယ့်ကိုယ်ကိုသိရော ကိုယ့်ကိုယ် ကိုသိမှ ကိုယ့်ကိုယ်ကိုပယ်တာ ကံနဲ့ပယ်လို့ကတော့ ခင်ဗျား ပယ်တာလဲ ပယ်ပေါ့ ဘာနဲ့ပယ်လဲ ခင်ဗျားစာနဲ့ ပယ်တာ၊ ကာယကံ ဝစီကံ ဒီ၂ခုတော့ ပယ်လို့ရတာပေါ့ မနောကံ ကျတော့ ပယ်လိုမရဘူး သူ့အပေါ်မှာမူတည် တယ် အာရုံမှမလွတ်ရင် အဲဒီကံက သံသရာလည်တယ်ဗျို့ ရှောင်ထားတဲ့တရားနဲ့ ဆောင်ထားတဲ့တရား အရေး ကြီးတယ်။

## သူ့စေတနာက နိဗ္ဗာန်သွားတဲ့စေတနာ

ကိုယ့်မိဘလို သဘောထားတယ် ကျင့်ကြံကြပါ အားထုတ်ကြပါ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကုလား၊ ကရင်၊ ဗမာ အတူတူပဲ တစ်ခုထဲပဲ စေတနာထား အေး အေး လာကွာ အေး အေး အဲသူ့စေတနာက နိဗ္ဗာန်သွားမဲ့ စေတနာ၊ ဥာဏ်စေတနာ ကံစေတနာမဟုတ်ဘူး။ ကံစေတနာက သူဆီကကိုယ်မျှော်ကိုးပြီး လုပ်တာ၊ သူကလဲကံ ကိုယ်ကလဲကံ၊ ဟော ဦးပဏ္ဍိတ စာမှမတတ် တာကိုး စာမတတ်တော့ သဘောပဲပြောပြမယ် ဦးပဏ္ဍိတ

ကလူပျိုဗျ ဟော အပျိုကလေးလာတော့ လာပါကွာ၊ စားပါ၊ သောက်ပါ စေတနာတွေက အပြင်မှာ ပေါ်လွင်နေတယ်။ မနောကဖောက်ပြန်နေတာနော် ဒါပေါ့ဗျာ။

## ပညာနဲ့ယှဉ်တဲ့စေတနာမှ နိဗ္ဗာန်သွားမှာ

ပကာသနစေတနာ အဓိပတိစေတနာ စေတနာ (၄)မျိုးရှိတယ် သီလလဲ(၄)မျိုးရှိတယ် သဒ္ဓါကလည်း (၄) မျိုးရှိတယ် ပုထုစဉ်စေတနာကတော့ တွေ့ဆက်ခေါ်တယ်၊ ပျက်သွားတတ်တဲ့ စေတနာခေါ်တယ် သညာနဲ့ယှဉ်တဲ့ စေတနာအမှတ်နဲ့ ယှဉ်တဲ့စေတနာတွေက စိတ်မချရ ဘူး ပညာနဲ့ယှဉ်တဲ့စေတနာမှ နိဗ္ဗာန်သွားမှာ အဲဒီပညာ ဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါးကို ခေါ်တာ အဲဒါကို အဆီအနှစ်ထုတ်လိုက်တော့ ဧကော ဓမ္မောဖြစ် တယ်။ အဲဒါဘယ်ကလာလဲ ရုပ်နာမ်ပေါ်က လာတယ် နိဗ္ဗာန်သည်ခန္ဓာမှစတယ် ခန္ဓမှာဆုံးတယ် သီလမှာချုပ် တယ် ဦးပဏ္ဍိတကစာမတတ်ဘူး သက်န်း ချွတ်ပေးဆိုရင် ချွတ်ပေးလိုက်မယ် ဒါဟာ ပဋိဒေဝလို့ ခေါ်တယ်၊ ဒီသက်န်းဝတ်ထားတော့ ပဋိဝေဒပြုလို့ရတယ်။

## ကိုယ့်စိတ်ကိုစစ်ပြီးမှ ရဟန်းဝတ်တာ

ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ အရေတော်ကို ဝတ်ထားတာ မဟုတ်တာမလုပ်ဘူး သင်္ကန်းဝတ်ရင် ငါသည်ငါရဲ့စွမ်းအား သတ္တိဘယ်လောက်ရှိလဲ ကျင့်ကြံတဲ့ သတိပဋ္ဌာန်က ဘယ်လိုလဲ ငါဘယ်လိုနေလဲ ဒါသစ္စာ ထားတယ်၊ ဒါအရိယာသစ္စာ၊ အဲဒီသင်္ကန်းဝတ်မှ ပဋိဝေဓ ဆိုက်တာ ကိုယ့်စိတ်ကို စစ်ပြီးမှ ရဟန်းဝတ်တာ တကာ၊ တကာမများက ရဟန်းတက်ပါ ပြောတယ်။ ငါစာမတတ် ဘူး။ ငါမလုပ်ပါရစေနဲ့ ကိုရင်နဲ့ပဲနေတယ်။ တပည့်တော် တို့အားလုံးဆန္ဒအရ ရဟန်း ဘောင်တက်ပါဘုရား ဒကာ ဒကာမများရဲ့ အလိုဆန္ဒ သဘောကို လိုက်လို့ရဟန်း တတ်လိုက်တာ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ ပဋိဝေဓ သာသနာကို လုပ်ပေးချင်လို့ ဝတ်တာ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဆိုတဲ့ သံသရာ(၃)ရပ်မှာ။ ပဋိဝေဓသာသနာ ဖော်ထုတ် ပေးတာ၊ ကံတရားတွေ ဖြစ်နေကြပြီ ဒါတွေဟာ အရေးကြီးပါတယ် ခင်ဗျားတို့အပေါ် မူတည်တယ်။

## မြေလျှောက် ရဟန္တာတွေရှိတယ်

ဒကာ ဒကာမများက အားကိုးတယ် သံဃာတော် အရှင်မြတ်တို့ ဘယ်သံဃာပဲဖြစ်ဖြစ် အားကိုးကြတယ် သံဃိကလဲ လှူလိုက်တယ်၊ ပုဂ္ဂလိကလဲ လှူလိုက်တယ်၊ သူ့မှာအားကိုးကြတယ် အားကိုးမှားနေတယ် သံဃာ ဆိုတာ ပဋိဝေဒဆိုက်တဲ့ သံဃာရှိတယ်၊ ထုတ်တော့မပြော ဘူးဗျ မြေလျှောက် ရဟန္တာတွေရှိတယ်။ ရုပ်နာမ်သိပြီဌလေ၊ မနောရဲ့ ဝိညာဏ်လေးဟာ ဘယ်ရောက်တယ်ဆိုတာ၊ ဒါဟာ ကံ၊ ကတ္တား၊ တြိယာဆိုတဲ့အတိုင်း ပိုင်းခြားထား တယ် ရုပ်နာမ်ကို သိထားတာဘယ်သူသိမလဲ တို့လိုလူပဲ ထင်ကြတာ စာမတတ်ပါလား၊ တို့လိုလူပါလား၊ ဟုတ်တာ ပေါ့ အပြင်ပညတ်ကြည့်တာကိုး ပရမတ်ရဲ့သဘော ခတ်သဘောဆိုတာတွေကို မသိဘူး။

## ကံစိတ်ဥတု အာဟာရကို ဓါတ်နဲ့ရှုတော့ ဓမ္မဖြစ်တယ်

ဒါကြောင့် တကာ၊ တကာမတွေက ရဟန်းသံဃာတွေကို အားကိုးတယ်၊ ရဟန်းမြင်ရင် အနားကပ်ပြီး ကိုယ်စားမယ့် မုန့်လေးတောင် လှူတယ်၊ ဘယ်လောက် သနားဖို့ကောင်းသလဲ၊ ဒီလူတွေကို ကယ်ရမယ်၊ ဒါကြောင့် ရေပုံးနဲ့ ကြိုးလိုပဲ ရေတွင်းက(၁၀)တောင်လောက် နက်တယ်၊ ကိုယ့်မှာက ပုံးပဲရှိတယ် ကြိုးမရှိဘူး ဒီတော့ ရေခပ်လို့မရဘူး ပုံးကခန္ဓာ ဝန်ခေါ်တယ် ဒကာ ဒကာမတွေက ကြိုးတွေလှူတယ် ပုံးကိုကြိုးချည်ပြီး ရေခပ်ရတယ် ရေပုံးကအလိုအလျောက် တက်မလာဘူး ကိုယ့်အားကို သုံးပြီး ဆွဲတင်ရတယ်။ ရေရတော့ သောက်ရတာပေါ့၊ သောက်တော့အေးသွားတာပေါ့၊ ဟော မနောဓါတ် အေးကုန်ရောဗျို့၊ ဒီဓါတ်ဘယ်ကရသလဲ၊ ဒကာ ဒကာမတွေက ကြိုးလှူကြတယ်၊ သင်္ကန်းတွေပေးတယ်၊ ထမင်းကျွေးတယ် လိုချင်တာ အကုန်ဖြည့်ပေးတယ်၊ ငါကတော့ ပုံးဆိုတော့ ခန္ဓာဝန်၊ ကံစိတ်ဥတု အာဟာရကို ဓါတ်နဲ့

ရှုတော့ ခမ္မဖြစ်တာပေါ့၊ အဲဒီတော့ သူ့မှာအကျိုး ဘယ်လောက်ရှိလဲ။

## မဂ်မျိုးစေ့ချပေးတာ

ဒီတရားက သစ္စာဆိုလည်း ဒီခန္ဓာမှာရှိတယ်။ ဒီတရားက သီလဆိုလည်း ဒီခန္ဓာမှာရှိတယ်။ ဒီတရားက ပညာဆိုလည်း ဒီခန္ဓာမှာရှိတယ်။ မကောင်းတဲ့ အကုသိုလ် မိစ္ဆာအယူလည်း ဒီခန္ဓာမှာရှိတယ်။ သမ္မာ အယူကလည်း ဒီခန္ဓာမှာရှိတယ်။ ခန္ဓာမှာရှိတော့ ခန္ဓာမှာ အရင်ရှာ။ ပြီးမှ စာကိုသွား။ အခုတော့ စာကိုအရင်ရှာ ပြီးတော့ ခန္ဓာမှာမရှာကြဘဲ။ ပဋိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ လို့ စာကရေးထားပြီ။ ဘယ်လိုလုပ်ကြမလဲ။ အဲဒါပေါ့ဗျာ၊ ကြည့်တာနေ။ တစ်နေ့ သွားရမှာ ဒီရုပ်ကအိုမယ်၊ နာမယ်၊ သေမယ်၊ စိတ်က မအိုဘူး။ စိတ်ကို ပြောသွားတာ။ "စိတ္တတဏှာနာမ်ခယပစ္စက၊ စိတ်သာရှင်စောဘုရား ဟော "တဲ့။ ဒကာ၊ ဒကာမများက သိပ်အားကိုးတယ်။ လှူလိုက်တာ၊ ကျောင်းဆောက်လိုက်၊ ရေစင်တွေရေကန် တွေလှူလိုက်။ သံဃိကလှူတယ်၊ ပုဂ္ဂလိကလှူတယ်။

အားကိုးကြတာ။ ကိုယ်ကလည်းမှန်ပါစေ။ နောက်ကလိုက်တဲ့ ဒကာ၊ ဒကာမတွေကိုလည်း မှဂ်မျိုးစေ့ရအောင်လုပ်ပေးလိုက်။ သီလရတာ၊ မရတာသူ့အကြောင်း။ မျိုးစေ့ရဖို့လိုတယ်။ အဲဒီမျိုးစေ့ကိုချတတ်ဖို့လိုတယ်။ သံဃာတော်အရှင်မြတ်တွေက အဲဒီမျိုးစေ့ကိုချပေးတာ။

## ပဋိဝေဓဆိုတာ သူများအတွက်ကယ်တာ

'ဘယ်နှဝါရပြီလဲ'။ 'တပည့်တော် သုံးဝါတည်းပါဘုရား'၊ အရှင်ဘုရား ဖူးခွင့်ပြုပါဘုရား၊ တပည့်တော်တောထွက်ကြီးပါဘုရား၊ ဒုလ္လကြီးပါဘုရား' လို့ ဝန်ခံပေးလိုက်ပြီ။ မင်းကမေးရင် ငါကဖြေမယ်။ ငါကလည်း ပြန်မေးမယ်။ ငါမေးလို့ မင်းမဖြေနိုင်ရင် ငါပြုတဲ့ပဋိဝေဓသာသနာမင်းဝင်မရှုပ်နဲ့။ အားလုံးသူ စိတ်ချမ်းသာအောင် ဝန်ခံပေးလိုက်ပြီ။ မင်းက သက်နိုး ချွတ်ခိုင်းရင် ငါအခုချွတ်ပေးလိုက်မယ်။ ငါ့အတွက်ကတော့လုပ်ပြီးပြီတဲ့။ ပဋိဝေဓဆိုတဲ့ သူများအတွက် ငါကယ်တာကွ။ စာကရေးထားတယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ ပရမတ္ထသစ္စာ၊ သဘာဝသစ္စာ၊ အရိယာသစ္စာ။ အဲဒါ

မင်းသိသလား။ ကြားဖူးသလားတဲ့။ ပြောစမ်းတဲ့။ ကိလေသာတဏှာရှိသလားတဲ့။ ရှိပါတယ်တဲ့။ မင်းငြင်းလို့မရဘူးကွ။ အေးငါလည်းရှိတယ်။ မင်းလည်းရှိတယ်။ သတ္တဝါတိုင်းရှိတယ်။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် အသိချင်း တူနိုင်ပါ့မလား။ မတူနိုင်ဘူး။ မတူရင် မင်းစာသမားရပ်ထားလိုက်။ ငါ့မပြောနဲ့တော့။ ငါကျင့်တာ ကိလေသာနဲ့တဏှာကို ကျင့်တာကွ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုမြင်အောင်ကြည့်ကွတဲ့။ သီလလည်းမပေးတတ်ဘူး။ ပဝါယနာလည်း မလုပ်တတ်ဘူး။ ရေစက်လည်းမချတတ်ဘူးကွ။ အာပတ်လည်းမဖြေတတ်ဘူးကွ။ ဘာမှမလုပ်တတ်ဘူးတဲ့။ စာမှမတတ်တာပဲ။ အဲဒါချွတ်ခိုင်းရင်ချွတ်ပေးလိုက်မယ်။

## ဓါတ်ကိုပိုင်သွားပြီ ခန္ဓာဓါတ်ကိုသိသွားပြီ

ဒါဖြင့် အရှင်ဘုရား ဘာနဲ့စားမလဲတဲ့။ ငါ့ကျောင်းလာကြည့်ပါ။ ဘုရားတွေတောထဲမှာ တည်ထား တာ။ ဘယ်နှဆူလည်းဆိုတာ လိုက်ကြည့်။ ဘယ်ကပိုက်ဆံရသလဲဆိုတာလိုက်ကြည့်။ ငါ့လိုမြင်နိုင်သလား။ ငါ့လို

ကျင့်နိုင်သလား။ ငါ့လိုလုပ်နိုင်သလား။ အဲဒါ ဘယ်သူက ပေးတဲ့ ပိုက်ဆံတွေလည်း။ ဘယ်ကရသလဲတဲ့။ သိုက်က လာပေးတာကွ။ သိုက်ကိုနိုင်တယ်ကွ။ ဓါတ်ကိုလည်းပိုင်ပြီ ကွ။ ခန္ဓာဓါတ်ကိုလည်း သိသွားပြီ။ နတ်ကိုလည်းငါနိုင် တယ်ကွ။ မင်းတို့က ငှက်ပျောပွဲအုန်းပွဲတွေတင်ပြီး သူများ အားကိုးတာကွ။ မင်းတို့(၃၁)ဘုံငါမသိဘူးကွ။ မင်းတို့သာ ပွဲတင်ကွ။ ငါကပွဲတင်ပြီးမှ ဘုရားတည်တာမဟုတ်ဘူး။ အဲဒီ ဥပါဒါန်ဟာ မင်းတို့နောက်လိုက်တာပဲ။ ကိလေသာနဲ့ တဏှာမှ မသတ်နိုင်ရင် လည်မှာပဲ။

ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

# ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်နေ့ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မယ်လမုဘုရားတွင် ရောဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ ဝိသုဒ္ဓိ ဆရာတော်ကြီး ဟောကြားခဲ့သော စန္ဒာကျင့် စန္ဒာသိ မေမ္ဘသစ္စာတရားတော်

## မထားမဝန်ခံချက်နှင့် တောင်းပန်ချက်

ဦးဇင်းက စာပေကျမ်းဂန်မတတ်တော့ အသိတရားလေး ပြောပြပါ့မယ်။ တောထွက်ကြီးပါ။ ငယ်စဉ်တောင်ကျေးက မိဘများက ဆင်းရဲနွမ်းပါးတော့ မူလတန်း မထားနိုင်ခဲ့ဘူး။ တောမှာနေပါတယ်။ အိမ်မဲမြို့နယ် အပိုင်ရွာမှာနေပါတယ်။ ကျဘမ်းအလုပ်ကို လုပ်စားရပါတယ်။ တိုင်းပြည်ခေတ်ပျက်တော့ ဟိုရောက်ဒီရောက်ပြီးတော့ စာဘာမှ မသင်နိုင်ပါဘူး။ အသက်(၂၄)နှစ်အရွယ်မှာ သားမယားရခဲ့ဖူးပါတယ်။ ကလေး(၄)ယောက်

ရခဲ့တယ်။ စာမတတ်တော့ ကမ္မဝဋ်၊ ဘဝဝဋ်ဆိုတဲ့ ကမ္မဝဋ်ကို မသိတော့ အခုနေတဲ့ ပစ္စုပ္ပန်တည့်တည့်ဘဝဝဋ်ကို မလွတ်တော့ဘူးဗျို့။ အဲဒါကို အသိလေးနဲ့ ပြောပြပါတယ်။

အဲဒီတော့ ဘာတွေဖြစ်သလဲဆိုတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်ရော၊ တဏှာဆိုတာဘာလဲ။ ဒိဋ္ဌိဆိုတာဘာလဲ။ ကိလေသာဆိုတာဘာလဲ။ သဘောပြောပြပါ့မယ်။ စာတော့ မတတ်ဘူး။ ဒီစာတတ်သွားရင် သိပ်ဟောလို့ကောင်းတယ်။ ပါဠိအနက်အဓိပ္ပါယ်ကိုလည်း ပြန်လို့ရတယ်။ သဘာဝကို သဘောပေါက်အောင် ပြောလို့ရတယ်။ ပါဠိမတတ်တော့ သဘောလေးလောက်ပဲ ပြောလို့ရတယ်။

အဲဒီတော့ သံဃာတော်အရှင်မြတ်များ၊ ထေရ်ကြီးဝါကြီးများအားလုံးကို တပည့်တော်က စာပေကျမ်းဂန်မတတ်တော့ အသိလေးနဲ့ပြောပြတာကို ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ ဒကာ၊ ဒကာမများကလည်း ဦးပဏ္ဍိတက စာပေကျမ်းဂန်မတတ်တော့ ခန္ဓာအသိနဲ့ ပြောတဲ့အခါ

မှာ မှားသွားရင် အားလုံးက ခွင့်လွှတ်ကြပါလို့ ဦးဇင်းက မေတ္တာရပ်ခံပြီးတော့ တောင်းပန်ပါတယ်ဗျာ။

## တဏှာသတ်မှ (၃၁)ဘုံလွတ်မယ်

ဘုရားဟောခဲ့တယ်။ သဗ္ဗေ အလုံးစုံသောသင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသောသင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံ သော သင်္ခါရ အနတ္တတဲ့။

ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တတွေဟာ ဘာကြောင့် ဖြစ်ရတာလဲ။ ကံကြောင့်ဖြစ်ရတယ်။ ဒီကံဘယ်ကစလဲ။ ခန္ဓာကစပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံလို့ ခေါ်ဝေါ် သမုတ်ထားတယ်။ ဘယ်ကသံသရာလည်သလဲ။ မနောကံ က လည်တယ်။ သံသရာဘယ်ကစသလဲ။ ခန္ဓာကစတယ်။ ကံလို့ရေးထားတယ်။ ဒီကံဟာဘာကြောင့် ဖြစ်ရသလဲ။ လောကီအာရုံငါးပါးကို မပယ်နိုင်လို့ ကံဖြစ်ရပါတယ်။ ကိုယ်က ပြုလုပ်တဲ့ကံရှိသလို၊ မပြုလုပ်တဲ့ကံလည်း ရှိတယ်။ ပြုလုပ်တဲ့ကံဆိုတာ တွေးကြည့်ပေါ့ဗျာ။ သွားရိုက်တာတို့၊ သွားပြီးလုပ်တာတို့။ မပြုလုပ်တဲ့ကံက သံသရာလည်တယ် ဆိုတာဘာလဲ ဒါအနုသယကံခေါ်တယ်။ စာကရေးထား

တယ်။ ကိလေသာနဲ့တဏှာ၊ ဒိဋ္ဌိနဲ့တဏှာ၊ ဒိဋ္ဌိသတ်မှ တဏှာသိမယ်။ ဒိဋ္ဌိဆိုတာ လောကီအာရုံနဲ့ အတွင်းအာရုံ နဲ့ပေါင်းလိုက်တော့ သင်္ခါရဖြစ်တာပါပဲ။ သဗ္ဗေသင်္ခါရ အနိစ္စဆိုတဲ့ လောကီအာရုံကိုယူထားတယ်။ ဘဝင်မနောက ယူထားတယ်။ တွေးတာပေါ့။ စေတသိက်လို့ခေါ်လိမ့်မယ်။ အဲဒါဟာ သံသရာလည်တဲ့ တရားတွေပဲ။ ဒီလောကီအာရုံကို ပယ်ရမယ်။ အတွင်းအာရုံဆိုတာ ဘာလဲ။ ကိလေသာပေါ့ဗျာ။ ကိလေ သာနဲ့တဏှာရှိတယ်။ အတွင်းတဏှာသတ်မှ (၁၁)ဘုံ လွတ်မယ်။ အပြင်တဏှာသတ်တာကတော့ ခင်ဗျားတို့ အပေါ်မူတည်တယ်။ အပြင်တဏှာဆိုတာ စက္ခုမြင်လိုက်တာ။ နား ကြားလိုက်တာ။ နှာခေါင်း နံလိုက်တာ။ ဇိဝှါ စားလိုက်တာ။ အဲဒါတွေ အပေါ်မှတ်တာက သညာ။ သာယာတာက တဏှာ။ စွဲလန်းတာက ဥပါဒါန်။ အဲဒါတွေဟာ သံသရာလည်တဲ့ တရားတွေပဲ။ အတွင်းကိလေသာတဏှာသတ်မှ တဏှာ ပြတ်မယ်။ အတွင်းတဏှာပြတ်မှ အပြင်တဏှာရပ်မယ်။ အတွင်းတဏှာပြတ်တာကဉာဏ်၊ အပြင်တဏှာက ကံလို့ ခေါ်တယ်။ သဘောလေးပဲမှတ်ကြ။

## ကိလေသာကို မဂ္ဂင်နဲ့ပယ်

ဒါခန္ဓာသိ၊ စိတ်အကြောင်းပြောပြတာနော်။ "စိတ္တံ့တဏှာနာမ်ခယပစ္စက" စိတ်သာရှင်စေဘုရား ဟောတဲ့။ ဒီစိတ်ကိုကျင့်ရမယ်။ ကိလေသာနဲ့ ရုပ်တရား ကိုပယ်ရမယ်။ ဘာနဲ့ပယ်မလဲ။ ဘုရားဟောတဲ့ မဂ္ဂင် ရှစ်ပါးရှိတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင်။ ဘုရားက ဒီလမ်းစဉ်ကို ထိုးပြလိုက်တာ။ အဲဒီတော့ အတွင်းကိလေသာသတ်တော့မှ တဏှာကို သိမယ်။ 'ဝေဒနာနီရောဓါ တဏှာ နီရောဓေါ" ဟော ပေါ်လာပြီ။ ဝေဒနာသတ်ရမယ်။ အဲဒီစိတ်လေးက 'မခံသာမှန်ပါဘိ။ ဒီတရားခံသာလျှင် သံသရာကြော မျောလိမ့်မယ် အများ' ဒါဘာလဲ။ ကိလေသာရုပ် တရား ပဲ။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တ သတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်လို့ ဘုရားကဟောထား တယ်။ ဦးဇင်းက ဒါအသိလေးပဲပြောတာ။ အဲဒီတော့ စိတ်ကလေးအလိုလိုက်တော့ အာရုံကို အလိုလိုက်ရော

မျှော်တာပေါ့။ မျှော်တရားရှိတယ်၊ မြှုပ် တရားရှိတယ်။ ပေါ်တရားရှိတယ်။ ကိုယ့်ကိုယ်ကို ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြနော်။ ကိလေသာမှာ တဏှာရှိတယ်၊ အတွင်းတဏှာမှမသေရင် ခင်ဗျားတို့အပြင်တဏှာ ဖြစ်မှာပဲ။ သွားပြီ လောကီအာရုံပါသွားပြီ။ အတွင်းတဏှာ ဆိုတာ ဟိုး ဘဝအသင်္ချေအနန္တက ပါလာတဲ့ အစွဲဥပါဒါန်တွေ။ မနုဿတဘာဝေါဒုလ္လဘောတဲ့။ လူ့ဘဝကို ခဲယဉ်းစွာရခဲ့ပေပြီ။ သဒ္ဓါကြည်ဖြူခြင်းကိုလည်း ခဲယဉ်းစွာ ရအပ်ပေ၏။ ဒုလ္လဘငါးပါးထဲမှာ ကြည့်ပေတော့။ ဒီတော့ ကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြ၊ နှလုံးသွင်းကြ၊ နှလုံးသွင်း မှန်မှ ခင်ဗျားသိမယ်။ သိရင်ပယ်မယ်။ ပယ်ရင်မဂ်ဆိုက် ဖိုလ်ဆိုက်ဖြစ်မယ်။ 'သိ၊ ပယ်၊ ဆိုက်၊ ပွား' လို့ခေါ်တယ်။

## ရုပ်နာမ်မသိရင် အဝိဇ္ဇာ

ဒီတော့ အတွင်းတဏှာသတ် အတွင်းကိလေသာကိုသတ်။ အမြစ်ပါဆွဲနှုတ်၊ ပစ်လိုက်၊ ဒီတော့မှ အပြင်တဏှာပြတ်မယ်။ အတွင်းတဏှာမှ မသေတာဘဲ၊ အပြင်တဏှာဖြစ်တော့တာပေါ့။ ဒါကြောင့်ဘုရားက ဟောထား

တာ။ သင်္ခတသင်္ခါရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ'တဲ့။ သင်္ခါရ တရားကြီးနော်။ ဥပမာ - ကျားတစ်ကောင်က သစ်ပင် အရိပ်အောက်မှာ တုံးလုံးလှဲနေတယ်။ တစ်နေ့တော့ ဂျီတစ်ကောင်က ကျားရှေ့ဖြတ်သွားရော။ ဒီတော့ ကျားက ဒါငါ့အစာပဲဆိုပြီး ခုန်အုပ်ရော။ အဲဒါတဏှာပေါ့ ဗျာ။ ကာယ၊ ဝစီ၊ မနော အကုန်ပါတာပေါ့။ အဲဒါမိစ္ဆာ အယူ တွေ ကိုယ့်စိတ်ကိုစစ်လိုက်၊ ငါမြင်တာပဲ၊ ငါကြားတာပဲ၊ ငါသိတာပဲ၊ ငါ့ပစ္စည်းကို ဒင်းယူပြီး ရိုက်ချိုးပစ်လိုက် ပြီ။ ငါ့ကို ဒင်းလိမ်လိုက်ပြီဆိုပြီး ဒေါသဖြစ်ရော။ အဲဒီ ပစ္စည်း ကိုစွဲတာ တဏှာပဲ။ တဏှာကြောင့် ဒေါသဖြစ်တာ ဒီတော့ ဒီသီလပျက်သွားပြီ။ သွားကြမှာ။ ဒီမှာအတွင်း ၁ လ၊ အပြင်သီလရှိတယ်။ အပြင်မှာစင်ကြယ်မှ အတွင်းမှာ ဉာဏ်ပေါက်မယ်။ အပြင်မှာ စင်ကြယ်ရင်ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ် မယ်။ အပြင်အာရုံကိုယူရင် ကံတွေဖြစ်လိမ့်မယ်။ ဘာကံ တွေလဲ။ ကောင်းတဲ့ကံ။ မကောင်းတဲ့ကံ၊ ကံဆိုတာစွဲတာ၊ သာယာတာကတဏှာ။ အဲဒီ တဏှာသတ်ချင်တော့ ဘာလုပ်ရမလဲ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာဝါယမ

ဆိုတဲ့သီလနော်။ အဲဒီတဏှာကိုသတ်ချင်တော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတာတွေ လုပ်ရတယ်။ အဲဒီသုံးပါး လုပ်မှသာ ရုပ်တရားနာမ်တရားကို သိမယ်။

## မဂ္ဂင်ရှစ်ပါးနဲ့ကျင့်မှသာလျှင် ရုပ်နာမ်သိမယ်

ဒီရုပ်နာမ်ကိုမှမသိရင် အဝိဇ္ဇာပဲ။ ရုပ်နာမ်သိရင် ဝိဇ္ဇာဉာဏ်ခေါ်တယ်။ သဘောလေးပဲနာလိုက်။ (၃၁)ဘုံ လွတ်တဲ့လမ်းကို ညွှန်ပြတာ။ ခုတော့ ခင်ဗျားတို့က မလွတ် တဲ့ဟာတွေ လျှောက်လုပ်နေကြတယ်။ အဝိဇ္ဇာဆိုတာ အရက်သောက်၊ ဖဲရိုက်၊ ကြက်သတ်၊ ဝက်သတ်၊ မကောင်း တဲ့ ဒုစရိုက်တွေလုပ်တာ သမ္မာအယူဆိုတာ ခုနက အဓိ သီလကိုပြောတာ။ သမ္မာကံခေါ်တယ်။ ကောင်းတဲ့ကံ ခေါ်တယ်။ အပါယ်ပိတ်တဲ့ကံခေါ်တယ်။ အဲဒီအလုပ်ကို မလုပ်ဘူး။ အဲဒီမဂ္ဂင်ရှစ်ပါးဝိပဿနာတရားကို ဘေးဖယ် ထားပြီးတော့ စိတ်ပုတီးလေးလက်ကကိုင်ပြီး ရုပ်နာမ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုပြီး ပုတီးစိပ်တယ်။ (ကောင်းပါ တယ်ဗျာ)[၊]။ ဒါပဲပြောတတ်တယ်။ သူကောင်းတာလုပ်တာ ပဲ။ စိတ်ပုတီးဆိုတာ အတွင်းစိတ်ထိန်းတယ်။ မျက်စိက

တော့ တောင်ကြည့်မြောက်ကြည့်၊ လက်ကတော့ တဂျောက်ဂျောက်နဲ့ ဟိုဘက်လှဲ့စကားပြောလိုက်၊ ဒီဘက်လှဲ့စကားပြောလိုက်နဲ့ အဲဒါခင်ဗျားတွေးသာကြည့်ပေတော့နော်။ ပုတီးစိပ်တယ်ဆိုတာ အတွင်းစိတ်အာရုံကို နောက်မလိုက်အောင် စက္ခုအာရုံ၊ နားသောတအာရုံ၊ နောက်မလိုက်အောင် အတွင်းစိတ် အဓိစိတ္တလေးကို ဖမ်းထားတာ။ စိတ်ကလေးကိုထိန်းထားတာ။ ဉာဏ်မပေါက်သေးဘူး။ ဉာဏ်ပေါက်တာက မဂ္ဂင်ရှစ်ပါးနဲ့ ကျင့်မှသာ ရုပ်နာမ်သိမှာ၊ ကိလေသာနဲ့ တဏှာသိမှာ။

## အတွင်းစိတ်ငြိမ်းတော့ အေးတာပေါ့

အဲဒီရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်ကို ခေါ်ထားတယ်။ ရုပ်နာမ်မသိတာက အဝိဇ္ဇာတဲ့။ မကျင့်ရင်တော့ တွေးကြည့်ပေါ့ဗျာ။ မျောမှာပဲ (၃၁)ဘုံကို ပြောတာနော်။ ကိုယ်ပြုလုပ်တဲ့ကံ၊ ကိုယ်မပြုလုပ်တဲ့ကံ ရှိတယ်။ ကိုယ်မပြုလုပ်တဲ့ကံဆိုတာက အာရုံကြောင့် လောဘ၊ ဒေါသ၊ မောဟဖြစ်နေတာ ဘုရားက "ကာမ သဝ၊ ဘဝါသဝ၊ ဒိဋ္ဌါသဝ၊ အဝိဇ္ဇာသဝ' လို့ဟောထား တယ်။ ကမ္မဝတ္ထုနဲ့

ကိုယ့်မှာရှိတဲ့ကိလေသာကာမနဲ့ ယှဉ်တွဲ သုံးဆောင်ပါက အများကြိုက်၏။ ကိုယ်ကြိုက်၏။ အရိယာပုဂ္ဂိုလ် မကြိုက်ဘူး။ ဟော ပညတ်က ပညာဖြစ်သွားပြီ။ အဲဒါ ပဲဗျို့။ ဒါသဘောလေး။ လုပ်ကြ။ ကိုယ်တိုင် သိရမယ်။ သိရင်ပယ်လိမ့်မယ်။ စိတ်တွေကိုက ပျက်နေတာ။ စားချင်တဲ့စိတ်၊ သွားချင်တဲ့စိတ်၊ ဝတ်ချင်တဲ့စိတ်တွေ မရှိတော့ဘူး။ အဲဒါ ဝိပဿနာရဲ့ သမာဓိအားပဲ ဘယ်လောက်ကောင်းလဲတော့ မပြောတတ်ဘူး။ အဲဒီလိုကျင့်ပါ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာသိက္ခာသုံးပါး ဖြစ်လာလိမ့်မယ်။ သမုတိသစ္စာလည်းမှန်အုန်းမှ၊ ဝိရတိသစ္စာလည်းတည်အုံးမှ။ သဘာဝသစ္စာကို ပညာနဲ့မှသိမှာ၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ ဟောပရမတ္ထဆိုတာ အတွင်းပြောတာ၊ အတွင်းက ဓာတ်တွေကိုခေါ်တာ။ ဓာတ်ငြိမ်းတော့အေးတာပေါ့ဗျာ။ ဒါတွေဟာ အရိယာကျင့်တဲ့လမ်းတွေခေါ်တယ်။ ဒါတွေကို ကျင့်ပါ။ ကြံပါ။ ကိုယ့်စိတ်ကိုစစ်။

## အနတ္တသိရင်အတ္တကိုသိမယ်

သမ္မာဝါစာဘာလဲ ပါဠိစကား။ သမ္မာဆိုတာ ကောင်းသောအယူ၊ ကောင်းတာလုပ်တာ။ အဲဒီတော့ ဒုစရိုက်(၁၀)ပါးလုံနေပြီ။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ပေါင်းလိုက်တော့ (၁၀)ပါး ဘယ်ဒုစရိုက် သတ်မလဲ။ မနောဒုစရိုက်ကို သတ်မယ်။ မနောက ဘာသတ်မှာလဲ။ ဒိဋ္ဌိသတ်မယ်။ ဒိဋ္ဌိဆိုတာ ဘာလို့ခေါ် ရလဲ။ အပြင်အာရုံနဲ့ အတွင်းအာရုံနှစ်ခုယူပြီးတော့ လုပ်ထားတဲ့အတွက်ကြောင့် အဲဒါဒိဋ္ဌိပဲ အပြင် အာရုံကို အတွင်းကလက်ခံထားတယ်။ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ သောမနဿစိတ်၊ ဒေါမနဿစိတ် ဒါတွေဖြစ်နေမယ် ဒါကြောင့် အပြင် အာရုံမယူနဲ့ အာရုံငါးပါးပယ် ဒီတော့ဒုစရိုက်(၁၀)ပါး လုံပြီ အတွင်းမနောသတ် (ထိတယ် သိတယ်)၂ ထိတာက ရုပ် သိတာကနာမ် ထိတာမမြဲဘူး။ သိတာလဲ မမြဲဘူး အဲဒါအနတ္တ၊ အတ္တကိုသိလာမယ်၊ အနတ္တထင်ရှားလာရင် အတ္တကိုသိလာတယ်၊ ကျွဲကူးရေပါတယ် အဲဒီကံကို သတ်တာနဲ့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်နေပြီ

အပါယ်ပိတ်တဲ့လမ်းတွေပဲ အပါယ်ပိတ်တဲ့လမ်းကိုတော့ မလုပ်ဘူး ဘာတွေလျှောက် လုပ်နေလဲ မပြောတက်ဘူး အပါယ်ပိတ်တဲ့လမ်းကို သွားတတ်ဖို့လိုတယ် ခင်ဗျားတို့ ခုလှူကြတယ်၊ တရားပွဲတွေ နာကြတယ်၊ ကံတွေပေါ့ဗျာ ကံကိုမပယ်ဘူး။ မစွဲနဲ့ ပညတ်ကိုမပယ်ဘူး ဒါတွေကို မစွဲတာ စွဲရင်လောကီ ကြောင်းဖြစ်သွားလိမ့်မယ်။

## ဒိဋ္ဌိကိုသတ်၊ သံသရာလည်တာသူပဲ

သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ သမ္မာဆိုတဲ့ကောင်းတဲ့ကံလဲ ဒိဋ္ဌိပါနေတယ်။ မကောင်းတာလုပ်တဲ့ကံလည်း ဒိဋ္ဌိပါနေတယ် အဲဒီ ဒိဋ္ဌိကိုသတ်ပစ်လိုက် အဲဒီ ဒိဋ္ဌိက သံသရာလည်တာသူပဲ အာရုံကိုယူထားတာ ကောင်းတာလဲယူတယ် မကောင်းတာလဲယူတယ် အဲဒါဒိဋ္ဌိ။ ဘုရားဟောအရ အစွဲခေါ်တယ်။ ခင်ဗျားတို့တွေးကြည့် ဥပမာ ကြက်မကြီးကဥတဲ့ကြက်ဥတွေကို အိမ်ရှင်က ကြော်စားပစ်လိုက်ရော ကြက်မကဝပ်ချင်တော့ ဘဲဥတွေထည့်ပေးလိုက်တယ်။ ဘဲဥက အကောင်လေးတွေပေါက်လာ။ ဘဲရဲ့သဘာဝက ရေကြိုက်တော့။ ရေကန်ဆီသွားတယ်ဗျ

အဲကြက်မကြီးကနောက်ကနေ (ကတော်)၂ နဲ့ လိုက်တာ ပေါ့။ အဲဒါစွဲလို့ လိုက်တာပေါ့ဗျာ။ အဲဒီအစွဲဥပါဒါန် ကိုပြောတာ ကံကိုပြောတာ အဲဒီကံကိုသတ်ချင်ရင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ မဂ္ဂင်ရှစ်ပါး သိက္ခာ(၃)ပါး ကိုကျင့်၊ ဧကော ဓမ္မောဆိုတာ ဒါကိုခေါ်တာ၊ ကံဆိုတာ စိတ်မချရဘူး ပြောင်းလဲတတ်တယ် ခုခင်ဗျားကို ဆဲလိုက် ဆိုရင် ဒေါသဖြစ်မယ် အခုတရားနာပြီး ပြန်သွား လို့ နောက်ကနေ ခင်ဗျားဖိနပ်တက်နင်းရင် ခင်ဗျားဒေါသ ဖြစ်သွားပြီ ဘာဖြစ်လို့လဲဆိုတော့ ဒေါသဖြစ်သွားလို့ အာရုံပြောင်းသွားတာ စိတ်ပြောင်းသွားတော့ ဒါသခါရ တွေနော် သည်းခံတဲ့စိတ်ထားရမယ်။

## ယုံကြည်တဲ့ သဒ္ဓါက နိဗ္ဗာန်ပို့လိမ့်မယ်

ကိုယ်ထက်ကြီးသူကို ရိုသေပါ ကိုယ်နဲ့တန်းတူကို ကြင်နာပါ ကိုယ့်အောက်ကလူကို သနားပါ ကိုယ်ကျင့်တ ရားထားပါ ဗြဟ္မမိုရ်တရားထားပါ သံဝေဂတရားထားပါ ကိုယ့်ကိုကိုယ် ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန် တွေ၊ ဗလမာန်တွေ ငါမာန်တွေမစွဲနဲ့ ခင်ဗျားမှားသွားမှာ

စိုးလို့ လောကီကို အားကိုးသွားလိမ့်မယ် အဲဒီလိုဆိုရင် သံသရာလည်ပြီ အားကိုးမှားမှာစိုးလို့ပြောတာ လောကုတ္တရာကိုလုပ် အဲလိုလုပ်တော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်လာလိမ့်မယ် ဉာဏ်မပေါက်တောင် အပါယ်ပိတ်တဲ့ တရားတွေ။ အဲဒီတော့ အာရုံငါးပါးနဲ့လဲမပေါင်းဘူး သစ်ပင်ဝါးပင်အောက်မှာ တရားထိုင် အိမ်သူတောင်မသိတော့ဘူး။ တခါတည်း လက်ကလေးပိုက်ပြီးကျင့်တယ် သဒ္ဓါဗိုလ်တွေနဲ့လုပ်တာ သဒ္ဓါဆိုတာ ယုံကြည်တာ ယုံကြည်တော့ ဝီရိယထူထောင်မယ် ဝီရိယအားကောင်းတော့ သီလ သမာဓိ ပညာတွေဖြစ်လာရော ခန္ဓာကဖြစ်လာတာ ယုံကြည်တာတစ်ခုထဲထားတယ်။ အဲဒီယုံကြည်တဲ့သဒ္ဓါက နိဗ္ဗာန်ကိုရောက်လိမ့်မယ်။ ယုံကြည်ပါလို့ သစ္စာနဲ့ဟောထားတာ၊ သမုတိသစ္စာ၊ ဝိရတိသစ္စာတွေကို ယုံကြည်ပါ။ မြေလျှောက်ရဟန္တာတွေရှိတယ် ယုံကြည်ပါ။ မင်းစေတနာ မှန်ဖို့လိုတယ် ဘုရားအစစ် တရားအစစ် သံဃာအစစ် ရှိတယ်ကွ။ ဘုရားကို စေတီက ကွယ်ထားတယ်။ တရားကို စာကကွယ်ထားတယ်၊ သံဃာကို ရဟန်းကကွယ်ထားတယ်။

## ဝိပဿနာလုပ်၊ ဒီအလုပ်တွေက ဉာဏ်အလုပ်တွေ၊ အပါယ်ပိတ်တယ်

အချိန်တန်ပြန်ကြရမှာ ဝိပဿနာလုပ် ကျွဲကူး ရေပါတယ် ဒီဉာဏ်အလုပ်တွေက အပါယ်ပိတ်တယ် အဲဒီ ကံက စိတ်မချရဘူး ခင်ဗျားတို့ ငါမြင်တယ်ကွ၊ ငါပစ္စည်း တွေ ငါ့ကားကိုမင်းတိုက်ပစ်လိုက်တယ် ဒီတော့ ဒေါသဖြစ် တာပဲဗျို့ အဲဒီတော့ ခင်ဗျားသီလရှိပါအုံးမလား၊ အပြင်နဲ့ အတွင်းမှာ အပြင်ကိုမစွဲနဲ့ သမ္မာနဲ့စွဲ မိစ္ဆာနဲ့သွားမစွဲနဲ့ (အော် အေး အေး အေး)၂ ငါမြင်တယ်ကွ ငါကြားတယ်ကွ ငါ့မနောကသိတယ်ကွ အဲဒီတော့ လောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိတွေဖြစ်ရော အဲဒါသွားပြီ လေးဘက် ထောက်သွားလိမ့်မယ်။ သီလအမျိုးအစားရှိတယ် သမာ ဓိအမျိုးအစားနဲ့ ပညာအမျိုးအစားရှိတယ်။ ကိုယ်နဲ့ရင်းရှာ ကြ အတွင်းကိလေသာသတ်မှ တဏှာသိမယ်၊ ဝေဒနာနိ ရောဓ တဏှာနိရောဓေ အတွင်းတဏှာပြတ်မှ အပြင် တဏှာရပ်မယ် ဉာဏ်ရလို့ရပ်တာ ကိုယ့်ဖအေလို ကိုယ့်မအေလို ကိုယ့်အမကြီးလိုပြောတာ တရားထိုင်ကြ

ယုံကြည်ကြ သီလ သမာဓိ ပညာ သိက္ခာသုံးပါးက တပေါင်းတည်း တပြိုင်တည်းဖြစ်နေတာ။

## မနောကံကနေ ဉာဏ်ဖြစ်အောင်လုပ်မယ်

ရုပ်တရားက အချိန်တန်တော့ ထမင်းဆာလာတာပေါ့ အဲဒါဥပါဒန်ပေါ့ (အမေလေး)၂ ရုပ်ကဖောက်ပြန်လာမယ်၊ အကျိုးတရားမသိတော့ အကြောင်းတရာက မပြတ်ဘူး ကြည့်စမ်း ဥပါဒန်ဖြစ်ပြီး လိုက်ရှာပြီးစားတာပဲ အဲဒါတွေးကြည့်ပေတော့ စာတော့မတတ်ဘူး အတွင်းကိလေသာသတ်မှ အတွင်းတဏှာကိုသိမယ် သိတော့မှ အပြင်တဏှာပြတ်တယ် အပြင်တဏှာပြတ်တော့ ဘာဖြစ်လဲ သိဒ္ဓိဆယ်ပါးရတယ်ဗျို့ ရတနာ(၇)ပါးလည်းရတယ် အတွင်းကိလေသာကိုသတ် ဝေဒနာနိရောဓါ တဏှာနိရောဓေါ ဆိုထားတယ် တရားထိုင်တော့ ဝေဒနာတက်ရော သညာ သင်္ခါရ ဥပါဒန်ဖြစ်ပြီ (အမလေး)၂ မခံနိုင်ဘူး အဲဒါအတွင်းတဏှာပဲ ဒါကြောင့် ဝေဒနာပေါ်မှာ ငါမရောစေနဲ့ အဲဒီကောင်ကိုကြိတ်မှိတ်ပြီးသတ်နေ အဲဒါဉာဏ်စခန်းတွေ၊ သီလသမာဓိ ပညာ

တွေနဲ့ ဉာဏ်လိုချင်လို့ ကျင့်နေတာ ကာယကံ ဝစီကံလည်း လုံပြီဗျာ။ ပါးစပ်ကလည်း ဘာမှမပြောတော့ဘူး ဆေးလိပ် လည်းမသောက်တော့ဘူး ရေလည်းမသောက်တော့ဘူး။ ကိုယ်ကလည်းတပ်မက်မှုမရှိ တော့ဘူး ဘာမှမလုပ်ရဘူး။ မနောကံကိုသတ်နေပြီ မနောကံကနေ ဉာဏ်ဖြစ်အောင် လုပ်မယ်။ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ မဖြစ်အောင် လုပ်နေပြီ

## ကိလေသာမှာ တဏှာရှိတယ်

ဥပမာ ကိုယ့်အိမ်ကို ဧည့်သည်လာတယ် ပိုက်ဆံ ပေးမယ်ဧည့်သည်ဆိုတော့ လာပါ တည်းပါ စားပါ သောက်ပါနဲ့ ပျော်နေတာပဲ။ ပိုက်ဆံရမှာကို မျှော်ကိုးပြီး တော့ လုပ်တာပဲ၊ အဲဒါတဏှာလို့ခေါ်တယ် ပစ္စုပ္ပန်တည့် တည့်နေ၊ ရှေ့လည်းမမျှော်နဲ့ နောက်လည်းမတွေးနဲ့ မြင်တာတည့်တည့် နံတာတည့်တည့် စားတာတည့်တည့် ထိတာတည့်တည့်။ မြင်တာကမမြဲပါလား ကြားတာက မမြဲပါလာ စားတာက မမြဲပါလား နံတာကမမြဲပါလား ထိတာက မမြဲပါလား သိတာမမြင်ပါလားလို့သိနေပါ။ မမြဲတော့ မစွဲဘူး၊ မစွဲတော့ဘူး ဉပါဒါန်ပြတ်တယ်။

ဥပါဒါန်မရှိရင် ကံမဖြစ်ဘူး ကံမဖြစ်ရင်အေးတာပေါ့၊ အေးပြီ ၊ ကိုယ့်စိတ်ကိုယ်စစ် သူများစိတ်သွားမစစ်နဲ့ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့ အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ထိလိုက်တဲ့အကြောင်း သိလိုက်တဲ့အကြောင်း၊ ဒီအကြောင်းတွေ သတ်လိုက်။ အဲဒီအကြောင်းတွေသတ်လိုက် အဲဒီအကြောင်းဘယ်ကလာလဲ အတွေးပေါ်ကလာတာ။ အဲဒါ ကိလေသာကလာတာ အဲဒီအကြောင်းက တဏှာခေါ်တယ်။ အကြောင်းသတ်ဖို့လိုတယ် ဦးဇင်းက စာပေကျမ်းဂန်မတတ်တော့ ဘယ်သူသတ်လဲဆိုတော့ ကိလေသာသတ်တာ ကိလေသာမှတဏှာရှိတယ်

## သညာနဲ့မှတ်နေလို့ တဏှာဖြစ်တာ၊ ပညာရမှ အလင်းပေါက်မယ်

အဲဒီအတွင်းတဏှာကိုသတ်မှ အပြင်တဏှာကို ပြတ်မှာ သိတာက ဉာဏ်ကသိတာ အတွင်းတဏှာတဲ့ ရေးထားတယ်၊ မသတ်ဘူး ကိလေသာလည်းမသတ်ဘူး

အပြင်မှာသာယာနေကြတယ်။ သမ္မာဒိဋ္ဌိကကောင်းတဲ့ကု သိုလ်ကံပဲဗျ အဲဒါ တဏှာတွေပဲဗျ ကောင်းတဲ့ကံ သမ္မာဒိဋ္ဌိ တဲ့ ဒိဋ္ဌိပါနေတယ်။ ပါဠိစကားကြီး တဏှာလမ်းဖွင့်ထား တယ်။ သမ္မာပေါ်မှာ တဏှာလေးက သာယာလိုက်တာ ဒီ့ကိလေသာသတ်ပစ်၊ အမြစ်ပါဆွဲနုတ်ပစ်လိုက်။ ဒါမှ ခင်ဗျားတို့ စိတ်ချရမှာ၊ ကိလေသာနဲ့ တဏှာမသတ်နိုင် ရင်တော့လည်မှာဘဲ။ ဝိပဿနာကျင့်တာ မဆုံးရှုံးပါဘူး အမြတ်တော့ရသေးတယ်။ အပါယ်ပိတ်နိုင်ပါတယ်။ ခင်ဗျားမှာ အဓိသီလ အဓိစိတ္တ(၂)ခု လုပ်ထားပြီးပြီ ပညာပိုင်းမကူးတာပဲရှိသေးတယ်။ ခင်ဗျားမှာ သညာ ဖြစ်နေသေးတဲ့အတွက် ပညာပိုင်းကူးရမယ် သညာပိုင်း ကိုပယ်မှ ပညာကိုရောက်မယ် ပညာရမှာ အလင်းပေါက် မယ်။ သညာတွေနဲ့မှတ်နေလို့ တဏှာဖြစ်နေတာ။

## သမ္မာနဲ့လုပ်ပါ။ မိစ္ဆာနဲ့ မလုပ်ပါနဲ့။

ငါမြင်တယ် ငါကြားတယ် ဒါတွေဖြစ်တာပေါ့ဗျာ ဒါငါ့သမီး၊ ဒါငါ့မိန်းမ စွဲတာကိုးဗျ အာရုံကိုသွားမှတ်လိုက် တာ ပညတ်သွားမှတ်တာ ဘုရားက ပညတ်ထားတာ

ပညတ်ပစ်ခဲ့တာ။ ဘုရားက သမ္မာနဲ့လုပ်ပါ မိစ္ဆာနဲ့မလုပ်နဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မအာဇီဝနဲ့ လုပ်ခိုင်းနေတာ။ ဒီလိုသမ္မာနဲ့ ပညတ်ကိုယူပါ။ ဒီလိုလုပ်လာလို့ မင်းကြာလာရင် ပညာပိုင်း ရောက်သွားလိမ့်မယ်။ ဓါတ်သဘောတွေ တွေ့လာလိမ့်မယ်။ ပြောလည်း မယုံဘူးဗျ။ ဒါတွေကို မလုပ်ကြဘူး။ ဒီတော့ အေးကွာကောင်းပါတယ်ကွာ။ သူ့အယူနဲ့ကိုယ့်အယူနဲ့ မတူဘူး ဒီတော့ အေးကွာကောင်းပါတယ်ကွာ ဒါဘဲ ပြောတတ်တယ်။ တစ်ယောက်နဲ့တစ်ယောက် အယူခြင်း မတူတော့ဘူး။ နှလုံးသွင်းခြင်းလဲမတူတော့ဘူး။ အေးကွာ မင်းလိုချင်ရင် အကုန်ယူကွာ ငါတော့သွားအုံးမယ်ကွာ ဒါပဲ ပြောတတ်တယ်။ သိသွားပြီ အတ္တနဲ့ အနတ္တ၊ သညာနဲ့ ပညာသိသွားပြီ သညာကလာလို့ ပညာကို သဘောပေါက်သွားပြီ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ် ဒီကိလေသာသွေး သားတွေပြောင်းတော့ စိတ်လဲပြောင်းသွားတယ် အရင်ကခိုးတယ် လုတယ် လိမ်တယ်။ အခုမလုပ်တော့ဘူး။ အဲ အင်္ဂုလိမာလလိုပေါ့ဗျာ။

## တန့်ခန္ဓာနဲ့တိုက်ကြည့်လို့ သဘောပေါက်ရင် လောကုတ္တရာသိပြီ

မသိတော့ လုပ်မိတာပေါ့။ သိတော့ ဟော ကျင့်တော့ သဘောပေါက်ရော ဦးဇင်းက ကိုယ်ကျင့်လိုရရှိထားတဲ့ ခန္ဓာသိတရားတွေကို ကိုယ့်ဖအေလို ကိုယ့်မအေလို ကိုယ့်အကိုကြီးလို သဘောထားပြီး ဟောပါတယ်။ ဆရာတော်သံဃာတော်တွေကို တပည့်တော်ပြောမှားဆိုမှားရှိရင်ဖြင့် တောင်းပန်ပါတယ်။ တပည့်တော်က ကံတရားကိုပြောသွားတာ ဒီကံတရားကိုသတ်ချင်ရင် သီလသမာဓိ ပညာရဲ့အခြေခံရမယ် သူ့ကို ပထမအခြေခံရမှ သူမှန်မှ အဓိသီလ အဓိစိတ္တ အဓိပညာဖြစ်မှ မဂ်လမ်းကိုရောက်မယ် မဂ်လမ်းကိုလျှောက်ပေတော့ အဲဒီတော့ ရုပ်နာမ်ကြည့်ပေတော့၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒ္ဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်းအမှန်တရားတွေ သိလာလိမ့်မယ် ကမ္မဝဋ် ဝိဘဂဝဋ် အဲဒါတွေ ခန္ဓာသိနဲ့တိုက်ကြည့်လို့ သဘောပေါက်ရင် လောကုတ္တရာသိတာပဲဗျို့။

ဒီလောက်ဆိုပြီးရောပေါ့ဗျာ. . .။

## ၂၀၀၁ခုနှစ် အောက်တိုဘာလ (၂၅)ရက်နေ့ နေ့လည်(၁) နာရီအချိန်တွင် ရွှေတိဂုံဘုရား၊ အင်္ဂါဒေါင့်၊ ဈောင်တော်ဖွင့်တန်ဆောင်းတွင် ဈောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဟောကြားခဲ့သော စန္ဒာကျင့်၊ စန္ဒာသိ၊ ဓမ္မသစ္စာတရားတော်

### ဥပါဒန်၊ ကံ၊ မပယ်နိုင်ဘူး၊ သညာမပယ်နိုင်ဘူး

ဦးပဥ္စင်းက စာပေကျမ်းဂန်မတတ်ပါဘူး ဗမာစာ မတတ်ဘူး။ တောထွက်ကြီးပါ ငယ်စဉ်တောင် ကျေး ရှင်သာမဏေကနေပြီးတော့ စာဝါတက်လာတာ မဟုတ်ပါဘူး။ သူက လူ့လောကမှာ မကောင်းခဲ့ပါဘူး။ လူ့ လောကမှာ ဘာကြောင့်မကောင်းလဲ မကောင်းတဲ့ အယူ တွေယူ မကောင်းတာတွေကိုမှတ် မကောင်းတာ တွေစွဲ ဥပါဒါန်ကံတွေဖြစ်ပါတယ်။ သားသမီး (၄)ယောက်၊ မိန်းမနဲ့(၅)ယောက် ဦးပဏ္ဍိတနဲ့(၆)ယောက်ပေါ့ဗျာ။ လောကီပညာ အရည်အချင်းမရှိတော့ ရေထမ်းရတယ်၊

လူနင်းရတယ် ကိလေသာဝဋ်ကိုမသိတော့ ကမ္မဝဋ်မပယ်နိုင်ဘူးဗျို့၊ ကံတွေပါ အစွဲတရားတွေ ဘယ်ကံကို မပယ်နိုင်တာလဲ ပစ္စပ္ပန်တည့်တည့်လေးမှာ အမှတ်မှားတယ်၊ အယူမှားတယ် အစွဲမှားတယ်။ သညာလို့ခေါ်ပါတယ်ဗျာ၊ ပါဠိလိုသညာ၊ စာမတတ်တော့ သံဃာတော်အရှင်မြတ်တွေ ဆရာကြီးတွေအားလုံး ရှင်သာမဏေတွေ၊ ကိုရင်လေးတွေ အစပေါ့ဗျာ ဦးပဏ္ဍိတက စာပေကျွန်းဂန်မတတ်တော့ စကားပြောတဲ့အခါမှာ မှားယွင်းသွားခဲ့ရင်အားလုံးက ခွင့်လွှတ်ပါတဲ့ သူစာမတတ်ပါဘူးတဲ့ (၂)တန်းပဲ တက်ပါတယ်။ ပညတ်နဲ့ပရမတ်၊ သဘောမပါဘဲ၊ သဘာဝကို သဘောလေးနဲ့ မိမိခန္ဓာသိ ပြောပြမယ်

## သညာကနေ ပညာဖြစ်အောင်လုပ်

ဒကာကြီးတွေ ဒကာမကြီးတွေအားလုံး ဦးပဏ္ဍိတက တောင်းပန်ပါတယ်။ စာမတတ်လို့ပါ။ လောကီပညာဘာမှမတတ်ပါဘူး၊ မတတ်တဲ့အခါမှာ ပညတ်နယ်ထဲမှာ ခေါ်သမုခ်လိုက်တဲ့ အခါကြတော့ မှားသွားရင် အားလုံးသည်းခံပါတဲ့၊ စာမတတ်လို့ပါ အဲဒီတော့ ပညတ်နဲ့ပရမတ်

သဘောလေးနဲ့ အသိလေး ပြောပြမယ်၊ ဘုရားက ဟောသွားတယ်၊ သဗ္ဗေ အားလုံးစုံ သော သင်္ခါရ အနိစ္စတဲ့၊ သဗ္ဗေ အားလုံးစုံသော သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေ အလုံးစုံ သော သင်္ခါရ အနတ္တတဲ့၊ အနိစ္စ ရယ် ဒုက္ခရယ်၊ အနတ္တ ရယ် ဘယ်ဟာကိုသိရမယ်၊ ဘယ်ဟာကို ပယ်ရမယ်၊ သဘောလေးပဲ။ အဲဒီတော့ ဦးပဉ္စင်းက စာမတတ်တော့ သင်္ခါရတရားဟောရရင် အာရုံကြောင့် သင်္ခါရဖြစ်ပါလား၊ ဒိဋ္ဌိဆိုတာ အာရုံငါးပါးကို ယူထားတယ်။ အပြင်အာရုံနဲ့ မနောအာရုံနဲ့ ပေါင်းလိုက် တဲ့အခါမှာ အယူမှားတယ်၊ အစွဲမှားတယ်၊ အမှတ်မှားတယ်၊ ဘာနဲ့ယူထားလဲ သညာ နဲ့ယူထားတယ်၊ ပညာမဟုတ်ဘူး၊ သညာကိုပယ်နိုင်အောင် ပညာ ဖြစ်အောင် ဘာလုပ်ရမလဲ သဗ္ဗေ အားလုံးစုံသော သင်္ခါရ အနိစ္စတဲ့၊ သဗ္ဗေ အားလုံးစုံသော သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေ အားလုံးစုံသော သင်္ခါရ အနတ္တတဲ့ ဒါဘုရား ဟောတာ၊ အဲဒီတော့ စာတော့ မတတ်ဘူး၊ သညာကနေ ပညာ ဖြစ်အောင်၊ ငါဘာလုပ်ရမလဲ ဝိပဿနာတရား ကျင့်ကြံ အားထုတ်လေ့လာရမယ်။

## အာရုံငါးပါးကိုမယူနဲ့၊ မစွဲနဲ့

ဝိပဿနာတရားနဲ့ ကံတွေကိုပယ်ရမယ် ကာယကံ(၃)ပါး ဝစီကံ(၄) မနောကံ(၃)ပါး ရှိပါတယ်။ ကာယကံ(၃)ပါးက ဘုရားပညတ်တယ်၊ သူများအသက် မသတ်ပါနဲ့၊ သူများပစ္စည်းမခိုးပါနဲ့၊ သူများသားမယား မဖျက်စီးပါနဲ့၊ ဝစီကံက မဟုတ်မမှန်သော လိမ်လည်လှည့်ဖြားခြင်း၊ မုသာဝါဒ မပြောပါနဲ့၊ ပိသုနဝါစာ၊ ဖရုသ ဝါစာ၊ သမ္ဖလာပဝါစာ၊ အချက်လေးချက်၊ ဒီအယူဝါဒကို မယူနဲ့တဲ့။ သဘောလေးနာ မနောကံ ကစာနဲ့ရေးထားတယ် ဗျာပါဒ၊ အဘိဇ္ဈာ ဒီနှစ်ခု ဘာကြောင့် ဖြစ်ရသလဲတဲ့ ဒိဋ္ဌိကြောင့်ဖြစ်တာ ဒါဥပါ ဒါန်တရား၊ အကျိုးတရား ဗျာပါဒ ဖြစ်တာယ်။ သားလေးသေတယ်၊ သမီးလေး သေတယ်၊ စွဲလို့ စိတ်ဆင်းရဲခြင်းကြောင့် ဒုက္ခဖြစ်တာ မသိဘူး၊ အဲဒီတော့ ဒီဥပဒါန်တရားနဲ့ အဘိဇ္ဈာသိအောင် ဘာလုပ်မလဲ အာရုံ (၅)ပါးကိုမယူနဲ့၊ အဲဒါဖြင့်ကောင်းပြီ ငါဒီလောက်ဆို သဘောပေါက်ပြီကွာ သွားမယ်တဲ့။

## အကာကပညတ်၊ အနှစ်ကပရမတ်

သွားတဲ့အခါမှာ တောနက်ထဲမဟုတ်ပါဘူး၊ လူသူ ခေါင်းပါးတဲ့ နေရာ၊ ခါးမြတောထဲ၊ သူခိုးတောထဲ မဟုတ်ပါဘူး။ ဥတုသပ္ပာရ၊ ဘောဇဥ်သပ္ပာရ၊ နေရာထိုင် ခင်ကိုကြည့်ပြီး သင့်မြတ်တဲ့နေရာ၊ ရန်သူမျိုးငါးပါးမရှိဘူး၊ ဒီနေရာမှာတရား နှလုံးသွင်းတယ်၊ နှလုံသွင်းတဲ့အခါမှာ ကာယကံ၊ ဝစီကံ၊ မနောကံရှိပါတယ်၊ ကိုယ်ပြုလုပ်တဲ့ကံရှိ သလို ကိုယ်မပြုလုပ်တဲ့ကံရှိတယ် သဘောလေးသာနာ အဲဒီတော့ အကာနဲ့အနှစ်၊ အကာကဘာလဲ ဘုရားပညတ် ထားတာ၊ အနှစ်ကဘာလဲ၊ ပရမတ်ခေါ်တယ်၊ သဘော လေးနဲ့နာ အဲဒီတော့ အကာနဲ့အနှစ်မှန်ပြီ။ ဒါဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဘယ်ကံငါသတ်မလဲ အဲဒီ တော့ ဗျာပါဒနဲ့ အဘိဇ္ဈာ၊ ဗျာပါဒတွေဖြစ်ရော၊ ကိုယ်စိတ် ကိုစစ်၊ ဘာနဲ့စစ်မလဲ၊ မဂ္ဂင်နဲ့စစ်မယ်၊ သမ္မာဝါစာ၊ သမ္မာ ကမ္မတ၊ သမ္မာအာဇီဝ သီလမဂ္ဂင်ခေါ်တယ်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ သမာဓိမဂ္ဂင်ခေါ်တယ်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသ င်္ကပ္ပ၊ ပညာမဂ္ဂင်ခေါ်တယ်၊ အဲဒီတော့ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်ရှိတယ်၊ အဲဒီဟာကို သူကျင့်တယ်၊ တရား ထိုင်တယ်၊ မဂ္ဂင်နဲ့ မနောကိုစစ်တယ်၊

အတိတ်ဘဝ အနန္တက တစ်ဘဝပြီးတစ်ဘဝ ကံနဲ့လာခဲ့ပါလား၊ ကံကြောင့် ဒီရုပ်ဖြစ်နေပါလား၊ ကိလေသာရုပ်မှာ တဏှာ တွေကပ်နေတယ်၊ တဏှာကို ဂမ္ဘီရဉာဏ်၊ ဇဝန ဉာဏ်၊ စက္ခုဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ အဲဒီ ဉာဏ်နဲ့ကြည့်ပေတော့ အဲဒီ တော့ ရုပ်၊ နာမ်၊ သိသွားလိမ့်မယ်၊ သဘောလေးသာနာ၊ ဦးပဏ္ဍိတ ရတယ်လို့ မပြောဘူး။ သဘောလေး၊ သဘာဝကိုသိလို့ သဘောလေးလို့ပြောတာ။ အဲဒီတော့ ကိုယ်စိတ်ကိုစစ် ဘာနဲ့စစ်မလဲ မဂ္ဂင်နဲ့စစ်တဲ့။

## အာရုံကိုယူထားတဲ့အတွက် ဒိဋ္ဌိဖြစ်တယ်

သမ္မာဝါစာ၊ သမ္မာကမ္မာတ၊ သမ္မအာဇီဝ၊ ဒါသီလ မဂ္ဂင် ဒါပညတ်တပ်ပေးလိုက်ပြီ၊ မနောရဲ့စိတ်ကို ပညတ်တပ်ပေးလိုက်တာ၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မအာဇီဝသဘောပေါက်ဖို့လိုတယ်၊ မှန်တာကိုကျင့်ပါ။ မှန်တာကိုပြောပါ။ မှန်တာကိုအသက်မွေးဝမ်းကြောင်းပြုပါ။ သူထိုင်နေတာ ကရင်တွေလာကျွေးပါတယ်။ တောထဲမှာနေပေမဲ့ လာကြွေးတာ၊ အေးအေးကောင်း

တယ်ကွ၊ စားတယ် စားပြီးရင်ကျင့်တယ်။ ဘယ်မှမသွားပါဘူး၊ ဒါဘာလဲအာရုံ(၅)ပါးကိုပါယ်ပြီ။ ဒုစရိုက်ကံ(၁၀)ပါးကို ပါယ်ပြီ၊ ဘယ်ကံကိုသတ်လဲ၊ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဒါတွေသတ်တယ်၊ ဒိဋ္ဌိက အာရုံကိုယူလို့ ဒိဋ္ဌိဖြစ်ရတာပါ။ အာရုံတွေကို အမှတ်နဲ့ယူတော့ မနောကတွေးတော့တာဘဲ၊ တွေးရင်းဥပါဒါန်ဖြစ်တယ်၊ စွဲရင်ကံပေါ့ဗျ၊ အဲဒါကိုယ်စိတ် ကိုစစ်၊ အဲဒီတော့ မဂ္ဂင်နဲ့ စစ်လိုက်တဲ့အခါကျတော့ အော် ဘုရား ဘုရား အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါလား၊ သိက္ခာ(၃)ပါးတွေပါဘဲ၊ အဓိသီလ၊ အဓိစိတ္တ၊ ဒီနှစ်ခုကို ပညာကချုပ်ထားတယ်၊ သညာ မဟုတ်တော့ဘူး၊ သဘောလေးဘဲနော။

## နာမ်ဆိုတာတဏှာဘဲ၊ ရုပ်မှာတဏှာရှိတယ်၊ သာယာရင်တဏှာပဲ

ဝတ္ထုကာမနှင့် ငါမှာရှိတဲ့ ကိလေသာကာမ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏ ကိုယ်လည်းကြိုက်၏ အရိယာ မကြိုက်ဘူးတဲ့ ကိုယ်စိတ်ကိုစစ်ပါ။ အာရုံနဲ့ မနော စစ်လိုက်၊ မင်းသာယာသလား၊ သာယာရင်တဏှာဘဲ၊

ဟော သဘောလေးနာ၊ အဲဒါတွေ အာရိယာထ သစ္စာလို့ ခေါ်တယ်၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယထသစ္စာ၊ ဒါအရိယထသစ္စာ၊ အမှန်ကိုပြောတာ။ ဒါကြောင့်မို့လို့ ဒီကိလေသာနဲ့ တဏှာ ဟာ ဒွန်တွဲနေတယ်၊ ဦးပဏ္ဍိတမှာရှိတယ်။ အားလုံးလူပု ဂ္ဂိုလ်တွေမှာ အကုန်ရှိတယ်။ ဒီတဏှာကိုသတ်တာ၊ တဏှာ ဆိုတာ သာယာတာ၊ စက္ခုအာရုံမှာသာယာတာတဏှာ၊ နားသောတမှာ သာယာတာတဏှာ၊ နံ့သာမှာသာယာ တာ တဏှာ၊ ဇိဝါမှာ သာယာတာတဏှာ၊ ကိုယ်အသား ထိတဲ့ အခါသာယာတာတဏှာ၊ ကြည့်စမ်း အဲဒါဘာလဲ ဆိုတော့ မနောက်တွေ ရုပ်တရား၊ နာမ်တရား၊ ရုပ်သတ်မှ နာမ်ပြတ် မယ်။ နာမ်ဆိုတာ တဏှာဘဲ၊ အဲဒီတဏှာက ရုပ်မှာရှိတယ်ဗျို့၊ ကျင့်တဲ့သူဘဲသိတယ်။ သိလို့လာပြီး ဟောတာ၊ အဲဒါ ခန္ဓာသိလို့ခေါ်တယ်။ စာသိဝိပဿနာ အသိရှိတယ်။ ခန္ဓာကသိတဲ့ ဝိပဿနာအသိရှိတယ်။ မပယ်ဘူး၊ သဘောလေးသာနာ၊ အာရုံ(၆)ပါးလွတ်တဲ့ သူက ရှားတယ်၊ မလွတ်တဲ့သူကများတယ်၊ သဘောသာနာ၊ လူတော့လူဘဲ အသိမတူဘူး၊ ခုနကပြောသွားတယ်၊

အသိတစ်လုံးအမြတ်ဆုံး၊ ဘယ်အသိလဲ၊ လောကုတ္တရာရဲ့ အသိ၊ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းရောက်တော့ သိတာပေါ့၊ သွေးသားပြောင်းတော့၊ စိတ်ပြောင်းတယ်။

## သညာနဲ့ယူရင် တဏှာဖြစ်တယ်

ဦးပဥ္စင်းရဲ့ အဖေက ဦးချိုတိုး အမေက ဒေါ်အုန်းမေတွေ့ပြီ။ အဲဒီ ဦးချိုးတိုးကလဲ တစ်ရွာ တကျေးမှာ။ ဒေါ်အုန်းမေကလဲ တစ်ရွာတစ်ကြေးမှာ နေကြတဲ့အခါကြတော့ အလုပ်တိုက်ဆိုင်ပြီးတော့ လာ တွေ့တယ်။ သရက်ကုန်းကျေးရွာမှာ လာတွေ့တယ်။ တိုက်ဆိုင်တာကိုးဗျ၊ ဒေါ်အုန်းမေကလည်း ဦးချိုးတိုးကြည့် လိုက်တဲ့အခါကြတော့ ရူပကာယဟာ အင်မတန် ထူးပါ လား၊ သွားပြီးတော့သာယာပါလား။ မှတ်ပြီးစွဲတာ၊ တဏှာ၊ သဘောလေးသာနာ၊ ဦးချိုးတိုးကလည်း ဒေါ်အုန်းမေရဲ့ ရူပကာယကို အောင့်မလေး တယ်ချောပါလား လုံးကြီး ပေါက်လှတယ်ကောင်းပါလား အဲဒီရူပကာယကို သညာ အမှတ်နှင့် ယူလိုက်တာ၊ တဏှာ၊ အဲဒါနဲ့ ပေါင်းတာပဲဗျို့၊ ဟာအဲဒီတဏှာကနေပြီးတော့၊ ကိလေသာဖြစ်တာဘဲ၊

အဲဒီမြဲမောင်ကလဲ၊ ဘဝတစ်ပါးက၊ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ၊ တဏှာနဲ့ ဆောက်လာတဲ့ကံ၊ အဲဒီတော့မှ အော် ဘုရား ဘုရား အော် အေး အေး၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ အေး အေး အေး ဟုတ်တာပေါ့၊ အေး ဟုတ်တယ်၊ ဟုတ်တယ် အေး အေး ဒါပဲရှိတယ်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဆိုတာ၊ ပညာ၊ သညာ မဟုတ်တော့ဘူး၊ ဝတ္ထုကာမတွေကို အာရုံပြုတ် နေပြီ၊ ဒကာ၊ ဒကာမတွေလာလှူတော့ ယူရတာပေါ့ဗျ၊ ဘာပဲ ဖြစ်ဖြစ် ယူရတာပေါ့၊ အဲ အလှူခံတဲ့သူကလဲ မမွေဖြစ်ရမယ်၊ လှူတဲ့သူကလဲ ပုဗ္ဗ မုံစ၊ ပရ စေတနာ၊ စေတနာ (၃)တန်ပြတ်ရမယ်၊ ကုသလာနံ၊ ဓမ္မနံ၊ ဟေတုပစ္စယော ဝေဒနီယ၊ ဒိဋ္ဌမျက်မှောက်အကျိုးပေးတယ်။

## ကံလမ်းနဲ့ ဉာဏ်လမ်း

အဲဒီတော့ ဦးပဏ္ဍိတစာမတတ်တော့ ဘာဖြစ်သလဲဆိုတော့ ရေပုလင်းကဆေးဖြစ်တယ်၊ လက်ဖက်ခြောက်ကဆေးဖြစ်တယ်၊ ဖုတ်ကောက်ပေးဆေးဖြစ်တယ်။ အဲဒါကြောင့်သူ့နောက်ကို လူတွေဝိုင်းလိုက်နေတာ အဲဒါ

လောကီကြောင်းတွေ၊ အဲဒါပညတ်၊ ပရမတ်မှန်လို့၊ သိုက်၊ ခေါတ်၊ နတ်တို့ကလုပ်ပေးနေတာ။ သိုက်တို့၊ ခေါတ်တို့၊ နတ်တို့၊ စာကရေးထားတယ်။ သိုက်ရှိသလား၊ ရှိတယ်တဲ့၊ ခေါတ်ရှိသလား၊ ရှိတယ်တဲ့။ နတ်ရှိသလား၊ ရှိတယ်တဲ့၊ အဲဒီ သုံးကောင်ကိုငါခိုင်းတယ်ကွ၊ မှတ်ထားတဲ့၊ သူတို့က (၃၁) ဘုံမလွတ်သေးဘူးကွ၊ ငါသိတယ်ကွ၊ စာတော့ မတတ်ပေမဲ့ သိတယ်ကွ၊ ဒါကြောင့်မလို့၊ ဘာဖြစ်ဖြစ် ဝိပဿနာတရား ကို ကျင့်ကြပါ။ အဲဒီတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ (၃၁)ဘုံလွတ်တဲ့သီလတွေခေါ်တယ်။ ခင်ဗျားတို့လုပ်တာက ဒါန၊ သီလ၊ ဘာဝနာ၊ ပညာကို ထည့်မထားဘူး။ အဓိ သီလ၊ အဓိစိတ္တ၊ အဓိပညာ၊ ဒါ(၃၁)ဘုံလွတ်တဲ့လမ်းတွေ လို့ခေါ်တယ်။ ဒါန၊ သီလ၊ ဘာဝနာ ဒါကံသမားတွေသွား တဲ့လမ်း။ ကိုယ်ကိုကိုယ် ကံဖြစ်လို့ ဖြစ်မှန်းမသိဘူး။

## ကံကိုဉာဏ်နဲ့ဖြတ်

သီလဆိုတာ သူများအသက်မှပါဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ (၈)ပါးသီလယူထားတယ်။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေ ပနတီးခြင်း၊ မှုတ်ခြင်း၊ ကခုန်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ် မရာမလုပ်ပါဘူး။ ဒါပေမဲ့ ဗျာပါဒနဲ့ အဘိဇ္ဈာသတ်လို့မရဘူး။ ဘာဖြစ်လို့လဲ ဒိဋ္ဌိသတ်တဲ့အလုပ် မလုပ်လို့ ဒိဋ္ဌိသတ် လို့မရတာ၊ မနောက ကံဖြစ်နေတယ်၊ ထိုင်ပြီးပုတီးစိပ်နေတာ မင်းဖအေနဲ့မအေ ကားတိုက်လို့သေပြီလည်းကြားရော ပုတီးလွှတ်ချပြီးပူတော့တာပဲ။ ဥပါဒါန်တွေ၊ အမှတ်နဲ့ယူထားတာ။ အဲတော့ ဥပါဒါန်ကံပေါ့၊ အဲဒီကံကို ဘာနဲ့ဖြတ် မလဲ၊ ခင်ဗျားတို့ယူတားတဲ့ ဒါန၊ သီလ၊ ဘာဝနာနဲ့ဖြတ်လို့ ရမလား။ အဲဒီအဘိဇ္ဈာကို မဂ်ဉာဏ်နဲ့ဖြတ်မှပြတ်တာ။

## ဒိဋ္ဌိသတ်မှတဏှာပြတ်တယ်

ကာယသတိပဋ္ဌာန်ဆိုတာ ကံတွေ ကာယကံ၊ ဝစီကံ၊ မနောကံတွေ မဂ္ဂင်နဲ့စစ်လို့မှန်ရင် သမ္မုတိသစ္စာဖြစ်တယ်။ သမ္မုတိသစ္စာဖြစ်ချင်ရင် မင်းဘာလုပ်ရမလဲ ဝိရတိသစ္စာ မင်းတက်၊ ဝိပဿနာကျင့်၊ ဒိဋ္ဌိ၊ တဏှာသတ်၊ ဒိဋ္ဌိသတ်မှ တဏှာပြတ်တယ်၊ ငွေရရင်ငွေနဲ့မတင်းတိမ်နဲ့ ငွေထက်ကောင်းတာ ရွှေရှိတယ်၊ ရွှေရရင် ရွှေနဲ့မတင်းတိမ် နဲ့ ရွှေထက်ကောင်းတာ ကျောက်ရှိတယ်၊ ကျောက်ကတော့ ခင်ဗျားတို့တွေးကြည့် မိုးကုတ်ကကျောက်တွင်းကထွက်တာ၊ ကိုယ်လုပ်တာမဟုတ်ဘူး၊ အဲဒီတော့ ကျောက်ကလည်း အရည်အသွေးကောင်းတယ်၊ ရတီကလည်းကောင်းတယ်၊ ကမ္ဘာကလည်းတန်ဖိုးမဖြတ်နိုင်ဘူး။ ငွေတစ် ကျပ်သားကုန်မယ်၊ ရွှေတစ်ကျပ်သားကုန်မယ်၊ ကျောက်ကမကုန်ဘူး အဲဒီသုံးခုကြိုက်ရာရွေး၊ သီလ၊ သမာဓိနဲ့ မတင်း တိမ်နဲ့ ပညာဖြစ်အောင်လုပ်၊ ခင်ဗျားတို့ ပညာတတ်တွေ ဘဲ၊ ပြန်ကြမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ စာကရေးထားတယ်။ အနတ္တကိုရောက်အောင်သွား၊ အနိစ္စဘာလဲဆိုတာ၊ ဒုက္ခဘာလဲဆိုတာ ဉာဏ်နဲ့ကြည့်၊

ခင်ဗျားတို့အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကလေးတောင် ဆိုတတ်တယ်၊ ခန္ဓာကအနိစ္စ၊ ခန္ဓာ က ဒုက္ခ၊ ခန္ဓာကအနတ္တသိမှ အဲဒီတော့ ဘာဖြစ်လာမလဲ။ သံဝေဂဝင်လာမယ်၊ ကိုယ်ကျင့်မှုကိုယ်သိလာမယ်၊ ကိုယ်ကျင့်တရားရှိမှ စာနာစိတ်ဖြစ်လာမယ်၊ သံဝေဂ တရား၊ ကိုယ်ကျင့်တရား၊ ဗြဟ္မစိုရ်တရားထားကြပါ။ ကျင့်လို့ပညာပိုင်း ရောက်သွားရင် တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိစင်ကြယ် သွားပြီ၊ ကြည့်တတ်ဖို့လိုတယ်။ ခင်ဗျားတို့ ပေါ်မူတည်တယ်၊ အဲဒီတော့ ကျင့်ကြပါ။ ကြံကြပါ၊ အားထုတ်ကြပါ၊ ကိုယ့်စိတ်ကို မဂ်နဲ့စစ်၊ စာတော့မတတ်ဘူးပေါ့ဗျာ၊ ပြောမှား ဆိုမှား ရှိရင် ခွင့်လွှတ်ကြပါ၊ စာမတတ်ပါဘူး။

## မစွဲနဲ့စွဲရင်ခံ

ကိုယ်ကသွားမစွဲနဲ့ ပညတ်ကိုမပယ်ဘူး၊ ပရမတ်ကိုလည်းမကွယ်ဘူး၊ ပညတ်ကို သွားမစွဲနဲ့၊ သဘောပြောမယ် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ၊ ဒါသဘောလေး လမ်းပြတာ၊ ဘုရားရှိခိုးတယ်၊ မှန်တယ်ဗျ၊ ဘုရားကို ရေချမ်းကပ်တယ်၊ မှန်တယ်ဗျ။ ဘုရားဆီမီးကပ်တယ်၊

မှန်တယ်ဗျ၊ ပရိတ်ရွတ်တယ်၊ ပဋ္ဌာန်းရွတ်တယ်၊ ဂုဏ်တော်ရွတ်တယ်၊ အကုန်ကောင်းတယ်၊ ဟုတ်တယ်၊ သိပ်မှန်တယ်။ ဦးပဏ္ဍိတပြောသွားပြီ၊ မစွဲနဲ့နော်တဲ့၊ ဒါဘဲပြောချင်တယ် မင်းပေါ် မူတည်တယ်၊ အဲဒါတွေလုပ်တာမှန်တယ်တဲ့၊ မစွဲ နဲ့ကွာတဲ့၊ စွဲရင်တော့ မင်းစိတ်မင်းစစ်ပေတော့။

## စွဲရင်ကံ၊ မစွဲရင်ဉာဏ်

ပညတ်ကိုယူတယ်၊ ပညတ်ကိုမှတ်တယ်၊ မစွဲနဲ့၊ အဲဒီအစွဲတွေဟာ တဏှာဖြစ်တယ်၊ အမြင်မှာလည်းဖြစ်တယ်၊ အနံ့မှာလည်းဖြစ်တယ်၊ ဇိဝါမှာလည်းဖြစ်တယ်၊ အဲဒီ အစွဲတွေကို ပြတ်အောင်ဖြတ်၊ လောကီ ဒီကံတွေရဲ့ ဥပါဒါန်အစွဲပြတ်ရင် ခင်ဗျားပြီးရောပေ့ါဗျာ၊နိရောဓနဲ့ မဂ်ရမယ်၊ အဲဒါကျင့်တဲ့သူပဲသိတယ်၊ ဦးပဏ္ဍိတရတယ်လို့ မပြောဘူး၊ ပညတ်ကနေပရမတ်ကူးမယ်၊ စိတ်ပြီးရင် ခတ်ပေ့ါဗျာ၊ စိတ်၊ ခတ်၊ ပရမတ်ရေးထားတယ်၊ အခုပြောနေတာ လောကီထဲမှာစိတ်ပေါ့ဗျ။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်တွေ၊ စားစိတ်တွေ၊ သိစိတ်တွေ၊ ဒါဘာ

လည်း မြင်လိုက်တော့သိတာပေါ့ဗျ၊ သိစိတ်ပေါ့၊ မြင်စိတ်ပေါ့၊ အဲဒါသွားမှတ်တယ်၊ သွားမှတ်ပြီးတော့၊ သွားစွဲတယ်၊ မစွဲနဲ့၊ စွဲရင်ကံဖြစ်သွားလိမ့်မယ်၊ မစွဲရင် ဉာဏ်ဖြစ်သွားလိမ့်မယ်၊ ခင်ဗျားတို့အပေါ် မူတည်တယ်" ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၄၈)

## ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူလမ်း၊ သာသနာ့ရက္ခိတဓမ္မာရုံတွင် ဝိသုဒ္ဓိဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ခန္ဓာကျင့်ခန္ဓာသိ ဓမ္မသစ္စာတရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ပါဘူး။ နဂိုမူလက ငယ်စဉ်တောင်ကျေးက ဒီစာကိုမသင်ခဲ့ရပါဘူး။ တန်းစာမသင်ခဲ့ပါဘူး။ တောမှာနေတယ်။ တောမှာ အင်မတန်ခေါင်းပါးတဲ့နေရာ ဟိုးငယ်ငယ်က မိဘများက

ကျောင်းမထားနိုင်ခဲ့လို့။ စာမတတ်တာပါ စာကိုပယ်တာ မဟုတ်ပါဘူး။ စာမတတ်တော့ အသက်ကြီးမှ ဝိပဿနာ တရားများကို ကျင့်ကြံအားထုတ်တော့မှ ဒီတရားတွေ သိလာပါတယ်။ ဦးဇင်းရဲ့အသိလေး ပြောပြပါမယ်။ အားလုံးရှိတဲ့ဆရာတော်၊ သမားတော်၊ သံဃာတော်၊ အရှင်မြတ်၊ ထေရ်ကြီးဝါကြီးများ၊ ကိုရင်လေးများ တပည့် တော်က စာမတတ်တဲ့အတွက်ကြောင့်ပညတ်၊ အတတ် မှားသွင်းလို့ရှိရင် အထူးသည်းခံပါ။

စာမှမတတ်တာ ဒကာ၊ ဒကာမများ တရားကို နာတဲ့အခါ အသိလေးပေါ့ဗျာ၊ အဲဒီအသိလေးဟာ လောကီအာရုံလေးနဲ့ လောကုတ္တရာအာရုံ အသိလေးကို သေသေချာချာလေး အသိလေးကို နှလုံးသွင်းပေါ့။ ဦးဇင်းက စာမတတ်တော့ ပြောမှား ဆိုမှားရှိရင် အားလုံး ကခွင့်လွှတ်ပါ။ စာမှမတတ်တာ၊ စာတတ်ချင်ပေမယ့် သူမှ ငယ်စဉ်တောင်ကျေးက မသင်ခဲ့လို့ မတတ်ဘူးပေါ့။ မတတ်တော့ ခန္ဓာသိဘဲ ပြောပြပါမယ်။ အဲဒီတော့ ဘုရားက ဟောပါတယ်။ ဘာဟောသလဲ သဗ္ဗေ အလုံးစုံ သော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခ၊

သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တတဲ့၊ အဲဒီတော့ အနိစ္စ ရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ ခန္ဓာမှာရှာရပါတယ်၊ ရှာတဲ့ အခါကျတော့ တဖြေးဖြေးသဘောပေါက်လာလိမ့်မယ်။ အဲဒီတော့ တောင်ဘို့မှာ ဂယ်ပေါက်ခြောက်ပေါက်ရှိ တယ်။ ဒီလိုခြောက်ပေါက်ကို အပြင်အာရုံ(၅)ပါးကို ပိတ် လိုက်ပါတဲ့ အပြင်အာရုံ(၅)ပါးကို ပိတ်လို့ရှိရင် လုံပြီလား တဲ့၊ လုံပါပြီတဲ့ အတွင်းအာရုံကိုသတ်ပါ။ ဒီလို ဥပမာ ဥပမေယျဆရာတော်၊ သမားတော်တွေက သူညွှန်ပြတဲ့ အသိလေးရှိပါတယ်။ အဲဒီတော့ တောင်ဘို့ဟာ ဘာနဲ့ သဏ္ဌာန်တူလည်းဆိုတော့ ကိုယ်ရဲ့ခန္ဓာကိုခေါ်ပါတယ်။ အဲဒီ ကာမဝဋ်လည်းခေါ်မှာပေါ့၊ ခန္ဓာဝဋ်လည်း ခေါ်မယ် ဗျ၊ အဲဒီစက္ခုအာရုံ၊ နားသောတအာရုံ၊ နံ့သာအာရုံဆို တာ စာတွေနဲ့ရေးထားတာ၊ ဟုတ်တယ်။ မြင်တော့သိ၊ ကြားတော့သိ၊ နံတော့သိတယ်၊ စားတော့သိတယ်၊ ထိတော့သိတယ်၊ ဒီအသိ(၅)ခုကို လောကီအာရုံလို့ ခေါ် တယ်။ ပညတ်အာရုံလို့ခေါ်တယ်။ အဲပညတ်အာရုံကို ခေတ္တရပ်ဆိုင်းထားပြီးတော့ သမ္မာကို နှလုံးသွင်းရမယ်။ ဘာလို့သူ့ကိုရပ်ဆိုင်းထားရလဲ ငါမြင်တယ်ကွ၊ ငါနား

ကြားတယ်ကွ၊ ကြားလို့ငါသိတယ်၊ ငါမြင်လို့ ငါသိတယ်၊ အဲဒီလို မြင်လိုက်တဲ့အခါမှာ ပစ္စည်းတွေပျောက်ဆုံးသွားတဲ့အခါမှာ ပစ္စည်းတွေ ဟိုလူကခိုး၊ ဒီလူကခိုး၊ ငါမြင်တယ်ကွ၊ မင်းခိုးတာ ငါမြင်လို့သိတယ်ကွ၊ ငါနားကြားလို့သိတယ်ကွ၊ ငါ့လာတိုင်တာ ငါမြင်ပြီး အဲ့ဒီလိုယူတဲ့အယူဟာ ဒေါသဖြစ်သွားတယ်၊ သူ့ပစ္စည်းတွေကိုတန်ဘိုးရှိတဲ့ပစ္စည်းတွေကို သူသွားပြီးတော့ ပစ္စည်းကြောင့်ဥပါဒါန်ဖြစ်နေတာ ပစ္စည်းဟာ တဏှာကွ၊ ပစ္စည်းလေးကိုတဏှာလို့ခေါ်တယ်၊ တဏှာကြောင့် မနောက ဥပါဒါန်ဖြစ်သွားတယ်။ ဒါအကြောင်း၊ ဒါမိစ္ဆာအယူ၊ ငါမြင်တယ်၊ ငါသိတယ်၊ ငါသိတယ် ဆိုတဲ့အရာဝတ္ထုတွေပါ၊ ဒါကသစ္စာနဲ့ဟောလိုက်တာ ပစ္စုပ္ပန်တည့်တည့်လေး မြင်လိုက်တာသိတာပေါ့၊ ကိုယ့်နားကြားလိုက်တာသိတယ်၊ ငါ့ကိုဆဲနေတယ်၊ တိုင်းနေတယ်၊ သူပြောနေပြီ၊ တခါထဲ ဒေါသဖြစ်တာပေါ့၊ အဲသည်အကြောင်းကို သတ်ရမှာ၊ ဒါကြောင့်မို့ ခေတ္တခဏအာရုံ(၅)ပါးကို ပိတ်ထားပါ။ ဒါဖြင့်ပိတ်ထားပြီ၊ ဒါဖြင့်ဘာလုပ်မလဲ 'သမ္မာ'လုပ်ပါ။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဒါသီလ မဂ္ဂင်၊ ဒီသီလမဂ္ဂင်ဟာ အပြင်အာရုံ (၅)ပါးကိုပါ၊ သူပယ်ထားပြီ၊ အတွင်းအာရုံ မှာရှိတဲ့တွေးစိတ်တွေ၊ ငါ့မှာ နီဝရဏတွေရှိသလား၊ အပြင်အာရုံနဲ့ ပေါင်းသလား၊ အဲဒါ ကိုယ်စိတ်ကိုယ်စစ်၊ အဲဒါထိတယ်၊ သိတယ်၊ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်းမမြဲဘူး၊ ဒါအနတ္တ၊ အဲဒီတော့ ဒီအတ္တကို သိလာလိမ့်မယ်။ အနတ္တရဲ့သဘော သိလိမ့်မယ်။ အဲဒီလိုလုပ်နေတဲ့အခါမှာ၊ သူဘာဖြစ်လာမလဲ၊ ကာယကံ(၃)ပါး၊ သူများအသက် မသတ်ဘူး၊ သူများ ပစ္စည်းမခိုးဘူး၊ သူများသားမယား မဖျက်ဆီးဘူး၊ ဒါကာယ ကံ၊ ကာယကံကလည်းလုံနေပြီ၊ ဝစီကမှုသာဝါဒါ၊ ပိသုဏာဝါ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ တွေလုံနေပြီ၊ ရေတောင်မသောက်ပါဘူး၊ ဒီသဒ္ဓါရဲ့ ကောင်းမှုကြောင့် ဝီရိယကထူထောင်ထားတဲ့ အခါ ကျတော့ သူ့မှာဘာဖြစ်သလဲ၊ ပါဠိလိုရေးထားတယ်။ မြန်မာလိုဆိုရင် ဒုစရိုက် (၁၀)ပါး၊ မိစ္ဆာဒုစရိုက်(၁၀)ပါးကို သမ္မာဖြစ်အောင် ထလုပ်နေတယ်၊ ကာယကံ(၃)ပါး၊ ဝဇီကံ(၄)ပါး၊ မနောကံ (၃)ပါး ပေါင်းလိုက်တော့ ဒုစရိုက်

(၁၀)ပါးလို့ခေါ်တယ်။ အဲဒီတော့ ဒီကံတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီကံတွေ ဘာကြောင့်ဖြစ်ရတာလဲ၊ အာရုံကြောင့်ဖြစ်တာ အာရုံ(၅)ပါးမလွတ်လို့ ငါဖြစ်တာ၊ ကိုယ့်စိတ်ကိုယ်စစ်လိုက် အပြင်အာရုံနဲ့ အတွင်းအာရုံနဲ့ မပေါင်းတော့ဘူး၊ (ထိတယ်၊ သိတယ်)၂ လုပ်နေပြီ။

လုပ်နေတဲ့အခါမှာ အပြင်သီလတွေအားကောင်း လာတယ်နော်၊ မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူး မထိချင်ဘူး၊ အဲဒီအယူဝါဒတွေမယူဘူး၊ မနောရဲ့အတွင်း အာရုံတွေကို သူသတ်တယ်၊ ဒီအတွင်းအာရုံဟာ အပြင် အာရုံနဲ့ပေါင်းသလား၊ အော်အပြင်အာရုံနဲ့မပေါင်းဘူး၊ အဲဒီတော့ အတွင်းအာရုံဟာဘာလဲ၊ အဲဒီတော့သညာ၊ သင်္ခါရ၊ ဥပါဒါန်၊ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးဟာ ရုပ်တရားဟာဖောက်ပြန် တယ်။ ကိလေသာခါတ်တွေ ဖောက်ပြန်တယ်၊ ကိလေသာ ဓါတ်တွေဖောက်ပြန်တော့၊ အကုန်အစင်၊ သူကနေပြီး တော့၊ အတွင်းဓါတ်တွေကိုပယ်နိုင်အောင်၊ ကျင့်ကြံပါတယ် နောက်အပြင်အာရုံနဲ့ဘာမှ မပေါင်းဘူး၊ တရားစင်ပေါ်က ထွက်သွားတယ်(အော်အေးအေး)၂ လှမ်းတယ်၊ လှမ်းတယ်၊

ဒီလှမ်းတာကို ခြေထောက်ကလေးက မြေကြီးကိုထိသွား တယ်၊ ကိုယ့်အသားကိုယ်ခြေထောက်က မြေကြီးကို ထိတော့ မသိဘူးလား။ 'သိ'တာကစိတ်၊ 'ထိ'တာကရုပ်၊ အဲဒါ "ထိသိ"လို့ခေါ်တယ်။ ထိသိပေါ်မှာ မနေဘဲ အဲသည့်အသိကို ကပ်ထား၊ ဘယ်အာရုံမှ မလိုက်ပါနဲ့ အဲဒီလိုတဲ့တဲ့လေး၊ ပစ္စုန်ပန်တည့်တည့်လေးဟာ သစ္စာလို့ ခေါ်တယ်။ ဒါဘာသစ္စာလည်း၊ အရိယာသစ္စာခေါ်တယ် သမုတိသစ္စာက၊ 'သမ္မာ'ကလာတာ၊ အဲဒီတော့မှ ဝိရတီ သစ္စာ၊ ဝိပဿနာလမ်းပေါ်မှာ သူလျှောက်မယ်။ အဲဒီတော့ ရုပ်အကျိုးတရား၊ နာမ်အကြောင်းတရား၊ ဒီအကျိုးတရား နဲ့ အကြောင်းတရားကို သူသတ်နေတဲ့အခါမှာ ဒါပညာ ပိုင်းခေါ်တယ်။ ပညာပိုင်းဆိုတာ ခုနက သမ္မာကနေလာ တာ မိစ္ဆာကနေလာတာမဟုတ်ဘူး၊ ဝိပဿနာမဂ္ဂင် (၈)ပါး၊ ဦးဇင်းကစာမတတ်လို့ နဲနဲလေးသဘောလေး လောက်ဘဲ ပြောသွားတယ်။

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲဒီတော့ ဒါစာတွေရေးတာ၊ သူထိုင်နေပြီ။ အော် အေး အေး အေး သူမြင်လိုက်တဲ့အခါမှာ ပညာပိုင်းနဲ့နေတာ၊ ပညာပိုင်းမှာ

ဘာဦးစီးထားသည်သလဲဆိုတော့ ဉာဏ်ဦးစီးထားတယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉ္ဒပါဒိ၊ အာလောကော ဥပါဒိ၊ ဉာဏ၊ ဥဒပါဒိ၊ အဲ့ဒါလောကုတ္တရာ ဉာဏ်တွေ၊ ဉာဏ်ဆိုတာမဂ္ဂင်(၈)ပါးပေါ်ကရတဲ့ အသိဉာဏ်ခေါ်တယ်။ အဲဒီအသိဉာဏ်နဲ့အော် အေး အေး အေး။ ဒီတော့ ပညာဆိုတာဘာလဲ၊ ပညတ်နဲ့ပရမတ်ပိုင်းခြားပြီး သိသွားတယ်။ ပရမတ်ကလည်း နှလုံးသားမှာရှိတယ်။ ပညတ်က အပြင်မှာရှိတယ်။ ပရမတ်ကအတွင်းဓာတ်တွေ ကိလေသာ ဓာတ်တွေချုပ်အောင် သူလုပ်နေတာ။ အဲဒါ ပညာပိုင်းတွေပဲ။ သညာပိုင်းတွေမဟုတ်တော့ဘူး။ သညာပိုင်းကနေပြီးတော့ သမ္မာကိုဖြစ်လာတယ်။ အဲဒီကနေ သူပညာကိုတက်မယ်။ ရုပ်ပေါ်နာမ်ပေါ်ကသိတာကိုး။ အဲသည်တော့ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်ခေါ်တယ်။ သဘောလေးတာနာ။

ဒါကြောင့်မို့ အခုနက စာကရေးထားတယ်။ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒေသစေတီ၊ ဓမ္မစေတီ၊ စေတီ(၄)မျိုးရှိတယ်။ ကြိုက်တာခင်ဗျားတို့ကိုးကွယ်ကြ၊ ရှိတယ်၊ သာသနာမဆိတ်သုဉ်းသေးဘူး ရှိတယ်။ ပုဂ္ဂိုလ်

စစ်၊ ပုဂ္ဂိုလ်မှန်တွေရှိတယ်။ ဒါပေမယ့် ကိုယ်ကမသိနိုင်ဘူး။ အဲဒီပုဂ္ဂိုလ်ကသိတယ်။ သူကဒီလမ်းကလာတာကို၊ သူကဒီလမ်းကလာတဲ့အသိနဲ့၊ ဟိုအရင်တုန်းကလာတဲ့အသိနဲ့ မတူတော့ဘူး။ ဒါကြောင့်မို့ သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ဓမ္မလို့ရေးထားတယ်။ ဒါဘုရားဟောအရ ဓမ္မဆိုတာ ဘယ်မှာလဲ။ နှလုံးသားမှာရှိတယ်။ အပြင်က ပညတ်ခေါ်တယ်။ နှလုံးသားဟာ ဓမ္မဖြစ်နေတယ်။ အဲဒီတော့ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ သူ့စေတနာမှာ ထူးနေတဲ့စေတနာ။ ဒါဉာဏ်စေတနာခေါ်တယ်။ ကံစေတနာကတော့ ဒါငါ့သမီး၊ ဒါငါ့သား၊ ဒါငါ့မိန်းမ၊ ဒါငါ့ကိုပေးနေတဲ့လူကြီး။ အဲဒီတော့ သဉာစေတနာဟာ ပျက်တတ်တယ်။ သီလပျက်တယ်။ အတွင်းသီလပျက်တယ်။ အဲသည်တော့ အတွင်းသီလလုံမှသာလျှင် အပါယ်ပိတ်မယ်။ အဓိသီလဆိုတာ အာရုံပေါ်မှာ ဒီအယူကို သူမယူဘူး။ မြင်တော့မြင်နေပြီ။ ကြားတော့ကြားနေပြီ။ မမှတ်ဘူး။ ပညာနဲ့သာ နှလုံးသွင်းထားတယ်။ ဒါကျင့်တဲ့သူပဲသိတယ်။ အဓိသီလဆိုတာက အပါယ်ပိတ်တာ။ ခင်ဗျားတို့ယူထားတဲ့ သီလကတော့ ဟုတ်တာ

ပေါ့။ ဟုတ်တယ်၊ မှန်တယ်။ ဒါသဘောလောက်ပြောမယ်။ အပါယ်ပိတ်နိုင်တယ်။ မပိတ်နိုင်တယ်။ လမ်းလေးကို ပြောလိုက်မယ်။

မအေသေတယ်။ မယား နောက်လင်ယူသွားတယ်။ မယားနောက်လင်ယူသွားတဲ့အခါ ဘယ်လိုနေမလဲ။ ပူတာပေါ့။ ဒါဘာဖြစ်လို့ပူလဲ။ စွဲလို့ပူတာပေါ့။ ဒါဥပါဒါန်ကံခေါ်တယ်။ စွဲတာမိစ္ဆာအယူလား။ သမ္မာအယူလား။ ကိုယ့်စိတ်ကိုယ်စစ်လိုက်အုံး။ အဲဒီကံကြောင့် သံသရာလည်မှာ။ အဓိသီလကလည်မှာမဟုတ်ဘူး။ အပါယ်ပိတ်တာ။ အဲဒီတော့ အဓိသီလက ဘယ်ကရသလဲ။ မဂ္ဂင်(၈)ပါးကို ခင်ဗျားတို့ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင့်မှာမစင်ကြယ်ရင် အာရုံပေါ်မှာ မစင်ကြယ်ဘူး။ သညာ၊ သင်္ခါရ၊ ဥပါဒါန်ဖြစ်နေတယ်။ အပြင်မှာဖြစ်နေရင် အတွင်းမှာပေါက်တယ်။ မဲမယ်။ အတွင်းသီလ အတွင်းရဲ့အဓိစိတ္တလုံမှ အပြင်သီလစိတ်ချရမယ်။ ဒါသိမှ သမာဓိကောင်းမှ၊ အပြင်မှာစိတ်ချရမယ်။ ခင်ဗျားလုပ်တဲ့ စရဏရှိရတယ်။

ကိုယ့်အလုပ်ကို ကိုယ်မှန်အောင်လုပ်ပါ။ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာရေးထား တယ်။

စာကမှန်၏။ ဉာဏ်မမီထိအောင်သူမသိ။ စာတွေ့ ငါတွေ့၊ အတွေ့နှစ်တွေ့ရှိတယ်။ စာတွေ့ထက်ငါတွေ့က သာတယ်။ ခံစားရတယ်။ အပြင်အာရုံနဲ့ပေါင်းသလား။ အတွင်းအနှစ်ဖြစ်ပြီလား။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အဓိ သီလဆိုတာ ဝိပဿနာသွားတဲ့လမ်း။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကို သိက္ခာ(၃)ပါးကို အဆီညှစ်ထုတ်လိုက်ရင် ဘာအဆီတွေကျမလဲ။ ဧကောဓမ္မော၊ ဧကောဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ် ကလာတယ်။

နိဗ္ဗာန်သည်ခန္ဓာမှာ စတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ အေးပြီ။ အလုံဒီပါဆိုတာ၊ မနောလုံ သွားပြီ။ အာရုံကိုမလိုက်တော့ဘူး။ အဲဒါဘယ်သူသိလည်း၊ ဘယ်သူမှမသိဘူး။ ဉာဏ်ကိုးဗျ။ ဒါကြောင့်မို့ဘာသတ် သွားလဲ။ ဦးပဏ္ဍိတ၊ ကိလေသာနဲ့တဏှာသတ်တယ်။ အဲ့သည့်ကိလေသာထဲမှာ တဏှာရှိတယ်။ ဝေဒနာနိယော ခါ၊ တဏှာနိယောခေါ၊ ရေးတတ်တယ်။ တောင့်ထား။

ဖြေးဖြေးမျှော်ပြီးလိုက်။ ဝေဒနာကိုသဘောလေးနဲ့သာ လိုက်၊ သူဖောက်ပြန်တာလား။ ငါဖောက်ပြန်တာလား။ သူဖောက်ပြန်ရင်သဘာဝလို့ခေါ်တယ်။ ငါကအံ့ကြိတ်ထားရင် အတ္တဖြစ်သွားလိမ့်မယ်။ အတ္တနဲ့ အနတ္တသဘောလေးတာကြည့်။ ရုပ်ပေါ် နာမ်ပေါ် ကယူပါ။ သီလတို့သမာဓိတို့ပညာတို့ဆိုတာလည်း ရုပ်ပေါ် နာမ်ပေါ် ကဖြစ်နေတာပါ။

ဗုဒ္ဓကိုယုံကြည်ရင် ခုနကတရားအားထုတ်ကြ။ တရားအားထုတ်ရင် ဓမ္မဖြစ်မှာပဲ။ ဓမ္မဖြစ်ရင်သူကသံဃာ့အဝတ်နဲ့ကို သူလုပ်ပေးတော့မယ်။ အဲဒါပဋိဝေဒဘဲ။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာသုံးရပ်ရှိတယ်။ ပဋိဝေဒဆိုတာ အင်မတန်မှထူးပါတယ်။ ဖော်ပေးတာ၊ ဦးဇင်းကစာပေကျမ်းဂန်မတတ်တော့ ပြောတာဆိုတာ မှားယွင်းသွားရင် ခွင့်လွှတ်ပါ။ ပညတ်ကိုသမ္မာနဲ့ ယူပါ။ မိစ္ဆာနဲ့သွားမယူပါနဲ့။ ပညတ်ရှိလို့လည်း ပရမတ် ကို သိတာ။ ပညတ်ကိုလည်းမပယ်ပါဘူး။ မစွဲဘူး၊ ပညတ်ကိုလည်းယူတယ်။ စွဲလည်းစွဲရင် ဘယ်နဲ့မှမတတ်နိုင်တော့ဘူး။ ဘုရားကပညတ်တာ။ ဘုရားပညတ်ထားတာတွေ

ဒါတွေဟာ မကောင်းတဲ့ဒုစရိုက်တွေမလုပ်ဘူး။ကောင်းတဲ့ အလုပ်လုပ်မယ်။ ဘယ်သူနဲ့မှလည်း ငါမပြောတော့ဘူး။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မထိချင်ဘူး။ မစားချင်ဘူး။ တဖြေးဖြေးကိလေသာဟာ ခမ်းခြောက် လာလိမ့်မယ်။ ကိလေသာခမ်းခြောက်လာတာနဲ့ ခင်ဗျား ဘာဖြစ်လာမလဲ။ ကိလေသာခမ်းခြောက်လာ တာနဲ့ ဒုက္ခသစ္စာကို သိလာလိမ့်မယ်။ အော်ကမ္မဝဋ်ကြီး ပါလား။ ဘဝအနန္တက ဒီကာမဝဋ်ကို ငါမပယ်နိုင်တော့။ ဟောဒီ ဘဝမှာ ငါမလွတ်ပါလား။ အနာဂတ်ဝိပါကဝဋ်ပါပြီ။ ကာမဝဋ်နဲ့လာကြတာ၊ မနုဿတ္တဘာဝေါဒုလ္လဘော ဆိုတဲ့ ကာမဝဋ်နဲ့လာတာ။ ကိလေသာတဏှာနဲ့လာတာ။

တွေးကြည့်ဒီရုပ်ကြီးဟာ တွေးကြည့်၊ ခွေးလေးမွေး ရင် ခွေးရုပ်ပေါ့ဗျ။ ဝက်ကလေးမွေးရင် ဝက်ရုပ်ပေါ့ဗျ။ ဆိတ်ကလေးမွေးရင်ဆိတ်ရုပ်၊ လူလာမွေးတယ် လူရုပ်ပေါ့ ဗျ။ ဒါကိလေသာကိုး ကိလေသာမှာ တဏှာတွေရှိတယ်။ တဏှာဆိုတာခံစားတာ။ ကိုယ်ပဲသိတယ်။ ခံစားတဲ့အရ သာဟာ ရှိလည်းမရှိဘူး။ ရှိတယ်ဆိုပြီးတော့ သူဒါပဲနှစ် သက်တယ်။ တဏှာဆိုတာ၊ ကိလေသာမှာရှိတယ်။

ဒါကြောင့်မို့ ကိလေသာနဲ့တဏှာကိုသိချင်ရင် တရားအား ထုတ်။ တရားအားထုတ်ရင် သမ္မာဖြစ်သွားလိမ့်မယ်။ မိစ္ဆာကိုပယ်မယ်။ မမြင်ချင်ဘူး။ မကြားချင်ဘူး။ မသိချင်ဘူး။ မထိချင်ဘူး။ မစားချင်ဘူး။ လက်ကလေးပိုက်ပြီးတော့ တရားထိုင်ပါ။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးဆိုတဲ့ဒုစရိုက်(၁၀)ပါးမှာ ဘယ်ဒုစရိုက်ကို သတ်မလဲ။ ဗျာပါဒနဲ့အဘိဇ္ဈာနဲ့ ဝန်တိုမစ္ဆရိယ။ ကုက္ကုစ္စ စိတ်တွေသတ်မယ်။ ဘယ်သူကကုက္ကုစ္စလုပ်သလဲ။ ဘယ်သူကဒေါသစိတ်ဖြစ်အောင် လုပ်သလဲ။ ဘယ်သူက ဗျာပါဒလုပ်သလဲ။ ဘယ်သူကဝန်တို မစ္ဆရိယစိတ်လုပ်သလဲ။ ဘယ်သူကဒေါသစိတ်ဖြစ်အောင် လုပ်သလဲ။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အာရုံကြောင့်ဖြစ်တာ။

ငါ့သမီးလေးဟိုလူကရိုက်နေပါကလား။ အဲဒီတော့ မအေကတစ်ခါတည်း အဲဒီအာရုံကို သညာနဲ့ယူတော့မှ သင်္ခါရတွေဖြစ်ပြီးတော့ ဒေါသတွေဖြစ်သွားတယ်။ ဒီလို ဒေါသတွေဖြစ်သွားရင် ခင်ဗျားသီလရှိနိုင်ပါ့မလား။ အတွင်းအာရုံနဲ့၊ အပြင်အာရုံပေါင်းလိုက်လို့ ခင်ဗျားစိတ် အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲဒီ

တော့ ဥပါဒါန်အစွဲကြီးဖြစ်ပြီး၊ လမိုင်းခေါ်လိမ့်မယ်။ သဘောလေးသာနာ။ အဲဒီလိုအစွဲတွေကို သတ်ပစ်ရမယ်။ ဒီအစွဲဥပါဒါန်ကို ဘယ်သူကသတ်မလဲ။ ခင်ဗျားတို့ယူထားတဲ့ (၈)ပါးသီလနဲ့လည်း သတ်လို့မရဘူး။ မအေသေတယ်။ သားသေတယ်။ သမီးသေတယ်။ အိမ်မီးလောင်တယ်။ တိုက်မီးလောင်တယ်။ ကားမီးလောင်တယ်။ ဒီဥပါဒါန်အစွဲဘာနဲ့သတ်မလဲ။ ခင်ဗျားတို့ယူထားတဲ့သီလနဲ့သတ်လို့ရပါ့မလား။ ခင်ဗျားတို့ဆောက်တည်ထားတဲ့သမာဓိနဲ့သတ်လို့ရပါ့မလား။ အဲဒီဥပါဒါန်အစွဲဟာ ဉာဏ်နဲ့သတ်မှရမယ်။ ဒီတစ်လမ်းပဲရှိတယ်။ ဒီအစွဲပြတ်ရင် (၃၁)ဘုံလွတ်ပြီ။

ခင်ဗျားတို့ရုပ်နာမ်မှမသိတာ။ အဝိဇ္ဇာလို့ခေါ်တယ်။ အာရုံနဲ့ပေါင်းပြီးတော့ သင်္ခါရတွေဖြစ်နေတယ်။ ဥပမာ - ကျားကြီးတစ်ကောင်ဟာ သူ့ရှေ့လက်ကလေးကြည့်ပြီး သူဟာသူ့အမွေးလေးကို ရက်နေတယ်။ တစ်နေ့သောအခါမှာ ဂျီတစ်ကောင်ဖြတ်သွားလိုက်တယ်။ ဖြတ်သွားတော့ ကျားကမြင်လိုက်တဲ့အကြောင်း အကြောင်းမသတ်တတ်ဘူး။ အဲဒီတော့ ငါ့အစာပဲ။ မာန်ဖြစ်ပြီး

ဂုတ်ကိုခဲတော့ တစ်ခါတည်းဂျီသေတာပဲဗျို့။ တစ်ခါတည်း သေတော့မှသူ့မှာ အဲဒီတော့တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိ ရယ်။ အဲဒီအယူဝါဒတွေယူလို့ကျားဟာ ဒုက္ခရောက် တာပဲ။ မစဉ်းစားနိုင်ဘူး။ ဒါဥပမာပေးတာ။ ငါ့အစာဆို တာ တဏှာ။ တဏှာကြောင့်မာန်ဖြစ်တာ။ အဲဒီတဏှာနဲ့ မာန်ဟာ ဘယ်သူလုပ်လဲ။ ဒိဋ္ဌိလုပ်တာ။ ဒိဋ္ဌိဟာဘာလဲ။ အာရုံကိုယူတာ။ အာရုံနဲ့မနေ့ာပေါင်းတာ။ အဲဒါဒိဋ္ဌိ။ သံသရာလည်တဲ့တရား။ ခင်ဗျားဘယ်ဘုံရောက်တယ် မပြောဘူး။ သံသရာလည်တာ။ အခုလည်ရင်၊ နောင် လည်းလည်မယ်။ အဲဒါကမ္မဝဋ်ကို မသိလို့၊ ဘဝမှာလည်း နစ်နေတာ။ ဘဝနစ်နေရင် ဝိပါကဝဋ်ပါသွားလိမ့်မယ်။

ဒီရုပ်က အိုမယ်၊ နာမယ်၊ သေမယ်။ စိတ်ကမအို ဘူး။ စိတ်ကိုပြောသွားတာ။ ခင်ဗျားမြင်လိုက်တော့သိတာ ပေါ့။ သိတာက သိစိတ်ပဲ။ ကြားစိတ်ပဲ။ အမှတ်နဲ့ သွားမှတ် တော့ သညာခေါ်တယ်။ သညာက ကိုယ့်ကိုဒုက္ခပေးတာ၊ ပညာလေးနဲ့ယူ၊ ကြားတာလည်းမမြဲပါလား။ အပြင်အာရုံ တွေ မယူနဲ့၊ အပြင်အာရုံယူရင် သမ္မာယူ၊ မိစ္ဆာမယူနဲ့။ မိစ္ဆာဆိုတာငါဆဲတာပဲ။ ငါတိုင်းတာပဲ။ ဆဲရင် ဒေါသကို

ဖြစ်တာပဲ။ အဲဒီလိုဒေါသဖြစ်ရင် ဆဲတဲ့ လူကို စေတနာ ပျက်တာပဲ။ စေတနာပျက်ရင် သီလပျက်တာပဲ။ အဲဒီ သီလကို လုံအောင်အပြင်မှာ သမ္မာနဲ့ယူပါ။ မိစ္ဆာနဲ့မယူ ပါနဲ့။ (အော် အေး အေး အေး)[၂]။

ဒါကြောင့်မို့ ကိုယ့်ထက်ကြီးတဲ့လူကိုလည်း ရိုသေ ပါ။ ကိုယ်နဲ့တန်းတူလည်းကြင်နာပါ။ ကိုယ့်အောက်က လူကိုလည်း သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ မာန်တွေ၊ ငါ့မာန် တွေ၊ စာမန်တွေ၊ ဥစ္စာမာန်၊ ဗလမာန်တွေမစွဲနဲ့။ စွဲရင် တော့ ကံဖြစ်သွားလိမ့်မယ်။ အဲဒါတွေမစွဲနဲ့။ ဘုရားတည် တယ်။ ပဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒေသစေတီ။ ငါအုတ်တွေသယ်ပေးမယ်။ သဲတွေသယ်ပေးမယ်။ ငါဒီ ဘုရားတည်သွားတဲ့အခါမှာ ငါကမလှူနိုင်ဘူး။ ငါ့ရဲ့ ကာယသဒ္ဓါ၊ ဝစီသဒ္ဓါ၊ မနောသဒ္ဓါနဲ့ ငါလုပ်မယ်။ ရပ်ကွက် ကလူကြီးတွေခိုင်းတယ်။ ခိုင်းပါစေကွာ။ ငါလုပ်ပေးမယ်။ စေတနာသဒ္ဓါတွေနော်။ အဲဒီတော့ လုပ်လည်းလုပ်ရသေး တယ်။ လူကြီးကိုကြောက်တော့ မပြောရဲဘူး။ မပြောရဲ

တော့အတွင်းမှာမဲတယ်။ မဲတော့လုပ်လည်းလုပ်ရတယ်။ အတွင်းမှာလည်းမဲပြီး၊ အတွင်းသီလက မအောင်ဘူး။

အပြင်အာရုံကြောင့် သူ့မှာသံသရာလည်လိမ့်မယ်။ ဒီသဘောပဲ။ ကိုယ့်အကြောင်းသာကိုယ်သတ်။ သူများအကြောင်းကို အော် အေး အေး အေး။ ရပ်ကွက်မှာလည်း လူကြီးမင်းများကို ရိုသေပါ။ ဒါမှအသိတရားတွေရမယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကကပ်နေ၊ အာရုံပေါ်မှာကပ်နေတယ်။ ဒီကောင်က ဘာလဲကွ။ ဟောအာရုံကြောင့် မနောတွေပျက်ကုန်ပြီ။ အဓိသီလဆိုတာ နှလုံးသားလုံမှ ကြည်လင်တဲ့ခတ်ကလေးဖြစ်မှ။ အာရုံမှာသမ္မာလေးနဲ့ ပေါင်း။ မိစ္ဆာနဲ့မပေါင်းနဲ့။ အဲဒါခင်ဗျားသိလာလိမ့်မယ်။ ခင်ဗျားသိလာတော့ ပယ်လိမ့်မယ်။ သိ ပယ် ဆိုက် ပွား မကောင်းတဲ့ဒုစရိုက်တွေ ပယ်လိမ့်မယ်။ ကိုယ်ကလည်း ကျင့်တဲ့စရဏကလည်းကောင်းရမယ်။ ကျင့်တဲ့စရဏ ကလည်း မကောင်းဘူး။ ဘယ်သူမှလည်းလူမထင်တော့ဘူး။ သူနေချင်တာနေ၊ လောကီကိုအားကိုးတယ်၊ ရွှေတွေကို အားကိုးတယ်၊ ငွေတွေကို အားကိုးတော့တာပဲ။ အားကိုးမှားနေပြီ။ သမ္မာနဲ့အားကိုးပါ။ မိစ္ဆာနဲ့အားမကိုးပါနဲ့။

လာတော့လည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်း။ စားတော့အများစားမယ်။ ခံတော့ ကိုယ်တစ်ယောက်တည်းခံရလိမ့်မယ်။ နောက်သိကြားမင်းရှိတယ်။ သိကြားမင်းက ဘာကိုသိသလဲ။ မနောကို သိတယ်။ လူကပြောတာဆိုတာကို လူသိတယ်။ ဦးပဏ္ဍိတလည်း အခုခင်ဗျားတို့လှူကြတမ်းကြတဲ့အခါမှာ သူ့အတ္တနဲ့သူများကိုစွဲလမ်းပြီးတော့ သားမယား၊ သားသမီးတွေကို သူပေးရင်၊ သူ့အတ္တနဲ့ပေးရင်ခံရမှာပဲ။ ခင်ဗျားတို့တော့ မသိရှာဘူး။ ဒါကြောင့်မို့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်အာရုံတွေမှာ သမ္မာနဲ့ယူပါ။ အဓိသီလလို့ရေးထားတယ်။ အဓိစိတ္တလို့ရေးထားတယ်။ အဓိသီလအပါယ်ပိတ်မယ်။ အဓိစိတ္တက ဗြဟ္မာ့ဘုံရောက်လိမ့်မယ်။ အဓိပညာက (၃၁)ဘုံလွတ်တဲ့ ပုဂ္ဂိုလ်ခေါ်တယ်။

ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ အပြင်မှာ စင်ကြယ်မှခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်လာပြီ။ အပြင်အာရုံကို မယူပါနဲ့။ သမ္မာကိုယူပါ။ မိစ္ဆာ

ကိုမယူပါနဲ့။ ကိုယ့်စိတ်လည်းကိုယ်စစ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါသီလမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင်၊ အဲဒီသိက္ခာသုံးပါးကို အဆီညှစ်ထုတ်တော့၊ ဇကောဓမ္မောဘယ်ကလာလဲ။ ရုပ်နာမ်ပေါ်ကလာတယ်။ ဇကောဓမ္မောခံစားသွားပြီ။ အလုံဒီပါ၊ သီတာရေမြေ၊ သီလရေဖြစ်ပြီ။ အေးငြိမ်းပြီ။ အပြင်သီလပညတ်သီလကို ပယ်ပေး။ ပရမတ်သီလ၊ အတွင်းသီလ၊ ဓမ္မသီလကို နှလုံးသွင်းထားပြီး။ ပညတ်သီလ၊ ပရမတ်သီလတောင်မဟုတ်ဘူး။ ဓမ္မသီလခေါ်တယ်။

ဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒဆိုတာနောက်သိပါလိမ့်မယ်။ ဖော်ပေးပါတယ်။ ဦးပဏ္ဍိတသာမှန်ပါစေ။ ဦးပဏ္ဍိတကလည်း ကိလေသာနဲ့တဏှာထမ်းထားရတယ်။ မလွယ်ပါဘူး။ သတိအမြဲတမ်းထားတယ်။ အပ္ပမာဒေနသမ္ပာဒေထ၊ ကိလေသာကရုပ်တရား၊ တဏှာကနာမ်တရား၊ အဲဒါရုပ်နာမ်ပဲ။ အဲဒါဝိဇ္ဇာဉာဏ်နဲ့ကြည့်မှသိမယ်။ ရုပ်နာမ်ကကိုယ်ကို ဒုက္ခပေးနေတာ။ ဒါကြောင့်မို့ ဒီတရားကိုကျင့်ကြပါ။ ကိုယ့်ဖအေလိုအောက်မေ့တယ်။ ကိုယ့်မအေလိုအောက်မေ့တယ်။ ကိုယ့်အစ်မ

ကြီးလိုအောက်မေ့တယ်။ ကိုယ့်ညီလေးလို အောက်မေ့တယ်။ မသိရင်လာမေးပါ။ ငါ့ဘာမှအာရုံမရဘူးကွ။ လောကီအာရုံလည်း မရဘူး။ (၃)လုံးလည်းမရဘူး။ (၂)လုံးလည်းမရဘူး။ ငါ့ ဒါတွေလာမမေးနဲ့တဲ့။ ငါလည်း မပေးတတ်ဘူး။ ဘာမှလည်းငါမသိဘူး။ မင်းကံနဲ့မင်း အကျိုးပေးတာတဲ့။ မင်းကငါ့ကို ယုံကြည်တဲ့စေတနာသဒ္ဓါ သမ္ပတ္တိစေတနာ၊ ရတနာသုံးတန် ကံ၊ ကံ၏အကျိုး၊ ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူတယ်။ ငါက လည်း ဓမ္မဖြစ်နေတာကွ။ မင်းကလည်းကံကွ ငါ့ကိုလည်း ယုံကြည်တဲ့စေတနာ၊ အဲသည်တော့ မင်းရဲ့စေတနာ၊ ငါ့ရဲ့ ဓမ္မ၊ ကုသလာနံဓမ္မာနံ၊ ဟေတုပစ္စယော။ ဝေဒနီယာဒိဠ လက်ငင်းမျက်မှောက်အကျိုးပေးတယ်။

သိုက်တွေကလည်းလာလှူပြီ၊ ဓာတ်တွေကလည်း ပွင့်ပြီ။ နတ်တွေကလည်း ကူကုန်ပြီ။ မဂ်အောင်တဲ့ရဟန်း နဲ့ပေါင်းတော့ လေးကျွန်းသာသနာခေါ်တယ်။ ဦးပဏ္ဍိတ မြောင်းမြဘာတွေလုပ်နေသလဲဆိုတာ မေးပါ။ တောထဲမှာ နေတာ။ ဘာမှစာတတ်တာမဟုတ်ဘူး။ ဘာမှသိတာ မဟုတ်ဘူး။ ခန္ဓာကသိတာ။ အဲဒီတော့ ခန္ဓာကသိတဲ့အသိ

နဲ့ ခင်ဗျားတို့ ပစ္စုပ္ပန်တည့်တည့် ခင်ဗျားအခုမြင်ပြီ မဟုတ်လား။ မြင်တော့သိတယ်။ အဲဒီအသိဟာ သစ္စာ ထားရမယ်။ ပစ္စုပ္ပန်သိတဲ့အသိလေးသစ္စာထား။ အဲ့ဒါ အရိယာသစ္စာပဲ။ အရိယာသစ္စာဆိုတာ အာရုံနောက်ကို မနောက မလိုက်တော့ဘူး။ ဒါကြောင့်မို့ခက်တယ်လို့ ပြောတာ။ ဦးပဏ္ဍိတရဟန္တာလို့ မပြောဘူး။ သကဒါဂါမ် လို့လည်းမပြောဘူး။ ငါစိတ်ပဲကျင့်တယ်။ အေး အဲဒီတော့ ဘုရားကစိတ်ဟောတာကွ။ စိတ္တတဏှာနံခယမဇ္ဈက စိတ္တာရှင်စောဘုရားဟော။ ငါ့စိတ်ကလေး ငါထားတတ် ပြီကွ။ အရင်တုန်းက ငါ့စိတ်ကလေးငါမထားတတ်ဘူးကွ။ အခုစိတ်ကလေးက ငါထားတတ်ပြီကွ။ စိတ်ဆိုတာ ပညတ် နယ်ထဲမှာ ခေါ်သမုတ်ထားတာကွ။ အမှန်တော့ ရုပ်နာမ် တွေက အဲဒါတွေပေါ့ကွာတဲ့။ ရုပ်တရားက ဓာတ်တွေပါ ပဲကွာ။ ဓာတ်တရားကြီးပါကွာ။ အဲဒီတရားက သဘာဝ သဘောတရား။ သူလုပ်တာပါ။ ငါလုပ်တာမဟုတ်ဘူး။

အဲဒီဓာတ်ပဲတဲ့ အခုဟာက ငါလုပ်တယ် ဖြစ်ကုန် ပြီတဲ့။ ငါမြင်တယ်၊ ငါသိတယ်၊ ငါကြားတယ်၊ ငါစားတယ်၊ အဲဒီတော့ ခင်ဗျားတို့တွေးတာကြည့်ပေတော့ ။ အပါယ်

ပိတ်ဖို့က အဝိဇ္ဇာလရမှ အပါယ်ပိတ်မှာ။ အဝိဇ္ဇာလဆိုတာ အာရုံမှာ သမ္မာနဲ့ပေါင်း။ မိစ္ဆာနဲ့မပေါင်းနဲ့။ ငါမြင်တယ်။ ငါမြင်လို့ငါသိတယ်။ ငါနားကြားလို့ငါသိတယ်။ မှန်တယ်။ အဲဒီတော့ အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှား တယ်။ အဲဒါသက္ကာယဒိဋ္ဌိခေါ်တယ်။ ဒီတဏှာက လွှမ်းမိုး ထားတာ။ တဏှာကခိုင်းနေတာ။ အဲတော့ တဏှာကခိုင်း နေတော့ ကိလေသာကမ္မဝဋ်ကို မသိတော့ဘူး။ ငါ့မယား လေးစားဖို့ကွ။ ဟောဒီရွှေဒင်္ဂါးလေး။ ဟောဒီပိုက်ဆံလေး။ ငါ့မိန်းမစားဖို့။ အရသာကိုလည်း သောက်လိုက်တဲ့အရက် တဏှာကခိုင်းနေပြီ။ တဏှာခိုင်းတာ တစ်ခါတည်းရုပ်ဒုက္ခ ရောက်တယ်။ နာမ်ကြောင့် ရုပ်ဒုက္ခရောက်တာ။

မကောင်းတဲ့ဒုစရိုက်တွေ မလုပ်ပါနဲ့။ အသက်ကို ဉာဏ်စောင့်တယ်။ ဉာဏ်လေးနဲ့စဉ်းစားပါ။ အော်ဒါတွေ မကောင်းပါလား။ အော်ငါနေတဲ့ရပ်ကွက်တွေမှာ အမိ အဖတွေအားလုံး သင့်သင့်မြတ်မြတ်ရှိကြပါစေ။ စားနိုင် ကြပါစေ၊ သောက်နိုင်ကြပါစေ၊ ငါကူညီမယ်။ ငါမစားပါ ဘူး။ မင်းတို့စားပါစေ။ ဒီလိုစိတ်မျိုးတွေထားပေါ့။ အခု ဟာက ခင်ဗျားတို့တွေးကြည့်ပေါ့။ ခင်ဗျားဈေးသွားနေတုံး

ခင်ဗျားတို့မြေတွေ၊ ခေါင်းရင်းကမြေတွေ၊ ဘေးအိမ်က ခြံတိုးပြီးတော့ ငုတ်တိုင်ရိုက်တာပဲဗျို့။ စျေးကပြန်လာတော့ မြေကိုယူထားတာ (၂)တောင်လောက်ယူထားတာ။ တစ်ခါတည်း အဲဒါကိုသွားစွဲတော့ ဒေါသဖြစ်တာပဲဗျို့။ သူအံကြိတ်တော့တာပဲ။ တစ်ခါတည်းဆွဲခြင်းကိုလွှင့်ပစ်ပြီးတော့။ ဘာလဲ နင်တို့က မတရားလုပ်နေတာ။ အမှန်ကတော့ သည်းခံရမယ်။ သမ္မာနဲ့လုပ်။ မိစ္ဆာအယူနဲ့လုပ်ရင် တစ်ခါတည်း သီလပျက်ပြီ။ သမ္မာအယူလေးနဲ့ အော် အေး အေး အေး။ ယူပါစေ (အေး အေး အေး)၂ ကြမ်းကြမ်း တမ်းတမ်းတွေ့တွေ့ခြင်း မောဟကလုပ်လိုက်တော့ ဒေါသ၊ လောဘတွေဖြစ်ကုန်ရော၊ ကြည့်စမ်းအဲဒါတွေ ဘာလဲဗျာ။ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

# ၁၉–၁၀–၂၀၀၀ ရက်နေ့တွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူလမ်း၊ သာသနာ့ဓမ္မရက္ခိတဓမ္မာရုံတွင် ဝိသုဒ္ဓိဆရာတော်ကြီးဟောကြားခဲ့သော ခန္ဓာကျင့်ခန္ဓာသိ၊ ဓမ္မသစ္စာတရားတော်

ဦးဇင်းကစာပေကျမ်းဂန်မတတ်တော့၊ ငယ်စဉ် တောင်ကျေးက မိဘများက ကျောင်းမထားနိုင်ဘူး။ ဒါကြောင့်စာသင်ကျောင်းမှာ မနေခဲ့ရပါဘူး။ အဲဒီတော့ စာသင်ကျောင်းမှာ မနေတော့ တိုင်းပြည်ကခေတ်ပျက် တော့ ဟိုရောက်သည်ရောက် ပုသိမ်ရောက်၊ မြောင်းမြ ရောက်၊ ရောင်ချင်တဲ့နေရာရောက်။ ပြီးတော့ သူ့ရဲ့ ကြုံရာကျပန်း၊ သူ့ရဲ့ကာယဗလနဲ့ရင်းပြီးတော့ ရှာဖွေ စားရတယ်။ ဗလကောင်းတော့ ဆန်အိတ်တွေထမ်းနိုင် တယ်။ အုတ်ပြားတွေထမ်းနိုင်တယ်။ သူများခိုင်းတယ်။ အဲဒါဘာကြောင့်လည်း၊ ကမ္မဝဋ်ကို မသိလို့၊ ဘဝတို ဟော့ဒီဘဝမှာနစ်နေတာ၊ ဟော့ဒီပစ္စုပ္ပန်တည့်တည့်

လေး ဟောလိုက်တာ ကမ္မဝဋ္ဋ်တဲ့စာကရေးထားတယ်။

စာကမှန်၏။ ဉာဏ်မမီထိအောင် သူမသိဘူး တဲ့။ ထိတယ်သိတယ်။ ရုပ်နာမ်ပေါ့ဗျာ။ ထိတာကရုပ်၊ သိတာကနာမ်၊ ဒါရုပ်နာမ်လို့ခေါ်ပါတယ်။ အဲသည့် ရုပ်နာမ်ကို မသိဘူး။ ဘာသွားသိသလဲဆိုတော့ အာရုံ တွေနဲ့သွားပတ်သတ်ပြီးတော့ အာရုံ(၅)ပါးနဲ့ မနောနဲ့ မနောကံဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတာ စာရေးထားတယ်။ ကံဆိုတာကိုယ်ပြုလုပ်တဲ့ကံရှိတယ်။ သွားစွဲရင်ဥပါဒါန်ဟာ ကံ၊ ကိုယ်မပြုလုပ်ဘူး။ အဲ့သည့် ကံက သံသရာလည်တာပဲ။ ကိုယ်ပြုလုပ်တဲ့ကံက၊ ကာယကံ၊ ကိုယ်ပြုလုပ်တယ်။ ဝစီကံ ကိုယ်ပြုလုပ်ထား တာ။ ဒါပြုလုပ်တဲ့ကံခေါ်တယ်။ သဘောလေးသာနာ။ ဒီကစာပေကျမ်းဂန်မတတ်တော့ ဆရာတော်သမား တော်၊ ထေရ်ကြီးဝါကြီးသံဃာတော်အရှင်မြတ်အားလုံး၊ စာပေကျမ်းဂန်မတတ်တော့ စကားပြောတဲ့အခါမှာ မှားယွင်းသွားရင် အားလုံးကသည်းခံကြပါတဲ့။ သူစာ မတတ်ပါဘူးတဲ့။ နောက်အားလုံးပရိသတ်များ ဒကာ၊

ဒကာမများ၊ တရားနာကြတဲ့ပုဂ္ဂိုလ်များ၊ ဦးပဏ္ဍိတက စာပေကျမ်းဂန်မတတ်တော့ စကားပြောသွားတဲ့အခါ မှားယွင်းသွားရင်သည်းခံပါတဲ့။ တောင်းပန်ပါတယ်တဲ့။ အားလုံးတောင်းပန်ထားပါတယ်တဲ့။ စာမတတ်တော့ သူ့ရဲ့အသိနဲ့ထုတ်ဖော်ပြီးတော့ ပြောရပါတယ်။

ကမ္မဝဋ္ဋ်ကို ကိုယ်မသိတော့ဘဝ၊ ဟော့ဒီဘဝမှာ လောဘစိတ်တွေ၊ တဏှာမာနစိတ်တွေ၊ ဒါအစွဲ ဥပါဒါန်တွေခေါ်တယ်။ အဲဒါဘာလည်း အာရုံကိုမပယ်နိုင်တာက အာသဝက္ခယဉာဏ်နဲ့ပယ်မှရတယ်။ ဝမ္ဘီရ ဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိအာလောကော ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ဒါလောကုတ္တရာဉာဏ် ခေါ်တယ်။ လောကီမှာလည်း ဉာဏ်ရှိတယ်။ ဒါသ ဘောလေးပဲနော။ ဦးပဏ္ဍိတရတယ်မပြောဘူး။ သဘော လေးနဲ့၊ အတွင်းအာရုံနဲ့ အပြင်အာရုံ၊ သဘောလေး လောက်ပဲ သူပြောပြပါတယ်။ သဘောဆိုတာဘာလဲ။ သဘာဝကိုသိလို့ သဘောလို့ပြောတာ၊ သဘာဝ ဆိုတာ ဓာတ်တွေနော်ဓာတ်တွေ။ ဒါကြောင့်မို့စိတ်ဓာတ်တဲ့

ရေးထားတယ်။ စိတ်ပြီးရင်ခေတ်ပဲ။ လောကီနယ်ထဲမှာ စိတ်ကိုသုံးတယ်။ လောကုတ္တရာမှာကျင့်တဲ့ပုဂ္ဂိုလ်က ခေတ်၊ အဲ့ဒီခေတ်ကိုဘာခေါ်လည်း ပရမတ်လို့ခေါ်တယ်။ စာလိုဆိုရင်တော့ ပညတ်ပရမတ်လို့ ဒီလိုတင်စားပါတယ်။ ဒါကသဘောလေးသာနော်။ စာကတော့မတတ်ဘူး။

ဒါတွေဟာ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ဘာကြောင့်ဖြစ်သလဲ။ ငါဒီဝဋ်သုံးပါးဟာ ဘာကြောင့်ငါမလွတ်သလဲ။ ငါပယ်ရမဲ့တရား ဘယ်တရားတွေပယ်ရမယ်။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဒါပယ်အပ်တဲ့တရားတွေ။ သိရမဲ့တရား။ ကျင့်အပ်မဲ့တရားက ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တာသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်။ ဒါကျင့်အပ်မဲ့တရား။ အဲဒီတော့ သစ္စာတွေက၊ ဘာသစ္စာတွေလဲ။ သမုတိသစ္စာ။ ဝိရတီသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ စာကရေးထားတယ်။ စာနှင့်မိမိရဲ့စိတ်တိုက်ပေတော့။ စာရှိလို့ဒီအသိသိတာ။ စာမတတ်

ပေမယ့် စာကသိပ်မှန်နေတယ်။ ခန္ဓာကရထားတော့ စာကိုလေးစားတယ်။ ခန္ဓာကမရရင် ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးမှမသိရင် စာမိုးပျံအောင်တတ်ပါစေ။ တတ်တာပဲရှိတယ်။ မခံစားရဘူး။ တရားရဲ့ခံစားရတဲ့ အေးငြိမ်းမှုကို ကျင့်တဲ့လူပဲသိတယ်။ သဘောလေးသာ နာ။ ခံစားရပါတယ်တဲ့။ သူပြောသွားတယ်

အဲဒီတော့ ခင်ဗျားတို့ခုနကပြောထားတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ စျာန်တွေရှိတယ်။ ဒါဘယ်သူသိလဲ။ အဲ့ဒါတွေကသစ္စာတွေ။ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ၊ အရိယာသစ္စာဟာ အာသဝက္ခယဉာဏ် ရသွားတာ။ အာရုံပြတ်သွားပြီ။ ဘယ်အာရုံလည်း လောကီအာရုံတွေ၊ သဘောလေးသာနာ၊ ကိုယ်ကြိုးစားလျှင် ကိုယ်ရမှာပဲ။ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ ကြည့်တတ်ဖို့လိုတယ်။ ခင်ဗျားတို့ပေါ်မှာမူတည်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်

ရေးထားတယ်။ စာကမှန်နေတာယ်။ သီလဆိုတာ၊ ဥပမာ စာတော့မတတ်ဘူး။ သီလဆိုတာ ခင်ဗျားတို့ရဲ့ ဆောက်တည်ထားတဲ့သီလ။ ဒါတွေမလုပ်နဲ့။ ပါဏာတိပါတာ၊ ဝေရာမဏိသိက္ခာပဒံ၊ သမာဒိယာမိ၊ အဒိန္နာဒါနာ၊ ဝေရာမဏိသိက္ခာပဒံ၊ သမာဒိယာမိ၊ ကာမေသုမိစ္ဆာစာရာ၊ ဝေရာမဏိသိက္ခာပဒံ၊ သမာဒိယာမိ။ ရှောင်ထားတာ။ ဒီနေ့အဖို့ငါမလုပ်တော့ပါဘူးလို့ ရှောင်ထားတာ။ အဲဒီတော့ မုသာဝါဒါ၊ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ခင်ဗျားတို့ရဲ့ ဒီနေ့ဒီရက်မှာ ဒါတွေငါမလုပ်ပါဘူးလို့ ဝန်ခံချက်တွေနဲ့ ဆရာတော်ဆီမှာ သီလတောင်းထားတာ။ အဲ့ဒီတောင်းထားတဲ့ သီလမှန်တာပေါ့။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပညတ်တယ်။ (ဒါတွေမလုပ်နဲ့)၂။ ပစ္စုပ္ပန်မှာအာရုံပေါ်မှာ ပညတ်တယ်။ ပညတ်ထားတဲ့ဝိနည်း(၂၂၇)သွယ် ဒါဘုရားပညတ်တာတွေ။ သဘောလေးပဲ။ ဒါမှန်တယ်။

သိပ်ထူးတယ်။ ပယ်တာမဟုတ်ဘူး။ သဘောပြောတာ။ သဘောပဲနော်။ သီလအမျိုးအစားရှိတယ်။ အပြင်မှာ ထိန်းထားတဲ့သီလ၊ သီလရယ်၊ သမာဓိရယ်။ ဒါနရယ်၊ အဝိဇ္ဇာတုံးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ ဆေးကြောပါ။ ဘာဝနာနဲ့ပွားများပါ။ ဒါသွားတဲ့လမ်း။ သဘောလေးနဲ့ ဟောထားတယ်။

ပညတ်ကိုခေါ် သမုတ်ထားလိုက်တာ၊ နာမည်နာမပေးထားတာ မှန်တာပေါ့။ အဲဒါကိုသွားမစွဲနဲ့။ သဘောလေးနဲ့နော်။ ဒါဘယ်သူ့ကိုမှ ဦးပဇင်းမပြောဘူး။ ဒါအသိလေးကိုထုတ်ဖော်ပြီးပြောတာ။ ကိုယ်လုပ်ချင်ကိုယ်ရမှာပဲ။ အဲဒီတော့ အမိသီလတဲ့။ အမိစိတ္တတဲ့။ အမိပညာတဲ့။ ဘယ်ကလာလဲ။ မဂ္ဂင်ကလာတာ။ အမိသီလဆိုတာ ထိုင်ရာမထ၊ အာရုံ(၅)ပါးပေါ်မှာအသိ၊ မြင်တာသီလ၊ ကြားတာသီလ၊ နံတာသီလ၊ စားတာသီလ၊ ထိတာသီလ၊ အဲဒါ အမိသီလခေါ်တယ်။ ဘာဖြစ်လို့ အမိသီလအားကောင်းလဲ။ အမိစိတ္တက ကောင်းနေတာကိုး။ ကျင့်ထားတာကိုးဗျ။ စိတ္တာတဏှာ

နံ့။ ခယမဇ္ဇက စိတ်သာရှင်စော ဘုရားဟောတဲ့။ စိတ်ဟောထားတာ။ အဲဒီဘဝင်စိတ်၊ အတွင်းစိတ်ကို တည်ထောင်ထားပါ။ အတွင်းစိတ်ကိုအာရုံနဲ့ပေါင်းရင် သင်္ခါရဖြစ်သွားလိမ့်မယ်။ သဗ္ဗေ၊ အလုံးစုံသောသင်္ခါရ အနိစ္စဆိုတာ ဘုရားကကံကိုဟောထားတာ။ အဲဒီကံမှာ တဏှာပါနေတယ်။ ဒီတဏှာဘာလဲ။ ကိလေသာမှာ ဖြစ်နေတာ။ ကိလေသာနဲ့ တဏှာကို ဉာဏ်နဲ့ကြည့်မှ သိမယ်။ ဘုရားကျင့်တာတဏှာ၊ တဏှာယောက်ျား အသင်လက်သမားဟာ တစ်ဘဝပြီးတစ်ဘဝ အိမ် ဆောက်သွားတယ်။ ဘုရားကျင့်တာပြောတာ။

ကိလေသာမှာ တဏှာရှိတယ်။ ဘာလဲရုပ် တရားက ကိလေသာ။ အိပ်ယာကနိုးလာတယ်ဆို မိန်းမ ကို ကိုယ်ကခိုင်းတယ်။ ဟော့ရေပေးစမ်း၊ ဟော့သွားတိုက် ဖို့ သွားပွတ်တံပေးစမ်း။ အိပ်ယာကမနိုးသေးဘူး။ စောင်ကြီးခြုံပြီး ရုပ်ပေါ်မှာတဏှာရှိတယ်။ ဒီတဏှာကို မသိဘူး။ သဘောလေးပဲ။ အဲဒီတော့ ရုပ်ပေါ်မှာလည်း တဏှာရှိတယ်။ ဒီတဏှာကိုဉာဏ်နဲ့ကြည့်မှသိမှာ။ ဂမ္ဘီရ

ဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ ဉာဏ်[illegible]ဥဒပါဒိ၊ ဒါဘုရားဟောတဲ့စာတွေ။ စာကမှန်၏။ ဉာဏ်မမီ။ သူဉာဏ်မှမရတာ။ ခုနကရေးထားတယ်။ စာအရပြော တာ။ ဘယ်သူ့ကိုမှဦးဇင်းကြီးမပြောဘူး။ စာမှ မတတ် တာကိုးဗျ။ လူ့ဘဝမှာရောက်လာရင် ဒီရုပ်ကြီးက အိုရ အုံးမယ်၊ နာရအုံးမယ်၊ သေရအုံးမယ်။ ဒီရုပ်ကြီးက အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော၊ ရုပ်မှာရှိတာ။ အဲဒီတော့ အနိစ္စဆိုတာဘာလဲ။ ပါဠိ စကားတွေ။ ပါဠိရှိရင် အနက်ရှိတယ်။ အနက်ရှိရင် အဓိပ္ပါယ်ရှိတယ်။

ပါဠိတွေကို ဆရာတော်တွေ၊ ဦးပဥ္ဇင်းတို့ မြောင်းမြ ရွတ်နေကြတာပဲဗျ။ (၂၄)ပဋ္ဌာန်းတွေ၊ ဦးပဥ္ဇင်းက ဘာမှစာမတတ်တော့ ဘာလဲကွ ဒါတွေ။ ဟုတ်တယ်ကွ။ အမလေး သိပ်ကောင်းတာပေါ့ကွ။ (အေး)[၄] ဟုတ်တယ်ကွယ်။ ရှိခိုးပြီးပြန်တယ်။ ကိုယ်က စာမှမတတ်တာကိုးဗျ။ ကဲ့ရဲ့ပြောတာမဟုတ်ဘူး။ သဘောလေးနဲ့သာနော။ အော် ငါစာမတတ်ပါကလား။

ဒီစာအုပ်တွေလည်း မတတ်ပါလား။ အသက်ကလည်း ကြီးပြီ။ ငါမသင်နိုင်တော့ဘူး။ ငါအလုပ်နဲ့ဘဲသွားပါ တော့မယ်။ သံသရာဟာ တယ်ရှည်လျားပါကလား။ ဒီကံဟာ တယ်ရှည်လျားပါကလား။ ရှည်လျားတော့ အသီးတစ်ရာအညှာတစ်ခု၊ ငါအညှာပဲဖြတ်တော့မယ်။ မနောသတ်တော့မယ်။ မနောသတ်တာပေါ့ဗျာ။ အသီး တစ်ရာအညှာတစ်ခု တစ်ခုလုံးစီတော့ ဖြုတ်မနေဘူး။ ကြာနေတယ်။ မနောသတ်တော့ ဘာနဲ့သတ်လဲ။ ဟော လက်ကလေးပိုက်ပြီး နှာခေါင်းနှစ်ပေါက်ဖိုထိုးတာပဲ။ အဲဖိုထိုးတော့ မနောရဲ့ဘဝင်အာရုံဟာ ဒီနှာခေါင်းနှစ် ပေါက်ရဲ့ ဝင်လေထွက်လေရဲ့ အာရုံကို သတိအမြဲတမ်း ကပ်ထားတယ်။ အတွင်းအာရုံက ဝင်တယ်၊ထွက်တယ်၊ သတိကပ်ထားတယ်။ သတိလေးက အမြဲတမ်းသူငြိမ် နေတယ်။ အဲဒီလိုအမြဲတမ်းငြိမ်နေတဲ့အခါမှာ လောကီ ရဲ့အနန္တက သားအကြောင်း၊ သမီးအကြောင်း၊ စီးပွားရေးအကြောင်း၊ သောကပရိဝေဒအကြောင်း၊ ဘာမှတွေးစရာအကြောင်း မရှိဘူး။ ဒီမှာ သူ့အလုပ်

လုပ်နေတာကို သိနေရမယ်။ ဒီအသိကို သူကပ် ထားတာ။ အဲဒီအာရုံမှာ ဝင်တယ်၊ ထွက်တယ်၊ အသိ အာရုံရဲ့ အသိလေးကိုကပ်ထားတယ်။ ဘာမှ သူတွေး နိုင်တဲ့ဇောမရှိတော့ဘူး။

အဲဒါဘာလဲ ခင်ဗျားရဲ့ကာယကံ(၃)ပါး၊ ဝစီကံ (၄)ပါး၊ မနောကံ(၃)ပါးဆိုတာ တပြိုင်နက်တည်းချုပ်နေ တာ။ အဲ့ဒါ သဒ္ဓါယုံကြည်ချက်အရ ဝီရိယအားကောင်း တော့၊ သီလအားကောင်းလာတယ်။ သိက္ခာ(၃)ပါး ဆိုတာ ဒါခေါ်တယ်။ တရားဟာကိုယ်မှာရှိတယ်။ နီးနီး လေးပဲ ဆရာကောင်းအရေးကြီးတယ်။ ပြန်ကြမှာ ခင်ဗျားလည်း ပြန်ရမှာပဲ။ ဦးပဥ္စင်းကြီးလည်းပြန်မှာပဲ။ ဒီရုပ်က အိုရဦးမယ်၊ နာရဦးမယ်၊ သေရအုံးမယ်၊ စိတ်ကမအိုဘူး။ နာမ်ကမအိုဘူး။ ရုပ်ကအိုသွားလိမ့် မယ်။ အဲဒီတော့ မရဏသေမင်းမဦးခင်၊ ဥာဏ်ဦး အောင်ရှာ၊ ဘယ်သူမှ မကဲ့ရဲ့နဲ့။ မစ္ဆရိယစိတ်မလုပ်နဲ့။ ကုက္ကုစစိတ်မလုပ်နဲ့။ အာရုံပေါ်မှာဒေါသစိတ်၊ မလုပ်နဲ့။ အဲမိစ္ဆာဒိဋ္ဌိစိတ်မလုပ်နဲ့။ အဘိဇ္ဈာစိတ်မလုပ်နဲ့။ မနော

အာရုံနဲ့ပေါင်းရင် ဖြစ်တတ်တယ်။

ငါ့အိမ်မှာ ညှော်သည်လာတယ်။ ဒီနေ့အဖို့ အိမ်ကလည်း ဆန်လည်းမရှိ ဘာလဲမရှိ။ ညှော်သည်က အလိုက်ကမ်းဆိုးမသိပါလား။ ကဲမနက်စာ၊ နေ့လည်စာ၊ ညနေစာစားပြီးတော့ သူက သောက်စားလိုက်သေးတယ်ဗျို့။ ညှော်သည်ကလည်း သူတော်ကောင်းအိမ်မှာ သူယုတ်မာကြီးဝင်လာတော့ သူတော်ကောင်းစိတ်ဆင်းရဲလာတယ်။ သူလည်းအရိယာမဖြစ်သေးဘူးဗျ။ ဒါကြောင့်မို့ အော် အေး အေ· အေး။ သူ့မှာ အာရုံကြောင့် မနောပေါက်နေပြီ။ သူဆန်လည်းမရှိတော့ဘူး။ ကုန်ပြီ။ ငါတော့ မြေးစားဖို့ သမီးစားဖို့ နောက်ဖေးက နေထွက်ပြီးတော့ အဝတ်ကလေးတွေသွားပေါင်၊ ချက်ပြုတ်စား၊ အဲဒါလည်း သူကမဆင်းသေးဘူး။ မရှိတာကို ရှာချင်ရမယ်။ မသိတတ်တာအခက်ဆုံးပဲ။ ပြောရမှာ မလွယ်တော့ဘူးနော်။

သဘောလေးနဲ့နာ။ ဒါကြောင့်မို့ ဘာပဲဖြစ်ဖြစ် ငါဟာ ဒီဘဝဟာ ဘယ်သူပဲခိုင်းခိုင်း၊ ငါ့ရဲ့စေတနာ

မပျက်ပါနဲ့။ ဘယ်သူပဲပျက်ပျက်။ ငါ့စေတနာမပျက်နဲ့။ အာရုံပေါ် မှာငါ့ကိုဆဲလည်း ငါ့စေတနာမပျက်နဲ့။ ငါ့ပါး ရိုက်လည်း ငါ့စေတနာမပျက်နဲ့။ ငါ့ကိုလက်သီးနဲ့ထိုး လည်း ငါ့စေတနာမပျက်နဲ့။ ငါဆဲရေးတိုင်းထွာလုပ် လည်း ငါစေတနာမပျက်နဲ့။ လူကြီးမင်းက ခိုင်းလည်း ငါသွားလုပ်မယ်။ ငါ့စေတနာမပျက်နဲ့။ ဘာညာအမှတ် မှတ်ချင်တော့ စေတနာပျက်တတ်တယ်။ ခင်ဗျားကို သညာက ရှုပ်နေတယ်။ အဲဒီနေရာမှာ အမှတ်ကရှုပ်နေ တယ်။ ငါ့ချည်းပဲခေါ် တာပဲဆိုတော့ မနောပေါက်တယ် အမှတ်ကြောင့် သင်္ခါရတွေ ဖြစ်ကုန်ပြီ။ သဗ္ဗေအလုံး စုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ။ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တ၊ ဒီသင်္ခါရ ဟာအာရုံနဲ့ မနော။ အဲဒီတော့ (၂)ခုရှုပ်နေတယ်။ ဗမာလိုစာလိုပြောရင်တော့ အာရုံ မှာ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ အဲဒါဒိဋ္ဌိခေါ် တယ်။ ကောင်းတာလုပ်တာလည်း သမ္မာဒိဋ္ဌိ။ မကောင်းတာ လုပ်တာလည်း မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိကိုပယ်ပစ်ရမှာက

မဂ်ဉာဏ်မှပယ်မှာ။ မဂ်ဉာဏ်မှ သိမှာ။ ဘာနဲ့ပယ်လို့ရမှာလည်း။ ဟိုမှာဦးပဏ္ဍိတရဲ့ ခင်ဗျားသားတွေ၊ သမီးတွေ တစ်ခါတည်းသေကုန်ပြီဆို ဦးပဏ္ဍိတကြားလိုက်တာနဲ့ဟာ မနောကံကပေါက်တာပဲဗျို့။ ကံဖြစ်သွားပြီ။ ကံဆိုတာတဏှာပါနေပြီ။ အဲဒါတဏှာဆိုတာဥပါဒါန်ကံဖြစ်သွားပြီ။ ကံဆိုတာတဏှာပါနေပြီ။ ဥပါဒ်ဖြစ်သွားပြီ။ အဲဒါကိုသွားစွဲလိုက်တယ်။ သွားယူလိုက်တယ်။ ကံဖြစ်ရော အဲဒါသံသရာလည်တဲ့။ အသိတွေဘဲနော်။ ဒါဟာဥပါဒါန်ကံ။ တစ်လုံးတည်းချလိုက်တာ။ ခင်ဗျားဒီနေ့ယူထားလိုက်တာ သီလ(၈)ပါးသီလဟာ ယူထားလိုက်တာ။ သမာဓိတွေကလည်း ကောင်းတယ်။ မယားလင်နောက်လိုက်တယ်။ ပူတာပဲဗျို့။ သဘောလေးနော။ ဉပါဒါန်ကံ။ ဒီကံကိုဘာနဲ့ဖြတ်လို့ရမလဲ။ မဂ်ဉာဏ်နဲ့ဖြတ်မှရတယ်။

ကိုယ့်ဖအေ၊ ကိုယ့်မအေ၊ ကိုယ့်အစ်ကိုကြီး၊ ကိုယ့်ညီမတွေ ဒါနောက်ဆုံးဘဝပြန်ကြရမှာ။ အလင်းကလာတဲ့လူ၊ အမှောင်ကိုပြန်လိမ့်မယ်။ ဘယ်သူပဲ

ပျက်ပျက် ကိုယ်စေတနာမပျက်နဲ့။ ဘယ်သူက ပြောပြော (ကောင်းပါတယ်ဗျာ)[၇] ။ အဲဒီလို ကိုယ်နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သူများအကြောင်း ကိုယ့်အကြောင်း မလုပ်နဲ့။ အတင်းတွေသွားမပြောနဲ့။ သန်းတွေသွားမသတ်နဲ့။ ပုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်၊ ကြက်မသတ်နဲ့၊ ဘဲမသတ်နဲ့၊ ကိုယ်ကျင့်တရားဘယ်မှာရှိမလဲ။ ကိုယ်ကျင့်ထားတဲ့ အသိမှမရှိပဲ။ သတ်မှာပဲဗျ။ ခင်ဗျားကိုယ်ကျင့်တဲ့အသိရှိရင် စာနာတယ်ဗျို့။ မသတ်တော့ဘူး။ ဝိပဿနာကျင့်ထားတာသိသွားပြီ။ အဲဒီတော့မှ စာနာတယ်။ စာနာတယ်ဆိုတာ သူ့ဘက်ကိုယ့်ဘက် အဲဒါမျှတတဲ့ သမ္မာခေါ်တယ်။ မိစ္ဆာဒိဋ္ဌိမဟုတ်တော့ဘူး။

မိစ္ဆာဒိဋ္ဌိက ငါမြင်တယ်ကွ၊ မင်းငါ့စက်ဘီးယူသွားတယ်။ ဟင်း မင်း အခုကြည့်စမ်း အကုန်ကျိုးပဲ့လာပြီ။ ဒေါသဖြစ်တယ်။ စက်ဘီးလေးကို သာယာတာတဏှာ။ ပိုင်ရှင်ကစွဲနေတာ။ စက်ဘီးအကြောင်းကြောင့် ဒေါသဖြစ်သွားတာ။ သီလပျက်တာပဲဗျို့။

အာရုံကိုယူထားလိုက်တာ။ ဘာလဲအမှတ်နဲ့ယူထား လိုက်တာ။ စက်ဘီးရဲ့တန်ဖိုးက ဘယ်လောက်ဟော အမှတ်ကငါစက်ဘီးလေးက နှစ်သောင်းကျော်တယ်။ ခင်ဗျားခုံဖိနပ်အစုတ်ကလေး စီးလာတယ်။ ပျောက် သွားတယ်။ ခင်ဗျားစိတ်က မဆင်းရဲဘူးဗျ။ မနက်ဖြန် ခါ ဝယ်တော့မှာပဲ။ ဒီခုံဖိနပ်အစုတ်ကလေးက ဘာမှ လည်း မဖြစ်လောက်ဘူး။ ပျောက်ပါစေကွာ။ ဟော ခင်ဗျားစင်ကြယ်ဖိနပ် (၆၀၀)တန်ဝယ်စီးလိုက်။ တစ်ဖက်သာပျောက်ရင် ခင်ဗျားမူးနောက်နေတာပဲ။ ဒါပစ္စည်းစွဲတာပေါ့ဗျ။ ဒါဉပါဒါန်ကံတွေ။ ကိုယ့်စိတ် ကိုယ်စစ်။ အဲဒီတော့ ကံပေမဲ့သမ္မာကံရှိတယ်။ မိစ္ဆာကံ ရှိတယ်။ ကံခြင်းမတူဘူး။ ကံချင်းမတူရင် စေတနာခြင်း မတူဘူး။ စေတနာချင်းမတူဘူး။ ဘုံချင်းမတူဘူး။ ခင်ဗျားတို့နစ်နာသွားမှာစိုးလို့၊ ဒါမရှိတာ ရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ဦးပဏ္ဍိတပြောသွားတဲ့အသိ ယူထားလိုက်ပါ။

ခင်ဗျားတို့လေ့လာပါ။ စုံစမ်းပါ။ ခင်ဗျားတို့အလုပ်လုပ်ကြည့်မှ သိမယ်။ ဒုစရိုက်(၁၀)ပါး၊ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး။ ငါအခု သတ်ထားတာဘယ်ကံကိုသတ်တာလဲ။ ဗျာပါဒ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိကိုငါသတ်ပါလား။ အဲဒီတော့ ဒိဋ္ဌိသတ်တယ်။ ထိတာကရုပ်၊ သိတာကနာမ်၊ အပြင်အာရုံနဲ့အတွင်းအာရုံ ငါမပေါင်းတော့ဘူး။ သညါရမလုပ်တော့ဘူး။ သညါရတာရားရပ်နေတာ။ အာရုံနဲ့မနောမပေါင်းဘူး။ မပေါင်းတော့အပြင်က အာရုံပယ်ပြီးတော့ အတွင်းအာရုံကို သတ်တယ်။ အတွင်းအာရုံဘာနဲ့သတ်လဲ။ (ထိတယ် သိတယ်)၂ နှာခေါင်း(၂)ပေါက်ရဲ့ အာရုံကိုဘဝင်က၊ မနောက အာရုံမှာကပ်ထားတယ်ဗျို့။ ဘယ်မှမသွားတော့ဘူး။ အဲဒါပဲသတိထားနေတာပဲ။ လောကီအနုသယတဏှာကဝင်တော့မယ်။ တရားထိုင်တဲ့အခါမယားအကြောင်း၊ သားအကြောင်းတွေးတယ်။ အုန်းမောင်းခေါက်ပြီ။ တော်ပြီ။ ငါတစ်နာရီရှိပြီ။ ဟောတဏှာကို အားကိုးနေတာ။ ဝေဒနာနိယောဇာ၊ တဏှာ

နိယောမော၊ ဝေဒနာကိုမြင်အောင်ရှု၊ ဝေဒနာကရုပ်ပေါ်မှာရှိတာ။ ဝေဒနာကို ဝေဒနာမှန်းသိရမယ်။ အော်ယိမ်းတာလည်းဝေဒနာ၊ ပူတာလည်းဝေဒနာ၊ အေးတာလည်းဝေဒနာ၊ သူ့သဘောသူဆောင်နေတယ်။ တော်ကြာတင်းလာရော။ ဩော် ဝေဒနာပါလား။ ငါမဟုတ်ပါလား။ သူ့သဘောနဲ့သူလုပ်နေပါလား။ ဓာတ်ကောင်ပါလား။ ဟော ဓာတ်ဘက်လှည့်လာတယ်။

သညာကိုပညာနဲ့ယူတယ်။ ကံကိုဉာဏ်နဲ့ယူထားတယ်။ ယူတတ်ဖို့လိုတယ်။ အခုခင်ဗျားတို့မှာ သညာက တန်းလန်းကြီးဖြစ်နေတယ်။ ဟော အမှတ်က တန်းလန်းကြီးဖြစ်နေတယ်။ ဟောအမှတ်က သညာကြောင့် ဉပါဒါန်တွေဖြစ်နေတာ။ ဒါငါ့သမီးလေးပါလား။ ဒါငါ့သမီးလေးမဟုတ်ပါလား။ ဒါငါ့ရင်သွေးလေးပါလား။ ဒါတွေဖြစ်နေကြတယ်။ ဟာကြည့်စမ်း သံယောဇဉ်ကြိုးဟာ တစ်ခါတည်း ဟိုဘဝသံယောဇဉ်ကြိုးဟာ ဒီဘဝလည်းငြိနေပြီ။ နောင်အနာဂတ်လည်း

ပြီဦးမှာပဲ။ အခုလည်း ဖတ်သီဖတ်သီနဲ့ ရှာနေရတာ။ အဲဒါ ဘယ်သူကလုပ်ထားတာလဲဆိုတော့ တဏှာက လုပ်ထားတာ။ ဒီနေ့စပါးသယ်တယ်။ စပါး(၂၀၀)၊ (၃၀၀)လောက် သယ်လိုက်တယ်။ ဒီတော့စိတ်ခိုင်းတာကို ရုပ်ဒုက္ခရောက်တယ်။ စိတ်ကဘာနဲ့ခိုင်းထားသလဲ။ အဲ့သည့်စိတ်ကလေးက အောင်ငါ့သားမယားတွေစားဖို့ ငါ့သားမယားတွေ ဒီနေ့လုပ်ခ(၇၀၀)ရပြီကွ။ အဲဒါတွေကို သူမှာအားရှိတယ်။ သူ့မှာရုပ်ဒုက္ခ၊ ရုပ်ခွေးဖြစ်နေတာကို သူမသိဘူး။ နာမ်ခိုင်းထားတာနော်။ သမ္မာနဲ့ခိုင်း။ မိစ္ဆာနဲ့မခိုင်းနဲ့။

ရုပ်အကျိုး၊ နာမ်အကြောင်း၊ အဲဒီအကျိုးပေါ်မှာအကြောင်း၊ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ အဲသည့်အကြောင်း (၅)ပါးကို သတ်လိုက်၊ အဲသည့်အကြောင်းသတ်တတ်ဖို့ လိုတယ်နော်။ အကြောင်းသတ်တော့ ခင်ဗျားကပြတ်တာပဲဗျို့။ ဒီကံကို သတ်ရမယ်။ သမ္မာဒိဋ္ဌိကံ။ မိစ္ဆာဒိဋ္ဌိကံ။ ဒါ(၃၁)ဘုံလည်တဲ့ကံတွေဗျ။ ခင်ဗျားပြဟ္မာ့ဘုံ

ရောက်မယ်။ နတ်ဘုံရောက်မယ်။ ရုပ်ပြစ်ရှစ်ပါးရောက်မယ်။ ခင်ဗျားအပါယ်လေးဘုံရောက်မယ်။ ရုပ်ပြစ်ရှစ်ပါးမှာ တထောကြီးပဲ။ အပေါ်လည်းမရောက်ဘူး။ အောက်လည်းမရောက်ဘူး။ အားကြီးပဲ။ ဒါထုတ်ပြပါဆိုလို့။ ဘယ်လိုလုပ်ထုတ်ပြမလဲ။ ဦးပဏ္ဍိတဒါတွေကိုမြင်ပြီးတော့၊ ကြောက်ပြီးတော့ ဒါလုပ်တာ။ အစကတော့ ဒါကြီးမသိတော့ လုပ်ချင်တာလုပ်တာပဲဗျ။ ဟောဆရာလာတော့ ဟန်ဆောင်တာ။ ဟောဆရာကြီးဟုတ်ကဲ့ ဟုတ်ကဲ့။ ဆရာလည်းလစ်ရော ထင်တာတွေလုပ်ရော၊ စိတ်ပဲဗျ။ ဒီသညာလုပ်ကွက်က အင်မတန်ကြောက်မက်ဖွယ်ကောင်းတယ်။

ဒါကြောင့်မို့ ဒီရုပ်ပေါ် နာမ်ပေါ် မှာ ခင်ဗျားတို့ရှာပေတော့။ နာမ်သတ်မှုရုပ်အေးပြီ။ နဘယံဘေးမရှိ။ (၃၁)ဘုံလွတ်တဲ့ပုဂ္ဂိုလ်တွေ နဘယံဘေးမရှိတဲ့။ (၃၁)လုံးမလွတ်တဲ့ပုဂ္ဂိုလ်တွေသည် အာရောဂျံပရမံ။ ကျန်းမာရေးလာဘ်။ ဒါပဲရတယ်။ ဒါတွေဒီလောက် ကလေးရမယ်။ ဘာကံနဲ့ရလည်း။ ပစ္စုပ္ပန်ကံလေးနဲ့။ ကံကျိုးရင်

ကံဆယ်ထားတယ်။ ကံပေါက်ရင် ကံဖာထားတယ်။ ကံနိမ့်တော့ကံမြှင့်မယ်။ ကံဆိုတာစေတနာကို ခေါ်တယ်။ သဒ္ဓါသမ္ပတ္တိရတနာသုံးတန်၊ ကံ၊ ကံ၏ အကျိုးကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူခြင်းကိုလည်း ခဲယဉ်းစွာရအပ်ပေ၏။ ဒုလ္လဘ (၅)ပါးထဲမှာ ဒီကံဟာ အမြတ်ဆုံးပဲ။ ကံပေမယ့်မတူဘူး။ ဒုလ္လဘ (၅)ပါးထဲမှာ ဘုရားဟောထားတယ်။ မနုဿတ္တဘာဝေါ ဒုလ္လဘော။ ဒီကံတွေဟာ ဒုလ္လဘအတွင်းထဲက ကံတွေခေါ်တယ်။ အပြင်ကံတွေကတော့။ ဟော မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်။ ကုက္ကုစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ ဒေါသစိတ်၊ အာရုံကြောင့်ဖြစ်နေတာ။ တစ်ခါတည်း မနောမဲ့နေတာ။ အာရုံကြောင့်မနော။ နားသောတကြောင့် မနော။ နံ့သာကြောင့်မနော။ ဇီဝါကြောင့်မနော။ ဒါတွေကို ဝိပဿနာဉာဏ်၊ ဂမ္ဘီရဉာဏ်နဲ့ဖြတ်မှ ပြတ်မှာ။ ခင်ဗျားတို့ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ အကုန်ပြတ်မှအေး မယ်။ ဒီကြိုး(၂)ချောင်းပြတ်လည်းပြတ်ရော ခင်ဗျားတို့ ဘာဖြစ်သွားမလဲ။ နိယောခနဲ့ မင်္ဂဝင်မယ်။ ဟာဘယ်

လောကီ ကောင်းသလဲ။ ဟာနိရောဓ မဂ်တဲ့။ ရေးထားတာ ဟုတ်တာပေါ့။ စာကရေးထားတယ်။ ပထမစျာန်တို့ ဒုတိယစျာန်တို့ စျာန်တွေဖြစ်နေတယ်။ ခင်ဗျားလေယာဉ်ပျံစီးတာထက် ကောင်းသေးတယ်။ ဟိုဟာကလိမ့်ကျအုံးမယ်။ ဒီဟာက လိမ့်မကျတော့ဘူး။ မနောအာရုံသွားနေတာ။ ဘယ်သူသိလဲ။ အဲဒီအာရုံ သွားနေတာ ဘယ်သူမှမသိဘူး။ ပုဂ္ဂိုလ်ထူးတွေက ကျင့်တဲ့သူချင်း၊ ကျင့်တဲ့သူချင်းကျတော့ သိတယ်။ ဉာဏ်ကိုတော့သူလည်း မသိပြန်ဘူး။ ဂမ္ဘီရဉာဏ်၊ ဇဝန ဉာဏ်၊ စက္ခုံဥပါ၊ အာသောဥပါ၊ ဉာဏဥဒပါဒိ၊ အဲဒီ ဉာဏ်ကျတော့ ဝိဇ္ဇာလည်းလိုက်မမီတော့ဘူး။ အဲဒီ ဉာဏ်ကိုရအောင်လုပ်ပါ။

ခင်ဗျားတို့ရဲ့သီလ၊ ဟုတ်တာပေါ့။ အဲဒီသီလ ထက် ကောင်းတာရှိတယ်၊ ခုနကကျင့်တဲ့သူက ပြောပြ ပြီ။ စာတော့မတတ်တော့ ဥပမာ၊ ဥပမာမေနဲ့ပေးလိုက် မယ်။ ငွေရလျှင်ငွေနဲ့ မတင်းတိမ်ပါနဲ့တဲ့။ ငွေက တစ်ကျပ်သားရှိရင် ဈေးထဲသွားရောင်းရင် ကာလတန်

ဘိုး၊ ဒါပဲခင်ဗျားရမယ်။ လေးငါးရက်စားပြီး ကုန်ရော၊ အဲဒီငွေထက်ကောင်းတာ ရွှေရှိတယ်။ ရွှေရလျှင်လည်း ရွှေနဲ့မတင်းတိမ်ပါနဲ့။ ရွှေထက်ကောင်းတဲ့ဟာ ရှိတယ်တဲ့။ ဘာလဲ ကျောက်တဲ့။ အဲဒီကျောက်က ဘယ်က လာလဲ။ သယံဇာတကလာတယ်။ ရတီကလည်း ကောင်းတယ်။ ကျောက်ရဲ့ အရည်အသွေးကလည်း ကောင်းတယ်။ ခင်ဗျားတောင်းစမ်းတဲ့ တန်ဘိုးမဖြတ် နိုင်ဘူး။ အဲဒါမျှာ သီလတွေ တွေ့လား၊ အဲဒါငွေသီလ၊ ရွှေသီလ၊ ကျောက်သီလ၊ အဲဒီသီလတွေရအောင် ကြိုးစား၊ သီလဆိုတာ ခင်ဗျားတို့ ဘာတွေပယ်ရမလဲ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အာရုံ(၅)ပါး၊ မနောနဲ့ မပေါင်းနဲ့ တောင်ဘို့မှာ ဂယ်ပေါက် ခြောက်ပေါက်ရှိတယ်။ (၅)ပေါက်ကိုပိတ် အပြင်(၅)ပေါက်ပိတ် မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်း တံခါး၊ လျှာတံခါး၊ ကိုယ်တံခါး။ အဲဒီအပေါက် (၅)ပေါက်ကို လုံအောင်ပိတ်ထားလိုက်။ ဒီဖွတ်ကလေး ဟိုအပေါက်ကထွက်၊ ဒီအပေါက်ကထွက်၊ မထွက်နိုင်

တော့ဘူး တစ်ပေါက်ဘဲရှိတယ်။ တစ်နေ့တော့ အဲဒီ တစ်ပေါက်ထဲက သူထွက်ရင် ရိုက်တာ သတ်ပစ် လိုက်။ အဲဒါသူသေရော။ ဒါဘဲဖွတ်သေရင် ပြီးရောပေါ့ ဗျာ။ ဖွတ်ကအားကြီး ဒုက္ခပေးတယ်။ ဒီမနောက ကိုယ်ဒုက္ခ ပေးတာ။ မနောသေတော့အေးပြီ။ ဒါကြောင့်မို့ ကျင့်ကြပါ။ ခင်ဗျားတို့အပေါ် မူတည်တယ်။

စာတော့မတတ်ဘူး။ နေတတ်ဖို့လိုတယ်။ စားတတ်ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ အကြောင်းကိုသတ်လိုက်။ မြင်လိုက်တဲ့အကြောင်းသတ်လိုက်။ ကြားလိုက်တဲ့အကြောင်း သတ်လိုက်။ မယူနဲ့ အဲဒါတွေ အယူမှားမယ်။ အမှတ်မှားမယ်။ အစွဲမှားမယ်။ မနောကို သတ် အတွင်းသတ်မှ အတွင်းကိလေသာကြီးမှ မနုတ် ရင် ဒီတဏှာဟာ ပြန်ပေါက်မှာပဲ။ အဲဒီကိလေသာမှာ တဏှာရှိတယ်။ တဏှာပြတ်သွားရင် (၃၁)ဘုံလွတ်ပြီ။ တဏှာမပြတ်ရင်တော့ ခင်ဗျားဗြဟ္မာ့ဘုံရောက်မယ်။ နတ်ဘုံရောက်မယ်။ အပယ်လေးဘုံ ရောက်မယ်။ သေသွားတော့ ဘယ်သူသိသလဲ။ ခင်ဗျားတို့

တောင်တန်း ဆရာတော်ကြီး သေသွားတော့ ဘယ်သူ သိမလဲ။ ဘယ်သူမှမသိဘူး။ သိတဲ့လူတွေသိတယ်။ သိတော့ ကြောက်ပြီဗျို့။ ကျောက်ချထားတယ်။ စားတာလည်း ဆင်ခြင်ပါ။ နေတာလည်း ဆင်ခြင်ပါ။ သွားတာလည်း ဆင်ခြင်ပါ။ လာတာလည်း ဆင်ခြင်ပါ။ ပြောတာလည်း ဆင်ခြင်ပါ။ နှလုံးသွင်းတာမှန်ရင် အင်မတန်မှ တောက်ပပြီး နှလုံးလည်းကြည်နေရမယ်။ အတွင်းစိတ်ကလေးကြည်နေရမယ်။

အာရုံနဲ့ မပေါင်းနဲ့၊ အာရုံနဲ့ပေါင်းရင် သင်္ခါရ ဖြစ်သွားလိမ့်မယ်။ သဗ္ဗေအလုံးစုံသော သင်္ခါရ၊ အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တ။ ဒီရုပ်နဲ့ရင်းရှာမှရမှာ။ စာမိုးပျံအောင် တက်ပါစေ။ ဒီရုပ်နဲ့ရင်းရှာမှ ကိလေသာနဲ့ တဏှာ သိမှာ၊ ကိလေသာ၊ တဏှာသတ်တာဗျ၊ ကိလေသာ၊ တဏှာရှိလားတဲ့။ စာတက်တဲ့ပုဂ္ဂိုလ်မေးပြီး မြောင်းမြမှာ ခင်ဗျားတို့ မဟာစည်ပေါ့။ ကိလေသာ၊ တဏှာရှိသလားတဲ့ ရှိပါတယ်တဲ့၊ ရှိလို့ရှိရင် တစ်ယောက်နဲ့

တစ်ယောက် အသိချင်းတူနိုင်ပါ့ မလားတဲ့။ မတူပါဘူး ဘုရား၊ ရပ်ထားလိုက်တဲ့ ငါ့ကို အထင်လည်းမသေးနဲ့၊ အထင်လည်းမကြီးနဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ ရင်ဝမှာ လာဆိုက်နေတာ၊ မနေ့မှာ ဆိုက်နေတာ၊ အာရုံ မလွတ်လို့ ဆိုက်နေတာ။ အာရုံလွတ်ရင် တဏှာ၊ မာနဒိဋ္ဌိကိုသိပြီ။ အဲဒါ သိသွားတာ ဉာဏ်ရသွားတယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ လာခဲ့တဲ့မင်းတို့ ဘုန်းကြီးတွေ၊ လာပါကွဲ့။ မင်းမေးလိုက်လို့ ငါမဖြေ နိုင်ရင် သင်္ကန်းချွတ် ပေးလိုက်မယ်။ ငါလူထွက်သွား မယ်။ ငါကလဲပြန်မေးမယ်နော်။ မင်းတို့ဖြေဖို့သာ အဆင်သင့်ထား။ မင်းမေးလိုက်လို့ ငါမဖြေနိုင်ရင် ငါချွတ်ပေးမယ်ကွ။

ခန္ဓာမှာ ကိလေသာ၊ တဏှာ လူတိုင်းရှိတယ်။ ကိလေသာဖြတ်ပစ်မှ တဏှာရပ်သွားမှာကွ။ အဲဒါမှ (၃၁)ဘုံ လွတ်မှာကွ။ ဘယ်သူမှ ငါမပြောဘူးကွ။ မပြောပါဘူးတဲ့။ သဘောလေးနဲ့ ပြောတာပါ။ ဒါနောက်ဆုံးဘဝပဲတဲ့။ ခန္ဓာသိပြောပြတာပါ။

ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်ကိုကြီးလို လုပ်တာမလုပ်တာမင်းအကြောင်းဘဲကွ။ ငါကလုပ်လို့ သိတာကွ ခံစားရတယ်။ ဒီတရားကို ခံစားရတယ်ကွ။ ထုတ်တော့မပြတက်ဘူးတဲ့။ ပြောတော့ပြပြီ၊ ပြောလို့ ယုံရင်မင်းတို့လုပ်ပေတော့ အဲဒါဘဲရှိတယ်။

ခင်ဗျားတို့ သီလဆိုတာ ရဟန္တာသီလနဲ့ အနာဂါမ်သီလ မတူဘူးဗျ။ အနာဂါမ်သီလနဲ့ သဒ္ဒါဂါမ်သီလ မတူဘူးဗျ။ သဒ္ဒါဂါမ်သီလနဲ့ သောတာပန်သီလ မတူဘူးဗျ။ သောတာပန်သီလနဲ့ ပုထုစဉ်သီလမတူဘူး။ ဒါခင်ဗျားတို့ပေါ်မူတည်တယ်။ လုပ်တာမလုပ်တာ ခင်ဗျားတို့အကြောင်း ဦးဇွင်းက သဘောတွေကို ဟောပြောတာ။ ပြောပြတဲ့အခါ မယုံနဲ့အုံး။ သုံးသပ်အုံး။ စုံစမ်းအုံး။ မေးမြန်းအုံး။ ဘယ်သူမှကြောက်စရာ မလိုဘူး။ ကိုယ့်အလုပ်ကိုယ်လုပ် မှန်အောင်လုပ် သူများ ပါးရိုက်လည်း သီးခံလိုက်။ လောကဒါဏ်ကို သည်းခံ ထား။ ဒါမှ ဒီတရားကိုသိမယ်။ ခင်ဗျား လောကဒါဏ်မှ မသိရင် ဒေါသတွေ၊ လောဘတွေ၊ မောဟတွေ၊

တဏှာတွေ၊ မာနတွေ၊ ဒိဋ္ဌိတွေ၊ ခင်ဗျားလည်း မလွတ်ဘူး။

ပယ်အပ်မဲ့တရား၊ သိအပ်မဲ့တရား၊ ပြောထားပြီ အာရုံတွေပယ်ပစ်လိုက်။ အော် ဟုတ်ကဲ့ ဟုတ်ကဲ့ မျက်စိမြင်တာပေ့ါ။ မြင်တော့မှတ်တာပေ့ါ။ ဒေါသဖြစ်ကုန်ပြီ။ အာရုံကြောင့် မနောပေါက်ပြီ။ ဝိသုဒ္ဓိသီလ၊ နိဗ္ဗာန်သွားမဲ့သီလ၊ ဝိသုဒ္ဓိသီလ မစင်ကြယ်တော့ဘူး။ ပျက်ပြီ။ ကိလေသာ၊ တဏှာ၊ တဏှာကိုမွေ့လိုက်တာ ယူပါစေဗျာ။ စားပါစေဗျာ ။ လုပ်ပါစေဗျာ။ ပေးလိုက်ပါဗျာ။ လိုချင်ပေးလိုက်။ မြေတွေယူလိုက်အုံး။ ဟောဒီလိုစေတနာတွေထားရမယ်။ ခင်ဗျားတို့ စေတနာတွေမှ မမှန်တာဘဲ။ သညာနဲ့ ယူထားတဲ့စေတနာ၊ ပညာနဲ့ ယူထားတဲ့ စေတနာ၊ အတ္တနဲ့ ယူထားတဲ့စေတနာ၊ အနတ္တနဲ့ ယူထားတဲ့စေတနာ၊ ကံနဲ့ ယူထားတဲ့ စေတနာ၊ ဉာဏ်နဲ့ ယူထားတဲ့စေတနာ ဒါခင်ဗျားတို့ ဝေဖန်ပိုင်းခြားပြီးတော့ ဦးနှောက်ကောင်းနဲ့ စဉ်းစားပြီး

တော့စစ်ပါ။ ခင်ဗျားစစ်တဲ့အခါ သမ္မာနဲ့မိစ္ဆာကို ခွဲရမယ်။ ဝိပဿနာ မဂ္ဂင်(၈)ပါးနဲ့စစ်ပါ။

မိစ္ဆာဆိုတာ ငါကမြင်တယ်။ ငါကြားတယ်။ ငါ့နားကြားတယ်။ မင်းငါ့အတင်းတွေပြောနေတယ်။ ငါ့ဆဲနေတယ်။ လဘက်ရည်ဆိုင်မှာ မင်းအပေါင်းအသင်းတွေနဲ့ ငါ့ဝိုင်းရိုက်တော့မယ်။ အဲ့ဒါ ငါကြားတယ်ကွ။ မင်းဘာလုပ်အုံးမလဲ။ မင်းလုပ်စမ်း ခါးတွေ။ တုတ်တွေဆွဲကုန်ပြီ။ အဲဒီအယူဝါဒတွေမယူနဲ့။ အဲဒါ မိစ္ဆာအယူ၊ အဲဒါမိစ္ဆာစာလိုရင်တော့ သက္ကာယဒိဋ္ဌိတဲ့။ ဟော အခုလည်းမကောင်းဘူး နောင်လဲမကောင်းဘူး အော် အေး သူငယ်ချင်းရယ် ငါတောင်းပန်ပါတယ်ကွာ ငါမင်းကိုမပြောပါဘူးကွာ ငါပြောမိတာတွေ ဗွေမယူပါနဲ့ သူငယ်ချင်းရယ်။ ငါတောင်းပန်ပါတယ်ကွာ၊ ငါနောက်မပြောပါဘူးကွာ။ ကိုယ်ကပြန်ပြီးတောင်းပန်ရတော့မယ်။ ငါတော့ မသိလို့ပါသူငယ်ချင်းရယ်။ မင်းနဲ့ငါနဲ့ လက်တွဲမဖြုတ်ပါဘူးကွာ။ အခင်မပျက်ပါဘူးကွာ၊ မင်းစေတနာလည်းမှန်ပါတယ်ကွာ ငါစေတနာလည်း

မှန်ပါတယ် တစ်ယောက်နဲ့တစ်ယောက် မိတ်ဖက်တွေ ဖြစ်နေကြတယ်။ ရန်သူတွေဖြစ်အောင် မလုပ်ကြနဲ့ ဘယ်သူဘာပြောပြော၊ ဘယ်သူပျက်ပျက် ကိုယ် မပျက်နဲ့၊ ဒီလောက်ဆိုပြီးရောပေါ့ဗျာ။

ဝိသုဒ္ဓိဓမ္မသဒ္ဓါတရားတော်အမှတ် (၅၀)

## ၁၉-၁၂-၂၀၀၀ ရက်နေ့တွင် ရန်ကုန်မြို့၊ မရမ်းကုန်း မြို့နယ်၊ ကျိုက်ဝိုင်းဘုရားရင်ပြင်တော်တွင် ဝိသုဒ္ဓိဆရာ တော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့်၊ ခန္ဓာသိ ဓမ္မသစ္စာ တရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး။ တောထွက် ကြီးပါ။ တောထွက်ကြီးဆိုတာ အသက်(၂၄)နှစ်အရွယ်မှာ သားမယားရခဲ့တယ်။ သားသမီး(၄)ယောက်ရခဲ့တယ်။ ငယ်စဉ်တောင်ကျေးက တောမှနေတယ်။ သရက်ကုန်း ကျေးရွာမှာနေတယ်။ တောမှာနေတော့ စာကိုမသင်ခဲ့ဘူး။ ဖအေ၊ မအေက ဆင်းရဲနွမ်းပါးတော့ တန်းစာကို ကျောင်း

မထားနိုင်ဘူး။ ဒါကြောင့် ဦးဇင်းက စာမတတ်ပါဘူး။ စာကိုပယ်တာမဟုတ်ဘူး။ ကိုယ်မတတ်တာ ပြောတာ။ ဒီစာရှိလို့ ဒီအသိတရားတွေကို ကျင့်လို့ရတာပါ။ သဘောလေးနဲ့သာနာကြပါ။ အားလုံးရှိတဲ့ဆရာတော်သမားတော်၊ သံဃာတော်၊ ဆရာတော်ကြီးတွေ၊ ထေရ်ကြီးဝါကြီးတွေ၊ တပည့်တော်ဟာ စာပေကျမ်းဂန်မတတ်တော့ စကားပြောတဲ့အခါမှာ ပညတ်၊ ပရမတ်(၂)ခုရှိတယ်။ ပညတ်ကဘာလည်း။ ပရမတ်ဘာလဲ။ စာနဲ့သမုတ်ထားလိုက်တာ မြန်မာလိုတော့ စိတ်ပိုင်းနဲ့ပြောရရင် ပညတ်ဘုံမှာ ပြောလိုက်တဲ့အခါမှာ စာမတတ်တော့ မှားယွင်းသွားရင် အားလုံးသံဃာတော်အရှင်မြတ်တွေ၊ အားလုံးဆရာတော်ကြီးတွေ တောင်းပန်တယ်။ စာမှုမတတ်တာ။ ခန္ဓာက သိတဲ့အသိကို ပြောပြမှာပါ။ ခန္ဓာကသိတာနဲ့ စာနဲ့တိုက်ပါတဲ့။ နောက်တစ်ချက် ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေအားလုံး ခင်ဗျားတို့က လောကီပညာတတ်တယ်။ ဦးဇင်းက လောကီပညာ မတတ်ဘူး။ မတတ်တော့စကားပြောတဲ့အခါမှာ မှားယွင်းချက်တွေရှိမယ်ဆိုရင် ဦးဇင်းကတောင်းပန်ပါတယ်။ စာမှ

မတတ်တာကိုးဗျ။ အဲဒီတော့ ဦးဇင်းသဘောလောက်ပဲ ပြောသွားပါမယ်။

နိဗ္ဗာန်သည်ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်၊ ဒါစာကရေးထားတယ်။ နိဗ္ဗာန်ဆိုတာ စာလိုရေးထားတယ်။ ဗမာလိုပြောရမယ်ဆိုရင် 'အေးငြိမ်း ခြင်းခေါ်တယ်။ ဘယ်ကအေးလဲ။ နှလုံးသားက အေးတယ်။ ဘာဖြစ်လို့အေးသလဲ။ အာရုံ(၅)ပါးနဲ့နှလုံး သားနဲ့ ဘဝင်နဲ့၊ အတွင်းအာရုံနဲ့၊ အပြင်အာရုံကို အပြင် အာရုံကိုမယူရင် ခင်ဗျားတို့တဏှာမရှိဘူး။ တဏှာမရှိရင် ဥပါဒါန်မရှိဘူး။ ဥပါဒါန်မရှိရင် ကံပြတ်တယ်။ ဒီကံပြတ် တဲ့တရားဟာ ကျင့်တဲ့သူဘဲသိတယ်။ ထုတ်ပြပါ ဆိုလို့ပြလို့ မရဘူး။ ခင်ဗျားတို့ ယုံကြည်ပါလို့ပြောထားတယ်။ အဲဒီတော့ ဘုရားကဟောတယ် သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနတ္တာ၊ သဗ္ဗေ အလုံးစုံသော ပါသွားပြီ အဲဒီတော့ ဦးဇင်းတို့နေတာ ပစ္စုပ္ပန်ဘုံမှာနော်။ ပစ္စုပ္ပန်ဘုံမှာ ဘုရားဟောတာက သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စဆိုတော့ ဒီဟာကို ရှာရ မယ်။

အဲဒီတော့ သဗ္ဗအလုံးစုံသော သင်္ခါရအနိစ္စဆို တော့ တို့တတွေဟာ ဘယ်ဘုံမှာနေသလဲ။ လူ့ဘုံမှာ နေတယ်။ ပစ္စုပ္ပန်ဘုံ အဲဒီတော့ ဗြမ္မာဘုံ(၂၀)ပါတယ်။ နတ်ဘုံ(၆)ဘုံပါတယ်။ အပါယ်(၄)ဘုံပါတယ်။ လူ့ဘုံ (၁)ဘုံပေါင်းလိုက်တော့ အဲဒါ(၃၁)ဘုံ၊ ကံကိုလွတ်အောင် ရှန်းရမယ်။ ဘယ်ကံလည်း ကာယကံ၊ ဝစီကံ၊ မနောကံ၊ သံသရာဘယ်ကစလည်း ခန္ဓာကစတယ်။ သံသရာဘယ် ကစလို့ လည်သလဲ။ ခန္ဓာကစလို့လည်တယ်။ သံသရာ ဘယ်ကပြတ်သလဲ ခန္ဓာစလို့ပြတ်တယ်။ အဲဒီတော့ ခန္ဓာမှာရှာရမယ်။ ဘာရှာမလဲ၊ ကိလေသာနဲ့ တဏှာ ရှာရမယ်။ ဦးပဏ္ဍိတကျင့်တာ ကိလေသာနဲ့ တဏှာ။ စာမှမတက်တာကိုးဗျ။ အဲဒီတော့ ဦးဇွင်းကို ရဟန်းး ဘောင်တက်ခိုင်းတယ်။ ငါမတက်ပါရစေနဲ့။ စာမ တတ်ဘူး။ အဲဒီတော့ ရဟန်းရဲ့ ကျင့်ဝတ်က (၂၂၇) သွယ်လို့ ဒီလိုပြောတယ်။ (၂၂၇)သွယ် အဲဒီအသိတွေကို ငါမထိမ်းနိုင်ဘူး။ မတက်ပါရစေနဲ့။ မတက်လို့တော့ မဖြစ်ဘူး။ တက်ပါဘုရား။ (၂၂၇)သွယ် ထက်နဲတာ ကော မရှိဘူးလား။ ဦးပဏ္ဍိတမေးပြီ၊ ရှိပါတယ်ဘုရား

ဗောဓိပက္ခိယ(၃၇)ပါး၊ ဗောဓိပက္ခိယ (၃၇)ပါးက (၂၂၇)ထက် နဲ့သွားပြီ။ (၃၇)ပါး ဘဲရှိတယ်။ (၃၇)ပါး ထက်နဲ့တာကော မရှိဘူးလား။ ရှိပါတယ်တဲ့။ (၃၇)ပါး ထက် နဲ့တဲ့အာရုံရှိတယ်တဲ့။ သိက္ခာ(၃)ပါးတဲ့၊ သိက္ခာ (၃)ပါးဆိုတာ ဘာလဲဗျတဲ့။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒီ(၃)ပါးထက် နဲ့တာကောမရှိဘူးလားတဲ့။ မေးပြီ၊ စာမတတ်တဲ့ ရဟန်းက စာတတ်တဲ့ရဟန်းကို မေးပြီ၊ သိက္ခာ(၃)ပါးထက် နဲ့တာရှိပါတယ်တဲ့။ ဘာလဲ ကောခမ္မော၊ ကောခမ္မော ဘယ်ကလာသလဲတဲ့။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်တဲ့။ နိဗ္ဗာန်သည် ခန္ဓာ မှာစတယ်။ ခန္ဓမှာဆုံးတယ်။ သိခမှာချုပ်တယ်။ ဒါ ကောခမ္မောတဲ့ ငါစာမတတ်တဲ့ ရဟန်း၊ ကောခ မ္မောကျင့်မှုဘဲ ဆိုပြီးတော့ လက်ပိုက်ပြီးတော့ ဒီကံ တွေကို သတ်ပစ်မယ်။

ကာယကံ၊ ပါနာတိပါတာ ဝေရ မဏိ သိက္ခာ ပဒံ သမ္မာဒိယာမိ၊ အဒိန္နာဒါနာ ဝေရာမဏိ သိက္ခာပဒံ သမ္မာဒိယာမိ၊ ကာမေသုမိစ္ဆာစာရာ ဝေရာမဏိသိက္ခာပဒံ

သမ္မာဒိဋ္ဌိမိ၊ သူစာမှုမတတ်တာကိုးဗျ။ ပါဏာတိပါတာ၊ အဒိန္နဒါနာ၊ ကာမေသုမိစ္ဆာစာရ အပြင်အာရုံဘဲ။ ဒါတွေဟာ မိစ္ဆာအယူတွေဘဲ။ ငါမြင်တယ်။ ငါမြင်လို့ ငါလုပ်မယ်။ ငါကြားလို့ ငါလုပ်မယ်ဆိုတဲ့ အယူဝါဒတွေပါလား။ အယူမှားတယ်။ အစွဲမှားပါလား။ ဘာကိုငါယူထားလဲ ပညတ်ကို ယူထားတယ်။ ဘယ်ဟာကိုမှတ်သလဲ ပညတ်ကိုမှတ်တယ်။ ပညတ်ကိုမှတ်ပြီးတော့စွဲတာ ဥပါဒါန်၊ ကံခေါ်တယ်။ သဘောလေးတာနာလိုက်။ အဲဒီတော့ ဒီကံကို ငါလုံအောင်ထိန်းမယ်။ ကာယကံလည်း လုံအောင်ထိန်းမယ်။ ဝစီကံလည်း လုံအောင်ထိန်းမယ်။ မနောကံဟာတဲ့ အဲဒီအာရုံ(၅)ပါးနဲ့ ပေါင်းတဲ့အတွက် ကြောင့်၊ မင်းဗျာပါဒဖြစ်တယ်တဲ့။ အဘိဇ္ဈာဖြစ်တယ်တဲ့။ ဝန်တိုမိစ္ဆာဖြစ်တယ်တဲ့။ ကုက္ကုစစိတ်ဖြစ်တယ်တဲ့ ဒေါသစိတ်ဖြစ်တယ်တဲ့။ လောဘစိတ်ဖြစ်တယ်တဲ့၊ ဘာကြောင့်ဖြစ်လဲ မောဟကိုသတ်ရမယ်။ မောဟသတ်မှ ရပ်မှာကိုဗျ။

အဲဒီတော့ စာကမှန်၏ ဉာဏ်မမီ၊ ထိအောင်သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့(၂)လီရှိတယ်။ စာတွေ့ထက် ငါ့တွေ့ကသာတယ်။ တရားကို အရ သာခံစား

ရတယ်။ တကယ်ခံစားရတယ်။ ဒီအရသာဟာ ဟောသည့် လူဘုံမှာရှိတော့ ပစ္စုပန်ဘုံမှာရှိတာ။ ဘာနဲ့မှမတူပါဘူးတဲ့ ထုတ်ပြလို့လဲမရပါဘူး၊ ဒါကိုယ်ခံစားရတဲ့အကြောင်း ပြောတာ အစက လူတော၊ လူမိုက်၊ လူရူတ်။ အင်္ဂလိပ်ခေတ် ကလည်းရူတ်တယ်၊ ဒီနိုင်ငံတော်အစိုးရခေတ်ကြမှ ဒီအလုပ်လုပ်လို့ ဒီအသိသိတာ သဘောလေးသာနာ။

ဒါကြောင့် အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ် မယ်။ အပြင်မှာစင်ကြယ်အောင် မင်းနေပါတဲ့။ သမုတိ သစ္စာမှန်ရင် အပြင်မှာမှန်ရင် ဝိရတီသစ္စာဖြစ်မယ်။ ဝိရတီသစ္စာမှန်ရင် သဘာဝသစ္စာကိုသိမယ်။ သဘာဝ သစ္စာကိုသိရင် ပရမတ္ထသစ္စာကိုမြင်ပြီ။ စာတွေ သိပ်မှန် တယ်။ အလုပ်လုပ်တာကိုးဗျ။ အလုပ်လုပ်တော့သိပြီ။ သိတော့ပယ်ပြီ။ ပယ်တော့မဂ်ဆိုက်၊ ဖိုလ်ဆိုက်။ သိပယ် ဆိုက်ပွား၊ ခင်ဗျားတို့အခု အာရုံနဲ့မလွတ်ကြဘူး။ ဘာမလွတ်လဲ မနောနဲ့ အာရုံ(၅)ပါးနဲ့ မလွတ်ဘူး။ သွားပြီး မှတ်တယ်။ မှတ်တော့ ဟောဒါ ငါ့သား။ ဟောဒါ ငါ့သမီး၊ ဟောဒါ ငါ့ကား၊ ဟောဒါ ငါ့စက်ဘီး၊ ဟောဒါ ငါ့အစ်ကို

ဟုတ်တာပေါ့ ပညတ်အနေနဲ့ ဟုတ်တယ်။ သိပ်ဟုတ်တယ်။ ပရမတ်အနေနဲ့က သဘောဘဲဗျို့။ ပညတ်ထားတာ ဘာတွေ ပညတ်လဲ၊ မကောင်းတဲ့ဒုစရိုက်၊ မိစ္ဆာအယူ၊ မိစ္ဆာဒိဋ္ဌိနဲ့၊ သက္ကာယဒိဋ္ဌိတွေကို ဘုရားကဒီ အယူတွေကို မယူဘူး။ ဘာယူသွားလဲ သမ္မာယူသွားတယ်။ ခင်ဗျားတို့ အခုလျှုနေတယ် ကောင်းမှုကုသိုလ်ကံ၊ ဒါကောင်းမှုကုသိုလ်ကံ၊ ကံချင်းမတူဘူး။ အဇာတသတ်ကံနဲ့ သူ့ဖအေရဲ့ ကံချင်းမတူဘူး။ ကံချင်းအားလုံးမတူကြဘူး။ အဲဒီတော့ ဒီကံကိုအကြောင်းပြုပြီးတော့၊ ဟောနေတဲ့တရား၊ အဲဒီတော့ ကံပြတ်တရား၊ သမုတိသစ္စာမှန်ရမယ်။ အပြင်မှာ ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ အမကြီးတွေ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ (အော် အေး အေး)၂ အပြင်မှာ ညီကို မောင်နှမသားရင်းကဲ့သို့ သစ္စာတွေ ထားတယ်နော်၊ သူ့ပစ္စည်းကိုမခိုးဘူး။ သူ့သားမယားကိုမဖျက်စီးဘူး။ သူများအသက်ကို မသတ်ဘူး။ မိစ္ဆာအယူတွေ။ မိစ္ဆာဒိဋ္ဌိတွေ၊ သက္ကာယဒိဋ္ဌိတွေ၊ ဒီအယူကိုမယူဘူး၊ ဘာယူထားလည်း၊ သမ္မာယူထားတယ်။

အပြင်မှာ ကံတော့ကံပဲ။ ကံပေမဲ့ သမ္မာကံဖြစ်တယ်။ (၁၁)ဘုံတော့ မလွတ်သေးဘူး အပါယ်လေးတံခါးတော့ ပိတ်မယ်။ အပါယ်လေးတံခါးပိတ်အောင်လုပ်သွား။ (၁၁)လွတ်တာက အရိယာမှလွတ်တာ၊ ပညတ်ချုပ်၊ ပရမတ်ချုပ်၊ ၂ခုချုပ်မှလွတ်မှာ၊ ပညတ်ကြီးဘဲချုပ်လို့ အကာအချုပ်လို့ အနုစ်မှမဖြစ်ရင် လိုသေးတယ်။ ခင်ဗျားပေါ်မှာ မူတည်တယ်။ အတွင်းမှာလည်း အေးရမယ်။ အပြင်မှာလဲ လင်းရမယ်။ အခုတော့ နေကြတယ်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်။ မင်းကဘာလဲ ငါကဘာလဲ။ တဏှာမာန၊ ဒိဋ္ဌိအာရုံပေါ်မှာ ရှိတာ။ အာရုံကြောင့် နှလုံးမှာတဏှာမာန၊ ဒိဋ္ဌိတွေ ဖြစ်တာ၊ ဒါကိုယ့်ဟာကိုယ်သိရမယ်။ ဘေးပတ်ဝန်းကျင်မသိဘူး။ အဲသည့်တဏှာ၊ မာန ဒိဋ္ဌိ၊ ဒိဋ္ဌိကဘာလဲ။ အာရုံ(၅)ပါးကို ယူထားတယ်။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ မင်းကဘယ်လောက်ငွေရှိသလဲ။ ဖွင့်တော့ဘယ်ပြောမလဲဗျ။ မင်းကဘယ်လောက်ချမ်းသာသလဲ။ မင်းကဘာလဲ၊ ငါကဘာလဲ၊ ကြည့်စမ်း အတွင်းသီလတွေပျက်တယ်။ အပြင်ကိုသွားစွဲထားတာ၊ အတွင်းဝိသုဒ္ဓိက ဝိရှုတ်ဒိတွေ ဖြစ်တယ်။

အာရုံ(၅)ပါးပေါ်မှာ အယူမှား၊ အမှတ်မှား၊ အစွဲမှားတယ်။ ဒါတွေဟာ သီလပျက်တာ အဓိသီလဆိုတာ ဒါတွေခေါ်တာ။ အဓိစိတ္တဆိုတာ ဒါတွေခေါ်တာ။ အဓိဆိုတာ ခင်ဗျားတို့ ထိုင်ရာမထ အာရုံပေါ်မှာ သီလဖြစ်နေရမယ်။ မနောဘာဝင်ကလည်း အဓိစိတ္တဖြစ်ရမယ်။ အပြင်အာရုံကလည်း အဓိသီလဖြစ်ရမယ်။ ဒါမှ ခင်ဗျားရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ ပွါးများပါ။ ဘာဝနာနဲ့ ပွားများမှ ခင်ဗျား သုညတနိဗ္ဗာန်ကို တဖြေးဖြေးရောက်လာမှာ။ ဘာဝနာဆိုတာဘာလဲ။ ကိုယ်ကျင့်ထားတဲ့အသိကို ပြောတာ။ အဲဒါကိုယ်ကျင့်တရား၊ စာနာတဲ့ စိတ်တွေရှိလာပြီ။ စေတနာဖြစ်လာပြီ။ အာရုံပေါ်မှာ စေတနာတွေဖြစ်လာပြီ။ သူ့စေတနာ၊ ဘယ်သူဖြစ်ဖြစ် သူ့ကိုပါးရိုက်လည်း စေတနာရှိသွားပြီ။ ဒါဘာလဲ မဂ္ဂင်ရှစ်ပါးကလာတဲ့ စေတနာတွေ။ အဲဒါဉာဏ်စေတနာတွေ၊ ကံမဟုတ်ဘူး၊ မဂ္ဂင်ကမလာတဲ့ စေတနာတွေက တဏှာနဲ့လာတဲ့ စေတနာတွေ၊ ဘယာနဲ့လာတဲ့စေတနာတွေ. လာဘ်ပေး လာဘ်ယူ လာဘ်ထိုးထားတဲ့ဟာတွေ၊ သူ့ဆီကပစ္စည်းတွေ

ရှမယ် မျှော်ကိုးပြီးပေးတဲ့စေတနာတွေ။ ငါဒါပေးရင်း ဒါရမှာဘဲဆိုပြီးတော့ လောကီအားကိုးပြီးတော့ လုပ်တဲ့ စေတနာတွေ သွားရောပေါ့။ (၃၁)ဘုံဒီဘဝတော့ ကောင်းတာပေါ့။ မိုးကျောခိုင်းလိမ့်မယ်။

ကိုယ့်ဖအေလို၊ ကိုယ့်မအေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်ညီမလို၊ အဲဒီပညတ်ပေါ်မှာ အရှုံးပေးတယ်။ ဘာဖြစ်လို့အရှုံးပေးလဲ။ သိသွားတာကိုးဗျ။ ပညတ်ကို မပယ်ဘူး။ ဘာဖြစ်လို့မပယ်လဲ။ သာသနာပြုပေးတယ်။ မစွဲဘူး။ သူလုပ်သွားတယ်။ သူမစွဲဘူး။ ဥပါဒါန်ပြတ်နေ တာ။ ဒါတွေဟာ သီလအခြေခံတယ်။ အပြင်သီလ၊ အတွင်းသီလမှန်မှ ခင်ဗျားဟောဒီဘဝမှာ အေးမယ်။ အတွင်းသီလအနှစ်မှန်မှ အပြင်သီလအကာဟာ စင် ကြယ်တယ်။ ခင်ဗျားရဲ့စေတနာဟာ အယုတ်၊ အလတ်၊ အမြတ်မရွေးဘူး။ အဲဒီစေတနာဟာ ခင်ဗျားရဲ့နှလုံးသား ဘဝင်က အာရုံငါးပါးကို အကုန်စေတနာထားတာ။ ခွေးလေးပေါ်မှာလည်း စေတနာထားတယ်။ လူကြီးပေါ် မှာလည်း စေတနာထားတယ်။ မင်းစိုးရာဇာမှာလည်း စေတနာထားတယ်။ မကွဲပြားဘူး။ ဘယ်လောက်ခိုင်းခိုင်း

သူလုပ်မယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုး၊ သူများပစ္စည်းလည်းမခိုးတော့ဘူး။ သူများပစ္စည်းလည်း မလိမ်တော့ဘူး။

အခုတော့မလုပ်နဲ့ဗျို့။ ခင်ဗျားရဲ့စေတနာပျက်တော့၊ ဟိုးတောထဲက ကွမ်းခြံတောင်ခိုးတယ်။ ကွမ်းခြံကအိမ်မှာတက်အိပ်တယ်။ သူ့ခမျာ မောမောပန်းပန်းနဲ့ဟိုစမ်းချောင်းထဲမှာ ကွမ်းပင်တွေစိုက်ထားတယ်။ ညသန်းခေါင်းယံမှာခိုးတယ်။ ဒါကောင်းကလား။ ဒါစေတနာပျက်လို့ခိုးတာပေါ့ဗျ။ အဲဒါလောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေပဲ။ ဒီနှလုံးသားထဲက စေတနာမှန်ကန်ရင်လေ အပြင်အာရုံတွေဘာမှမလုပ်တော့ဘူး။ ကိုယ်ကျင့်တရားရှိတယ်။ ဗြဟ္မစိုရ်တရားရှိတယ်။ သံဝေဂတရားရှိတယ်။ မဂ်ရထားတာကိုးဗျ။ မဂ်မအောင်တော့ ဗရမ်းဗတာတွေဖြစ်ကုန်ပြီ။

ဒါကြောင့်မို့ ဝိပဿနာတရားများ ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ ပယ်အပ်တဲ့တရားရှိတယ်။ သိအပ်တဲ့တရားရှိတယ်။ ကျင့်အပ်တဲ့တရားရှိတယ်။ ပယ်မှမပယ်တာချည်း။ ခင်ဗျားတို့ ကိလေသာ၊ တဏှာ၊ ကိလေသာဆိုတာရုပ်တရား။ ကိလေသာမှာတဏှာရှိ

တယ်။ ဒါကြောင့် အဲဒီကိလေသာဟာ သတ်ပစ်ကွ။ ရုပ်တရားသတ်ပစ်လိုက်တဲ့။ ဉာဏ်နဲ့သတ်ပစ်လိုက်တဲ့။ ရုပ်တရားကို ကံနဲ့မလုပ်နဲ့ကွ။ ကိလေသာတဏှာ၊ ကိလေသာကရုပ်၊ တဏှာကနာမ်၊ အဲဒါရုပ်နာမ်ပဲဗျို့။ ရုပ်နာမ်က ခင်ဗျားတို့ကို နှိပ်စက်နေတာ။ ဘာဖြစ်လို့နှိပ်စက်နှိပ်စက်လဲ။ အာရုံငါးပါးမလွတ်ဘူး။ ကျင့်တဲ့စရဏလည်းမရှိဘူး။ ဝိဇ္ဇာစရဏသမ္ပန္နောမရှိဘူး။ အတိတ်က ပါလာတဲ့ကံကို မသတ်ဘူး။ ဒီဘဝရဲ့ကံကိုတော့ ရှောင်ထားပါတယ်။

သူဌေးပဲ၊ ကုဋေပေါင်းမြောက်မြားစွာ ချမ်းသာတယ်။ သူများအသက်မသတ်ပါဘူး။ သူများပစ္စည်းလည်း မခိုးပါဘူး။ သူများသားမယားလည်း မဖျက်စီးပါဘူး။ ဘာမှလည်း သူမလုပ်ပါဘူး။ ဒီအမေကြီးက ဘာမှလည်း မလုပ်ဘူး။ တိုက်ထဲမှာ ကတ္တီပါဖိနပ်ကလေးစီးနေတာ။ အဲဒီအမေကြီးက သိပ်ချမ်းသာတာပဲ။ အဲဒီလိုချမ်းသာတော့ သူဘာမှလည်း မလုပ်ပါဘူး။ သူများအသက်လည်း မသတ်ဘူး။ သူများပစ္စည်းလည်းမခိုးဘူး။ သူများသားမယားတွေလည်း မဖျက်စီးဘူး။ ဘာမှသူမလုပ်ဘူး။ ခိုးလည်းမခိုးဘူး။ လုလည်းမလုဘူး။ ဘာဖြစ်လို့ဒီအမေ

ကြီး(၃၁)ဘုံမလွတ်သလဲ။ ဥပါဒါန်ကြောင့် မလွတ်တာ။ မြေးလေးသွားစွဲတယ်။ သူ့တိုက်ကြီးစွဲနေတယ်။ မနောက နေပြီးတော့ သူဝတ္ထုတွေစွဲနေတာ။ အဲ့ဒါစွဲတာဥပါဒါန်၊ အဝိဇ္ဇာကြောင့်သင်္ခါရ၊ သင်္ခါရကြောင့်တဏှာ၊ တဏှာ ကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့်ကံ၊ အဲဒါ(၃၁)ဘုံလည် တာပဲ။ ခင်ဗျားအပါယ်ကျတယ်မပြောဘူး။

အပါယ်ကျတာကတော့ ဝက်တွေသတ်တာပဲဗျို့။ ဆိတ်တွေသတ်တာပဲ။ နွားတွေသတ်တာပဲ။ ငါ့ဟာငါ ပိုက်ဆံတွေရှာတယ်။ ငါ့ဟာငါလုပ်ချင်တာလုပ်မယ်။ ဟုတ်တာပေါ့။ လိုင်စင်ယူပြီးသတ်တာပေါ့။ ဟုတ်တယ် ဒါကတော့ သူ့သဘောပဲ။ ကိုယ်ကရှောင်ရမဲ့တရား။ ပယ်ရမယ့်တရားရှိတယ်။ ပယ်အပ်တဲ့တရားကဘာလဲ။ ခင်ဗျားဒီဝိပဿနာမဂ္ဂင်ရှစ်ပါးကို ကျင့်တော့မှ ပယ်တော့ မယ်။ ဘာတွေပယ်မလဲ။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဝိဇ္ဇာအာရုံ(၆)ပါး ဖြတ်ပစ်ရမယ်။ အာရုံ ငါးပါးပယ်ရမယ်။ အတွင်းအာရုံပြတ်အောင်ချ။ ထိတာက ရုပ်၊ သိတာကနာမ်၊ အတ္တပြုတ်တယ်။ အနတ္တဖြစ်မယ်။

တောင်ပို့ထဲမှာ ဂယ်ခြောက်ပေါက်ရှိတယ်။ ငါးပေါက်ပိတ်။ အပြင်တံခါးတွေပိတ်ထား။ အတွင်းမနော ကိုသတ်။ အဲဒီကောင်သတ်။ အဲဒီအတွင်းထဲမှာ ဖွတ်ရှိ တယ်။ အဲဒီဖွတ်ကလေး ဂယ်ပေါက်တွေမပိတ်ရင် ဟိုအပေါက်ကထွက်လိုက်၊ ဒီအပေါက်ကထွက်လိုက်၊ ခင်ဗျားဖွတ်ဖမ်းလို့ရမှာ မဟုတ်ဘူး။ အဲသည့်(၅)ပေါက် ကို ပိတ်ထားလိုက်။ တစ်ပေါက်တည်းဖွင့်။ မနောဖွင့်ထား။ မနောကဘယ်ကိုထားရမလဲ။ နှာသီးနှာဖျားဝထား။ (ထိတယ်၊ သိတယ်)၂ ဆိုလည်းမနေနဲ့။ အသာလေး မနောကိုဖမ်းထား။ အာရုံမှာ (ဆင်းလိုက်၊ တက်လိုက်)၂ ဘဝင်အသိလေးက အဲဒီမှာ သိနေရမယ်။ အဲဒါဘာလဲ ခင်ဗျားက မိစ္ဆာအယူ၊ သက္ကာယအယူ၊ အကုန်အယူတွေ ငြိမ်းနေရမယ်။ ခင်ဗျားဝိနည်းတွေလည်း အကုန်စင်ကြယ် နေတာ။ စကားလည်းမပြောဘူး။ မြင်လည်းမမြင်ချင် တော့ဘူး။ အာရုံငါးပါးလည်း သတ်ပြီ။ အတွင်းလည်း သတ်ပြီ။ ဘာလိုသေးလဲ။ ဝစီကံကလည်းဘာမှလည်း မပြောတော့ဘူး။ ဆေးလိပ်လည်းမသောက်ဘူး။ ရေလည်း မသောက်ဘူး။ အဲဒါ ဝိနည်းထက်မြက်တယ်။ အဲဒါအဓိ

သီလခေါ်တယ်။ အသက်(၁၀၀)နေတာ ထက်မြက်တယ်။

ဘာမှအလုပ်မလုပ်ဘူး။ ကိုယ်ကမှန်ပါစေ။ သမုတိသစ္စာမှန်ပါစေ။ သမုတိသစ္စာ၊ အပြင်မှာစင်ကြယ်ပါစေ။ အတွင်းမှာ စေတနာဖြစ်ပါစေ။ အာရုံငါးပါးပေါ်မှာ ဘယ်သူပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ်၊ ကြောင်ပဲဖြစ်ဖြစ်၊ ကိုယ့်နှလုံးသားက စေတနာရှိရင် ဒီအကောင်မသတ်ဘူးဗျ။ ပစ္စည်းလည်းမခိုးဘူး။ သူများသားမယားလည်းမဖျက်စီးဘူး။ ကိုယ်ကျင့်ထားတဲ့၊ သိထားတဲ့အသိက စာနာတာပေါ့ဗျ။ ကိုယ်မှမကျင့်တာ။ ဘာစာနာမှာလဲ။ ခင်ဗျားတို့ တစ်မျိုးစီဖြစ်နေတယ်။ ဝတ်တော့ဘုန်းကြီး၊ သင်္ကန်းတွေဝတ်လိုက်။ ယောဂီထမိန်တွေ၊ အင်္ကျီတွေဝတ်လိုက်။ ဟာ ညစာတွေစားလိုက်။ အိပ်လိုက်၊ ကိလေသာမှာ တဏှာတွေကြီးပဲ။ အဲဒီတော့ ဒီတဏှာဘုရားကြိမ်းသွားတာ။ ဒီတဏှာကိုသတ်မှ အတွင်းတဏှာသတ်မှ အပြင်တဏှာပြတ်မယ်။အတွင်းတဏှာမသတ်ရင် အပြင်တဏှာ မပြတ်တော့ဘူးလည်းပြီ။ စိတ်သာချ။

ကိလေသာ၊ တဏှာသတ်တာ ဉာဏ်ခေါ်တယ်။

ကံဟာ ဘာကြောင့်ဖြစ်လဲ။ ဥပါဒါန်ကြောင့်ဖြစ်တယ်။ ဥပါဒါန်က ဘာကြောင့်ဖြစ်လဲ။ တဏှာကြောင့် ဖြစ်တယ်။ တဏှာဘာကြောင့်ဖြစ်လဲ။ သညာကြောင့်ဖြစ်တယ်။ သညာဘာကို သွားမှတ်လဲ။ ပညတ်သွားမှတ်တယ်။ သွားရောပေါ့။ ခင်ဗျားတို့ပြောတော့လွယ်တယ်။ လုပ်တော့ခက်တယ်။ ဒီတရားဟာ မပေါက်လို့ရှိရင် ခါးလောက်တင်ရင်လောက် ရောက်တာပဲဗျ။ အပါယ်လေးတံခါးတော့ပိတ်တာပဲ။ အဲ့ဒါလုပ်ကြပါ။ တဏှာဒိဋ္ဌိသတ် တာနဲ့ ခင်ဗျားမှာဘာဖြစ်မလဲ။ သမ္မာဖြစ်မယ်။ မိစ္ဆာဒိဋ္ဌိ လည်း မဟုတ်တော့ဘူး။ သက္ကာယဒိဋ္ဌိလည်းမဟုတ်တော့ ဘူး။ ငါစွဲလည်းမဟုတ်တော့ဘူး။ ခင်ဗျားမှာ သမ္မာစွဲဖြစ် နေပြီ။ စေတနာမှန်လာပြီ။ ဒါလေးကိုလုပ်ဖို့ ဦးပဏ္ဍိတ က တိုက်တွန်းတာပါ။ ဦးပဏ္ဍိတကလည်း သေမှာပဲ။

ရုပ်ကအနတ္တ၊ ခင်ဗျားမြင်ရကြားရတဲ့ အာရုံ(၆)ခု က အတ္တတွေဖြစ်နေတာ။ အတ္တဆိုကတည်းက ကြည့်ပေါ့ ဗျာ။ ခင်ဗျားတို့သံသရာလည်ပြီပေါ့။ ဘယ်မှာလည်း ဇကောစမ္မော၊ ဇကောစမ္မောဘယ်ကလာလဲ။ ရုပ်နာမ်ပေါ်

ကလာတယ်။ စာမတတ်ဘူးတဲ့။ အဲဒီတော့ စိတ်နည်း (၂၂၇)သွယ်ငါမသိဘူးတဲ့။ စာလည်းမတတ်ဘူး။ ဝိနည်း (၂၂၇)သွယ်ရဲ့ အာရုံအသိတွေကို ငါထိန်းနေရရင် ငါဘယ်လိုလုပ်ထိန်းနိုင်မလဲ။

ရုပ်ကုဋေငါးထောင်၊ နာမ်ကုဋေတစ်သိန်း ဖြစ်ပျက်မှုမသိရင် ငါ့မှာကိလေသာ ကြွေးတွေတင် မယ်တဲ့။ ကိလေသာငါသတ်ရမယ်တဲ့။ ကိလေသာသတ်မှ တဏှာပြတ်မယ်။ဝိနည်း(၂၂၇)သွယ်မှန်တယ်။ သမုတိရဟန်းတွေသွားကြ တဲ့။ မင်းတို့အလုပ်မင်းတို့လုပ်၊ မင်းတို့စာမင်းတို့သင်၊ ငါကတော့ အဖိုးကြီးလည်းဖြစ်ပြီ၊ ငါ့ဟာငါနေတယ်။ ငါ့ဂိုဏ်းလည်းမရှိဘူး။ ဂိုဏ်းမရှိတာက မင်းတို့ကငါဝိနည်း မတတ်တော့ ဒုလ္လဘကြီးပါ။ တုစ္ဆ ကြီးပါ။ အေးကွာ။ ဟုတ်ပါတယ်။ တုစ္ဆပါ။ ဒုလ္လဘ ဟုတ်တယ်ကွာ။ ဟောသူက အရှုံးပေးပြီလေ။ အဲသည်လို နေတဲ့ရဟန်းခေါ်တယ်။ အခု ခင်ဗျားတို့ကို ခန္ဓာကို ကျင့်ပြီးသိတဲ့ ခန္ဓာသိတရား ဟောပေးပါတယ်။

ခန္ဓာကခင်ဗျားမြင်တော့ မသိဘူးလား။ မျက်စိမြင် တော့ မသိဘူးလား။ သိပါတယ်ဘုရား။ အဲဒီသိတဲ့သိစိတ်

ကလေးကို ဝိပဿနာပြောင်းလိုက်။ အဲဒီစိတ်ကနေ ဘာဖြစ်လာမလဲ။ ခေါတ်ဖြစ်လာမယ်။ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ခင်ဗျားဆိုထားတယ်ဗျ။ စိတ်ကခေါတ်ဖြစ်အောင်လုပ်။ အနတ္တာဖြစ်အောင် လုပ်။ စိတ်ဆိုရင် ခင်ဗျားအတ္တဖြစ်သွားလိမ့်မယ်ဗျ။ ကံဖြစ်သွားလိမ့်မယ်။ ခင်ဗျားဟာခင်ဗျားပြန်ကြည့်။ စာမတတ်ရဲ့ရဟန်းက ပြောရော။

ဗုဒ္ဓရဲ့စာပေတွေလဲတတ်၊ အင်္ဂလိပ်စာတွေလည်း တတ်တော့ နိုင်ငံခြားသွားပြီး သာသနာပြုကြတယ်။ ကောင်းပါတယ်။ ဒါပေမယ့် သူများနိုင်ငံက ခရစ်ယာန်တွေ၊ မွတ်စလင်တွေသွားမချွတ်ခင် ကိုယ့်နိုင်ငံမှာ ခရစ်ယာန်လာအောင် လုပ်အုံး။ မွတ်စလင်လာပြီး ကန်တော့အောင်လုပ်အုံး။ ကိုယ့်ပြည်မှာကိုယ်လုပ်အုံး။ မွတ်စလင်ကလည်း ဦးပဏ္ဍိတကျောင်းလာတယ်။ ခရစ်ယာန်က လည်းလာတယ်။ သူများနိုင်ငံကိုသွားပြုစရာ မလို ပါဘူး။ စာမတတ်လို့ပြောတာမဟုတ်ဘူး။ ကိုယ့်နိုင်ငံမှာ ဂန ကြေအောင်လုပ်အုံး။ ခရစ်ယာန်လည်းလာတယ်။ အခု နေတာခရစ်ယာန်ကျောင်းနားမှာပဲ။ ဟာလာတာပဲ။

လာအလှူခံတယ်။ ပေးလိုက်တယ်။ ရော့တစ်သောင်း။ ဟာသူတို့ပျော်လို့။ အဲဒါဝိနည်းကမြင်လိုက်တော့ ဘုန်းကြီးကိုအပြစ်တင်ရော။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ ဉာဏ်ရှိလို့ခန္ဓာကို သိသွားတာပေါ့ဗျ။ မစွဲဘူး။ အဲဒီတော့ မွတ်စလင်တွေလာပါတယ်။ ခင်ဗျားတို့ဝိသုဒ္ဓိကျောင်းက ဂေါပကတွေမေးပါ။ လာတဲ့ကုလားတွေလက်မှတ်တာရေးရင် ခင်ဗျားစာအုပ်တစ်အုပ်ကြီးဖြစ်မယ်။ မွတ်စလင်တွေလာတယ်။ ခရစ်ယာန်တွေလာတယ်။ စနေအသင်းကလာတယ်။ ခရစ်ယာန်ကိုးကွယ်တဲ့ကရင်တွေ သူတို့ဘုရားတွေလာလှူတယ်။ ဦးဇင်းကျောင်းမှာ မုတ်ဆိတ်နဲ့အင်္ဂလိပ်လူမျိုး သူတို့ဘုရားလာလှူတယ်။ မယ်တော်မာရိယတွေလာလှူတယ်။ ဘုန်းကြီးလာလှူတာတပည့်တော်တို့အယူဝါဒမှားနေပြီ ဘုရား။ ဘုန်းကြီးဆီလာလှူတယ်။ ကိုယ့်တိုင်းပြည်မှာနေတဲ့ မွတ်စလင်တို့ခရစ်ယာန်တို့ ကျွတ်အောင်လုပ်အုံး။ ကျွတ်မှစိတ်ချမှသူများနိုင်ငံ သွားချွတ်။ မင်းတို့ဘုန်းကြီးတွေ မင်းတို့လိုင်းမင်းတို့သွားကြ၊ ငါ့လိုင်းငါလုပ်မယ်။ ဘုရားဟောထား

တယ်။ ပရိယတ္တိရှိရင် ပရိပတ္တိရှိတယ်ကွ။ ပရိဝေဓ ရှိတယ်ကွ။

အဲဒီတော့ ခုနက ငါပြောပြီမဟုတ်လားတဲ့။ ဝိနည်း (၂၂၇)သွယ်၊ အာရုံအသိတွေ ငါမထိန်းနိုင်ဘူးတဲ့။ သူ့ထက် နည်းတာမရှိဘူးလားတဲ့။ ဗောဓိပက္ခိယ (၃၇)ပါး၊ သူ့ထက် နည်းတာတော့ မရှိဘူးလားတဲ့။ ဧကောဓမ္မော၊ ဧကော ဓမ္မောဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ် ကလာတယ်။ နိဗ္ဗာန် သည်ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာ ချုပ်တယ်။ အေးတော်ပြီတဲ့။ ငါသွားတော့မယ်တဲ့။ တောထဲ ကျင့်တာ၊ ဘာကျင့်လည်းကိလေသာ။ တဏှာသတ်တယ်။ အဲ့ဒီကိလေသာမှာ တဏှာတွေရှိတယ်။ အတွင်းတဏှာရှိ တယ်။ အတွင်းတဏှာပြတ်မှ အပြင်တဏှာရပ်မယ်။ ဒါကိုသတ်သွားတဲ့ရဟန်း၊ အဲဒီလို ရဟန်းမျိုးလှူရင်လေ။ ခင်ဗျားကလည်း ပုဗ္ဗမုဉ္စပရစေတနာမှန်ရမယ်။ ခင်ဗျား ကလည်း မှန်ရမယ်။ အဲဒီရဟန်းကလည်း စစ်မယ်ဆိုရင် လှူတဲ့။ လှူပုံလှူနည်းပြောမယ်။ စာတော့မတတ်ဘူးဗျို့။

စာအုပ်ထဲမှာရေးထားတဲ့ဟာတွေနဲ့ တူပါတယ် ဗျာ။ အဲဒီလူက ဟိုးရှေးရှေးတုန်းက လူကိုပေါင်လို့ရတယ်

ပြောတယ်။ သူ့သမီးလေးကို သွားပေါင်တာ။ အသပြာ (၃၀၀၀)ရတယ်။ အဲဒီ(၃၀၀၀)ရပြီး အဲဒီလူကြီးက စားလိုက်၊ သောက်လိုက်၊ အိပ်လိုက်၊ လုပ်လိုက်နဲ့ ကုန်ရော ဗျို့။ ကုန်တော့၊ အဲဒီတော့ တစ်နှစ်လည်းသမီးမရွေးနိုင်။ နောက်တစ်နှစ်လည်း သမီးမရွေးနိုင်။ နောက်တစ်နှစ် လည်းမရွေးနိုင်။ ကြာတော့ စဉ်းစားမိတယ်။ အော် ငါ့သမီး လေးပေါင်တာ(၃)နှစ်၊ အသပြာ(၃၀၀၀)နဲ့ပေါင်တယ်။ အခုလည်း (၃)(၄)နှစ်ရှိပြီ။ ငါလည်းမရွေးနိုင်တော့ပါ လား။ ရွေးနိုင်အောင် စာရင်းငှားလုပ်တယ်။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်လုပ်လိုက်တော့ အသပြာ(၃၀၀၀) ရတယ်ဗျ။ အော် ငါ့တော့ သမီးလေးရွေးအုံးမယ်ဆိုပြီး တော့၊ အသပြာ (၃၀၀၀)ခါးပိုက်ထောင်ထဲထည့်ပြီးတော့ သူသွားတယ်။ အတိုးမပေးရဘူး။ အသပြာ(၃၀၀၀)ရသွား တဲ့အခါကျတော့ သမီးသွားရွေးမယ်ဆိုပြီးတော့သွားတာ။

လမ်းခုလတ်မှာ ရဟန်းကြီးတစ်ပါးက အသက်က လည်းကြီးတယ်။ ဆွမ်းကလည်းစားရမဲ့အချိန် မွန်းတည့် တော့မယ်။ အဲဒီလူကတော့ ဒီရဟန်းကြီးက မွန်းတည့် တော့မယ်။ ဒုက္ခပဲ။ တို့လူသားက ရှောင်လို့လည်းရတယ်။

စားလို့လည်းဖြစ်တယ်။ သူခင်ဗျားမှာ ဒီဆွမ်းတစ်နပ် မစားရခင် ဒုက္ခရောက်တော့မှာပဲဆိုပြီး အဲဒီလူကြီးက အဲဒီရဟန်းကိုကြည့်ပြီးတော့ စေတနာတွေဖြစ်လာတာ။ ငါတော့သမီးရွေးမဲ့ပိုက်ဆံရှိတယ်။ ဆွမ်းဝယ်မှပဲဆိုပြီး တော့ ဆွမ်းဝယ်တယ်။ အဲ့ဒီနားမှာပဲ ထင်းခုတ်တဲ့ ထင်းခုတ်သမားတွေက လေးငါးဆယ်ယောက်ရှိတယ်။ ဟော့ထင်းခုတ်တဲ့လူတွေ၊ မင်းတို့ထမင်းထုပ်လေးတွေ ပါတယ်ကွာ။ အဲဒီထမင်းထုပ်လေး ဘကြီးကိုရောင်းပါ။ ဆရာကြီးရယ် ဘကြီးရယ် ကျွန်တော်တို့ဟာ ထင်းခုတ်ဖို့ အိမ်ကလာတာပါဗျာ။ အဲဒီတော့ ထမင်းထုပ်က တစ်ယောက်စာပဲ ရှိပါတယ်ဗျာ။ ဒီဟာရောင်းရင် ကျွန်တော်တို့ ဘာသွားစားမလဲ။ အဲဒီမှာ ထမင်းမှမစား ရင် ထင်းတွေလည်း မခုတ်နိုင်တော့ဘူးဗျာ။ သူတို့က ပြန်ပြောရော။ ဒုက္ခပဲ။ ထမင်းထုပ်ကဝယ်လို့လည်း မရပါ လား။ ဟိုလူ့မေးလည်းဒီလို၊ ဒီလူ့မေးလည်းဒီလို။ အဲဒီတော့ ဟော့ကောင်ရယ် ငါ့မှာတော့ အသပြာ(၃၀၀၀) ပါတယ်ကွာ။ အသပြာ(၃၀၀၀)နဲ့ မင်းတို့ထမင်းထုပ်တွေနဲ့ လဲပါလား။ အဲဒီတော့မှ ပိုက်ဆံများလာတော့ လဲတာနော်။

တဏှာနော်။ တဏှာကဘယ်လောက်ကြောက်ဖို့ကောင်း သလဲ။ ထမင်းထုပ်လဲရော။ ကြည့်စမ်း သမီးရွေးမယ့် ပိုက်ဆံမရွေးသေးဘူး။ ထမင်းထုပ်လေးရလို့ ဘုန်းကြီးချ ကျွေးတာ။ စားဘုရားတဲ့။

ကိလေသာ တဏှာကိုဆိုတာတော့ ဝတ္ထုကာမနှင့် ငါ့မှာရှိတာက ကိလေသာကမ္မနှင့် ယှဉ်တွဲသုံးဆောင်မိပါ က အများကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယမကြိုက် ဘူးတဲ့နော်။ ကိုယ့်စိတ်ကိုယ်စစ်လိုက်တဲ့၊ ကိုယ့်စိတ်ကိုယ် စစ်တယ်။ အဲ့ဒါ သစ္စာပဲတဲ့။ ဒါအရိယာသစ္စာခေါ်တယ်။ သမုတိသစ္စာမဟုတ်ဘူးတဲ့။ သေချာလေးမှတ်ထား။ ဒီလို ရဟန်းမျိုးကို သွားကပ်လိုက်တဲ့အခါမှာ အဲဒီလူကလည်း သူ့ရဲ့မြင်တဲ့အာရုံပေါ်မှာ စေတနာက၊ မနောက၊ နှလုံး သားက စေတနာက၊ အဓိပတိစေတနာကပေါ်ထွက်လာ တာ။ မနေနိုင်တော့ဘူး။ အဲဒီစေတနာက၊ ကာမဝတ္ထုကို သူမနှမြောတော့ဘူး။ ပေးလိုက်တယ်။ ပညတ်ဝတ္ထုကို မနှမြောတော့ဘူး။ ပေးဆိုပြီး ထမင်းထုပ်ကိုလဲတာ။ ရဟန်းကပ်တာ။ အဲဒီရဟန်းကလည်း ဓမ္မအစစ်ဖြစ်ရ မယ်။ ကာမဝတ္ထုကလည်း စင်ကြယ်တယ်။ အဲဒီအချက်

(၃)ချက်ရရင်တော့ ဆုမတောင်းတော့နဲ့။ ရဟန်းပေါ်မှာလည်း မူတည်တယ်။ ကွဲကူးရေပါတယ်။ ဒါကြောင့်မို့ ခင်ဗျား ကုသိုလ်ဂုပ်တဲ့ကံ။ ဒါဝိပဿနာတောင် မဟုတ်သေးဘူး။ ဒါကုသိုလ်ကံ။ (ကုသလနံ)၊ (ဓမ္မာနံ)၊ ဟေတုပစ္စယောတဲ့၊ ဝေဒနီယဒိဋ္ဌ၊ လက်ငင်း၊ မျက်မှောက်အကျိုးပေးတယ်။ ခင်ဗျားဆုမတောင်းနဲ့တော့။ ဆုတောင်းတာက ကံဖြစ်သွားလိမ့်မယ်။ ဒီလောက်ဆိုရင်ပြီးရောပေါ့ဗျာ။

- ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်တွေရှိတယ်၊ ဒါပေမယ့်ကိုယ်ကမသိနိုင်ဘူး။
- ဦးပဏ္ဍိတ၊ ကိလေသာနဲ့ တဏှာသတ်သွားတာ။
- ဥပါဒါန်အစွဲကို မဂ်ဉာဏ်ရမှပြတ်တယ်။ အစွဲပြတ်ရင်(၃၁)ဘုံလွတ်ပြီ။
- သညာကြောင့်သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့်ကံဖြစ်တယ်။
- သိုက်တွေကလည်းလှူပြီ၊ ဓါတ်တွေလဲပွင့်ပြီ၊ နတ်တွေလဲကူပြီ၊ မဂ်အောင်တဲ့ရဟန်းနဲ့ပေါင်းတော့ လေးကျွန်းသာသနာခေါ်တယ်။
- လောကီနယ်ထဲမှာ စိတ်၊ လောကုတ္တရာနယ်မှာ ဓါတ်၊ ဓါတ်ကို ပရမတ်ခေါ်တယ်။
- မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တွေရှိတယ်၊ ဘယ်သူသိလဲ။
- ဉာဏ်ရသွားတော့၊ လောကီအာရုံတွေပြတ်သွားပြီ၊ အရိယာ သစ္စာခေါ်တယ်။
- ဒီကပညာ၊ သူကသညာ၊ ဟိုကအတ္တ ဒီကအနတ္တ၊ ဟိုက ပညတ် ဒီက ပရမတ်။
- ဝိမုတ္တိယုဂခေတ်၊ သာသနာ့ (၂၅၀၀)မှာ လာပေါ်တာပါ။
- ခန္ဓာသိနဲ့ ဉာဏ်သိ၊ ပညာသိနဲ့ သညာသိ၊ အတ္တသိနဲ့အနတ္တအသိမတူဘူး။
- အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့်ကံ။ (၃၁)ဘုံလည်တာဘဲ။
- ဆရာတော်တွေမေးပါ၊ ခန္ဓာသိနဲ့ ဖြေမယ်၊ မေးလို့ မဖြေနိုင်ရင် သက်န်းချွတ်ပေးပါမယ်၊ ဦးဇင်းကလဲ ပြန်မေးမယ်၊ ဖြေဘို့သာ အဆင်သင့်ပြင်ထား၊ မဖြေနိုင်ရန် ဦးဇင်းပြုတဲ့ ပဋိဝေဓသာသနာ ဝင်မရှုတ်နဲ့။